

www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး . . . . . . . . . . . . ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး . . ဒို့အရေး

အချုပ်အခြာ အာဏာ [illegible]မြဲရေး . . . . ဒို့အရေး

### ပြည်သူ့သဘောထား

❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

❖ နိုင်ငံတော်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

❖ နိုင်ငံတော် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

# ကပ္ပိယစုံထောက်ကြီး ဦးဖြူသီး

# နှင့်

# ညောင်ပင်တစ္ဆေဝတ္ထုတိုများ

## တင့်ဆန်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၁၁၅ / ၂၀၀၁ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၈၉ / ၂၀၀၂ (၂)

❐

စီစဉ်သူ
ကိုမြင့်ထွန်း

❐

ပုံနှိပ်ခြင်း
ဒုတိယအကြိမ် - ([redacted]ရီ၊ ၂၀၀၂)
အုပ်ရေ - (၁၀၀၀)

❐

မျက်နှာဖုံးပန်းချီ - စောမင်းဝေ
ကာလာခွဲ - *Alpha*
ကွန်ပျူတာစာစီ - *Quality*
အတွင်းဖလင် - *Quality*

❐

ပုံနှိပ်သူ
ဒေါ်စိန်စိန် (၀၅၄၀၄) ရောင်စဉ်အော့ဖ်ဆက်
အမှတ် (၁၆၃) ၄၈လမ်း၊ ဗိုလ်တထောင်။

❐

ထုတ်ဝေသူ
ဦးကျော်ဆန်း(ရဲအောင်စာပေ)(၀၉၃၂)၊
အမှတ်(၂)၊ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်၊
ရန်ကုန်မြို့။

❐

တန်ဖိုး
[redacted]ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဖုတ်နောက်က ကလိမ်ခြုံ | ၁ |
| ၂။ | သဘက်နောက်ပိုး | ၁၇ |
| ၃။ | ဘုန်းကြီးသရဲ | ၃၁ |
| ၄။ | မာဒယာကြီး | ၇၇ |
| ၅။ | သုခဓာတ်ပြာ | ၈၆ |
| ၆။ | ရွာတော့ရင် | ၁၀၀ |
| ၇။ | ရွာအထွက်က သဘက်ဖြူ | ၁၁၀ |
| ၈။ | ညောင်ပင်တစ္ဆေ | ၁၂၂ |
| ၉။ | ကြမ္မာဆိုးသူလေး | ၁၃၃ |


www.burmeseclassic.com

www.burmeseclassic.com

# ဖုတ်နောက်က ကလိမ်ခြုံ

အမှောင်ထုမှာ ပြယ်၍ပြယ်၍ ပွင့်၍ပွင့်၍လာလေ၏။ လူပေါင်း ၂၀ ကျော်ကို တင်ဆောင်လျက်ရှိသော ဘတ်စ်ကားကြီးမှာ နက်ပြောင်သော ကတ္တရာစေးလမ်းမကြီးပေါ်တွင် အရှိန်ပြင်းစွာ ပြေးလွှား၍ နေသည်။ ကားထဲတွင် တိတ်၍နေ၏။

"ကား ခဏလောက် ရပ်ပေးစားပါ"

အသက် ၃၀ ကျော်ခန့် မိန်းမတစ်ယောက်က ခပ်ကျယ်ကျယ်ကလေး အော်ပြောသံကြောင့် ကားထဲမှ လူများ သူမကို ကြည့်လိုက်မိကြသည်။ သူမမှာ ဝေဒနာတစ်ခုကို ပြင်းထန်စွာ ခံစားနေရသည့်အလား မျက်နှာရှုံ့မဲ့၍ နေလေသည်။ ကားကတော့ အရှိန်ပြင်းစွာ ပြေးလျက်ရှိသည်။ သူမ၏ အသံကို ကားဒရိုင်ဘာက မကြားလေသလား။

"အို ... ကား ခဏရပ်ပါဦးလို့ ဆို"

သူမက ငိုလုလုမျက်နှာနှင့် တစ်ခါထပ်၍ အော်လိုက်ပြန်ရာ ကားစပါယ်ယာရာက ဝီစီကလေးကို မှုတ်လိုက်သဖြင့် ကားမှာ တဖြည်းဖြည်း အရှိန်လျှော့၍ သွားတော့၏။

"အလယ်..လယ်..လယ်..လယ်..ခြေထောက်တစ်ခုလုံး မမြင်ဘူးလား မျက်စိက ကန်းနေသလား"

ကားကောင်းစွာ မရပ်သေးခင် အသက် ၃၀ ကျော်ခန့် မိန်းမက နေရာမှ အရေးတကြီးထ၍ ကားတံခါးပေါက်ဆီသို့အသွားတွင် အမယ်အိုကြီး ဆူပူလိုက်ခြင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထသွားသော မိန်းမမှာ အမယ်အိုအား ခွန်းတုံ့ပြန်၍မှ မနေအားဘဲ တံခါးပေါက်ဆီသို့ ဒရောသောပါး အသွားတွင် တံခါးပေါက်အမိုးနှင့် သူမ ခေါင်းကို တိုက်မိသဖြင့်၊ ဒိန်းခနဲ မြည်၍သွားသည်ကိုမှ သူမ ဂရုမထားနိုင်ဘဲ ကားအောက်သို့ ဆင်းခါ ချုံဖုတ်များဘက်သို့ ပြေးသွားပါတော့၏။ သူမက အောက်သို့ရောက်၍ သွားသော်လည်း သူမထံမှ အခိုးအငွေ့များက ကားထဲ တွင် ခိုကပ်နေသေးသဖြင့်၊ ကျန်လူများ နှာခေါင်းရှေ့တွင် လက်ဝါးဖြင့် ရမ်းခါ နေရပါသေးသည်။

"ဆိုးလိုက်တဲ့အနံ့"

"ဟုတ်ပါတော် ... ဘဲပုပ်စော်ကြီး"

နံနက်ခင်း လေပြည်ကလေးကား တံခါးပေါက်များမှ ဝင်ရောက်လာခါ အခိုးငွေ့များကို ယူဆောင်သွားတော့မှ တစ်ယောက်တစ်ပေါက် စကား ပြောစပြုနိုင်ကြပါတော့သည်။

အခြားသူများ ရယ်နိုင်မောနိုင်ကြသော်လည်း ခြေထောက်ကို အနည်းခံလိုက်ရသော အဘွားအိုမှာ နှုတ်ခမ်းတစုစုနှင့် သူ့ခြေခုံကလေးကို ပွတ်၍ နေလေသေးသည်။

"ဒီလောက်တောင် လူမမြင်နိုင်အောင် ကန်းပဲကန်းလွန်းတယ်"

ကားပေါ်မှ ဆင်းသွားသော မိန်းမ ပြန်တက်အလာတွင် အဘွားအို က စ၍ရန်ထောင်လိုက်လေသည်။

"အို ... မတော်လို့ နင်းမိတာပါတော်၊ ဘယ်သူက တမင်နင်းမလဲ၊ တော်ကလည်း"

"ညည်းကို တမင်နင်းတယ် ပြောတာမဟုတ်ဘူး။ ညည်းမျက်စိ ကန်းတာ ကို ပြောတာ"

"ကျုပ်မျက်စိကန်းတာ မဟုတ်ဘူး။ တော်က ခြေထောက်ကြီး ဖယ်မပေးလို့ နင်းမိတာ"

"ညည်း အဖယ်ခိုင်းပါလားအေ့"

"အို ... ကျုပ် အရေးကြီးနေတာ တော်မသိဘူးလား"

"သိနိုင်ပေါင်တော် ... ညည်း ဘာသာ အစားပုပ်ပြီး ဖြစ်နေတာကို"

"တော်ကြီးနှယ် ... ကျုပ်ကို တိုင်းမနေနဲ့"

ကားထွက်သည့်တိုင်အောင် သူတို့မှာ တစ်ယောက်တစ်ခွန်း စကား များလျက်ပင် ရှိနေကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"တိုင်းတယ်ဟဲ့ တိုင်းတယ် ... နင်က ဘယ့်နှယ်များ လုပ်ချင်သေးလို့လဲ"

"ဒီမှာ အမေကြီးတို့ တော်ကြပါတော့" ဦးဖြူသီးက မနေသာတော့သဖြင့် ကြားဝင်ဖြန်ဖြေလိုက်လေသည်။

"မဟုတ်ဘူးတော့၊ သူကလည်း နင်းသေးရဲ့ မာရေကျောရေ ပြောနေလို့"

"မတော်လို့ပါဆို ထပ်ပြီးရာရှည်နေတာကိုး"

"ကဲ ... တော်ဆို တော်ကြပါတော့ဗျာ။ အမေကြီးကလည်း မတော်လို့ နင်းမိတဲ့ ဥစ္စာပဲ သည်းခံမှပေါ့၊ ဟိုမရွှေစာကလည်း မတော်လို့ နင်းမိတာပေမယ့် ပြေပြေပြစ်ပြစ် တောင်းပန်ဖို့ ကောင်းတယ်။ ခုတော့ ခင်ဗျားပြောတာကလည်း ဘောက်ဆတ်ဆတ်ကြီးဆိုတော့ ခံရတဲ့တစ်ဖက်သားကလည်း နာလည်းနာသေး၊ နားလည်း မခံနိုင်ဆိုတော့ ဘယ်ကျေနပ်ပမလဲ"

"တစ်ယောက်နဲ့ တစ်ယောက် ဒီလောက်ထိမိခိုက်မိတာ ကလေးနဲ့ ပြောနေဖို့တောင် မလိုပါဘူးတော်"

"ဟဲ့ ... ဘာလို့ မပြောရမလဲဟဲ့ နင်ကတော့ နင်းရတဲ့ လူကို ဘယ်နာမလဲ။ ငါကတော့ နာလို့ပြောတယ်ဟဲ့ ... ပြောတယ် .. ပြောတယ်"

အမယ်အိုက ဒေါသတကြီးနှင့် အော်လိုက်လေ၏။

"ကဲ ... အမေကြီးတို့ ခင်ဗျားတို့ လာကြတာဟာ ဘုရားဖူးရအောင်လား ... ရန်ဖြစ်ရအောင်လား"

ဦးဖြူသီးက ဤသို့မေးလိုက်သဖြင့် ရန်ဖြစ်သူများ ငြိမ်သွားကြသည်။

"ကုသိုလ်ကောင်းမှုပြုရအောင် လာတဲ့အခါမှာ တော်ရုံတန်ရုံကလည်း သည်းခံကြမှပေါ့။ ဒါကြောင့် ခင်ဗျားတို့ မိန်းမတွေနဲ့ ကျုပ် မလိုက်ချင်တာ"

ဦးဖြူသီးစကားကို မပယ်လှန်ဝံ့သဖြင့် ရန်ဖြစ်သူများ ငြိမ်၍သွားသော်လည်း တစ်ယောက်နှင့်တစ်ယောက် မျက်စောင်းခြင်း တိုက်ခိုက်လျက်ပင် ရှိကြသေးပေသည်။ တကယ်ဆိုတော့ ကားပေါ်တွင် လိုက်ပါလာကြသူများမှာ ဦးဖြူသီး၏စကားကို နားထောင်ကြရပေမည်။ နားထောင်ရခြင်း၏ အကြောင်းရင်းကတော့ ကျွန်တော်တို့ တောရွာအနေနှင့် လူများမှာ လယ်များ ထွန်ယက်စိုက်ပျိုးသည့် မိုးရာသီနှင့် ရိပ်သိမ်းသည့် ဆောင်းရာသီ၏ စပ်ကြားဖြစ်သော ကြားကာလ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် အလုပ်များနည်းနား



www.burmeseclassic.com

www.burmeseclassic.com



ထားရသောကြောင့်၊ လင်ယောကျ်ားတို့ အိမ်တွင် အားလပ်နေချိန်၌ အိမ်သူမိန်းမများ၊ သားသမီးများမှာ တန်ခိုးကြီးဘုရားသို့ လှူစုလှူဝေးနှင့် ဘုရားဖူးသွားတတ်သော အလေ့ရှိလေသည်။ ယခုနှစ်တွင်လည်း မန္တလေးသို့ မရောက်ဖူးသေးသူများ ဘတ်စ်ကားတစ်စင်းကို စု၍ငှားကာ ဘုရားဖူးရန်အတွက် ရွှေမန်းသို့ ဆန်တက်ခဲ့ခြင်းဖြစ်တော့၏။ ထိုသို့သွားလာရာ၌ တောနေသူ လူများမှာ မြို့ပေါ်တွင် မသွားတတ် မလာတတ်ရှိခြင်းကြောင့်၊ ရွာကျောင်းဘုန်းတော်ကြီးများ ရှေ့ဆောင်ပို့သရလေသည်။

ယခုနှစ် ကျွန်တော်တို့ရွာကျောင်းဘုန်းတော်ကြီးမှာ ကောင်းစွာမကျန်းမာသဖြင့်၊ ဦးဖြူသီးအား ဘုန်းတော်ကြီး၏ကိုယ်စား ထည့်လိုက်ခြင်းဖြစ်လေသည်။ ပထမတွင် ဦးဖြူသီးက မိန်းမများနှင့် ခရီးသွားရမည်ကို ငြင်းဆန်၍ နေပါသေးသည်။ ဘုရားဖူးများက တရရခေါ်ခြင်းကြောင့်တစ်ကြောင်း၊ ဘုန်းတော်ကြီး၏ တိုက်တွန်းချက်ကို မငြင်းပယ်နိုင်၍ တစ်ကြောင်းကြောင့်၊ သူ့စကားကို အားလုံးလိုက်နာ နားထောင်ရန် ကတိကိုတောင်း၍ ဘုရားဖူးများက နားထောင်ပါမည်ဟု ကတိပေးမှ လိုက်ပါလာခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ ရွာမှ နံနက် ၄ နာရီတွင် စ၍ထွက်ခဲ့ကြရာ နေရောင်ပွင့်သစ်စဦး၌ ပဲခူးသို့ ရောက်ကြလေသည်။ ပဲခူးမှ ဆက်လက်ထွက်ခွာလာခဲ့ကြပြန်သည်တွင် ကားကြီးမှာ စိမ်းလန်းသော ကွင်းပြင်များမှ ကျော်ဖြတ်မောင်းနှင်နေရသောကြောင့် ကွင်းပြင်မှ လတ်ဆတ်သော လေများကို ရှူရှိုက်ရ၍လည်းကောင်း၊ ဤမျှဝေးလံစွာယာဉ်များကို စီးနင်းသွားလာရဖူးခြင်း မရှိသည်ကြောင့်လည်းကောင်း၊ ကျွန်တော်၏မနောဟဒယတွင် တစ်ခါမျှ မကြုံဖူးသော ပီတိတို့ဖြင့် ဖုန်းလွှမ်းကာ အပျော်ကြီးပျော်ရွှင်နေပါတော့သည်။ ကျွန်တော်သာမက ကားပေါ်ရှိလူများအားလုံးပင် နှုတ်မှ တိတ်ဆိတ်နေကြသလောက် မျက်နှာများကြည်ရွှင်နေကြလေသည်။

ညောင်လေးပင်သို့ ရောက်၍ ထမင်းစားသောက်ပြီး ခရီးတစ်ဖန်ဆက်ကြရာ၌ နေမှာ အတော်ပူပြင်းလာတော့သည်။ ကားစီးရသည်မှာ ကြာပြီဖြစ်သဖြင့် ခါးများညောင်းညာသောအခါ ဖင်ထိုင်သောအောက်က ပူလာသည်။ သို့သော် လူကကြပ်သဖြင့် မလှုပ်သာ စောစောက ကြည်ရွှင်ခဲ့သော စိတ်များပျောက်လွင့်သွားခါ ဦးနှောက်ထဲတွင် မှုန်မှိုင်းမှိုင်းဖြစ်၍ လာတော့သည်။ အချို့မိန်းမကြီးများ ငိုက်မျဉ်းနေကြသည်။

“ဝေါ”



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံလာရာသို့ ကြည့်လိုက်မိသည်တွင် ဒေါ်စိန်မေဆိုသူ အဒေါ်ကြီး၏ ထမီပေါ်သို့ အန်ဖတ်များ ပေ၍နေသည်ကို တွေ့ရပြန်သည်။

"အောင်မယ်လေး လုပ်ကြပါဦး ... ကောင်မနယ် တော်အန်ချင်လည်းပဲ အပေါက်က အန်ချလိုက်တာ မဟုတ်ဘူး။ လူပေါ်မှ အန်ချတယ်။ ထွီ 'ဝေါ' "

အဒေါ်ကြီးပါ အော့အန်ပြန်တော့သည်။ ပထမအန်သူမှာ မသိန်းချစ်ဆိုသူ အသက် ၁၆ နှစ်ခန့် အပျိုမကလေးဖြစ်လေသည်။

သူမမှာ တောင်၌သာနေ၍ အသွားအလာနည်းသူဖြစ်ရာ မော်တော်ကားနှင့် ခရီးရှည်သွားရရာ၌ ဖြစ်တတ်သော ကားတောက်ရောဂါပင် ဖြစ်လေသည်။ ဒေါ်စိန်မေက သူ့ထမီတွင် အန်ဖတ်များ စွန်းပေသွားသဖြင့် တပြစ်တောက်တောက် ညည်းညူရေရွတ်နေသော်လည်း၊ သူမက ဘာမျှ မပြောနိုင်ရုံသာမက တစ်ဘက်နံဘေးရှိ သူ့မိခင်ပေါင်ပေါ်သို့ ထိုးလဲကျသွားသောကြောင့်၊ ကားကိုရပ်၍ သူမအား အမူးပျောက်အောင် သွေးဆေး၊ ကွမ်းရွက်တို့နှင့် ပြုစုကုသပြီးမှ ဆက်လက်ထွက်ခွာခဲ့ကြခါ မိတ္ထီလာ၌ ညအိပ်ကြရပါသည်။

မိန်းမဦးရေများများနှင့် ခရီးသွားကြရသည်မှာ အတော်ပင် စိတ်ပျက်ဖွယ်ရာကောင်းလှသည်။ သူ့ဖိနပ် ငါနင်းလို့၊ ငါ့ထီးပျောက်လို့နှင့် ကားပေါ်၌ တစ်နေရာရာသို့ ဆင်းတိုင်းဆူကြပွက်ကြသည်။ အိပ်ရာ၌လည်း ငါ့အိပ်ရာသူနင်းပြန်ပြီ၊ ဘယ်သူက ဘယ်သူ့ခြေကို ခလုပ်တိုက်လို့ ဆိုတာကတစ်မျိုး၊ ကားပေါ်တက်ကြပြန်ရင်လည်း ငါ့နေရာသူထိုင်ပြန်ပြီ၊ ဟိုဘက်ကို တိုးဦးကြပ်လိုက်တာ မတိုးတတ်တော့ဘူးတော့ ဆိုတာကတစ်ဖုံ၊ ကားသွားရင်းမှာတော့ ဆေးလိပ်မီးလွင့်လို့၊ ရှေ့ကနေ ကွမ်းတံတွေးထွေးလို့ အင်္ကျီတွေ စွန်းကုန်ပြီက တစ်သွယ်နှင့် ဆူလည်အူလည်လိုက်၍ နေပါတော့၏။

ထိုဆူလည်အူလည်နှင့်ပင် နောက်တစ်နေ့ညနေပိုင်း၌ မန္တလေးမြို့ကျောက်ကုန်းတန်းပွဲစားကြီး ဦးအောင်မြ၊ ဒေါ်ညာဆိုသော ဆိုင်းဘုတ်ချိတ်ဆွဲထားသည့် ရွှေသည်များ အိမ်သို့ ကျွန်တော်တို့လူသိုက် ဆိုက်ရောက်ရပါတော့သည်။

"ရိပ်သာ" ဟူသော အမည်တပ်လိုက်ခြင်းမှာ အမှန်ကတော့ ယခင်ခေတ်ဟောင်းတွင် ကျွန်တော် မန္တလေးဘုရားဖူးသွားစဉ်က ထိုအကွက်ရာကို တိုက်များ၊ အိမ်များတွင် ရေးလေ့ရေးထမရှိသေးပါ။ ယခု ဒုတိယကမ္ဘာစစ်ပြီးကာလ၏ နောက်ပိုင်းတွင် အသစ်ဆောက်ကြသော အဆောက်အအုံများတွင်မှ



www.burmeseclassic.com

www.burmeseclassic.com



မြမန်းရိပ်သာ၊ နဂါးရိပ်သာ၊ မြစိမ်းရိပ်သာ၊ ပွဲကတော်ရိပ်သာ၊ ဆရာဦးကံညွန့် တောင်နားမှာ သည်းခံပါခင်ဗျာ ဆိုင်းဘုတ်ချင်းရောသွားလို့ပါ။ နောက်ဆုံး အက္ခရာများမှာ ဆရာဦးကံညွန့်၏ လမ်းညွှန်ဆိုင်းဘုတ်ပါ၊ အဲ ... အဲ ... ရေခဲရိပ်သာ၊ အေးမြရိပ်သာ၊ အို ... စုံလို့ပါပဲလေ။ အဲသည်လိုအက္ခရာတွေ သုံးနှုန်းလာသည့် ခေတ်သစ်ရွှေမန်းကို တွေ့ရှိရသဖြင့် ကျွန်တော့် ဝတ္ထုကို ခေတ်မှီစွာ အမည်ပေးလိုက်ရခြင်း ဖြစ်ပါသည်။ (စာရေးသူ)

မဟာမြတ်မုနိ၊ မဟာသကြသိဟ ဘုရားများကို ရောက်သည်နေ့တွင် ဖူးမြှော်ကြရသည်။ နောက်နေ့တွင် ရွှေကြီးမြင့်ဘုရားကို ဖူးမြှော်ပြီး မန္တလေး တောင်သို့ ခရီးဆက်လက်ထွက်ကြရာ၌ ဒေါ်ဖွားပိုဆိုသူ အဒေါ်ကြီးနှင့် မချေးမ ဆိုသူမိန်းမမှာ အကြီးအကျယ် စကားများကြတော့သည်။ ဖြစ်ပွားရခြင်း၏ အကြောင်းရင်းမှာ မချေးမ ထမင်းချိုင့်ကို ဒေါ်ဖွားပိုက ခလုတ်တိုက်မိ၍ ဟင်း များ ဖိတ်ကုန်သောကြောင့်ဖြစ်သည်။ သူတို့နှစ်ယောက်မှာ အတော်ခေါင်းမာပြီး လျှာရှည်သူများဖြစ်ကြ၍ ဦးဖြူသိး ဖြန်ဖြေသည်ကိုပင် နားမထောင်ဘဲ မန္တလေး တောင် ရသေ့ကြီး ဦးခန္တီ၏ တန်ဆောင်ကြီးထဲသို့ ရောက်သည့်တိုင် ရန်ဖြစ်နေ ဆဲပင် ရှိသေးသောကြောင့် ကျွန်တော်မှာ စိတ်ပျက်စွာနှင့်ပင် တန်ဆောင်ကြီးထဲ ရှိ ကုလားထိုင်တန်းလျားတစ်ခုတွင် ထိုင်၍နေသည်၌ တောင်ပေါ်မှ လေအေး သည် ကျွန်တော်၏စိတ်များကို သန့်ရှင်းကြည်လင်စေပါတော့သည်။

"ဘုရားဖူးသွားတို့၏ ခြေတစ်လှမ်းတစ်လှမ်းမှာ ဆင်တစ်သိန်း မြင်းတစ်သိန်း၊ အသထိုရိုက်သော ရထားတစ်သိန်း၊ နတ်သူဇာတမျှလှပသော သမီးကညာတစ်သိန်း ထိုက်သတဲ့" တစ်ခါက ကျွန်တော်တို့ အဘိုးပြောဖူး သော စကားကို ကျွန်တော်က ပြန်လည်အမှန်ရ၍နေပါသည်။ ပြီးတော့ ကျွန် တော်က ဆက်လက်စဉ်းစားကြည့်သည်။

ယခု ကျွန်တော်တို့ ဘုရားဖူးလာခြင်းမှာ အိမ်က ထွက်လာက တည်းက ကားနှင့်လာခြင်းဖြစ်သဖြင့် ခြေလှမ်းဟူ၍များစွာ လှမ်းခဲ့ရသည်ဟူ၍ များစွာ မရှိသောကြောင့် ထိုလေးသိန်းထိုက်သော ခြေလှမ်းများ အလွန်နည်းပါး လှလေသည်။ ယင်းသည့်အထဲတွင် လူများစုနှင့် သွားရသဖြင့် အမျိုးမျိုးသော စိတ်မချမ်းမြေ့ဖွယ်ရာတွေကို တွေ့မြင်နေရ၍ ဒေါသ မောဟတွေကလည်း ဖြစ်ရ သည်။

သို့ကြောင့် ယခု ဘုရားဖူးလာရခြင်းမှာ အကျိုးရှိမှ ရှိပါမည်လားဟု သံသယ ဖြစ်နေမိပါသည်။ လောကုတ္တရာအဖို့ အကျိုးမရှိသည့်တိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



လောကီမှာတော့ ဒေသန္တရ ဗဟုသုတ ရတာပေါ့လေဟု ကြီးကြီးကျယ်ကျယ် တွေးတောခါ ကိုယ့်စိတ်ကို ဖြေနေစဉ် ... ။

"နောင် ... ဒိုင်း"

ဟူသော အသံကြီးကြောင့် ကျွန်တော်လန့်၍သွားခါ အတွေးရပ်၍ သွားပါတော့သည်။ ထိုအသံသည်ကား တန်ဆောင်းဆောက်ရန် ငွေများ လှူ တန်းပြီးသည့်နောက် ရေစက်သွန်းချပြီးလျှင် သာဓုအနုမောဒနာခေါ်ရန် တီး ခတ်လိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့လှူသိုက်မှာ ရန်ကင်းတောင်၊ ရွှေစာရုံ၊ စစ်ကိုင်းတောင် ရိုးရှိ ဘုရားများ အစရှိသော တန်ခိုးကြီးဘုရားများအား လည်ပတ်ဖူးမြော်ရင်း နေ့ရက်များ အတော်ကြာ သွားခဲ့လေပြီ။

တစ်နေ့သော ညနေခင်းတွင် ဦးဖြူသီးသည် ကျွန်တော်နှင့် ရွှေသည် ဦးအောင်မြတ်၏ သား ကိုလှစိန်တို့နှင့်အတူ ရှမ်းပွဲရပ်ရှိ လမ်းတစ်လမ်းပေါ်တွင် လမ်းလျှောက်နေကြသည်။

"ဒီမယ် ကိုလှစိန် ဟိုတိုက်ကလေးနဲ့ ဒီခြံဟာ အတော် သာယာပါ လားဗျို့၊ နေသချင့်ဖွယ်ကလေးပဲဗျ"

လမ်းတစ်ဘက်ရှိ အသစ်စက်စက် တိုက်ပုကလေးနှင့် ပန်းမျိုးစုံတို့ ဖြင့် သာယာသော ခြံဝင်းကလေးကို ကြည့်ရင်း ဦးဖြူသီးက ပြောလိုက်ခြင်းဖြစ် လေသည်။

ကိုလှစိန်ကတော့ ပြုံး၍ နေပါတော့သည်။

"ဝင်းတံခါးတွေရော၊ တိုက်တံခါးတွေရော ပိတ်လို့ ဒီတိုက်က လူ တွေ ဘယ်သွားကြပါလိမ့်" ဦးဖြူသီးက သူ့ဘာသာ ပြောလိုက်ပြန်ပါသည်။

"ဒီကလူတွေ ပြောင်းသွားတာ တစ်လလောက်ရှိပြီဗျ၊ ခုတော့ ဒီတိုက်မှာ ဖုတ်ပဲနေတော့တယ်"

ကိုလှစိန်က အေးဆေးစွာ ပြန်၍ပြောလိုက်သဖြင့် ကျွန်တော်နှင့် ဦးဖြူသီးမှာ သူ့မျက်နှာကို ကြည့်လိုက်မိကြပါသည်။

"ဖုတ် ... ဘာဖုတ်လဲ"

ဦးဖြူသီးက ကိုလှစိန်ကို နားမလည်သလို ကြည့်ရင်း မေးပြန်သည် တွင် ကိုလှစိန်က ဦးဖြူသီးအား ပြန်ကြည့်ခါ ပြုံးလိုက်ပြန်ပြီး ...

"လူသေစမှာ ဒီလူကိုစီးပြီး ဒီလူယောင်ဆောင်စားနေတဲ့ ဖုတ်က ခင်ဗျားတို့ အောက်အရပ်မှာ မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အော် ဖုတ်ဝင်တယ်ဆိုတာလား။ ကြားတော့ကြားဖူးတယ်။ တွေ့တော့ မတွေ့ဖူးသေးဘူး"

"ဟုတ်ကဲ့ ... ကျွန်တော်လည်း အစကတော့ ကြားသာကြားဖူးပါတယ်။ အခု ကိုယ်တိုင်တွေ့ဖူးရပါတယ်"

"အော် ... ကိုလှစိန်ကိုယ်တိုင်က ဒီဖုတ်နဲ့ တွေ့ရတယ်နော်"

"ဟုတ်ကဲ့ တွေ့ရပါတယ်"

"ပြောပြစမ်းပါ ကိုလှစိန်ရာ၊ ဒါမျိုး နားထောင်ဖို့ ကျွန်တော် သိပ်ဝါသနာပါတယ်ဗျ"

ကျွန်တော်တို့သည် ရှေ့သို့ဆက်လက်၍ လမ်းမလျှောက်ကြတော့ဘဲ၊ ထနောင်းပင်ကလေးတစ်ပင်ရင်းရှိ ကွပ်ပြစ်ပေါ်တွင် သွားရောက်ထိုင်ကြခါ ကိုလှစိန်က အောက်ပါအတိုင်း ပြောပြသည်ကို နားထောင်ရပါ၏။

"ဒီလိုဗျ၊ အစက ဒီနေရာမှာ ကွက်လပ်ကြီးပဲဗျ။ လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်ကမှ သူဌေးတစ်ဦးက ဒီမြေကွက်လပ်ကို ဝယ်လိုက်ပြီး တိုက်ကလေးဆောက်၊ သစ်ပင်၊ ပန်းပင်တွေ စိုက်နဲ့ ဝေဝေဆာဆာ ဖြစ်လာတယ်။ တိုက်ပြီးတော့ သူဌေးတွေလည်း ဒီတိုက်ကို ပြောင်းလာတာပေါ့ဗျာ။ ဒါနဲ့ နှစ်လ သုံးလလောက်ရှိတော့ ဒီသူဌေးရဲ့ အဒေါ်ကြီးဟာ အသည်းအသန် မမာရာက မောမေ့သွားတယ်တဲ့။ ပြီး သတိပြန်လည်လာတော့ နေ့မှာတော့ လူမမာပေါ့လေ ညညကျတော့ ကြောင်အိမ်ထဲ သော့ခတ်ထားတဲ့ ဟင်းတွေ ခိုးစား၊ ငါးပိ–ငါးခြောက်၊ အစိမ်းလည်း စားသတဲ့ အစတော့ အိမ်သားတွေက ဘယ်သိမလဲလေ။ နောက် ငါးပိ–ငါးခြောက်ဟင်းတွေပျောက်လို့ ချောင်းကြည့်တော့ ဒီလူမမာအမယ်ကြီးစားတာတွေ့ရသတဲ့။ လူတွေက "အမေကြီး ဘာလုပ်တာလဲလို့ မေးလိုက်ရင် တစ်ခါတည်း နေရာမှာ တုံးခနဲ လဲသွားရောဆိုပဲ။ ဒီတော့မှ ဖုတ်ဝင်နေမှန်းသိကြတော့ ... ဩဇာရွက်တို့၊ လွှာဖိနပ်တို့ သူ့အိပ်ရာအောက်က ထိုးထားပေးတဲ့ ဒီဖုတ်ဟာ မထွက်ဘူးတဲ့ ခင်ဗျာ၊ နောက်ပယောဂဆရာတစ်ယောက် ပင့်ပြီးပြတော့ ဆရာက သူလည်း မနိုင်ဘူး။ ဒီအမယ်ကြီးမှာ ဝင်နေတဲ့ဖုတ်က ဖုငဲမင်းလို့ ပြောတယ်တဲ့ ဒါနဲ့ ဒီတိုက်က လူတွေဟာ ဒီတိုက်ကို ဖုတ်ဝင်တဲ့ အမယ်ကြီးနဲ့ ထားပစ်ခဲ့ပြီး ဟိုဝါးတန်းကို ပြောင်းပြေးကြတယ်"

"ဟင် ခင်ဗျားနဲ့ ဖုတ်နဲ့ တွေ့တဲ့ အခန်းမပါသေးပါကလား"

ကိုလှစိန်၏ စကားအဆုံးတွင် ဦးဖြူသီးက မေးလိုက်ခြင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အော် ... ကျွန်တော် တွေ့တာတော့ ဟိုအရင်လူတွေ နေတုန်းက သတင်းကြားတာနဲ့ သွားကြည့်တာနဲ့ တွေ့ရတာပါ"

"ဘယ်လိုတွေ့ခဲ့ရသလဲ"

ထူးထူးခြားခြားတော့ မဟုတ်ပါဘူး။ ဒီအမယ်ကြီးဟာ အရိုးပေါ်က အရေတင်နေတဲ့အထိ ပိန်နေပေမယ့် စကားပြောတဲ့အခါ အသံသိပ်မာတာပဲ တွေ့ရပါတယ်"

"ဒီထက်တော့ မထူးခြားဘူးပေါ့"

"နောက်ထူးခြားတာ တစ်ချက်ကတော့ ဒီအိမ်မှာလူတွေ ပြောင်းသွားပြီးတဲ့နောက်မှာ တစ်ခါခါတိုက်တံခါးမကြီး ပွင့်နေလို့ လမ်းမက တွေ့မြင်ရတာကတော့ ဧည့်ခန်းဆောင်ထဲမှာ အမယ်ကြီးတော့ အိပ်ရက်ပဲ၊ ပြီးတော့ ညညမှာလည်း နောက်ဖေးဆောင်က မီးဟာ အမြဲလင်းနေတယ်"

"ဒါတွေဟာ ခင်ဗျားကိုယ်တိုင် တွေ့မြင်နေရတာတွေပဲလား"

"ဟုတ်ကဲ့ မီးလင်းနေတာကတော့ ညတိုင်းပါပဲ၊ တံခါးကတော့ တစ်ခါတစ်လေမှ ပွင့်လို့ အခိုက်အခါကြုံတဲ့လူတွေပဲ တွေ့မြင်ရတယ်"

ကိုလှစိန်က ဤသို့ စိတ်ပါလက်ပါ ပြောပြီးသည်၏အဆုံး ဦးဖြူသီးက အားရပါးရရယ်မော၍ နေလေသည်။ ပြီးမှ ...

"နေပါဦးကိုလှစိန်ရဲ့ ဒီတိုက်ကလူတွေ ဝါးတန်းဘယ်နေရာကို ပြောင်းသွားကြတာလဲ"

"သကြသီဟဘုရားရဲ့ မြောက်ဘက်နားက အိမ်ကြီးမှာ ပြောင်းနေကြတယ်ခင်ဗျ"

"ကဲ ပြန်ကြစို့ဗျာ မှောင်တောင်လာပြီ"

ကျွန်တော်က ထမင်းဆာပြီဖြစ်သဖြင့် ဦးဖြူသီးအား ဤသို့ ပြောလိုက်တော့မှ နေရာမှထ၍ ပြန်ခဲ့ကြတော့သည်။

ဘုရားဖူးများ အားလုံးပြန်၍ သွားကြပြီဖြစ်သော်လည်း ဦးဖြူသီးနှင့် ကျွန်တော်မှာ ပြန်၍မလိုက်သေးဘဲ မန္တလေးတွင် နေခဲ့ကြလေသည်။ ကျွန်တော်တို့ ဤသို့နေကြခြင်းကတော့ ဦးဖြူသီးမှာ ကိုလှစိန်ပြောသော ဖုတ်အိမ်ကြီးကို အတော်စိတ်ဝင်စားခါ စုံစမ်းလို၍ဖြစ်လေသည်။ ဦးဖြူသီးနှင့် ကျွန်တော်မှာ ညတိုင်းပင် ၎င်းဖုတ်နေသော တိုက်၏အနီးတွင် မယောင်မလည်သွားလာ အကဲခတ်နေကြသည်။ ကိုလှစိန်ပြောခဲ့သည့်အတိုင်းပင် ညဆယ်နာရီလောက်ဆိုလျှင် နောက်ဖေးဆောင်မီးများ လင်းနေသည်ကို တွေ့မြင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မီးလင်းတာကတော့ အမှန်ဗျ"

"အေးလေကွာ ... ငါလည်းထူးခြားလို့ တမင်နေခဲ့တာပေါ့"

"ခင်ဗျား ဘယ်လိုထင်သလဲ"

"ခုနေတော့ ဘယ်လိုမှ မထင်သေးဘူးကွ"

ဖုတ်ဆိုတာကော ဟုတ်ပါ့မလား"

"ဒါကိုတော့ အစကတည်းက မယုံလို့ဘဲ။ ဖုတ်မဟုတ်ကြောင်း လက်ဆုပ်လုက်ကိုင် ပြနိုင်ဖို့ ကြိုးစားနေတာပေါ့ကွ"

ကျွန်တော်နှင့် ဦးဖြူသီးမှာ ဖုတ်ရိပ်သာနှင့် မနီးမဝေးရှိ သစ်ပင်ရိပ်တစ်ခုတွင် ထိုင်ကြရင်း ထိုသို့ ဆွေးနွေးနေကြခြင်း ဖြစ်ပါသည်။ လဆုတ်ပက္ခဖြစ်သဖြင့် ညမှာ မှောင်၍သာမည်းနေသည်။ ဒါပေမယ့် နက်ပြာကောင်းကင်မှ ငွေကြယ်တို့၏အရောင်ကြောင့် အရိပ်မရှိသော လဟာပြင်များတွင်တော့ မှုန်ဝါးဝါးလင်းလျက်နေသည်။

မည်းမည်းသဏ္ဌာန်တစ်ခုသည် လမ်းပေါ်မှ တရိပ်ရိပ် ပြေးလွှားလာသည်ကို မှုန်ဝါးဝါး အလင်းရောင်တွင် တွေ့မြင်ရသည်နှင့် ဦးဖြူသီးက ကျွန်တော့်အား လက်ကုတ်ခါ ... "တိတ်တိတ်နေနော် ... စကားမပြောနဲ့၊ လူတစ်ယောက် စက်ဘီး စီးလာနေတယ်" ဟု တိုးတိုးပြောလိုက်လေသည်။ မည်းမည်းသဏ္ဌာန်မှာ ခြံ၏ဘေးတစ်ဖက်သို့ ကွေ့ဝင်ပျောက်ကွယ်သွားသည်နှင့် ဦးဖြူသီးက ကျွန်တော့်ကို လက်တို့ကာ တစ်ဘက်ခြံစည်းရိုးဘေးမှ ကပ်၍ နောက်ဘေးဖက်သို့ ခပ်သုတ်သုတ် လျှောက်သွားသဖြင့် ကျွန်တော်လည်း သူ့နောက်မှ လိုက်၍သွားရပါ သည်။

ကျွန်တော်တို့ နောက်ဘေးဘက်သို့ ရောက်ရှိသည်တွင် မည်းမည်းသဏ္ဌာန်မှာ ပျောက်ကွယ်၍သွားလေပြီ။ ထို့ပြင်လည်း ထူးခြားသော အရာဟူ၍ ဘာတစ်ခုကိုမှ မတွေ့ရတော့ပါ။ ကျွန်တော်တို့ ဆက်လက်စောင့်ဆိုင်း၍ တိုက်ထဲသို့ အကဲခတ်၍ ကြည့်ရှုနေခဲ့သော်လည်း အချိန်များကုန်လွန်၍ သွားခြင်းသာ ရှိတော့ကာ ဘာတစ်ခုမျှ ထူးထူးခြားခြား မတွေ့မမြင်ရဘဲ၊ တိုက်ရော ခြံပါ မှုန်ဝါးဝါး အလင်းရောင်တွင် ငြိမ်သက်မြဲ ငြိမ်သက်၍ နေပါတော့သည်။

ညက အိပ်ပျက်သဖြင့် ကျွန်တော်မှာ နောက်နေ့ နံနက် အတော်နေမြင့်မှ နိုးလေသည်။ ယနေ့အဖို့ ဦးဖြူသီး၏ မျက်နှာမှာ ခါတိုင်းနေ့များထက် ပို၍ရွှင်နေသည်ဟု ကျွန်တော်က ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နိုးလာပြီလားဟေ့ ... ကဲ ရေမိုးချိုး အဝတ်အစားလဲကြွား အိမ်တော်ရာ ဘုရားသွားကြရအောင်"

ဦးဖြူသီးက ဤသို့ပြောလိုက်သည်နှင့် အဝတ်လဲကာ အိမ်အောက်သို့ ဆင်းခဲ့သည်တွင် အသင့်ရောက်ရှိနေသော ရထားလုံးတစ်စီးဖြင့် အိမ်တော်ရာဘုရားသို့ ထွက်ခဲ့ကြပါသည်။

"သဲလွန်စတစ်ခုတော့ ရပြီကွ"

အိမ်တော်ရာဘုရား၏ လူရှင်းသော တန်ဆောင်းတစ်ခုသို့ ရောက်သည်တွင် ဦးဖြူသီးက ပြောလိုက်ခြင်း ဖြစ်ပါသည်။

"ဘာသဲလွန်စလဲ"

သူသည် အိတ်ထဲမှ ငါးမူးပြားကလေးများကို ထုတ်၍ လက်ဝါးပေါ်တွင် ဖြန့်ကာ ...

"အဲဒါကွ"

ကျွန်တော့်မှာ ဘာမှ နားမလည်သဖြင့် ငါးမူးပြားကလေးကို တစ်လှည့်၊ သူ့မျက်နှာကိုတစ်လှည့် ကြည့်နေမိပါသည်။ ပြီးမှ ...

"ခင်ဗျားဟာ ကျွန်တော် နားမလည်ပါဘူး" ဟု ခေါင်းကို ယမ်းရင်း ပြောလိုက်ရသည်။

"မင်း သေသေချာချာ ကြည့်စမ်း"

သူက ပြော၍ ကျွန်တော် ငါးမူးပြားကလေးကို ယူကြည့်သည်တွင် ငါးမူးပြားမှာ ငါးမူးပြားမျှသာဖြစ်၍ အခြားဘာမျှ ထူးခြားသည်ကို မတွေ့ရပါ။

"ခင်ဗျားဟာ ငါးမူးပြားအသစ်နှစ်ပြားနဲ့ အဟောင်းတစ်ပြားပဲ"

"အဲဒီအသစ်နဲ့ အဟောင်း တစ်ပြားဆီယူပြီး ထောင့်ကလေးတွေကို တိုင်းကြည့်စမ်း"

"အင်း အသစ်က ချွေးသွားစိပ်ကလေး ကြဲတယ်ဗျ။ ပြီးတော့ မသေသပ်ဘူးဗျ"

"တီးကြည့်ပါစမ်းဦးကွာ တစ်ပြားစီ"

"အသစ်က အသံနည်းနည်းတိုတယ်"

"အဲဒီအသစ်ဟာ မှုမမှန်တဲ့ ပိုက်ဆံပေါ့ကွာ"

"ဒါတွေ ခင်ဗျား ဘယ်ကရသလဲ"

"တစ်ပြားက ကွမ်းယာဆိုင်က ပြန်အမ်းတာ"

"ဟင် ... ခင်ဗျား သိရက်သားနဲ့ ဘာလို့ယူထားရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိုကွာ ... နောက်တစ်နေ့ အသုံးကျလိုကျငြားဆိုပြီး ယူထားတာပေါ့"

"နောက်တစ်ပြားကကော"

"အဲဒီတစ်ပြားကတော့ ဟိုဖုတ်နေတဲ့ တိုက်နောက်ဖေး မလှယ်ပေါက်နားက ဒီမနက် ရခဲ့တာကွ"

"ဒီမနက် ခင်ဗျား ဟိုတိုက်ဆီ ရောက်ခဲ့တယ်ပေါ့"

"အေး ... သွားတယ်ကွ၊ ညက စက်ဘီးစီးလာတဲ့လူ သွားကတည်းက နောက်ဘေးဘက်မှ အပေါက်ရှိရမယ်လို့ ငါက ကျိန်းသေတွက်ထားလိုက်တယ်။ ဒါနဲ့ ခုမနက် ငါသွားကြည့်တော့ အပေါက်ကို တော်တော်နဲ့ကို ရှာမတွေ့ဘူးဟ၊ နောက်မှ ဆူးကြိုးတွေ အောက် ခက်ခက်ခဲခဲ လိုမ့်ဝင်ရတဲ့ နေရာတစ်ခုကို တွေ့ရတော့တယ်။ အဲဒီငါးမူးပြားကလေးလည်း အဲဒီနေရာပဲက ရခဲ့တာပေါ့"

"ဒီ ငါးမူးပြားကို သဲလွန်စရယ်လို့ ဘာကြောင့်ဆိုနိုင်တာလဲ"

ကျွန်တော်က အရာရှိကြီး၏ လေသံမျိုးနှင့် မေးလိုက်သည်တွင် ဦးဖြူသီးက နေရာမှ ထသွားသောကြောင့် ကျွန်တော်မှာ မကျေမနပ်နှင့် သူ့နောက်သို့ လိုက်သွားရတော့၏။

တစ်နာရီပင် ထိုးပြီးသော်လည်း ဦးဖြူသီး ချိန်ဆိုထားသော ပုလိပ်အရာရှိများ မရောက်လာသေးသဖြင့် ဦးဖြူသီးနှင့် ကျွန်တော်မှာ ကုလားလက်ဖက်ရည်ဆိုင်ကလေး တစ်ဆိုင်ထဲမှ ပျင်းရိစွာနှင့် ထိုင်၍စောင့်နေရပါသည်။

"ကဲ ... ကိုဖြူသီး"

အတော်ကြီး ကြာမှ အရာရှိတစ်ယောက် ဆိုင်ထဲသို့ ဝင်ရောက်လာကာ ... အချက်ပေးလိုက်သည်နှင့် ကျွန်တော်တို့ ဆိုင်ထဲမှ ထွက်၍ အပြင်တွင် စောင့်နေသော ပုလိပ်အရာရှိများနှင့်အတူ ဖုတ်ရိပ်သာဘက်သို့ လျှောက်ခဲ့ကြပါသည်။ ဖုတ်ရိပ်သာသို့ ရောက်ရှိကြရာ ပုလိပ် ကိုးယောက်အား ခြံစည်းရိုးပတ်လည်တွင် နေရာ ချထားပေးခဲ့ပြီးမှ ဌာနာအုပ်တစ်ယောက် အမှုထမ်းတစ်ယောက်နှင့် ဦးဖြူသီး၊ ကျွန်တော်တို့မှာ ဦးဖြူသီး တွေ့ရှိထားသော အပေါက်မှ လိုမ့်၍ ခြံတွင်းသို့ ဝင်ခဲ့ကြသည်။

သန်းခေါင်ယံသို့ပင် ရောက်ရှိနေပြီ ဖြစ်သဖြင့် တလောကလုံး တိတ်ဆိတ်နေသည်။ ကျွန်တော်တို့ လူစုသည် တိုက်ကလေးမှ အသာကပ်ခါ နောက်ဘေးဆောင် တံခါးဆီသို့ တရွေ့ရွေ့ သွားနေကြသည်။ ခြံတွင်းရှိ ညဖွဲ့ပန်း၏



www.burmeseclassic.com

www.burmeseclassic.com



ရန့်က လေပြည်အေးလေးနှင့် ရောထွေးပါလာကာ ကျွန်တော်တို့၏နှာဝကို ကလိနေလေသည်။ မှောင်မည်းနေသော ညတွင် ကြယ်ရောင်ကလေးများကို အားပြု၍သာ ကျွန်တော်တို့လူစု တံခါးပေါက်ကို ရှာဖွေနေရသည်။

"သေနတ်တွေ အဆင်သင့် လုပ်ထားဗျို့၊ တံခါးပေါက် ရောက်နေပြီ။ ကျွန်တော် တွန်းကြည့်လိုက်ဦးမယ်"

ထိုအသံကြားတော့မှ အခန်းတွင်းသို့ ဝင်လိုက်သွားမိသည်တွင် လက်များကို မြောက်ခါရပ်နေကြသော ပေါက်ဖော်တစ်ယောက်နှင့် မြန်မာ တစ်ယောက်ကို တွေ့ရပါတော့သည်။

ထိုသူများကို အသင့်ပါလာသော လက်ထိပ်နှင့် ချုပ်နှောင်ဖမ်းပြီး လျှင် အပြင်ဘက်တွင် ဝိုင်းရံနေကြသော ပုလိပ်များကိုပါ အတွင်းသို့ ခေါ်၍ လုပ်လက်စ ငါးမူးပြားများနှင့် ငါးမူးပြားလုပ်သော ညှပ်ပုံ၊ အခြားသောကိရိယာ များကိုပါ သိမ်းဆီးပြီးကာ အခြားအခန်းများကိုပါ လိုက်လံရှာဖွေရန် ဋ္ဌာနာအုပ် က ပုလိပ်များအား အမိန့်ပေးလိုက်လေသည်။

"အမယ်လေးဗျ"

"ဟော့ ဘာလဲ ... ဘာလဲ"

ထိုအသံများနှင့်အတူ ပုလိပ်များ ရုတ်ရုတ်ရက်ရက် ဖြစ်၍သွားလေ သည်။

"အလောင်းကြီးဗျ"

ပုလိပ်တစ်ယောက်က ကျွန်တော်တို့ ဘက်ကို ပြန်ပြေးလာပြီး တုန်ရီ စွာသော အသံနှင့် ဖြေကြားလိုက်သည်။

"ဘယ်မှာလဲကွ"

ဋ္ဌာနာအုပ်က ခပ်ငေါက်ငေါက် မေးလိုက်သည်နှင့် ပုလိပ်က မျက်နှာ ကို ရှုံ့မဲ့ကာ ... 'ဟို ... ဟို ခြည့်ခန်းမှာဆရာရဲ့၊ ကျွန်တော်က မီးခလုတ်လည်း သွားဖွင့်ရော အလောင်းကြီးတွေ့ရတာနဲ့ လန့်အော်မိတာ" ပုလိပ်က ကြောက် ရွံ့စွာ ပြောပြနေသည်နှင့် ကျွန်တော်မှာ ကြက်သီးဖြန်းခနဲ ထ၍သွားကာ ဦး ဖြူသီး မျက်နှာကို ကြည့်လိုက်သည်တွင် ဦးဖြူသီးမှာ ပြုံး၍နေလေသည်။

"မင်းကလည်းကွာ။ ပုလိပ်လုပ်နေပြီး ကြောက်နေရသေးလား။ လာသွားကြည့်ရအောင်"

ပြောပြောဆိုဆို ဋ္ဌာနာအုပ်က ရှေ့မှ သွားသဖြင့် အားလုံး နောက်မှ လိုက်၍သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... စက္ကူကြီးပဲ"

ဌာနာအုပ်က ထိုသို့ ပြောလိုက်သဖြင့် ကျွန်တော်အနားသို့ သွားကြည့်သည်တွင် ပိန်ခြောက်နေသည့် အမယ်အိုး၏ သဏ္ဌာန်ကို လုပ်ထားသော စက္ကူရုပ်ကြီးကို တွေ့ရပါ၏။

"တိုက်ခန်းကလည်း ခပ်မှောင်မှောင် ဆိုတော့ အပြင်ဘက်ကနေ ကြည့်ရင် တကယ့်လူပဲဗျ"

ဦးဖြူသီးက ယခုမှပင် စကားပြောဖေါ်ရပါတော့သည်။

"ဒါက ဘယ်လိုသဘောပါလိမ့်"

ဌာနာအုပ်က စဉ်းစားသလိုတွေ၍ နေရာမှ ပြောလိုက်လေသည်။

"ဒီလို ဌာနာအုပ်မင်းရဲ့ လူတွေဟာ ဖုတ်တို့တစ္ဆေတို့ သရဲတို့ဆိုရင် ကြောက်ကြတယ် မဟုတ်လား။ ဒါဟာ မြန်မာလူမျိုးတွေအဖို့ ငယ်ငယ်ထဲက ပါလာတဲ့ အစွဲပဲ။ ဒီအစွဲပါလာရတာကလည်း လူကြီးမိဘတွေရဲ့ မလိမ္မာမှုပေါ့လေ။ ကလေးကို သူတို့ပြောစကားနားမထောင်ရင်(ဥပမာ) အပြင်တို့ ဘာတို့ ထွက်မသွားစေချင်ရင် ကလေးမသွားအောင် တခြားနည်းနဲ့ လှည့်ပတ်မထားဘူး။ ဟဲ ... မသွားနဲ့ဆို သရဲကြီး ဂုတ်ချိုးစားလိမ့်မယ် ဖုတ်ဖမ်းစားလိမ့်မယ်နဲ့ ခြောက်ပြီး ကိုယ်လိုသလိုလွယ်လွယ်ရအောင် လုပ်ကြတဲ့အတွက်ပါပဲ။ အဲဒီတော့ ဒီကလေးဟာ သရဲတို့ တစ္ဆေတို့ ဆိုတဲ့ ဖုတ်ပြိတ္တာတွေကို မမြင်ဖူးဘဲနဲ့ ရမ်းကြောက်နေတာပေါ့။ နောက် ဒီအစွဲကြီးဟာ လူကြီးဖြစ်တဲ့အထိ ပါလာပြီး သရဲတစ္ဆေရှိတဲ့ နေရာဆို မသွားရဲကြဘူး။ အဝေးက ရှောင်ကြတယ်။ ဒီသဘောကို ဒီငွေတုလုပ်တဲ့ လူက နားလည်ထားတော့ သူ့လုပ်ငန်းကို ဘယ်သူမှ မသိရအောင် ဒီတိုက်နားကို ဘယ်သူမှ မကပ်ကြရအောင် နာတာရှည်ရောဂါနဲ့ ပိန်ချုံးနေတဲ့ အမယ်ကြီးတစ်ယောက်ကို ရှာပြီးတော့ ဖုတ်ဝင်နေပါတယ်လို့ လူကြားသူကြား ဝါဒဖြန့်၊ နောက်သူ့လူထဲက တစ်ယောက်ကို ဆရာယောင်ဆောင်ပြီး လူတွေရှေ့မှာ ဆရာမနိုင်တဲ့ ဖုတ်မင်းဘာညာနဲ့ အပြောခိုင်းပြီးတော့ ဖုတ်ကြောင့် သူတို့ ဒီတိုက်မှာ မနေနိုင်ကြတော့တဲ့ အနေနဲ့ တခြားပြောင်းသွား၊ လူမမာအမယ်ကြီးကို တခြားပို့၊ စက္ကူရုပ် ကိုယ်စားထားပြီးတော့ ဒီတိုက်မှာ ဖုတ် ကြီးစိုးနေတဲ့ အနေနဲ့ တစ်ခါတစ်ခါ နေ့ခင်းတိုက်တံခါး ဖွင့်ပြလုပ်တာပါပဲ"

ဦးဖြူသီးက ဤသို့ ရှင်းလင်းပြသည်တွင် ဌာနာအုပ်က သဘောကျစွာ ပြုံးလိုက်ပြီး ...

"အတော်လည်း တတ်နိုင်တဲ့ လူပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖြူသီးအား ကျော့သတ်၍ ချီးကျူးလိုက်လေသည်။ ဌာနသို့ ရောက်၍ တရားခံများအား စစ်ဆေးရာတွင် တရုတ်မှာ မြန်မာစကားကောင်းစွာ မတတ်သဖြင့် ရေလည်စွာ မစစ်ရသေးသော်လည်း မြန်မာတရားခံက အောက်ပါအတိုင်း ဖြောင့်ဆိုလေတော့သည်။

"ကျွန်တော် အရင်ကတော့ ကောင်းရောင်းကောင်းဝယ်ပဲ လုပ်စားပါတယ်။ နောက် ဒီမြေယာဝယ်ပြီး တိုက်ဆောက်မိတဲ့အတွက် အကြွေးတွေက တင်လာ၊ အလုပ်အကိုင်ကလည်း နေရမကျဖြစ်ပြီး စိတ်ညစ်နေတဲ့အချိန်မှာ ကျောက်မဲကို ရောက်သွားတော့ ဒီပေါက်ဖော်ဆရာကြီးနဲ့ တွေ့တာပါပဲ။ ကျွန်တော်ကလည်း ကပြားဆိုတော့ သူနဲ့ တစတစ ရင်းနှီးလာပြီး။ ကျွန်တော့်မှာ ကြွေးတွေတင်နေလို့ စိတ်ညစ်တဲ့အကြောင်း သူ့ကို ပြောပြမိတာပေါ့။ ဒီတော့ သူက ဘာမှမပူနဲ့ လွတ်လောက်တဲ့ အေးအေးဆေးဆေး အလုပ်လုပ်နိုင်မယ့် နေရာတစ်ခုခုကိုသာ ရှာ၊ သူ့မှာ အားလုံး အဆင်သင့်ရှိတယ်လို့ ပြောတာနဲ့ ကြံမိကြံရာ ကြံရခြင်းပါပဲ။ ကြွေးကျေစကတည်းက ရပ်ထားလိုက်ရင် ခုလို ကျွန်တော်တို့ကို ဖမ်းမိမှာ မဟုတ်ဘူး။ ခုတော့ ကျွန်တော်ကလည်း လောဘကြီးမိ၊ ပေါက်ဖော်ကလည်း သူဌေးဖြစ်ပြီးမှ ပြည်ကြီးကိုပြန်ချင်တာကြောင့် ခုလိုဖြစ်ကြရတာ ... အင်း ... လောဘ ... လောဘကြောင့် ဒုက္ခဖြစ်ကြတာပဲဗျ"

ထိုနေ့ညနေ လေးနာရီထိုးပြီးမှ ကျွန်တော်တို့ တည်းအိမ်သို့ ပြန်ခဲ့ကြပါသည်။

"ဟိုအရုပ်ကြီးကို အရင်တည်းက ခင်ဗျား တွေ့ရသလား" တည်းအိမ်သို့ရောက်၍ အိပ်မည်ပြုစဉ် ဦးဖြူသီးအား ကျွန်တော်က မေးလိုက်ပါသည်။

"အေးကွာ ... တစ်နေ့မှာ ကိုလှစိန်ပြောတဲ့အတိုင်း တံခါးမကြီး ပွင့်နေတာနဲ့ ငါဝင်းခြံကို ခဲခဲရင်းရင်း ကျော်တက်ပြီး သွားကြည့်တော့ ဒီအရုပ်ကြီးကို တွေ့တာပဲ။ ဒါပေမယ့် ဘာကြောင့် ဒီအရုပ်ကြီး လုပ်ထားတယ်ဆိုတာ စဉ်းစားလို့ မရသေးဘူးကွ။ ဒီလိုနဲ့နေရင်းက တစ်နေ့မှာ ကွမ်းယာဆိုင် ငါဆေးလိပ်ဝယ်တော့ မမှန်တဲ့ ငါးမူးပြားကလေးရတာနဲ့ ငါသေသေချာချာ ကြည့်တော့၊ သစ်တာကတော့ သိပ်သစ်တယ်။ ဒါပေမယ့် ခုနှစ်သက္ကရာဇ် ရေးထိုးတာကတော့ ဟိုကုန်ခဲ့တဲ့ သုံးနှစ်လောက်က သက္ကရာဇ်ကွ။ ဒီတော့ ဒီငါးမူးပြားဟာ ညှပ်ပုံအဟောင်းနဲ့ ခုလောလောဆယ် လုပ်နေတယ်ဆိုတာ စဉ်းစားလို့ ရပြန်တယ်။ ဒါပေမယ့် ဒါဘယ်မှာ လုပ်တယ်ဆိုတာကတော့ တွေးလို့ အဖြေရ မလဲကွ။ နောက် ဟိုတိုက်ကို ဘာကြောင့် မလာဝံ့အောင် လုပ်ထားသလဲ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေးမီး ဘာကြောင့် မလာဝံ့အောင် လုပ်ထားသလဲ။ နောက်ဖေးမီး ဘာကြောင့်လင်းသလဲ ပြန်တွေးကြည့်တော့ နည်းနည်းဆက်စပ်လို့ ရလာတယ် ဟော့။ နောက်ဒီတိုက်ထဲက လူတစ်ယောက် မလွယ်ပေါက်က နေဝင်တာရယ်၊ ငါးမူးပြားကောက်ရပြန်တာရယ်၊ တိုးလာတော့မှပဲ ရှင်းသွားတော့တယ်"

ငါးမူးပြား ကောက်ရတာနဲ့ ဒီမှာ ငွေတုလုပ်နေတယ်ဆိုတာ ခင်ဗျား ပုလိပ်ကို အတိအလင်း သတင်းပေးဝံ့တာတော်တယ်ဗျာ။ မတော်တဆ ဒီ တိုက်ထဲများ ခုလိုမတွေ့ဘဲ၊ လွဲသွားရင် ခင်ဗျားတော့ မမှန်သတင်းပေးမှုနဲ့ ရောက်အကျပဲ၊ ပြီးတော့ ကိုယ်အလုပ်လည်း မဟုတ်ဘူး"

"ဒါကတော့ ဒီငါးမူးပြားဟာ ဒီအပေါက်က ခိုးကြောင်ခိုးဝှက် ဝင် ထွက်နေတဲ့လူရှိလို့ ထွက်ကျတယ်ဆိုတာ ရှင်းနေသားပဲ"

"အင်းလေ ... ခင်ဗျားအတွေးနဲ့ ကိုက်နေလို့သာ တော်တော့တာပေါ့"

ဦးဖြူသီးမှာ ကျွန်တော့် စကားကို ကြားတော့မည်မဟုတ်တော့ပါ။ သူ့ထံမှ စကားပြန်လာဦးမည်လားဟု ကျွန်တော် နားစွင့်နေသည်တွင် သူက တော့ အိပ်ပျော်ခြင်းသို့ ရောက်ခါ ဟောက်၍ နေပါတော့၏။

အမှုကို ရုံးတင်စစ်ဆေး၍ တရားခံများအား အပြစ်ပေးပြီးသည့်အထိ ကျွန်တော်တို့ မန္တလေး၌ စောင့်ဆိုင်းနေရရာ အရိုးကွဲမတတ်အေးသည့် မန္တလေး ဆောင်းဒဏ်ကို တစ်လကျော်မျှ ခံစားခဲ့ရပြီးမှ ဇာတိချက်ကြွေ အောက်ရပ်မြေသို့ မီးရထားနှင့် ပြန်ခဲ့ရပါသည်။

ဦးဖြူသီးမှာ ပုလိပ်ဘက်က ဘယ်လိုမှ အနံ့မရသေးသော အမှုတစ်ခု ကို အောင်မြင်စွာ ထုတ်ဖေါ်ပေးနိုင်သဖြင့် ဆုငွေ ၃၀၀ ရရှိသောကြောင့် မီးရထား ပေါ်တွင် ရွှင်မြူးလာနိုင်သလောက် ကျွန်တော်မှာလည်း ဝမ်းသာနေမိပါသည်။

***

www.burmeseclassic.com

www.burmeseclassic.com

# သဘက်နောက်ပိုး

ကျင်းချိုင့်များထူထပ်သော လမ်းမပေါ်တွင် ဘတ်စ်ကား ကြီးသည် တစ်နာရီမှ ၁၅ မိုင်နှုန်းမျှသာ မောင်းနှင့်လျက် ရှိသဖြင့် ပျင်းစရာတော့ ကောင်းလှသည်။ ဒါပေမယ့် ကျွန်တော်တို့မှာ ပျင်း၍တော့ မနေအားပါ ကြမ်းလွန်းသော ခရီးလမ်းဖြစ်သဖြင့် ကသိကအောက်ဖြစ်ကာ စိတ်ညစ်လှသည်။ ကားခေါင်မိုးမှ ကြေးဝါပိုက်လုံးကို ကိုင်ဆွဲထားရသော လက်များမှာ ညောင်းညာကိုက်ခဲ၍ လာလေပြီ။

ဒီလမ်းလည်း ဘယ်တော့များမှ ကောင်းပါ့မလဲ မသိဘူး"

ကျွန်တော့် ဘေးနားမှ လူကြီးတစ်ယောက်က ညည်းညည်း တွားတွား ပြောလိုက်သည်။

"ဘယ်တော့မှ ကောင်းမယ့်လမ်း မဟုတ်တော့ပါဘူးဗျာ။ ဒီစတိတ်ကောင်ဆယ်က ဒီလမ်းအတွက် ငွေတွေ ထုတ်တယ်လို့တော့ ကြားလိုက်ရပါရဲ့။ အဲဒါလည်း တစ်နှစ်ကျော်လောက်ရှိပါပြီ။ ဒါပေမယ့် လမ်းတော့ဖြင့် တစ်ကွက်မှ ပြင်တာ မတွေ့ရသေးဘူး"

ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်ခုံတန်းမှ လူရည်သန့်သန့်ကြီးတစ်ယောက်က ပထမလူ၏စကားကို ပြန်၍ ပံ့တင်ထပ်သည်။ သူ၏ပံ့တင် ထပ်သံက ပထမလူ၏ စကားလုံးထက် ပိုမိုလေးနက် ကြွယ်ဝလာသည်ကိုတော့ ကျွန်တော်က သတိပြုလိုက်မိသည်။

ဦးဖြူသီးတစ်ယောက်ကတော့ ထိုလူများ၏ စကားတို့ကို ကြားလေဟန်မရှိ။ ကားနောက်တွင် လူးလွန့်လွင့်ပါး ကျန်နေခဲ့သော မြေနီဖုံတန်းကြီးကိုသာ တငေးတမော ကြည့်၍နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြူမှုန့်တန်းကြီးမှာ နီကြန်သော အရောင်ရှိသော မြွေနဂါးကြီးကဲ့သို့ လမ်းပေါ်တွင် လူးလွန့်နေသည်။ နံနက်၏ တက်သစ်ဦး နေရောင်သည် စိမ်းစိုသော တောတန်းများနှင့် ဝါရွှေသော ကွင်းပြင်ပေါ်ဝယ် တိုက်ရိုက်ကျဆင်းလျက်ရှိနေသည်။

ဦးဖြူသီးသည် နံနက်ခင်း၏အလှတွင် ရှုမောနေပါလိမ့်မည်။

"ဟိုး ... ဆရာလိုက်မယ်"

ဂျိုကုန်းရွာဝသို့ ရောက်ရှိသည်တွင် ကားနောက်ပိုင်းမှ စပါယ်ယာ၏ အော်သံကို ကြားလိုက်ရသည်နှင့် ကားသည် ရုတ်တရက် ရပ်တန့်လိုက်လေသည်။

"ဟာလို ... ဦးဖြူသီးပါလား။ ဘယ်သွားမလို့လဲ လှည်းကူးလား"

ကားပေါ်သို့ ကတိုက်ကရိုက် တက်ရောက်လာသော ခရီးသည်က မေးလိုက်ရင်း နေရာလပ်တစ်ခုတွင် ဝင်၍ထိုင်လေသည်။

"ဟုတ်ကဲ့ လှည်းကူးတင်ပါပဲ"

ဦးဖြူသီးက သွက်လက်စွာ ပြန်၍ ဖြေကြားလိုက်သည်။

"ကိစ္စအထူးရှိလို့လား"

"မရှိပါဘူး။ ရာဇဝတ်အုပ် ကိုရွှေဝင်းက အလည်ဖိတ်တာနဲ့ပါပဲ"

"ဩော် ... ဩော်"

"ဦးတောက်ထွန်းကော လှည်းကူးပဲလား"

"ကျုပ်က နဘဲပင်ရွာထိအောင် သွားရမယ်"

"ဘာကိစ္စလဲ"

"ကျုပ်ညီက အမြန်လာခဲ့ပါလို့ စာရေးလိုက်လို့ ကိစ္စကတော့ ဟိုကျမှ သိရမှာပဲ"

ကားပေါ်သို့ တက်ရောက်သော ခရီးသည်နှင့် ဦးဖြူသီးတို့မှာ ဤမျှသာ အပြန်အလှန် ပြောဆိုကြပြီး စကားစပြတ်၍ သွားကြလေသည်။

ဂီယာ ချိမ်းသံ ထွက်ပေါ်လာပြီးနောက် ကားသည် ကုန်းတံတားကြီးပေါ်သို့ တက်ရောက်ခဲ့လေသည်။ တံတားပေါက်မှ အောက်သို့ ငုံ့ကြည့်လိုက်လျှင် ငမိုးရိပ်ချောင်းမှ စီးဆင်းသော ရေမှာ ငွေမျှင်တန်းကလေး လှုပ်ရှားနေသလို တွေ့မြင်ရသည်။ ခပ်ဝေးဝေးဆီမှာတော့ အကွေ့အကောက်နှင့် တွန့်၍နေ၏။

"ဦးဖြူသီး လှည်းကူးမှာ တော်တော်ကြာကြာ နေဦးမှာပဲလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးတောက်ထွန်းသည် တွေးတောသလို ငိုင်နေပြီးမှ ဦးဖြူသီး၏ မျက်နှာကို စေ့စေ့စိုက်စိုက်ကြည့်လိုက်ပြီ မေးလေသည်။

"သုံးလေးရက်တော့ ကြာမလားပဲ။ အကြောင်းထူး ရှိသလား"

"အခုတော့ဖြင့် မထူးသေးဘူးပေါ့ ခင်ဗျာ။ ဒါပေမယ့် ကျုပ်ညီက အရေးတကြီးမှာလိုက်တဲ့ကိစ္စဆိုတော့ နောင်အကြောင်းထူးများ ပေါ်ပေါက်ခဲ့ရင် ဦးဖြူသီးဆီ အကူအညီတောင်းချင်လို့ပါ"

"ကျွန်တော် ကူညီနိုင်တဲ့ကိစ္စ ဖြစ်ရင်တော့ ကူညီပါ့မယ်"

"ဦးဖြူသီးကို ဘယ်မှာတွေ့နိုင်ပါသလဲ"

"ရာဇဝတ်အုပ် ကိုရွှေဝင်း အိမ်မှာပဲ ရှိပါလိမ့်မယ်"

သူတို့ စကားစပြတ်၍ သွားကြပြန်၏။ ကားကတော့ ခရီးကြမ်းဝယ် တငြိမ့်ငြိမ့် သွားလျက်ပင်။

■

"ဦးဖြူသီး ရော့ ခင်ဗျားစာ"

ကျွန်တော်သည် လှည်းကူးသို့ ရောက်ရှိပြီးနောက် ရာဇဝတ်အုပ် ကိုရွှေဝင်းနှင့်အတူ ရန်ကုန်သို့ နှစ်ရက်ကြာမျှ သွားရောက်လည်ပတ်နေရာမှ ပြန်ရောက်လာသည်တွင် ကိုရွှေဝင်းဇနီးက ကိုရွှေဝင်းအား စာတစ်စောင်ပေး သည်ကို တွေ့ရှိပြီးနောက် ကိုရွှေဝင်းက ဦးဖြူသီးအား ပြောလိုက်ခြင်းဖြစ်သည်။

ဦးဖြူသီးသည် ကိုရွှေဝင်းက ကမ်းပေးသော စာကို ခတ်သွက်သွက် လှမ်းယူလိုက်ကာ စိတ်ဝင်စားစွာ ဖတ်ရှုနေသဖြင့် ကျွန်တော်သည် ဦးဖြူသီး အနီးသို့ အသာအယာ ကပ်ကာ ဖတ်ကြည့်လိုက်သည်။

*ဦးဖြူသီး*

*ခင်ဗျားကို ကျွန်တော်နေ့လည်ကတည်းက လာစောင့်နေပါ သည်။ ခင်ဗျား မရောက်လာနိုင်သဖြင့် ဤစာကို ရေးခဲ့ပါသည်။ ယခု စာကိုဖတ်ပြီး နဘဲပင်ရွာသို့ အမြန်လာခဲ့ပါရန် တောင်းပန်ပါ သည်။*

*အထူးစောင့်မျှော်စွာဖြင့်*

*မောင်တောက်ထွန်း*



www.burmeseclassic.com

www.burmeseclassic.com



စာမှာ ဤမျှသာ ဖြစ်လေသည်။

"ဘယ်လိုကိစ္စလဲ ဦးဖြူသီး"

ဦးဖြူသီး စာဖတ်နေသည်ကို စိတ်ဝင်စားစွာ အကဲခတ်ကြည့်ရှုနေသော ရာဇဝတ်အုပ် ကိုရွှေဝင်းက မေးလိုက်သည်။

"အရေးတော့ အတော်ကြီးဟန်ပဲ ရာဇဝတ်အုပ်မင်း"

"ပုလိပ်နဲ့ သက်ဆိုင်ပါသလား"

"အခုလောလောဆယ်တော့ မပြောနိုင်သေးဘူး၊ ဒါထက် ကျွန်တော် နဘဲပင်ကို ဘယ်လိုသွားရမလဲ မသိဘူး၊ ဒီအချိန်ဆိုတော့ မြင်းလှည်း မရတော့ဘူး ထင်တယ်"

"အင်း ... ကိုးနာရီရှိနေပြီ၊ မြင်းလှည်း ငှားလို့ရတော့မယ် မဟုတ်ဘူး"

ကိုရွှေဝင်းက သူ့လက်မလက်ပတ်နာရီကို ကြည့်ပြီးနောက် စကားကို ဆက်ပြန်လေ၏။

"ဒါဖြင့် ဒီလိုလုပ်လေ ကျုပ်တို့ လိုက်ပို့ပေးမယ်။ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်ပေါ့၊ အကယ်၍ ပုလိပ်နှင့်သက်ဆိုင်တဲ့ ကိစ္စဆိုရင်လည်း တစ်ခါတည်း ကိစ္စပြီးတာပေါ့"

"ကောင်းပါတယ် ရာဇဝတ်အုပ်မင်း"

ဦးဖြူသီးက ချက်ချင်းသဘောတူလိုက်သည်။

"ဟေ့ မောင်တင် သွား ကားထုတ်ခဲ့၊ ပြီးတော့ စံမင်းကို ပြောလိုက်၊ လူငါးယောက် လက်နက်အပြည့်အစုံနဲ့ လိုက်ခဲ့လို့"

"ဟုတ်ကဲ့ ဆရာ"

ကိုမောင်တင်သည် ပြောပြောဆိုဆို လေ့ကားမှ ဒရောသောပါး ဆင်း၍ သွားလေတော့သည်။

မကြာမီအတွင်းတွင် ... ကားတစ်စင်းနှင့် ပုလိပ်သား ငါးယောက်တို့သည် ကိုရွှေဝင်း အိမ်ရှေ့သို့ ဆိုက်ရောက်ကြလာသည်နှင့် ကျွန်တော်တို့ လူသိုက်သည် ကားပေါ်သို့ တက်ခဲ့ကြကာ ကိုရွှေဝင်းက နဘဲပင်ရွာသို့ မောင်းရန် အမိန့်ပေးလိုက်လေသည်။

"ကျုပ်တို့ အခု ဘယ်သူ့အိမ်သွားရမှာလဲ ဦးဖြူသီး"

ကားပေါ်သို့ ရောက်ပြီးနောက် ကိုရွှေဝင်းက မေးလိုက်လေသည်။

"သွားရမှာကတော့ ဦးတောက်ထွန်းရဲ့ ညီ၊ ဦးဘိုးပြန့် အိမ်ကို သွားရမှာပါပဲ။ ကျွန်တော်က ဒီလို အစီအစဉ် လုပ်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ရာဇဝတ်အုပ်မင်းတို့က ရွာထိပ်ရောက်တော့ ကားရပ်ပြီး ခဏစောင့်နေကြပါ၊ ကျွန်တော်နဲ့ ဒီကောင်လေးက ဦးဘိုးပြန့်တို့အိမ်ကို သွားကြည့်မယ်။ အကယ်၍ ပုလိပ်နဲ့ မသက်ဆိုင်သေးတဲ့ ကိစ္စဖြစ်နေရင်ဖြစ်စေ သက်ဆိုင်တဲ့ ကိစ္စဖြစ်စေ၊ ကျွန်တော်တို့ ပြန်အကြောင်းကြားပါမယ်"

"ဦးဖြူသီး အစီအစဉ်အတိုင်းပါပဲ"

စကားပြတ်၍ သွားကြပြန်၏။ ကားသည် အရှိန်ပြင်းစွာ မောင်းနှင်လျက်ရှိနေသည်။ လှည်းကူးမြို့စွန်ကို လွန်သောအခါ ကွင်းပြင်ကို ကျော်ဖြတ်ရပြန်သည်။ ကွင်းပြင်၏တစ်ဘက်စွန်း ရင်းတိုက်ပင်ရွာမှ မီးရောင်ကလေးများကို လက်လက်တွေ့မြင်သည်။ မီးရောင်နှင့်ပြာမှိုင်းမှိုင်းရှိသော ရွာကလေးမှာ လည်း၍ ကျန်နေလေသည်။ ပိုက်ကြီးဝဲရွာကို ကျော်ဖြတ်နေဆဲတွင် လမ်းပေါ်၌ လမ်းလျှောက်နေသူ သုံးလေးဦးကို တွေ့မြင်ခဲ့ရသည်။ ပိုက်ကြီးဝဲရွာကိုလွန်သော် ကွင်းပြင်ကို တွေ့ရပြန်တော့၏။

"ကျုပ်ပါလိုက်ခဲ့ရကောင်းမလား ဦးဖြူသီး"

နဘဲပင်ရွာထိပ်ရောက်၍ ကားရပ်ပြီး ကျွန်တော်နှင့် ဦးဖြူသီး ကားပေါ်မှ ဆင်းကြသည်တွင် ကိုရွှေဝင်းက ပြောလေသည်။

"မလိုအပ်သေးလို့ပါ ရာဇဝတ်အုပ်မင်း"

"ကျွန်တော်က ဦးဖြူသီးတို့အတွက် စိုးရိမ်မကင်းဖြစ်မိလို့ပါ"

"ဟဲ ... ဟဲ ... ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဦးတောက်ထွန်းက ကျွန်တော့်ကိုသာ မှာသွားလေတော့ ရာဇဝတ်အုပ်မင်းပါလိုက်ရင် ကိစ္စက တစ်မျိုးတစ်မည် ပြောင်းလဲသွားနိုင်သလားလို့ပါ"

"ဒီလိုဖြင့်လည်း ကျွန်တော်တို့ ဒီကပဲ စောင့်နေပါ့မယ်"

"ဟုတ်ကဲ့ သိပ်မကြာစေရပါဘူး၊ ပြန်အကြောင်းကြားပါမယ်"

ကျွန်တော်နှင့် ဦးဖြူသီးသည် မည်းမှောင်သော ပေတရာလမ်းမပေါ်တွင် ခပ်သွက်သွက်လျှောက်၍ လာကြသည်။ ယင်းနောက်တွင် ကျဉ်းမြောင်းသော လမ်းကလေးတစ်ခုထဲသို့ ဝင်ခဲ့ကြသည်။

"ဝုတ် ... ဝုတ် ... ဝုတ်"

ခြံထဲသို့ အတော်လျှောက်မိသည်တွင် ခွေးတစ်ကောင်က ဆီး၍ဟောင်လေသည်။

"ဗျို့ ... ဦးဖြူသီး ဖြစ်ပါ့မလား၊ ခွေးကိုက်ထားလို့ ပေါင်မဲ့နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ပြောပြောဆိုဆို ဦးဖြူသီး၏ ခါးကို ဖမ်းဆွဲလိုက်သည်။

"မင်းကလည်းကွာ။ ခွေးကိုလူကများ ကြောက်နေရသေးသလား"

"ဟာ ... မလုပ်နဲ့ဗျ။ ခွေးတော့ ကြောက်တယ်"

"နို့ ဘာတော့ မကြောက်သလဲ"

"ဝုတ် ... ဝုတ် ... ဝမ်း ... ဝမ်း"

ကျွန်တော်မှာ ဦးဖြူသီး၏ အမေးကိုပင် ပြန်၍ဖြေကြားမနေအား တော့ပါ။ ခွေးသည် အိမ်မြင့်ကြီး၏ အောက်ဆီမှ ကျွန်တော်တို့ရှိရာသို့ တဟုန် ထိုးပြေးထွက်ကာ ကျွန်တော်တို့နှစ်ယောက်အား စားတော့ဝါးတော့မည်အတိုင်း ဖြင့် မာန်မဲကာ ဟိန်းဟောက်လေတော့သဖြင့် ကျွန်တော်က ဦးဖြူသီး၏ လည် ပင်းကို ခုံဖက်ကာ ကျောဘ်ပေါ်သို့ ခွစီးထားလိုက်ပါသည်။

"ဟဲ့ ... ဟဲ့ ... ရန်လုံ ... ဘယ်သူလဲ"

အိမ်မြင့်ကြီးပေါ်မှ ယောက်ျားတစ်ယောက်၏ အသံ ထွက်ပေါ်လာ တော့မှ ခွေးသည် ရှေ့သို့တိုးမလာဘဲ ရပ်တန့်သွားပါသည်။

"ဦးပြန့် လုပ်ပါဦးဗျာ။ ခင်ဗျား ခွေးကြီးကို" ဦးဖြူသီးက ကျွန်တော် လည်ပင်း ဖက်ထားသဖြင့် အသံ ခပ်အစ်အစ်နှင့် အော်ပြောလေသည်။

"ဘယ်သူလဲ"

အိမ်ပေါ်မှ အသံက ပြန်၍ပေါ်လာပြန်သည်။

"ကျွန်တော်ပါ ဖြူသီး ... ဖြူသီး"

ဦးဖြူသီးက ဤသို့ပြောလိုက်တော့မှ အိမ်ကြီး၏ လှေကားဆီမှ လူတစ်ယောက် အမြန်ပြေးဆင်းလာသံကို ကြားရပါတော့သည်။

"ဟဲ့ ရန်လုံ၊ သွား နောက်ဖေးကို"

အမှောင်ထဲတွင် လူတစ်ယောက် အိမ်အောက်သို့ ရောက်ရှိလာကာ၊ ခွေးအား မောင်းနှင်လိုက်လေသည်။ ရန်လုံခေါ် ခွေးကြီးကတော့ ဒေါသမပြေ သေးဘဲ တဟင်းဟင်း ... တဟဲဟဲနှင့် နောက်ဖေးဘက်သို့ ထွက်ခွာသွားလေ တော့သည်။

"ဦးဖြူသီးတို့က ညကြီးမင်းကြီး လာတာကိုး"

"ဟုတ်ကဲ့ ဦးတောက်ထွန်းရဲ့စာက အရေးကြီးတယ်ဆိုတော့ ရန်ကုန်က ပြန်ရောက်ရောက်ချင်း လာခဲ့ရတာပဲ"

"ဟုတ်ကဲ့ ... အရေးကတော့ အတော်ကြီးနေတာပါပဲ"

"ကဲ ... ကဲ ... အိမ်ပေါ်ကိုကြွပါ။ အိမ်ပေါ်ရောက်မှ ကြည့်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် လှေကားထစ်များကို စမ်း၍တက်ခဲ့ကြရသည်။ အိမ်ကြီးမှာ ကျယ်ဝန်းလှသည်ဖြစ်သော်လည်း နှစ်ပေါင်း အတော်ကြာက ဆောက်လုပ်ထားဟန်ရှိလေသည်။ ဟောင်းအိုလှလေပြီ။ ဧည့်ခန်း၏ခေါင်းရင်း ဘက်တွင် အလွန်ရှေးဆန်းသော လက်ရာဖြင့် စားပွဲအိုတစ်ခု ရှိပြီး၊ ၎င်းအပေါ် တွင် လက်ဆွဲမီးအိမ်တစ်လုံးကို မီးခတ်မှိန်မှိန်ဖြင့် ထွန်းညှိထားလေသည်။

"ဟော့ ... မိဖော့ ... ရေနွေးကရား ယူခဲ့စမ်း"

ဦးပြန်က ဤသို့ အော်၍ပြောလိုက်သည်တွင် မီးဖိုဆောင်သို့ သွားရာ တံခါးအနီး၌ ကုတ်ကုတ်ကလေးထိုင်လျက်ရှိသော ၁၃ နှစ်အရွယ် ကလေးမ သည် မီးဖိုခန်းထဲသို့ ခပ်သုတ်သုတ် ထွက်သွားလေတော့သည်။

"ကိစ္စက ဘယ်လိုလဲ ဦးတောက်ထွန်း"

ထိုင်မိကြ၍ ခဏအကြာတွင် မည်သူက ဘာမျှ စကားမစသဖြင့် ဦးဖြူသီးကပင် ဦးတောက်ထွန်းဘက်လှည့်ကာ စ၍မေးလေတော့သည်။

"ဖြည်းဖြည်းပေါ့၊ ကျွန်တော် ပြောပြပါ့မယ်။ ရေနွေးလေး ဘာလေး သောက်ပါဦး" ဦးတောက်ထွန်းက ခပ်အေးအေးပင် ပြန်၍ပြောလေသည်။

"ခင်ဗျားကိစ္စက သိပ်အရေးကြီးတယ်ဆိုလို့ ရာဇဝတ်အုပ်က ကားနဲ့ လိုက်ပို့တယ်။ သူတို့ အခုရွာပြင်မှာ စောင့်နေကြတယ်။ ကျွန်တော် လောလော ဆယ် သိချင်တာက ခင်ဗျားတို့ ကိစ္စကပုလိပ်နဲ့ သက်ဆိုင်မလားမဆိုင်လား ဒါပဲသိချင်တယ်။ သူတို့ကို မြန်မြန်အကြောင်းပြန်မှ အားနာစရာ ကောင်းတယ်"

"ဩော် ... ဒီလိုလား။ ပုလိပ်နဲ့ ဘယ်လိုမှ မသက်ဆိုင်ပါဘူး ဦးဖြူသီး"

"ဒါဖြင့် ခင်ဗျားတို့ဆီက လူတစ်ယောက်ယောက် လွှတ်ပြီး ပြောခိုင်း လိုက်ပါ။ အို ... ဒီလိုလည်း မဖြစ်သေးပါဘူးလေ။ ကျွန်တော် စာရေး ပေးလိုက် မယ်" ဦးဖြူသီးသည် ပြောပြောဆိုဆို အပေါ်အင်္ကျီအိတ်တည်း မှတ်စုစာအုပ်ကို ထုတ်၍ စာရွက်တစ်ရွက် ဆုပ်ကာ စာတစ်စောင်ကို ရေးလေသည်။

*ရာဇဝတ်အုပ်မင်း ခင်ဗျား ...*

*ကျွန်တော်တို့ကိစ္စမှာ ယခုအချိန်ထိတော့ ပုလိပ်နှင့် သက်ဆိုင်မှု မရှိသေးပါ၍ ရာဇဝတ်အုပ်မင်းများ ပြန်နိုင်ပါပြီ။ နောင်သက်ဆိုင်မှု ကျွန်တော်အကြောင်းကြားပါမည်။ ယခုလိုဒုက္ခခံပြီး ကူညီသည့် အတွက် ကျေးဇူးတင်ပါသည်။*

*ဖြူသီး*



www.burmeseclassic.com

www.burmeseclassic.com



"ကဲ့ ... အဲဒီစာကို တစ်ယောက်ယောက်နဲ့ သွားပေးခိုင်းလိုက်ပါတော့ဗျာ"

"ဟုတ်ကဲ့"

ဦးပြန့်သည် စာကိုယူ၍ နေရာမှထသွားလေတော့သည်။

"ကဲ ... ဦးဖြူသီး အမောနည်းနည်းပြေယင် အခန်းထဲကို ဝင်ကြည့်ရအောင်လား"

ဦးတောက်ထွန်းက ဤသို့ပြောကာ ရှေ့ဆောင်၍ခေါ်သွားသဖြင့် ကျွန်တော်တို့သည် အိမ်ကြီး၏အခန်းတစ်ခန်းထဲသို့ ဝင်ခဲ့ကြသည်တွင် မိန်းမပျို တစ်ယောက်သည် ကြမ်းပြင်ပေါ်ဝယ် ချထွန်းထားသော မီးခွက်အနီးဝယ် ခပ်ငိုင်ငိုင်ထိုင်၍ နေသည်ကို တွေ့မြင်ရလေသည်။

"မသန်းနု ... အင်္ကျီ၊ ဟောဒီ ဦးဖြူသီးကို ပြလိုက်စမ်းပါ"

ဦးတောက်ထွန်းက ပြောလိုက်သည်တွင် မိန်းမပျိုသည် မထချင်ထချင်နှင့် နေရာမှထကာ အဝတ်ထည့်သော သစ်သားဘီဒိုဟောင်းကြီးအနီးတွင် ပုံထားသော မိန်းမဝတ်အင်္ကျီတစ်ထည်ကို ကောက်ယူကာ ဦးဖြူသီးအား ပြလေသည်တွင် ဦးဖြူသီးမှာ စက်ဆုပ်ရွံရှာစွာဖြင့် လက်ကာ၍ နောက်တစ်လှမ်း ဆုပ်လိုက်လေသည်။

"တို ... ရွံစရာကောင်းလိုက်တာ"

ဟုလည်း သူ့ပါးစပ်မှ ရေရွတ်လိုက်သေး၏။

"ဒါတွေက ဘယ်လိုဖြစ်ပြီး ပေနေတာလဲ ဦးတောက်ထွန်း"

ဦးဖြူသီးက ဦးတောက်ထွန်းဘက်သို့ လှည့်၍ မေးလိုက်လေသည်။

"အဲဒါကို ကျုပ်တို့မသိလို့ ဦးဖြူသီးကို စုံစမ်းဖို့ ဖိတ်ခေါ်ရတာပေါ့"

"ဩ ... ကျွန်တော်က ချေးကို စုံစမ်းရမယ်ဆိုတော့ ချေးစုံတောက်ပေါ့ ဟုတ်လား"

"သည်းခံပါ ဦးဖြူသီး။ ကျွန်တော် ရှင်းပြပါ့မယ်"

"ဒီအင်္ကျီမှာ မစင်ပေပုံဆန်းနေတာက ဒီအင်္ကျီကို ဟောဒီ ဘီဒိုကြီးထဲမှာ သော့ခတ်ထားရင်းနဲ့ကို အဲဒီဘီဒိုသော့ မဖွင့်ဘဲနဲ့ ပေနေလို့ပါ"

"အင်း ... ဆန်းတယ်ဗျို့။ စိတ်ဝင်စားစရာပဲ"

"အဲဒါဟာ ဘယ်လိုလဲဆိုတာ သိချင်လို့ပါပဲ"

"နို့ ... ခင်ဗျားကို ဘယ်လို ထင်မြင်ကြသလဲ"

"ဘယ်လိုမှကို မထင်တတ်ဘူး ဦးဖြူသီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းရှိရမယ်လေ"

"အကြောင်းကတော့ ရှိပါတယ်"

"ဟုတ်ကဲ့ ... ဆိုစမ်းပါဦး"

"ဒီလိုလေ ... ရှိတဲ့အကြောင်းက နည်းနည်းတော့ ရှည်တယ်"

"ပြောပါလေ"

"ကဲလာ ...အပြင်မှာ လက်ဖက်ရည်ကြမ်းသောက်ရင်း ပြောကြမယ်"

"မောင်ပြန့်က ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်ပါကွယ်"

ဧည့်ခန်းရှိ လက်ဖက်ရည်ကြမ်းဝိုင်း၌ ထိုင်မိကြသည်တွင် ဦးတောက်ထွန်းက သူ့ညီဘက်သို့ လှည့်၍ပြောလိုက်လေ၏။

"ဖြစ်ပုံက ဒီလိုပါ ဦးဖြူသီး။ ဟိုလွန်ခဲ့တဲ့ တစ်နှစ်လောက်တုန်းက ဒီခြံရဲ့မြောက်ဘက်က ခြံမှာ မောင်သာခင် ဆိုတဲ့ လူပျိုကြီးတစ်ယောက်ရှိတယ်"

ဦးပြန်သည် ဤနေရာတွင် စကားရပ်တန့်ကာ ဦးတောက်ထွန်း၏ မျက်နှာကို ကြည့်နေလေသည်။

"ပြောပါကွယ်။ ဘာရှက်ရာရှိသလဲ။ သားရေးသမီးရေး ကိစ္စဆိုတာ ရှောင်လွှဲလို့လဲ ရစကောင်းတဲ့ ကိစ္စမှ မဟုတ်ဘဲ ပြီးတော့ အခုအရေးကိစ္စက ဦးဖြူသီးကို အကုန်အစင် ဖွင့်ပြောဆွေးနွေးရမှာပါ" ဦးတောက်ထွန်းက ဤသို့ ပြောလိုက်တော့မှ ဦးပြန့်သည် စကားကို ဆက်လေတော့သည်။

"အဲဒီ မောင်သာခင်နဲ့ ကျုပ်သမီးလေး မသန်းနုကို ထိမ်းမြားပေးမယ့် ဆဲဆဲမှာ မောင်သာခင်လယ်ကွင်းထဲ ကောက်လှိုင်းသွားအသိမ်း၊ မြွေကိုက်လို့ သေပါလေရော။ မောင်သာခင် သေပြီး ခြောက်လလောက်ကြာတော့ ကျုပ်တို့ အိမ်က ခိုင်းစေနေတဲ့ မောင်လူဝကို ဝင်ပူးပြီး သူဟာ သဘက်ကြီး ဖြစ်နေပြီ၊ ကျုပ်တို့ရဲ့ ခြံထောင့်က သပြေပင်ကြီးမှာ နေရတယ်တဲ့။ မသန်းနုကိုတော့ သူက အင်မတန်မှ စွဲလမ်းနေတယ်တဲ့။ ပြီးတော့ မသန်းနုကို ဘယ်သူနဲ့မှ နေရာမချထားဘဲ ထားပါတဲ့။ သူ့အနေနဲ့ ဘဝချင်း ခြားနေပြီဖြစ်ပေမယ့် မသန်းနု အိမ်ထောင်ပြုတာကိုတော့ ခွင့်မပြုနိုင်ဘူးတဲ့။ တစ်သက်လုံး အပျိုကြီး ဘဝနဲ့ နေသွားတာကိုပဲ ကြည့်နေချင်တယ်တဲ့။ အကယ်၍ မသန်းနုကို နေရာချထားဖို့ ကြံရင် သူတစ်နည်းနည်းနဲ့ နှောက်ယှက်ရမှာပဲတဲ့"

"ဩော် ... တယ်လည်း အစွဲအမြဲကြီးလိုက်တဲ့ ကိုသာခင်ပါလား"

ဦးဖြူသီးက စိတ်ဝင်စားစွာ ခေါင်းတညိတ်ညိတ် လုပ်ရင်းပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ အခြေအနေ ရှိလာသောအခါတွင် ကျွန်တော်မှာ အတော်ပင် ငှင်းကိစ္စကို စိတ်ပျက်၍ လာလေတော့သည်နှင့် ဦးဖြူသီးအား လက်လျှော့ကာ ပြန်ကြရန် ပြောသော်လည်း ဦးဖြူသီးမှာ သူစုံစမ်းသောကိစ္စတွင် မအောင်ဘဲ လျက် လိုက်လျှောခြင်းရှိတတ်သူ မဟုတ်လေရာ ဆက်လက်၍သာ စုံစမ်းနေ ပါလေသည်။

ကျွန်တော်သည် ထိုအကြောင်းကို လုံးဝ စိတ်မဝင်စားတော့ဘဲ ရှိနေခဲ့ရာ၊ တစ်နေ့တွင် ဦးဖြူသီးနှင့် ဦးပြန့်၊ ဦးတောက်ထွန်းတို့သည် မသန်းနု နှင့် ကိုစံသူတို့အား ထိမ်းမြားလက်ထပ်ပေးကြရန် အပြင်းစီစဉ်လျက် ရှိနေကြ သည်ကို တွေ့ရပါသည်။

မနက်ဖြန်ဆိုရင်တော ... မသန်းနုနှင့် ကိုစံသူတို့ လက်ထပ်မင်္ဂလာပွဲ ကို ဆင်နွှဲကြပေတော့မည်။ ဦးဖြူသီးသည် ထိုနေ့ညနေပိုင်းကတည်းက ပျောက်ကွက်၍ နေခဲ့ရာ ည ၁၁ နာရီကျော်လောက်တွင် ဦးပြန့်တို့ အိမ်ကြီးသို့ ပြန်လည်ရောက်ရှိလာပါသည်။

"ဦးတောက်ထွန်းရေ ... တရားခံတော့ လှည်းကူးဂတ်ကို ခေါ်သွား ကြပြီ။ ကျုပ်တို့ စစ်ချက် လိုက်နားထောင်ရအောင် ခင်ဗျား လှည်းယာဉ်သာ ပြင်ပေတော့"

ဦးဖြူသီးက ခရီးရောက်မဆိုက် ပြောလိုက်ရာ၊ ကျွန်တော်တို့မှာ အံ့အားများပင်သင့်၍ ငိုင်နေမိကြပါသည်။

"ဘယ် ... ဘယ် ... ဘယ်ကတရားခံလဲ ဦးဖြူသီး"

အတန်ကြာ ငိုင်နေရာမှ ဦးတောက်ထွန်းက မေးလိုက်သည်။

"ခင်ဗျားတို့ အိမ်က ကိုလူဝလေ"

"ဟာ ... ဒီကောင် ဘာဖြစ်လို့လဲ"

ဦးပြန့်က စိုးရိမ်တကြီးနှင့် မေးလိုက်သည်။

"ခင်ဗျား သမက်လောင်းကို မြွေနဲ့ ကိုက်သတ်ခိုင်းတဲ့အမှုပေါ့"

"ဟင်"

"ဟင် ... လုပ်မနေပါနဲ့။ လှည်းကိုသာ အမြန်ပြင်ပေါ့"

နွားပျိုပေါက်နှစ်ကောင် ကပ်လျက်ရှိသော လှည်းယာဉ်က လေး သည် ပေတရာလမ်းမပေါ်၌ ပြေးလျက်ရှိနေသည်။

"ဘယ်လိုလဲ ဦးဖြူသီး၊ ကျုပ်တို့ လာကိုမှ မစဉ်းစားတတ်အောင် ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ အခြေအနေ ရှိလာသောအခါတွင် ကျွန်တော်မှာ အတော်ပင် ငှင်းကိစ္စကို စိတ်ပျက်၍ လာလေတော့သည်နှင့် ဦးဖြူသီးအား လက်လျှော့ကာ ပြန်ကြရန် ပြောသော်လည်း ဦးဖြူသီးမှာ သူစုံစမ်းသောကိစ္စတွင် မအောင်ဘဲလျက် လိုက်လျှော့ခြင်းရှိတတ်သူ မဟုတ်လေရာ ဆက်လက်၍သာ စုံစမ်းနေပါလေသည်။

ကျွန်တော်သည် ထိုအကြောင်းကို လုံးဝ စိတ်မဝင်စားတော့ဘဲ ရှိနေခဲ့ရာ၊ တစ်နေ့တွင် ဦးဖြူသီးနှင့် ဦးပြန့်၊ ဦးတောက်ထွန်းတို့သည် မသန်းနုနှင့် ကိုစံသူတို့အား ထိမ်းမြားလက်ထပ်ပေးကြရန် အပြင်းစီစဉ်လျက် ရှိနေကြသည်ကို တွေ့ရပါသည်။

မနက်ဖြန်ဆိုရင်တော့ ... မသန်းနုနှင့် ကိုစံသူတို့ လက်ထပ်မင်္ဂလာပွဲကို ဆင်နွှဲကြပေတော့မည်။ ဦးဖြူသီးသည် ထိုနေ့ညနေပိုင်းကတည်းက ပျောက်ကွက်၍ နေခဲ့ရာ ည ၁၁ နာရီကျော်လောက်တွင် ဦးပြန့်တို့ အိမ်ကြီးသို့ ပြန်လည်ရောက်ရှိလာပါသည်။

"ဦးတောက်ထွန်းရေ ... တရားခံတော့ လှည်းကူးဂတ်ကို ခေါ်သွားကြပြီ။ ကျုပ်တို့ စစ်ချက် လိုက်နားထောင်ရအောင် ခင်ဗျား လှည်းယာဉ်သာ ပြင်ပေတော့"

ဦးဖြူသီးက ခရီးရောက်မဆိုက် ပြောလိုက်ရာ၊ ကျွန်တော်တို့မှာ အံ့အားများပင်သင့်၍ ငိုင်နေမိကြပါသည်။

"ဘယ် ... ဘယ် ... ဘယ်ကတရားခံလဲ ဦးဖြူသီး"

အတန်ကြာ ငိုင်နေရာမှ ဦးတောက်ထွန်းက မေးလိုက်သည်။

"ခင်ဗျားတို့ အိမ်က ကိုလူဝလေ"

"ဟာ ... ဒီကောင် ဘာဖြစ်လို့လဲ"

ဦးပြန့်က စိုးရိမ်တကြီးနှင့် မေးလိုက်သည်။

"ခင်ဗျား သမက်လောင်းကို မြွေနဲ့ ကိုက်သတ်ခိုင်းတဲ့အမှုပေါ့"

"ဟင်"

"ဟင် ... လုပ်မနေပါနဲ့။ လှည်းကိုသာ အမြန်ပြင်ပေါ့"

နွားပျိုပေါက်နှစ်ကောင် ကပ်လျက်ရှိသော လှည်းယာဉ်က လေးသည် ပေတရာလမ်းမပေါ်၌ ပြေးလျက်ရှိနေသည်။

"ဘယ်လိုလဲ ဦးဖြူသီး၊ ကျုပ်တို့ လာကိုမှ မစဉ်းစားတတ်အောင် ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ငြိမ်စွာလာခဲ့ကြရာ ဦးတောက်ထွန်းက စ၍မေးလိုက်လေသည်။

"ကျွန်တော် အတိုဆုံး ရှင်းပြပါ့မယ်။ ကိုလှဝဟာ မသန်းနုကို ပိုးပန်းနေပါတယ်။ ဒါကြောင့် ပထမ ကိုသာခင်နဲ့ လက်ထပ်မယ်လုပ်တုန်းကလည်း ကိုသာခင်ကို မြွေနဲ့ ကိုက်ခိုင်းပြီး သတ်လိုက်တယ်။ နောက် မသန်းနုကို နေရာချထားမပေးရဲအောင် သဘက်ယောင်ဆောင်ပြီး ဦးပြန့်ကိုခြောက်ခဲ့တယ်။ အခု ကျွန်တော်တို့က ဇွတ်ပဲ မသန်းနုကို နေရာချထားပေးမယ်လုပ်တော့ သူဟာ မြွေနဲ့ သတို့သားကို ကိုက်ခိုင်းပြန်တာပါပဲ"

"တောက် ... သားရေပေါ်အိပ် သားရေနှာစားတဲ့ ကောင်ပါလား။ ဒါထက် ဒီဟာတွေ ဦးဖြူသီး ဘယ်လိုသိသလဲ" ဦးပြန့်သည် ဒေါသထွက်စွာ တောက်ခေါက်လိုက်ပြီးမှ ဦးဖြူသီးအား မေးပြန်လေသည်။

"ကျွန်တော်က သူ့အကဲကို အမြဲလေ့လာနေပါတယ်။ မသန်းနုကို ထိမ်းမြားပေးမယ်လို့ ကျုပ်တို့ စီစဉ်ကတည်းက သူဟာ အတော်ကို ဣန္ဒြေပျက်နေတာကို တွေ့ရပါတယ်။ ဒါကြောင့် သူ့ကို ကျွန်တော် တစေ့တစောင်း နောက်ယောင်ခံလိုက်ခဲ့တာ ဒီနေ့ညနေတော့ သူဟာ လယ်ကွင်းထဲမှာ တွင်းတစ်တွင်း တူးနေတာတွေ့ရတာနဲ့ ကျွန်တော် မနီးမဝေး ကိုင်းဖုတ်ကြားက ချောင်းကြည့်နေတော့ မကြာခင်မှာပဲ လက်မလောက်ရှိတဲ့ မြွေပွေးကလေးတစ်ကောင်ကို ဝါးညှပ်နဲ့ယူပြီး၊ ကြသောင်းဝါးဆစ်ထဲကို ထည့်တာတွေ့ရလို့ ကပျာကယာ ပိုက်ကြီးဝဲရှာပြေးပြီး ကိုစံသူကို အကျိုးအကြောင်း ပြောပြပြီးနောက် ဘယ်မှ မသွားမလာဖို့ကို မှာပြီး လှည်းကူးဆက်သွား၊ နောက် ရာဇဝတ်အုပ်ကိုရွှေဝင်းတို့ကို ခေါ်ပြီး ကိုစံသူတို့ အိမ်နားက စောင့်ကြည့်နေခဲ့တာ ညဆယ်နာရီလောက်လည်း ရောက်ရော ဘာသားချော ဝါးကျည်တောက်နဲ့ လာပြီး ကိုစံသူအိပ်ရာ တည့်တည့်က ထရံကို ဓါးမြှောင်နဲ့လှီးပြီး ဝါးကျည်တောက်ကို ထရံပေါက်ကနေ မြွေကိုမောင်းအထည့်မှာ ဖမ်းလိုက်တာပါပဲ"

"ကျွတ်ကျွတ် ... လက်မတင်ကလေးပဲဗျို့။ ဟိုသူငယ် မောင်သာခင်တုန်းကတော့ သူဟာ မြွေပွေးကို ကောက်လှိုင်းထဲမှာ ထည့်ထားတာပဲဗျ"

ဦးပြန့်က စုတ်သတ်၍ အံ့ဩစွာ ပြောလေသည်။

"ဟုတ်တာပေါ့ ဒီညနေ ကိုသာခင် ဒီကောက်လှိုင်း ကိုင်ရမယ်ဆိုတာ သူ ကြိမ်းသေသိထားတော့ မြွေကို အဲဒီကောက်လှိုင်းထဲ ထည့်ထားတာပေါ့။ ပြီး မြွေပွေးဆိုတာက ကျရာမှ ငြိမ်နေတတ်တဲ့ သတ္တဝါမျိုးပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပေဗျာ ... ဩဘ်ဒါထက် ... ဘီဒိုကို သူဘယ်လို ဖွင့်ပါလိမ့်"

ဦးတောက်ထွန်းက အားရပါးရ ထောက်ခံပြီးနောက် ဆက်၍မေးလိုက်ပြန်၏။

"ဒါက ရှင်းနေပါတယ်။ ဒီဘီဒိုမှာ အရင်က သော့နှစ်ချောင်းရှိတာ လွန်ခဲ့တဲ့ တစ်နှစ်နီးပါးလောက်တုန်းက သော့တစ်ချောင်းပျောက်ခဲ့တယ်လို့ မသန်းနုက ပြောခဲ့ပြီးပြီပဲ"

"တောက် အတော်ယုတ်တဲ့ အကောင်ဗျာ။ ကျုပ် ငယ်ငယ်လေးက ကျွေးမွေးလာရသမျှ အလကား ဖြစ်တာပါပဲ"

ဦးပြန့်က နာကျည်းစွာ ပြောနေလေသည်။

"ယုတ်တယ်လည်း မဟုတ်ဘူးပေါ့ ဦးပြန့်ရာ။ အချစ်ဆိုတဲ့ နတ်က ပူးကပ်လာပြီဆိုမှဖြင့် လူတွေဟာ ကြံမိကြံရာ ကြံကြတာပဲပေါ့"

"သူ ဒီလို မလုပ်ထိုက်ပါဘူး ဦးဖြူသီးရာ"

ပြောပြောဆိုဆိုနှင့်ပင် လှည်းကူးဌာနဝင်းထဲသို့ ရောက်၍လာကြသဖြင့် ဂါတ်ရှေ့တွင် ဆင်းလိုက်ကြလေတော့၏။

"ကဲလာ ဦးဖြူသီး၊ ခင်ဗျားတို့စောင့်နေတာ တရားခံစစ်ကြရအောင်"

ရဲဌာနထဲသို့ ရောက်ရှိသည်တွင် ကိုရွှေဝင်းက ဆီးကြိုခေါ်လိုက်ကာ တရားခံအား စစ်ဆေးပါတော့သည်။

"ကိုလှုဝ ဘာပြောချင်သလဲ"

ကိုရွှေဝင်းက ဤသို့ မေးလိုက်သည်တွင် ကိုလှုဝတွင် ဦးခေါင်းကို ငိုက်စိုက်ချထားရာမှ ...

ကျွန်တော် ဘာမှ မငြင်းပါဘူး ရာဇဝတ်အုပ်မင်းရယ်။ ကျွန်တော် ဒီလူ့ပြည်မှာလည်း ဆက်ပြီး မနေချင်တော့ပါဘူး။ ဒါကြောင့် အမှန်အတိုင်း ဖွင့်ပြောပါ့မယ် ကိုသာခင်ကိုလည်း ကျွန်တော် မြွေနဲ့ ကိုက်သတ်ခိုင်းခဲ့ပါတယ်။ အခု ကိုစံသူကိုလည်း မြွေကိုက်ခိုင်းဖို့ကြံခဲ့တာ အမှန်ပါပဲ"

ဟု ရှင်းလင်းစွာပြောဆို လိုက်လေတော့သည်တွင် ကျွန်တော်တို့ လူသိုက်က စိတ်ဝင်စားစွာ နားထောင်နေမိပါတော့သည်။

"ဘာကြောင့် ခင်ဗျား ဒီလိုလုပ်ရတာလဲ"

"ကျွန်တော် မသန်းနုကို ချစ်လွန်းလို့ပါ မသန်းနုလေးကို ကျွန်တော် ချစ်တဲ့ အချစ်ဟာ အင်မတန် သန့်ရှင်း"

"ဟော့ ... ခွေးသား တော်တော် နင်နဲ့ တန်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အို ဦးပြန့် ဒေါ်သမကြီးနဲ့လေ။ သူပြောချင်တာ ပြောပါစေ"

ဦးဖြူသီးက ဒေါသကြီးလှသော ဦးပြန့်အား ဝင်တားထားလိုက်ရသည်။

"ကျွန်တော် သေရမယ့်အတူတူ အကုန်ဖွင့်ပြောသွားပါရစေ ဦးလေးရာ။ မသန်းနုကို ကျွန်တော် ချစ်တာက သူ့ကို ကျွန်တော် သိမ်းပိုက်ဖို့ ရည်ရွယ်ပြီး ချစ်တဲ့ အချစ်မျိုး မဟုတ်ပါဘူး။ သူ့ကို တစ်သက်လုံး အပျိုဘဝနဲ့ လှလှပပနေသွားတာကို မြင်ချင်တာပါ။ တကယ်ဆိုတော့ မသန်းနုလေးကို ဒေါ်လေး ဆုံးသွားကတည်းက ကျွန်တော်ဟာ ယုယုယယနဲ့ ပြုစုခဲ့တာပါ ဦးလေးရယ်။ ဒါကြောင့် ကျွန်တော် သူ့ကို ပန်းကလေးလို ကြည့်နေချင်တဲ့ ချစ်နည်းမျိုးနဲ့ ချစ်ခဲ့တာပါ"

သူ့စကားကို ကြားရသည်မှာ ကျွန်တော်ရင့်ထဲတွင် နင့်ခနဲ ဖြစ်၍ သွားမိလေသည်။ မေတ္တာတရား၏ နက်နဲဆန်းကျယ်ပုံကို မသိနားမလည်သေးသော ကလေးငယ် ကျွန်တော်ပင် ရင်နင့်သွားပြီဖြစ်မှတော့ လူကြီးများဖြစ်ကြသော ဦးပြန့်နှင့် ဦးတောက်ထွန်း၊ ဦးဖြူသီးတို့သာမက ရာဇဝတ်အုပ်ကိုရွှေဝင်းမှာ ငိုင်၍နေကြပြီ မဟုတ်ပါလား။

***

www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းကြီးသရဲ

မိုးသည် သည်းသည်းမည်းမည်း ရွာလျက်နေ၏။ ကျောင်းသားများသည် အေးမြသော မိုးဒဏ်ကြောင့် ပျင်းတွဲထိုင်းမှိုင်းနေကြကာ စာအံသံများမှာ ယခင်ကလို ကျယ်လောင်ခြင်း မရှိလေတော့ဘဲ လေးလံလျက်အသံကို ခပ်ဝါးဝါး လုပ်ဆိုနေကြသည်။ အချို့ကျောင်းသားများမှာ ငိုက်မျဉ်းလျက်ပင် ရှိနေကြသေး၏။ ကျောင်းသားများ စာသင်ပေးသော ဦးပဥ္စင်း ဦးလာဘသည် ဆေးနက်သုတ်ထားသော သစ်သားသင်ပုန်းကြီး ထောင်သည့်နံဘေး၌ ရှိသော ပက်လက်ကုလားထိုင်ပေါ်တွင် ဇကသီကို ခေါင်းမြီးတင်းလှအောင် ခြုံကာ ကျိန်းစက်နေလေသည်။

ကျောင်းသားများ အသံက ပို၍ပို၍ တိုးတိတ်ညှင်းမြောင်းလာသော်လည်း စာသင်သော ဇရပ်သွတ်မိုးပေါ်သို့ ကျရောက်နေသော မိုးပေါက်သံကတော့ ပြင်းထန်မြဲ ပြင်းထန်နေလေသည်။

ကျွန်တော်သည် ဦးပဥ္စင်း ဦးလာဘ အိပ်ပျော်နေသည်ကို သိသည်ဖြစ်၍ ပါးစပ်မှ စာကို လုံးဝမဆိုတော့ဘဲ ပုံဆွဲစာအုပ်တွင် ရှမ်မျော်ခင်း ကားတစ်ခုရေးကာ ခဲတန်ရောင်စုံများဖြင့် စိတ်ကူးရသလို ခြယ်မှုန်းနေလိုက်လေသည်။

"ဖျမ်း"

ဟူသော အသံကြီးကြောင့် ကျောထည်းတွင် စိမ့်ချမ်းသွားမိကာ ဦးလာဘရှိရာသို့ လှမ်းကြည့်လိုက်သည်တွင် ဦးလာဘသည် ခေါင်းမြီးခြုံကို မဖွင့်ဘဲ ကြိမ်လုံးဖြင့် ကြမ်းပြင်ကို ရိုက်လိုက်ကြောင်း သိရလေသည်။ သူ၏ ကြိမ်လုံးသံကြောင့်လည်း ကျောင်းသားများ၏ အသံက ကျယ်လောင်၍သွားပါ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ငိုက်မျဉ်းနေသော ကျောင်းသားများသည်လည်း သူတို့ သင်အံနေသော စာပုဒ်ဟုတ်သည် မဟုတ်သည်ကို ဂရုမစိုက်နိုင်ဘဲ ကြိမ်လုံးသံကြားတော့မှ ပါးစပ်ထဲ၌ တွေ့ရာကို အော်ဟစ်သီဆိုကြလေသည်။

ကျွန်တော်က ကျောင်းသားများနှင့် ဦးလာဘ၏အဖြစ်ကို ကြည့်ကာ တစ်ချက်မျှ ပြုံးလိုက်ပြီး ပန်းချီကားကို ဆေးရောင်ခြယ်မြဲ ပြန်ခြယ်နေလိုက်သည်။

ကျွန်တော်၏ ပန်းချီကားမှာ ဆေးရောင်များ ပိုမို၍ပြည့်စုံလာပြီဖြစ်ခြင်းကြောင့် ကျွန်တော်သည် ကိုယ့်ပန်းချီကားကို ပိုစွဲလန်းလာကာ စိတ်ဝင်စားလာသည်။ ကျန်ရှိနေသေးသော နေရာများကို ဆေးရောင်များဖြည့်ထည့်ရင်းမှ ပတ်ဝန်းကျင်ကို မေ့လျော့နေမိတော့သည်။

"ဖျမ်း"

ဟူသော အသံကို တစ်ခါကြားရပြန်လေမှ ပတ်ဝန်းကျင်ကို သတိရလာမိသည်။ ကျောင်းသားအားလုံး ဝါးခနဲရယ်လိုက်သောအသံမှာ ဇရပ်တွင်းသို့ လွှမ်းသွားသည် ကျွန်တော်၏တင်ပါးမှာလည်း ပူခနဲဖြစ်သွားကာ နာကျင်နေတော့သည်။

"ဒါ ဘာလုပ်နေတာလဲ"

ဦးလာဘက ကျွန်တော်၏ ပန်းချီကားကို ကြိမ်လုံးနှင့် ထောက်ပြရင်း မေးလေသည်။ ကျွန်တော်က အဖြေမပေးဘဲ သူ၏မျက်နှာကို တစ်ချက်မော့ကြည့်လိုက်ပြီး ပြန်ခေါင်းငုံ့ထားသည်။

"ဟေ့ကောင် ဒါဘာလုပ်တာလဲလို့ မေးနေတာ မကြားဘူးလား"

"မြင်တဲ့အတိုင်းပဲလေ"

ဦးလာဘက ငေါက်ငန်းပြီးမေးလိုက်သဖြင့် ကျွန်တော်ကလည်း ခပ်တိုတိုပဲ ပြန်ဖြေလိုက်သည်။

"မင်းဟာ စာသင်ချိန်မှာ စာမသင်ဘဲ ဘာပြုလို့ ဆော့နေရတာလဲ"

ဦးလာဘ ဒေါသသံဖြင့် မေးပြန်၏။

"ဆော့တာမှ မဟုတ်ဘဲ"

"ဆော့တာ မဟုတ်လို့ ဒါမင်းအဘာလုပ်တာလား"

သူက ပန်းချီကားကို ခပ်ဆောင့်ဆောင့် ထောက်ရင်းပြောပြန်သည်။

"ဒါ ပန်းချီကားလေ"

"မင်းကို ဘယ်သူက ပန်းချီဆွဲခိုင်းလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရာသီဥတုထိုင်းမှိုင်းပြီး သူများအိပ်နေတဲ့အချိန်မှာ တပည့်တော်က အိပ်ငိုက်မနေဘဲ ကိုယ်ဝါသနာပါတာကို လုပ်နေတာပဲ"

ကျွန်တော်က ဤသို့ ပြန်ပြောလိုက်လေရာ ဦးလာဘသည် ခေတ္တမျှ တွေ၍ သွားလေသည်။ ပြီးမှ ... "မင်းဟာ ဖြူသီးတပည့်ပီပီ အင်မတန် ဆင်ခြေဆင်လက် များတဲ့ကောင်။ နောက်ကို ငါပုံဆွဲမခိုင်းဘဲနဲ့ ဘယ်တော့မှ မဆွဲရဘူး။ ဒါပဲ မြဲမြဲမှတ်ထား"

ဦးလာဘသည် ဒေါသသံဖြင့် ကျယ်လောင်စွာ ပြောဆိုပြီး ချာခနဲ ကျွန်တော့်အနီးမှ လှည့်ထွက်သွားပါတော့သည်။

■

"ဘယ်နှယ့်လဲဟေ့။ မင်းဒီနေ့ ကြိမ်သီးစားတာ တော်တော်အရသာရှိရဲ့လား"

"အမယ် ဒီသတင်း ခင်ဗျား ဘယ်ကရသလဲ"

နေ့ခင်း ကျောင်းဆင်း၍ ဦးဖြူသီးအခန်းသို့ ကျွန်တော် ရောက်ရှိသွားသည်တွင် ဦးဖြူသီးက ဆီး၍မေးသဖြင့် ကျွန်တော်က သူ့အမေးကို မဖြေဘဲ ပြန်၍မေးလိုက်ပါသည်။

"စုံထောက်ကြီးပဲကွာ ... ဒါလောက်အသေးအဖွဲ့ကိစ္စလေးကို သူများလာပြောမှ သိရမှာတဲ့လား"

ဦးဖြူသီးက ဝင့်ကြွားစွာ ပြုံးရင်း ပြောပါတော့သည်။

"ဟဲ ... ဟဲ ... ခင်ဗျားလည်း တဖြည်းဖြည်း အောက်ခြေလွတ်ချင်လာပြီ။ လူတွေက ကပ္ပိယစုံထောက်ကြီး ဦးဖြူသီး ဘာညာနဲ့ မြှောက်ပေးလိုက်တယ်ဆိုရင် ဒိဗ္ဗစက္ခု ဒိဗ္ဗသောတရတဲ့ ပုဂ္ဂိုလ်ကြီးလို့ ကိုယ့်ကိုကိုယ် ထင်နေပြီလား။ ဒီမှာ ဦးဖြူသီး သူများ မြှောက်တိုင်းမြောက်ရင် ဘယ်တော့မှ ကြောင်ကျမကျဘူးဗျ ... သိရဲ့လား"

ကျွန်တော်က ဤသို့ ပြောလိုက်ရာ၊ ဦးဖြူသီးသည် မျက်နှာကြီးကို ရှုံ့မဲ့လိုက်ပြီး သူ၏ဘဲခေါင်းခြောက်နှင့်တူသော ဦးခေါင်းကိုခါရမ်းလိုက်ကာ

"တော်ပြီ ... တော်ပြီ မင်းကိုတော့ စကားအရာမှာ ငါတစ်သက်လုံး နိုင်တော့မှာ မဟုတ်ဘူး။ ကြည့်စမ်းပါဦးဗျာ။ ကလေးက လူကြီးကို ခွေးလို့ ဆိုလိုက်ပြန်ပြီ" ဟု ပြောလေသဖြင့် ကျွန်တော်က အားရပါးရရယ်လိုက်မိပြီး

"ခင်ဗျားကို ကျွန်တော်က ဘယ်မှ ခွေးလို့ ဆိုရသေးလို့လဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ ဆရာလေးရယ်။ ခင်ဗျားက အင်ဒါရိုက်ကလီ ကျုပ်ကို ခွေးဆိုပြီးပါပြီ။ နောက်ထပ်ဆက်နေကြရင် ကျုပ် ချေးစားပြဖို့ပဲ ရှိပါတော့တယ်။ တော်ပါ ဆရာလေးရဲ့ ... ကျုပ်တောင်းပန်ပါရစေ"

ဦးဖြူသီးမှာ လက်ကလေးကာရင်းဖြင့် ဤသို့ပြောနေသောကြောင့် ကျွန်တော်က သူ့ကိုကြည့်ကာ ထပ်၍ရယ်မိပြန်တော့သည်။ ဘယ်မှာ မရယ်ဘဲ နေနိုင်မည်လဲ အညာသားပဲ ခေါင်းခြောက်၏ရုပ်မှာ ယခုလိုမျက်နှာသေကလေးနှင့် တိုးလျှိုးတောင်းပန်နေသော အခါကျမှ တိုက်ပိတ်အကျဉ်းချထားခံရသော ထောင်သားပိန်ကလေးနှင့်တူကာ ရယ်စရာဖြစ်၍နေသည် မဟုတ်ပါလား။

"မင်းကို ငါ့တပည့်မို့ ဆင်ခြေဆင်လဲ များတယ်လို့ ဦးလာဘက ပြောသေးတယ်မို့လား"

ကျွန်တော် အရယ်ရပ်သည်တွင် ဦးဖြူသီးက မေးပြန်ပါသည်။

"ခင်ဗျား ခုလိုမေးခွန်းထပ်ထုတ်တော့မှာပဲ သတင်းပေးတဲ့လူကို သိရတော့တယ်"

"ကဲ ... ဘယ်သူလဲ ပြောစမ်း"

"သိန်းဖေ"

"ဘာဖြစ်လို့ မင်းက သိန်းဖေလို့ တထစ်ကျ ပြောနိုင်သလဲ"

"သိန်းဖေက ခင်ဗျားကိုလည်း ချဉ်တယ်။ ဦးလာဘကိုလည်း ချဉ်တယ်။ ဒါကြောင့် ခင်ဗျားတို့နှစ်ယောက် ရန်ဖြစ်အောင် လာတိုက်တာပေါ့"

ကျွန်တော်က ဤသို့ပြောလိုက်ရာ ဦးဖြူသီးသည် အားရပါးရ ပြုံးလိုက်ပြီး ...

"သူတိုက်တိုင်း ဘယ်ဖြစ်မလဲကွာ။ တို့က ကလေးတွေမှ မဟုတ်တဲ့ ဥစ္စာ။ နို့ပြီး အခုလိုပြောခံရတာကလည်း တပည့်မကောင်း ဆရာခေါင်းဆိုတာမျိုး ဖြစ်ရတာပဲကွ"

"ဘာ ... ဘာ ... ကျွန်တော် မကောင်းလို့ ဟုတ်လား"

ကျွန်တော်က ဒေါသသံဖြင့် အလောတကြီး မေးလိုက်ပါသည်။

"ဒါပေါ့ကွ ... မင်းမကောင်းလို့ပေါ့"

ဦးဖြူသီးက စပ်ဖြီးဖြီးမျက်နှာဖြင့် ပြောပါသည်။

"ကျွန်တော်က ဘာမကောင်းတာလုပ်လို့လဲဗျ"

ကျွန်တော်သည် စိတ်မရှည်နိုင်ဘဲ အော်၍မေးလိုက်သည်။

"မင်းက ကိုယ့်ကိုကိုယ် အပြစ်ကင်းအောင်မှ မနေဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ဗျာ သိုးငယ်ကို စားချင်တဲ့ ဝံပုလွေကို သက်သက်အပြစ်ရှာတာပါ။ ကျောင်းသားတွေဟာ မိုးအေးလို့ အိပ်ငိုက်နေတယ်။ အဲဒီအချိန်မှာ ကျွန်တော်က ကိုယ်ဝါသနာပါတာကို စိတ်ဝင်စားပြီး လုပ်နေတယ်။ သူတို့လို အေိပ်ဘူး။ အဲဒီတော့ ကျွန်တော်ဟာ အိပ်နေတဲ့လူထက်ရော အိပ်ငိုက်နေတဲ့ လူထက်ရော အကျိုးရှိတယ် မဟုတ်လား"

ကျွန်တော်က ဤသို့ရှည်လျားစွာ ရှင်းလိုက်ရာ ဦးဖြူသီးသည် ခေါင်းတညိတ်ညိတ် လုပ်၍နေလေသည်။

"ဒါက မင်းဘက်က နေကြည့်ရင် မှန်တဲ့ အမှန်တရားပဲ၊ ဒါပေမယ့် လူတွေမှာ ဥပဒေတို့ စည်းကမ်းတို့ ဆိုတာက ရှိသေးတယ်လေ။ အဲဒါကြောင့် စာသင်ခန်းထဲမှာဆိုရင် မင်းအဖို့ ဘယ်လိုမှန်တာပဲဖြစ်ဖြစ်။ ဆရာခိုင်းစေတာကို မင်းလိုက်နာရမယ်။ ကိုယ်လုပ်ချင်ာတကို မလုပ်ရဘူး။ တကယ်လို့ မင်းဟာ သူများနည်းတူ အိပ်ငိုက်နေတောင်မှ ဒီအချိန်မှာ မင်းကို သူအပြစ်မလုပ်နိုင်ဘူး။ ဘာပြုလို့လဲဆိုတော့ မင်းက အများနဲ့တူညီမှု ရှိနေတယ်မို့လား။ ခုတော့ မင်း တစ်ဦးတည်း သီးခြား ကိုယ်လုပ်ချင်တာလုပ်နေလို့ အပြစ်ရတာပဲ မဟုတ်လား"

ဦးဖြူသီးက လူကြီးပီပီ သူမြင်သော ထောင့်ကနေ၍ ဝေဖန်ဆုံးမလေသည်။

"အများလုပ်သလိုလုပ်တာ ကောင်းတယ်လို့ ခင်ဗျားက ဆိုချင်သလား"

ကျွန်တော်က မကျေနပ်သဖြင့် စောဒက တက်လိုက်ပါသည်။

"ဒီလိုလည်း ဘယ်ဟုတ်မလဲကွာ။ ဒါပေမယ့် စောစောက ငါပြောခဲ့တယ် မဟုတ်လား။ လူဆိုတာ စည်းကမ်းရှိရမယ်လို့။ ဒါကြောင့်မို့ ဆရာက စာသင်တဲ့အချိန်မှာ စာကျက်ဖို့က လွဲပြီး တခြားဟာတောင် လုပ်မနေဖို့ပြောတာပါ"

"အများနဲ့ မတူမှ ထူးချွန်တာဗျ"

ကျွန်တော်က အမှားကို သိမြင်ထားသော်လည်း ဦးဖြူသီးနှင့် စကားစစ်ထိုးချင်သေးသဖြင့် အတွန့်တက်လိုက်ပါသည်။

"သူများထက်ထူးအောင် မင့်နဖူးမှာ ဟာဝါ တပ်ထားပါလားကွ"

"ဟာ ... ခင်ဗျားကြီး ညစ်ပတ်လာပြီဗျာ"

"ညစ်ပတ်တာပေါ့ကွ။ မင်းက အကောင်းပြောလို့ နားထောင်ချင်တဲ့ အကောင်စားမျိုးလေးမှ မဟုတ်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက စိတ်မရှည်သလို ပြောသဖြင့် ကျွန်တော်မှာ အလွန်သဘော ကျသွားမိကာ တခိခိရယ်လိုက်မိပါသည်။ ယင်းသို့ရှိစဉ် ချောင်းကမ္ဘားဆီမှ ဆူဆူညံညံ အသံများကို ကြားရသောကြောင့် ဦးဖြူသီးနှင့် ကျွန်တော် အခန်း ပြတင်းပေါက်တွင် သွားရပ်ကာ ချောင်းဘက်ကိုကြည့်သည်တွင် ချောင်းနံဘေး၌ လူများ စုရုံးစုရုံး ဖြစ်နေသည်ကို တွေ့ရလေသည်။

"တစ်ယောက်ယောက် ရေနစ်ပြီနဲ့တူတယ်"

ဦးဖြူသီးက စိုးရိမ်သံနှင့် လွှတ်ခနဲ ပြောလိုက်၏။

"ဟုတ်တယ်ဗျို့။ လာသွားကြည့်ရအောင်

ကျွန်တော်က ဤသို့ပြောပြီးနောက် နှစ်ယောက်သား ကျောင်းပေါ်မှ ပြေးဆင်းခဲ့ကြသည်။

"ဟေ့ ... ဘယ်သူဘာဖြစ်လို့လဲ" ဦးဖြူသီးသည် ရှေ့မှ ပြေးသွား ရင်းက ကျောင်းသားတစ်ယောက်ကို မေးလိုက်လေသည်။

"ဦးလာဘကြီး ရေနစ်လို့ဗျ"

အမေးခံရသော ကျောင်းသားသည် အသံတုန်တုန်ရီရီဖြင့် ပြန်၍ ဖြေလေသည်။

"အခု ဆယ်လို့ ရပြီလား"

ဦးဖြူသီးက အလောတကြီးမေးလိုက်ပြန်၏။

"ဘယ်ရဦးမလဲ၊ အောက်ပိုင်း မျောသွားတယ်ထင်လို့ ကိုရင်ကြီး သာသနနဲ့ ကျောင်းသားတွေ လိုက်သွားကြတာပဲ"

"ဖြစ်မှ ဖြစ်ရလေကွာ။ ဦးလောဘနှယ် ဘယ်လိုဖြစ်ပြီးများ ရေနစ်ရပါ လိမ့်"

ဦးဖြူသီးက စိတ်မချမ်းမြေ့သံဖြင့် ပြောလိုက်လေသည်။

"ထင်းတုံးဆယ်ရင်းနဲ့ နစ်သွားတာဗျ"

ကျောင်းသားက ပြန်ပြော၏။

"ခက်တဲ့ ဦးပဥ္စင်းပဲ။ ဒီချောင်းဟာ ရေဦးပေါက်မှာဆိုရင် ရေ အင် မတန် ကြမ်းတာလားကွ။ ဘာလို့များ ထင်းတုံးဆယ်ရပါလိမ့်"

"ကဲ ... ဦးဖြူသီး ခင်ဗျားနဲ့ ကျွန်တော် ကိုရင်သာသနတို့နောက် လျှောက်လိုက်ကြည့်ရအောင်ဗျ"

ကျွန်တော်က ဤသို့ပြောလိုက်ရာ ဦးဖြူသီးကလည်း သဘောတူညီ သည်နှင့် နှစ်ယောက်သား အောက်ပိုင်းသို့ စုံပြေးခဲ့ကြပြန်ပါသည်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ စာသင်သော ဘုန်းတော်ကြီးကျောင်းမှာ ချောင်း အထက်ပိုင်း ရွာဦးထိပ်၌တည်ရှိကာ၊ ချောင်းသည် ရွာလည်မှစ၍ စုံဆင်းသွား သည်။ ချောင်း၏အရှေ့ဘက် အနောက်ဘက် ကမ်းများ၌ အိမ်များစီတန်း ရွာတည်ဆောက်ထားလေသည်။

ကျွန်တော်နှင့် ဦးဖြူသီး ကျောင်းဝင်းမှ လွန်ခဲ့သော်၊ ချောင်းကမ်း ၂ ဘက်၌ လူများပြည့်ကျပ်နေတော့သည်။ ချောင်းတွင်း၌လည်း လှေများ သမ္ဗာန်များဖြင့် ဦးလာဘအား ကယ်ဆယ်ရန် ရှာဖွေကြသည်။ ဒါပေမယ့် လည်း မည်သူတစ်ဦးတစ်ယောက်မျှ ဦးလာဘအား မတွေ့ကြသေးပါချေ။

"အင်း ... ဒီချောင်းဟာ နှစ်တိုင်းလူစားနေကျပဲ ဒီနှစ်တော့ ဦးပဥ္စင်း လာဘပဲ ဈေးဦးပေါက်သွားပြီ"

ကျွန်တော်တို့ အနီးရှိအဘိုးကြီး တစ်ယောက်က စိတ်မချမ်းမြေ့သံ ဖြင့် ပြောလေသည်။

"ဟုတ်တယ် ဘကြီး။ လွန်ခဲ့တဲ့ သုံးလေးရက်လောက်က ည ၁၂ နာရီခွဲလောက်မှာ ချောင်းအော်သံကြားတယ်လို့ ပြောသံသန့်သန့်ကြားမိတယ်"

အနီးမှ လူငယ်တစ်ယောက်က ဝင်၍ပြောပြန်သည်။

"ဟာ ... ဟုတ်လား။ ဒီချောင်းအော်ရင် လူစားတာပဲကွ။ စောစောက ဆိတ်ဖြစ်ဖြစ်၊ ခွေးဖြစ်ဖြစ် ပစ်ချလိုက်ရင် ဦးလာဘ ခုလိုရေနစ်သေမှာ မဟုတ် ဘူး"

အဘိုးကြီးက အားရပါးရ ပြောနေလေသည်။

"ဘဲ၊ ဆိတ်တို့၊ ခွေးတို့မှာလည်း အသက်ရှိတာပဲ မဟုတ်လား ဦးကြီးရဲ့"

ဦးဖြူသီးက အဘိုးကြီးအား မေးလိုက်၏။

"ဟ ... အသက်ရှိတာခြင်းတူပေမယ့် ဘုန်းကြီးနဲ့ တိရစ္ဆာန်တူမလား ကွ"

အဘိုးကြီးသည် ဒေါသဖြင့် အော်၍ပြောလိုက်လေသည်။

"တူတာပေါ့"

"ဘာတူတာလဲ" အဘိုးကြီးသည် ဦးဖြူသီး၏မျက်နှာကို ဒေါသ ရောင်တောက်သော မျက်လုံးများဖြင့် စိုက်ကြည့်ပြီး မေးလေသည်။

"ဘုရားက ဘယ်လိုဟောထားသလဲ၊ သတ္တဝါမှန်သမျှ ကျေ[illegible] ရင်သားမခွဲခြားရဘူးဆို မဟုတ်လား။ ဒါကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



"တော်ကွာ ... ရှေ့ဆက်မပြောနဲ့။ မင်းလိုလူကတတ်သပ်ဂွစာနဲ့ ငါ စကားမပြောချင်ဘူး ... ထွီ"

အဘိုးကြီးသည် ဤသို့ ပြောပြီးနောက် ကျွန်တော်အနီးမှ ထွက်ခွာ သွားလေတော့သည်။

"ခင်ဗျားကလည်း အတော်နောက်တာပဲ ဦးဖြူသီးရာ၊ ဒီဦးပိုးစိကြီး ဟာ စကတည်းက အလွန်စိတ်တိုတတ်တယ်ဆိုတာ အသိသားနဲ့ သွားစရ သေးတယ်"

ကျွန်တော်က ဦးဖြူသီးအား အပြစ်တင်စကားပြောလိုက်ပါသည်။

"အလကားကွာ ... ရေဦးပေါက် ရေကြမ်းတုန်းမှာမို့ မတော်တဆ ရေနစ်သေတာကို ချောင်းကပဲ လူစားသလေး ဘာလေးနဲ့ မဟုတ်ကမဟုတ်က တွေ အလကား ပြောနေလို့ နားကြားပြင်းကပ်တာနဲ့ ခုလို ထွက်သွားအောင် တမင်ပြောလိုက်တာကွ"

"အင်း ... ဒါကြောင့်လည်း ခင်ဗျားကို ရွာက လူကြီးတွေက မုန်းကြ တာပဲကွ"

ကျွန်တော်က သူ့အား ကြည့်ကာ သံဝေဂသံနှင့် ပြောလိုက်ပါသည်။

"မုန်းစမ်းပါစေကွာ ... ဒီလိုအယူသီးတဲ့ လူကြီးတွေ မုန်းစမ်းပါစေ။ ငါ့ယုံကြည်ချက်မျိုးကို မင်းတို့လူငယ်တွေ ယုံကြည်လာရင် ကျေနပ်ပါတယ်။ ငါအခု လူကြီးတွေရဲ့ အမုန်းခံရတာဟာ နောင်တစ်ခေတ် မင်းတို့လူငယ်တွေ အမှန်တရားကို သိကြမြင်ကြဖို့ပါပဲ"

ချောင်းကမ်းပါးတစ်လျှောက်တွင် လူများစုရုံးစုရုံးရှိနေကာ လှုပ်လှုပ် ရွရွဖြစ်နေကြသည်။ ချောင်းတွင်း၌လည်း ပိုက်နှင့်တစ်မျိုး ကွန်နှင့်တစ်သွယ် ဦးလာဘအလောင်းကို ရှာဖွေနေကြသည်။ ကျွန်တော်နှင့် ဦးဖြူသီးမှာ လူအုပ် ကြားသို့ တိုးရင်းလျှောက်ခဲ့ကြသည်။

"လာဟေ့ ... ဟောဟိုနားက လူဝိုင်းဟာ ဘာလဲ မသိဘူး"

ခပ်ဝေးဝေးဆီမှာ လူဝိုင်းနေသော နေရာကို ဦးဖြူသီးက လက်ညှိုး ညွှန်ပြပြီး ရှေ့ကမှ ခပ်သွက်သွက်ထွက်သွားလေသောကြောင့် ကျွန်တော်မှာ လည်း သူ့နောက်သို့ လိုက်ခဲ့ရသည်။

"မိန်းမတွေတော့ အားကြီးပဲဗျ။ ဘာလုပ်ကြတာလဲ မသိဘူး"

လူဝိုင်းကြီးနှင့် မနီးမဝေးသို့ ရောက်ရှိသည်တွင် ကျွန်တော်က ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမှာလဲကွာ ... နတ်မေးတာဖြစ်မှာပေါ့"

"ဘာပြုလို့ နတ်မေးတာလဲ"

"ရှည်လိုက်တာကွာ ... ဟိုရောက်တော့ သိမှာပေါ့ကွာ"

ဦးဖြူသီးသည် ဤသို့ပြောရင်းမှပင် ခပ်သွက်သွက် လျှောက်သောကြောင့် ကျွန်တော်လည်း နှုတ်ပိတ်ကာ လျှောက်သွားရပါသည်။

"အသက်ရှင်ရက် တွေ့ပါဦးမလား အရှင်ကြီးရယ်"

နတ်ဝင်ပူးသည်ဟုဆိုကာ လက်များကို တဆတ်ဆတ်တုန်နေသော နတ်ဝင်သည် ဒေါ်ငွေပွင့်အား မိန်းမတစ်ယောက်က မေးနေသံကို ကျွန်တော်တို့ လူဝင်းအနီး ရောက်လျှင်ရောက်ခြင်း ကြားလိုက်ရလေသည်။

"အင်း ... အသက်ရှင်ဖို့ လမ်းတော့ မရှိတော့ဘူး"

နတ်သည် ဒေါ်ငွေပွင့်က ဤကိုပြန်ပြောလိုက်ရာ မိန်းမမျက်နှာတို့ သသ နွမ်းလျှနေကြလေသည်။

"ဒါဖြင့် အလောင်းကိုကော ဒီနေ့ရှာလို့ ရ ရနိုင်ပါ့မလား"

မိန်းမတစ်ယောက်က မေးပြန်လေသည်။

"ဒီနေ့တွေ့ဖို့တော့ အတော်ခဲယဉ်းတယ်"

"ဒါဖြင့် ဘယ်နေ့လောက်များမှ တွေ့နိုင်ပါ့မလဲ"

"ဒီနေ့ကစပြီး နောက် ခုနစ်ရက်အတွက် ဒီရွာနဲ့ အလွန်ဝေးကွာတဲ့ အောက်ပိုင်းမှာ တွေ့ရလိမ့်မယ်"

နတ်ဝင်သည်က ဤသို့ပြောလိုက်ရာ ဦးဖြူသီးသည် တစ်ချက်မျှ ပြုံးထည့်ပြီး ...

"ဒါတော့ ခင်ဗျားပြောမှလားဗျ။ ခုနစ်ရက်အတွင်း အလောင်းဟာ ပုပ်ပြီးပေါ်လာရမှာပေါ့။ ပြီးတော့လည်း ရေတသန်ထဲ စီးနေတဲ့ ချောင်းမှာနစ်သေတာပဲ အောက်ပိုင်းသွားမပေါ်လို့ ဘယ်လိုလုပ်ပြီး အထက်ပိုင်း လာပေါ်နိုင်မှာလဲ ဒီထက်ခက်ခဲတဲ့ အတွေးအခေါ်ကလေးများ တွေးပြီးလိမ်စမ်းပါ"

ဦးဖြူသီးက ဤသို့ပြောလိုက်ရာ ဒေါ်ငွေပွင့်သည် မီးလျှံကဲ့သို့ တောက်ပသော မျက်လုံးများဖြင့် ဦးဖြူသီးမျက်နှာကို တစ်ချက် စိုက်ကြည့်လိုက်ပြီး ...

"သယ် ... ငါ့ကို စော်စော်ကားကား လာပြောနေတဲ့ အယုတ်မိစ္ဆာကောင်ကို အခုဆွဲထုတ်ကြ ဒီကောင်ကို ဒီအနားက ဆွဲထုတ်ရင် နင်တို့တစ်ရွာလုံး ဒုက္ခရောက်လိမ့်မယ် သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငွေပွင့်သည် ဦးဖြူသီးအား လက်ညှိုးငေါက်ငေါက်ထိုးရင်း ပြော လိုက်လေသည်။ ပရိသတ်များသည် ဒေါ်ငွေပွင့်ကိုတစ်လှည့် ဦးဖြူသီးကို တစ်လှည့် ခပ်တောင်တောင်ကြည့်နေကြလေသည်။

"ဟဲ့ ... ဘယ်သူမှ ဒီကောင်ကို ဆွဲမထုတ်ကြသေးဘူးလား။ နင် တို့တစ်ရွာလုံး မီးဟုန်းဟုန်း တောက်ချင်ကြပြီ ထင်တယ်"

ဒေါ်ရွှေပွင့်က ဖနောင့်ဆောင့်၍ ပြောလိုက်ရာ ပရိသတ်ထဲမှ သန်မာ ထွားကျိုင်းသော မိန်းမကြီးလေးငါးယောက်သည် ဦးဖြူသီးအား အတင်းဝင် ဖက်ကာ ဆိတ်ပိန်ကလေးကို ကုလားတွေ ဝိုင်းဆွဲသလို ဆွဲခေါ်သွားကြလေ တော့၏။

■

ဦးလာဘ၏အလောင်းသည် ၄ ရက်မြောက်သောနေ့၌ ကျွန်တော် တို့ရွာနှင့် ၆ မိုင်ခန့်ကွာဝေးသော ကြို့ကုန်းတံတားတိုင်၌ ကပ်ကာပေါ်လာ သည်ဟု သတင်းကြားရလေသည်။

ကျွန်တော်တို့ရွာမှ လူများသည် ထိုသတင်းကို ရရှိလေသောအခါ လော်လီကားကြီး ၄ စီးတွင် လူများအပြည့်လိုက်ပါသွားကြကာ အလောင်းကို ပြန်ယူလာခဲ့ကြသည်။

ရွာသူရွာသားများသည် ဦးလာဘအား နှမြောတသကြသည်။ မိန်းမ များသည် အလောင်းကို ကြည့်ကာ မျက်ရည်ကျသည်။ ကျွန်တော်တို့ ကျောင်းသားများကလည်း ဦးလာဘပျံတော်မူခြင်းအတွက် ကြေကွဲဝမ်းနည်း ကြရလေသည်။ တကယ်တော့ ဦးလာဘသည် ကျောင်းသားများအား အခမဲ့ ပညာသင်ကြားပေးနေသော ရဟန်းတစ်ပါးပင် မဟုတ်ပါလား။ ထိုကိုယ်တော် တစ်ပါး ရှိခြင်းအတွက် ကျွန်တော်မှာ စာပေပညာ တတ်မြောက်ခဲ့ရလေသည်။ ဦးလာဘသည် အခမဲ့ သင်ကြားပေးသည် မှန်သော်လည်း ပေါ့ပေါ့ဆဆ သင် ကြားနည်းမျိုး မဟုတ်ဘဲ ကလေးသူငယ်များအား တကယ်ပင် ပညာတတ်စေ လိုသော စေတနာစိတ်ထားဖြင့် အပင်ပန်းခံကာ ကြိုးကြိုးစားစား သင်ကြား ပြသရှာပါသေးသည်။

ဦးလာဘသည် ကျွန်တော်တို့ ရွာသားဇာတိမဟုတ်ဘဲ နေဖြူမြို့မှ ဖြစ်လေသည်။ သူသည် မြန်မာစာ ၇ တန်းအထိ တတ်မြောက်ခဲ့သေးသော ကြောင့် ကျောင်းသားများအား သင်ပြရာ၌ ရှေးရိုးစဉ်လာ ဘုန်းကြီးကျောင်း



www.burmeseclassic.com

www.burmeseclassic.com



များ၏ သင်ရိုးအတိုင်း လောကုတ္တရာ စာပေချည့်သက်သက်ထက် လောကီနှင့် လောကုတ္တရာကို တွဲ၍သင်ပြလေသဖြင့် ကျောင်းသားများ စိတ်ဝင်စားစွာ သင်ယူကြလေသည်။

ယခုတော့မူ ကျွန်တော်တို့ ကျောင်းသားများ စာသင်ပျက်ရချေပြီ။ **နောက်ထပ်၍လည်း** ကျွန်တော်တို့ကျောင်းတွင် သူကဲ့သို့ လောကီလောကုတ္တရာ ၂ ဘက် ၂ လမ်းသင်ပြနိုင်သော ဘုန်းတော်ကြီးမရှိတော့ဘဲ လောကုတ္တရာ သက်သက်ကိုသာ သင်ပြနိုင်ကြလေသည်။

တိုက်အုပ်ဘုန်းတော်ကြီး ဦးဇာဂရသည်လည်း ဦးလာဘ ပျံလွန်တော်မူခြင်းအတွက် အကြီးအကျယ် စိတ်ထိခိုက်ကာ စာသင်ခန်းကို ရက်အကန့်အသတ်မရှိ ပိတ်လိုက်လေတော့သည်။ ယင်းသို့ရှိသောအခါ၌ ပညာကို မလိုလားသော ကျောင်းသားများ ပျော်မြူးနိုင်သလောက် ပညာကိုလိုလားသော ကျွန်တော်တို့ ကျောင်းသားတစ်စုမှာလည်း စိတ်ထိခိုက် ကုန်ရလေသည်။

ဦးလာဘအလောင်းကို ဇရပ်လွတ်တစ်ခုပေါ်တွင် တင်ထားပြီးနောက် လူကြီးများ စည်းဝေးတိုင်ပင်ကြသည်။ နောက်တွင် ဤသို့ ဆုံးဖြတ်ချက်ချသည်ဟု ကြားရ၏။

ယခုမိုးတွင်း၌ အလောင်းကို မသဂြိုဟ်သေးဘဲ နိဗ္ဗာန်ကျောင်းချအခမ်းအနားလောက်သာ ပြုလုပ်၍ နိဗ္ဗာန်ကျောင်းမှန်ခေါင်းနှင့်ထားကာ နွေအခါ စပါးရောင်းချပြီးမှ အကြီးကျယ် သဂြိုဟ်မည်ဟု ဖြစ်လေသည်။

ဦးဖြူသီးနှင့် ကျွန်တော် တွေ့ရသော်လည်း ကောင်းကောင်း စကားပြောခွင့်မရခဲ့ သူသည် ခုတလော ဘာအလုပ်များ မသိကျောင်း၌ အနေနည်းကာ ရွာထဲသို့သာ သွားသည်လာလည်ပတ်နေတော့သည်။ ကျွန်တော်ကတော့ ဟိုတလောက သူ့အဖြစ်ကို တွေးမိတိုင်းသာ ရယ်ချင်နေသည်။

"ဘယ့်နှယ် ဦးဖြူသီး ခင်ဗျားကို မိန်းမတွေ ဝိုင်းဆွဲသွားလိုက်ကြတာ သတ်မယ့် ဆိတ်ကလေး ကုလားတွေ ဝိုင်းဆွဲသွားတာကျနေတာပဲ"

တစ်နေ့သူနှင့်တွေ့၍ ကျွန်တော်က ဤသို့ ပြောလိုက်ရာ ဦးဖြူသီးသည် အားရပါးရပြုံးလိုက်ပြီး ...

"မင်းဥပမာ ပေးပုံလေးက သင်းလိုက်သကွာ။ တကယ်လို့များ ခွေးသေလင်းတဆွဲတယ်လို့များ ဥပမာပေးလိုက်ရင် ငါလည်းခွေးဖြစ်၊ ဟိုအဘွားမကြီးတွေလည်း လင်းတဖြစ်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဒီလောက် မိုက်ရိုက်ပါ့မလား"

ကျွန်တော်က ဤသို့ပြောလိုက်ရာ ဦးဖြူသီးသည် ကျွန်တော့်မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်ပြီး သက်ပြင်းရှည်ဆွဲ၍ချလိုက်လေသည်။

"ခက်တယ်ကွာ။ စုန်းနတ်၊ သူရဲတွေကို တိုက်ခိုက်ရတဲ့ နေရာ အဲဒီကောင်တွေထက် သူတို့ ဆည်းကပ်ကိုးကွယ်တဲ့ လူတွေရဲ့ ရန်က ကြီးကျယ်တယ်ကွ"

ဦးဖြူသီးသည် ဤသို့ပြောနေရင်းမှ တံတွေးကို မျိုချလိုက်သောကြောင့် စကားပြတ်သွားလေသည်။ ပြီးမှတစ်ဆင့် စကားဆက်ပြန်၏။

ဦးဖြူသီးသည် စကားကိုရပ်လိုက်ကာ စိတ်ပျက်လေဟန်ဖြင့် ခေါင်းကို ခါရမ်းနေလေသည်။

"အဲဒီလို အမှားတွေ မမျှော်မှန်းအပ်တာတွေကို မျှော်မှန်းကြည့်နေရသေးသမျှလည်း ဒါတွေအပေါ်မှာ မှီပြီး ညာစားနေကြတဲ့ လူမသမာတွေဟာ ရှိနေကြဦးမှာပဲ"

ဦးဖြူသီးသည် သူ့ယုံကြည့်ချက် အဘိဓမ္မာကို အားရပါးရ ပြောပြနေပါသည်။ ကျွန်တော်က သိပ်ပြီး စိတ်ပါလက်ပါ မရှိလှသော်လည်း သူအတည်ပြောလျှင် လေးလေးနက်နက် နားထောင်တတ်သည့် ထုံးစံအတိုင်း ငြိမ်သက်စွာပဲ နားထောင်နေလိုက်ပါတော့သည်။

ရာသီစက်သည် လည်ပတ်ခဲ့၏။ မိုးရာသီမှ ဆောင်းရာသီသို့ ကူးပြောင်းလာလေပြီ။ ကျွန်တော်တို့ ကျောင်းသားများသည် ပျော်ရွှင်ခဲ့ရလေ၏။ ဘယ်မှာ မပျော်ဘဲရှိပါမည်လည်း တစ်မိုးတွင်းလုံး ကျောင်းပိတ်ထားကာ စာသင်ကြားခဲ့ရခြင်းမရှိသောအဖြစ်မှ ကျွန်တော်တို့သည် ယခု ဆောင်းရာသီ၌ လွတ်ကင်းရလေပြီ။

ကျွန်တော်တို့အား စာသင်ပေးရန်အတွက် တိုက်အုပ်ဘုန်းတော်ကြီးသည် ဘယ်ကရှာလာသည်တော့မသိ လူဆရာတစ်ယောက်ကို ခေါ်ဆောင်လာခဲ့သည်။ ထိုဆရာမှာ အသက်အစိပ်ခန့် အသားညိုညိုနှင့် ရုပ်ချောကာ အပြောကောင်းလေသည်။ ပညာမှာလည်း အင်္ဂလိပ်မြန်မာ ကိုးတန်းအောင်ခဲ့ဖူးသည်ဟု ဆိုလေသည်။

တစ်နေ့သ၌ တိုက်အုပ်ဘုန်းတော်ကြီးသည် ရပ်ရွာလူကြီးများနှင့် ကျောင်းသားမိဘများကို ဖိတ်ခေါ်ကာ ကျောင်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပလေသည်။ ထိုအခမ်းအနား၌ ဘုန်းတော်ကြီးက ဤသို့မြွက်ကြား၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းသားမိဘ ဒကာဒကာမများနဲ့ကျောင်းသား အပေါင်းတို့ ဒီနေ့အခုလို စာသင်ကျောင်းကို ဖွင့်လှစ်နိုင်တဲ့အတွက် ကျောင်းသားတွေရော၊ ကျောင်းသားမိဘတွေရော အထူးပဲ ဝမ်းမြောက်ဝမ်းသာ ရှိကြလိမ့်မယ်လို့ ကျုပ်ယုံကြည်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ကျုပ်တို့ရွာဟာ စီးပွားရေး လုပ်ငန်းတော့ အသင့်အတင့် ဖွံ့ဖွံ့ဖြိုးဖြိုးရှိလို့ လူတစ်ရာမှာ ခြောက်ဆယ်လောက်ဟာ ချောင်ချောင်လည်လည် ရှိကြပေမယ့် ပညာရေးကျတော့ အတော်ကိုပဲ အောက်ကျနောက်ကျရှိနေတယ်။ ဒီလိုဖြစ်ရတာဟာလည်း ဒီကျေးရွာမှာ ရှိကြတဲ့ လူကြီးတွေရဲ့ အမြော်အမြင်နည်းပါးမှု ဗဟုသုတမရှိမှုကြောင့်ဘဲ"

ဦးဇာဂရက ဤသို့ပြောလိုက်လေရာ ရွာ၏မျက်နှာဖုံးလူကြီးများ ခေါင်းအောက်သို့ စိုက်ကျသွားကြသည်။ ကျေးရွာမှ လူကြီးများသည် သံဃာကို ရှိသေကြ၏။ အထူးသဖြင့် တိုက်အုပ်ဘုန်းကြီးများ၏ ဩဇာကို နာခံကြသည်။ ဦးဇာဂရသည် စာပေကျမ်းဂန်တတ်ကျွမ်း၍ သိက္ခာရှိသော ကိုယ်တော်ဖြစ်လေရာ ရွာသူရွာသားများ၏ အထူးကြည်ညိုလေးစားခြင်း ခံယူရလေသည်။ ထို့ကြောင့်ပင်လျှင် ယခုလိုရွာ၏ ထိပ်သီး လူကြီးများအား ပက်ပက်စက်စက်ပြောသော်လည်း လူကြီးများမှာ ကြိတ်၍ကျေးခံနေရခြင်း ဖြစ်လေသည်။

"ကျုပ်က ဒီလိုပက်ပက်စက်စက်ပြောတော့ ခင်ဗျားတို့ခံချင်ကြမယ် မဟုတ်ဘူး။ ဒါပေမယ့် ကျုပ်ကတော့ ဘယ်သူမခံချင်လို့ လဲသေသေ ဟုတ်တာကိုတော့ ပြောတတ်တယ်။ ဘာပြုလို့ ဒီလိုပြောရသလဲဆိုတော့ ခင်ဗျားတို့မြင်ကြတဲ့ အမြင်က လူတစ်ယောက်ဟာ ပညာရှိဖို့ မလိုဘူး၊ အရွယ်ရောက်လာလို့ ဖောင်စီးနိုင်၊ ဝါးခုတ်နိုင်၊ သစ်လှဲနိုင်၊ လယ်ထွန်နိုင်ရင် ဘဝအတွက် လုံလောက်ပြီလို့ ထင်ကြတယ်။ အဲဒါဟာ အင်မတန် မှားယွင်းတဲ့ မဟာအမှားပဲ၊ ဘာပြုလို့လဲဆိုတော့ လူဟာ ဘာကြောင့်တိရစ္ဆာန်နဲ့ ခြားနားသလဲ၊ သတ္တဝါချင်းတူပေမယ့် လူက တိရစ္ဆာန်ထက် အသိဉာဏ်ရှိတယ်။ အဲလိုအသိဉာဏ်ရှိတဲ့လူဟာ ... ပညာရှိရင်ရှိသလို မိမိရဲ့ တိုးတက်ရာ တိုးတက်ကြောင်း ကြံနိုင်လုပ်နိုင်တယ်။ ဒါကြောင့် လူတွေမှာ ပညာရှိဖို့လိုအပ်တယ်။ အဲလိုပညာရှိဖို့အတွက် ပထမအရွယ် ငယ်ရွယ်စဉ်အခါက ပညာသင်ရမယ်"

"အဟင်း ... ဒုတိယအရွယ်မှာ ဥစ္စာရှာရမယ်။ တတိယအရွယ်မှာ ကုသိုလ်ရှာရမယ်။ ပညာမရှိရင် ဥစ္စာရှာလို့ မရနိုင်ဘူး။ ဥစ္စာမရှိရင် ကုသိုလ်ကောင်းမှုကို ဘယ်လိုလုပ်ရှာမလဲ။ ဒါကြောင့် ပညာဟာ အရေးကြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခြေခံအချက်ပဲ။ ဒီလိုကလေးလူငယ်တွေ ပညာရဖို့အတွက် ကျုပ်တို့ရွာမှာ ဆရာကောင်းလိုတယ်။ အခုဆိုကြည့်စမ်း ကျုပ်တို့ရွာမှာ ဦးပဥ္စင်းလာဘ ပံ့တော်မူသွားကတည်းက ကျောင်းပိတ်ထားခဲ့ရတယ်။ ဒါကြောင့် ကျုပ်ဟာ အခုဆရာချစ်ခိုင်ကို ကြိုးကြိုးစားစား ရှာဖွေခဲ့ပြီး ကျောင်းပြန်ဖွင့်ရခြင်းပဲ ဖြစ်ပါတယ်။ နောက်တစ်ခု ကျုပ်ပြောချင်သေးတာကတော့ ကျုပ်တို့ရွာက လူတွေ အယူမှားနေတာတစ်ခုရှိသေးတယ်။ အဲဒါက ဘာလဲဆိုတော့ လောကီ စာပေတွေကို သင်ရင်မကြိုက်ကြဘူး။ အဲဒါဟာလည်း သိပ်မှားတာပဲ။ ဘာပြု လို့လဲဆိုတော့ လူတွေဟာ လောကုတ္တရာလုပ်ငန်း လုပ်နိုင်ကြတာမဟုတ်လို့ လောကီမှာပဲ စီးပွားဥစ္စာ ရှာဖွေနေကြတယ်။ အိမ်ထောင်သားမွေးနေကြတယ်။ အဲဒီလို အိမ်ထောင်သားမွေးနေကြတဲ့ လူတွေအဖို့ လောကီပညာတတ်မြောက် ထားရမယ် မဟုတ်လား"

ဦးဇာဂရသည် ဤသို့ပြောရင်းမှ အတော်မောသွားဟန်ဖြင့် ရပ်နားကာ အသက်ကို ရှိုက်ရှူလိုက်လေသည်။ ပြီးမှ စကားကို ဆက်ပြန်၏။

"ဒါကြောင့်မို့ ကျုပ်ဟာ နောင်လူကြီးတွေ ဖြစ်လာရကြမယ့် ကလေး သူငယ်တွေ အောက်တန်း နောက်တန်း မကျရအောင်ဆိုပြီး ဆရာကိုရှာခဲ့တာပဲ။ အခုတစ်နှစ်လောက် အစပျိုးပြီး ကိုယ့်ဘာသာ ကျောင်းကို တည်ထောင်ပြီးရင် အစိုးရကျောင်းအဖြစ်ရောက်အောင် ဆောင်ရွက်လုပ်ကိုင်ရဦးမယ်။ အဲဒီအခြေ မရောက်ခင် ဆရာချစ်ခိုင် သုံးဖို့စွဲဖို့အတွက် ခင်ဗျားတို့ ကျောင်းသားမိဘတွေ ကပဲ ကြည့်စီစဉ်ကြပါ။ နောက်တစ်ခုက ရဟန်းဆရာဆိုရင် မိန်းကလေးသင်ဖို့ မသင့်တော်လို့ လူဆရာ ဝတ်ကြောင်ဆရာကို တမင်ရွေးရှာခဲ့တာပဲ။ မိန်း ကလေးမိဘတွေလည်း မိမိသမီးကလေးတွေ ပညာတတ်အောင် ကျောင်းပို့ စာသင်ခိုင်းကြပါ"

ဦးဇာဂရသည် ဤသို့ပြောပြီးနောက် ကုလားထိုင်ပေါ်သို့ သွားထိုင် လိုက်လေသည်။ ပရိသတ်များက တီးတိုးပွစိရှိနေကြသည်။ ကျွန်တော်ထင် သည့် တိုက်အုပ်ဘုန်းတော်ကြီး ဦးဇာဂရ၏ မိန့်ခွန်းကို ကြိုက်သူလည်းရှိ မကြိုက်သူလည်းရှိကာ အားလုံးပွစိပွစိ ဖြစ်နေကြခြင်း ဖြစ်ပါလိမ့်မည်။

ဘုန်းတော်ကြီး၏ ကျောင်းဖွင့်ပွဲ မိန့်ခွန်းပြီးဆုံးသွားပြီးနောက်တွင် ကျောင်းဆရာ ကိုချစ်ခိုင်သည် စကားပြောပြန်၏။ သူသည် စကားအပြော အဟောကောင်းသူဖြစ်သောကြောင့် လူတွေက သူ့စကားကို အာရုံစိုက်နား ထောင်ကြသည်။ သူပြောသော အဓိက ရည်ရွယ်ချက်များမှာ ဖွင့်ပြသည်



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးရှိကြောင်း သူသည် ကျေးလက်တောရွာတို့၏ ပညာ အဆင့်အတန်း တိုးတက်ရေးကို စိတ်ဝင်စားသူ ဖြစ်ခြင်းကြောင့် အခြားလခစား အလုပ်အကိုင်ကိုပင် မလုပ်ဘဲ ယခုပညာရေး မဖွံ့ဖြိုးသေးသော ဒေသသို့ လိုက်လာခဲ့ရခြင်း ဖြစ်ကြောင်းများ ဖြစ်လေသည်။

ဆရာချစ်ခိုင်၏ စကားဆုံးသွားသောအခါ ကျောင်းသားများနှင့် ပရိသတ်များ၏ ဩဘာလက်ခုပ်သံများသည် စာသင်ခန်းဆောင်ထဲ၌ ဆူညံ၍ သွားလေတော့သည်။

ကျောင်းဖွင့်ပွဲ အခမ်းအနားပြီးသောအခါ လူကြီးများနှင့် ကျောင်းသားမိဘများ ပြန်၍သွား၏။ ကျွန်တော်တို့ ကျောင်းသားများသည် ထိုအချိန်မှစ၍ စာသင်ခန်းသို့ ဝင်ကြရလေသည်။

"ဘယ့်နှယ့်လဲဟေ့ .. စာသင်ခဲ့ရတာ ပျော်ရဲ့လား"

ညနေကျောင်းဆင်းချိန် ဦးဖြူသီးနှင့် တွေ့သောအခါ ဦးဖြူသီးက ကျွန်တော့်အား ဆီး၍မေးပါသည်။

"ပျော်တာပေါ့ဗျာ၊ ရေငတ်တုန်း ရေတွင်းထဲကျသလိုပေါ့ ပညာသင်ချင်နေတုန်း ဆရာကောင်းတစ်ယောက်နဲ့ သိပ်ပျော်တာပေါ့"

ကျွန်တော်က အားရပါးရပင် ပြန်၍ပြောလိုက်ပါသည်။

"အဲဒီဥပမာစကားကို မယုံယင်ကောင်းမယ်ကွ"

"ဘာပြုလို့လဲ" ဦးဖြူသီးက ကျွန်တော်၏ ဥပမာပေးပုံကို မနှစ်သက်လေဟန် ပြောလာခြင်းကြောင့် ကျွန်တော်က သူ့မျက်နှာကို ရုတ်တရက် မော့ကြည့်ပြီး မေးလိုက်ပါသည်။

"ရေငတ်တုန်းရေတွင်းထဲကျရင် ရေတော့သောက်ရမှာပေါ့ကွာ။ ဒါပေမယ့် အဲဒီရေတွင်းထဲက ပြန်မတက်နိုင်လို့ရှိရင် သေမှာပေါ့ကွ"

"ဟာ .. ဒါတော့ စကားဥပမာပဲဗျာ။ ခင်ဗျားက သက်သက်လိုက်ကပ်ပြောတတ်တဲ့လူတစ်ယောက်မို့ ဒီအတွေးအခေါ်ကို တွေးမိသွားတာပဲ"

"ဥပမာဆိုပေမယ့် သဘာဝကျကျပေးတတ်မှ အဓိပ္ပါယ်ရှိတာကွ။ အမှန်တော့ အဲဒီဥပမာစကားကို စပြီးတီထွင်ခဲ့တဲ့ လူဟာ အမြင်တိုတဲ့ လူနဲ့တူတယ်။ ဘာပြုလို့လဲဆိုတော့ ရုတ်တရက် ရေငတ်ပြေဖို့လောက်ကိုသာ သူရည်ရွယ်ခဲ့တာကိုး"

"ခင်ဗျား တော်တော်ဆိုးတဲ့လူဗျာ။ ဒါကြောင့် ခင်ဗျားကို သူများတွေ မုန်းကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှန်းမှန်းလေ .. လူတစ်ယောက်မှာ သူ့ကိုယ်ပိုင်တွေးခေါ်ခွင့်၊ ယုံကြည်ခွင့်၊ ဆုံးဖြတ်ခွင့်တော့ ရှိရမယ်ပေါ့ကွ။ သူများထက်ပိုပြီး လေးလေးနက်နက် တွေးခေါ်တတ်လို့ အမုန်းခံရတာတော့ ဘယ်တတ်နိုင်မှာလဲ"

"ခင်ဗျား အယူအဆနဲ့ ခင်ဗျားတော့ မှန်နေတာပေါ့ဗျာ။ ဒါပေမယ့် အများက ဒီလိုပဲ သုံးနှုန်းနေကြတယ် မဟုတ်လား"

"အများသုံးတိုင်း လိုက်သုံးရင် အများထဲက လူတစ်ယောက်ပဲ ဖြစ်နေမှာပေါ့"

ကျွန်တော်သည် သူ့စကားဆုံးသောအခါ ကျေနပ်စွာ ပြုံးလိုက်ပါသည်။

"အများထက်ထူးအောင် ခင်ဗျား ဟိုနေ့က ပြောတဲ့အတိုင်း လုပ်ပါလားဗျ"

ကျွန်တော်က ဤသို့ပြောလိုက်ရာ ဦးဖြူသီးသည် ရုတ်တရက် ကြောင်နေပြီးမှ ...

"မင်းအတော်လာတဲ့ အကောင်လေးပဲ။ ငါ့ကို ဒီနေရာရောက်အောင် ကျုံးသွင်းလာတယ်။ ပြီးတော့ မင်းဟာ အပြိုးကြီးတတ်တဲ့ကောင် စကားတစ်ခုကို ဘယ်တော့မှ မေ့မေ့ပျောက်ပျောက်မထားတတ်ဘူး။ တော်တယ် မင်း သိပ်တော်တယ်" ဟု ခံပြင်းစွာပြောကာ ခေါင်းတညိတ်ညိတ်လုပ်၍ နေပါလေတော့သည်။

"ဒါတော့ဗျာ။ တမင်ငြိုးထားပြီး ချေးပတာ မဟုတ်ပါဘူး။ စကားအလျဉ်းသင့်လို့ ပြောရတာပါ ဟဲ .. ဟဲ"

ကျွန်တော်က ဤသို့လှောင်ရယ် ရယ်လိုက်ရာ ဦးဖြူသီးသည် ပို၍ ခံပြင်းသွားလေဟန်ဖြင့် အံကို မသိမသာ ကျိတ်လိုက်ပြီး ...

"အေး တကွေ့ တွေ့ကြဦးမှာပေါ့ကွာ" ဟု ပြောကာ လှည့်ထွက်သွားပါတော့သည်။

■

ဆရာချစ်ခိုင်သည် အသင်အပြ ကောင်းရုံသာမက ဆက်ဆံတတ်သောကြောင့် တစ်ကျောင်းလုံးရှိ ကျောင်းသူကျောင်းသားများ၏ ချစ်ခင်လေးစားမှုကို ခံယူရလေသည်။

ကျောင်းသူ ကျောင်းသားသစ်များသည်လည်း ဆရာချစ်ခိုင်၏ ကျောင်းသို့ တဖွဲဖွဲဝင်ရောက်လာကြတော့သည်။ ထိုလူထဲတွင် ငေးရွှယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူ ကျောင်းသားများသာမက လူပျိုပေါက် အပျိုဖျန်း ကျောင်းသူများ ကျောင်းသားများပင် ပါဝင်ခဲ့ပေသည်။ ယင်းသို့ ကျောင်းသူများ ပါဝင်လာသည့်အထဲတွင် အသက် ၁၅ နှစ်ရွယ် ဆံထောက်ဖားနှင့် စိန်အေး တစ်ယောက်လည်း ပါဝင်ခဲ့ပေသည်။

စိန်အေးမှာ ရုပ်ရည်ချောမောလှပသူကလေးတစ်ယောက်ဖြစ်ကာ အိမ်တွင် သူမ ဖခင်က သင်ကြားပေးထားသဖြင့် မြန်မာစာကို ကောင်းစွာ ရေးတတ်ဖတ်တတ်နေပေပြီ။

ကျောင်းမှာ စည်းကမ်းကောင်းသည်နှင့်အမျှ ရုပ်ဝေးရပ်နီးများ၌ လည်း ကျော်ကြားစ ပြုလာလေသည်။ ဘုန်းတော်ကြီး ဦးဇာဂရနှင့် ပညာကို လိုလားသော ကျောင်းသားမိဘများတို့သည် ကျောင်းကြီးစီကား ကျော်ကြား လာခြင်းအတွက် အားတက်ကြသည်၊ ဂုဏ်ယူကြသည်၊ ဝင့်ကြွားကြသည်။

"ဘယ့်နှယ်လဲ ဦးဖြူသီး။ ဒီအနီးပတ်ဝန်းကျင်မှာတော့ ပညာရေး ဘက်ဆိုရင် ကျွန်တော်တို့ရွာဟာ သိပ်ထိပ်တန်းက ဖြစ်နေပြီဗျ"

တစ်နေ့တွင် ကျွန်တော်က ဦးဖြူသီးအား ပြောလိုက်ပါသည်။

"အေး .. ငါလည်း ဒီလိုဖြစ်လာတာ သိပ်ဝမ်းသာတာပဲကွာ။ အဖျက်အဆီးတစ်ခုခု မရှိပါစေနဲ့လို့ပဲ ဆုတောင်းနေရတယ်"

ဦးဖြူသီးက တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစားလေဟန်ဖြင့် ပြော လေသည်။

"ဟာ .. ခင်ဗျားပါးစပ်ပုပ်ကလည်း လုပ်ပြန်ပါပြီဗျာ"

ကျွန်တော်က မနှစ်မြို့သောလေသံနှင့် ခပ်ငေါက်ငေါက် ပြောလိုက်မိပါ၏။

"ပါးစပ်ပုပ် မဟုတ်ဘူးကွ။ လောကမှာ အဖြစ်ရှိရင် အပျက်ရှိတယ်။ အပျက်ရှိရင် အဖြစ်ရှိတယ်။ ဒါဟာ ဘယ်သူမှ လွန်ဆန်လို့ မရတဲ့သဘောပဲ"

"တော်စမ်းဗျာ .. ခင်ဗျား နိမိတ်ဖတ်ရင် ကျွန်တော် ကျောချမ်းလွန်းလို့" ကျွန်တော်က ဤသို့ပြောရင်း မျက်နှာကိုရှုံ့ကာ ကျောတွန့်လိုက်ပါသည်။

"မင်းက နိမိတ်တွေ တပေါင်တွေ ဇနည်း ဘာဝေါတွေ ယုံနေတုန်းပဲ လား" ဦးဖြူသီးက ကျွန်တော့် မျက်နှာကို ခပ်စိုက်စိုက်ကြည့်ရင်း မေးပါ သည်။

"ယုံတယ် .. မယုံတယ်တော့ ဘယ်ဟုတ်မလဲဗျာ။ ဒါပေမယ့် ခင်ဗျား ပါးစပ်က ပြောရင် ဖြစ်တတ်လွန်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တတ်တဲ့ သဘာဝကို တွေးပြောတာမို့ အမှန်များတာပေါ့ကွာ။ ဘယ်လောက်ပဲ နိမိတ်ဖတ်ဖတ် မဖြစ်တာကို ဖြစ်ရမယ်လို့ နိမိတ်ဖတ်ရင် ဘယ်မှာဖြစ်နိုင်ပါ့မလဲ"

"အခု ကျွန်တော်တို့ ကျောင်းကိစ္စမှာ ဘယ်လို ဖြစ်နိုင်မှာလဲဗျာ။ ကောင်းတဲ့ လုပ်ငန်းကိုလုပ်ရင် လူတိုင်းက အားပေးကြရမှာပေါ့"

"ကောင်းတဲ့ဘက်ကနေ တွေးရင် ဟုတ်ပါတယ်။ ဒါပေမယ့် လူ့လောကဆိုတာ အရှုပ်သားကလားကွာ"

ဦးဖြူသီးက ညည်းသံနှင့် ပြောလိုက်ပါသည်။

"ဘယ်လိုရှုပ်တာလဲဗျာ။ စိန်အေးနဲ့ ဆရာချစ်ခိုင်နဲ့ ရင်းရင်းနှီးနှီး ဖြစ်နေတာကို ခင်ဗျားက ကြည့်ပြောတာလား"

ကျွန်တော်က သူ့မျက်နှာကို အကဲခတ်သလို ကြည့်ရင်း မေးလိုက်ပါသည်။

"ဒါလည်း တစ်ကြောင်း ဖြစ်နိုင်တာပေါ့ကွာ။ ငါကတော့ ဒါကို အဓိကထားပြီး ပြောတာ မဟုတ်ပါဘူး။ အဖြစ်နဲ့ အပျက် ဒွန်တွဲနေတတ်တဲ့ သဘောကို ဆင်ခြင်ပြီးပြောတာပါ။ ဘာပဲဖြစ်ဖြစ်လေ တို့ကတော့ ဒီကျောင်း တည်မြဲအောင် အစိုးရ အသိအမှတ်ပြုတဲ့ အတန်းကျောင်း ဖြစ်လာအောင် လုပ်ရမှာပဲ။ ဒါမှ နောက်တစ်ခေတ်ကျရင် တို့ရွာက ပညာတတ် လူငယ်လေးတွေ ထွန်းကားလာကြမယ် မဟုတ်လား"

ဦးဖြူသီးသည် ဤသို့ ပြောပြီးနောက် ကျွန်တော်အား ခွဲခွာသွားပါတော့သည်။ ကျွန်တော်မှာ သူပြောသွားသော စကားစုများကို နားမလည်နိုင်ဘဲ ရှိနေမိသည်။ ဦးဖြူသီးသည် ဆရာချစ်ခိုင်အား မနာလိုဝန်တိုစိတ်များ ရှိနေရော့သလား"

တကယ်တော့လည်း ကျွန်တော် ဤသို့တွေးလိုက်ပါသည်။ ဆရာချစ်ခိုင် ရောက်လာကတည်းက ဦးဖြူသီးသည် ရွာ၌ အတော်ခေတ်မှိန်သွားသည်။ အစကမူ အလွန်လေးစားကြလေသည်။ ယခု ဆရာချစ်ခိုင် ရောက်ရှိလာပြီး နောက်၌တော့ ဦးဖြူသီးအား ရွာရှိ လူအားလုံးကပင် တယ်ပြီး လူရာမသွင်းချင်လှတော့ပဲ၊ ခေတ်ပညာတတ်၊ ရုပ်ချော၊ သဘောကောင်း၊ အပြောကောင်း ကျောင်းဆရာကလေး ကိုချစ်ခိုင်ကိုသာ အခွင့်အရေးတွေ ဝိုင်း၍ပေးနေကြပေတော့သည်။ ဆရာချစ်ခိုင်နှင့် ဦးဖြူသီးတို့ ဆက်ဆံရေးမှာ သိပ်ပြီး ရင်းရင်းနှီးနှီး မရှိလှဘဲ၊ တစ်ယောက်ခြေ တစ်ယောက် ကြည့်နေကြသကဲ့သို့ ခပ်တန်းတန်း



www.burmeseclassic.com

www.burmeseclassic.com



ရှိနေကြလေသည်။ ကျွန်တော်သည် ဤအချက်ကို ကြည့်ခြင်းအားဖြင့် ဦးဖြူသီးအပေါ် သံသယဖြစ်ခဲ့ရခြင်း ဖြစ်လေတော့သည်။

■

ဆောင်းရာသီ ကုန်ဆုံး၍ နွေရာသီသို့ ရောက်ရှိသောအခါ ဦးလာဘ၏ ဘုန်းကြီးပျံပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်ကြလေသည်။

ကျွန်တော်တို့ ရွာမှာ စာသင်ကျောင်း၏ ကျော်ကြားခြင်း၊ ဘုန်းကြီးပျံ၏စည်ကားခြင်းတို့ကြောင့် ရွာနီးချုပ်စပ် ရွာများ၏လေးစားခြင်းကို ခံယူရတော့သည်။ ကုန်ကုန်ပြောရလျှင် ကျွန်တော်တို့ ရွာသားများသည် အနီးပတ်ဝန်းကျင် ရွာများသို့ သွားလည်ပတ်သောအခါ အလွန့်အလွန်ပင် မျက်နှာပွင့်လန်းမှု ရှိကြရတော့သည်။ ယင်းကြောင့်ပင်လျှင် ကျောင်းသားလူငယ်များမှာ သွေးကြွလျက်ရှိနေကာ လူကြီးတို့သည် ပညာရေးကို စိတ်ဝင်စားလာကြပြီ သားသမီးများကို ကျောင်းထားကြလေသည်။

ကျောင်းသားများ တိုးတက်များပြားလာခြင်းနှင့် ဘုန်းတော်ကြီး ဦးဇာဂရ၊ ဆရာဦးချစ်ခိုင်နှင့် ရွာသူကြီးများ ကြိုးပမ်းချက်ကြောင့် ကျွန်တော်တို့ ကျောင်းမှာ အစိုးရ အသိအမှတ်ပြု မူလတန်းကျောင်းအဖြစ်သို့ ရောက်ရှိခဲ့ပေပြီ။ ယင်းသို့ မူလတန်းကျောင်း ဖြစ်လာသောအခါတွင် ဆရာချစ်ခိုင်တစ်ဦးတည်း ကျောင်းသူ ကျောင်းသားများကို သင်ပြရတော့သည်မဟုတ်ဘဲ။ ဆရာချစ်ခိုင်မှာ ကျောင်းအုပ်ဆရာကြီး ဖြစ်ရကာ သူ၏လက်အောက်တွင် အစိုးရခန့်ထားပေးသော လက်ထောက်ဆရာ ကိုဘလင်းနှင့် ဆရာမ မမြနှစ်တို့ပါ ရှိနေကြလေသည်။ ယင်းသို့ဖြင့် ကျောင်းကြီးမှာ မြိုင်မြိုင်ဆိုင်ဆိုင် ကျောင်းသူကျောင်းသားများနှင့် ရပ်ရွာရှိ လူကြီးများရော တိုက်အုပ်ဘုန်းတော်ကြီးပါ အားတက်ရွှင်ပြုံး ရှိနေကြစဉ် တစ်နေ့၌ အားလုံးပင် စိတ်မချမ်းမြေ့ဖွယ်ရာ အဖြစ်တစ်ရပ်နှင့် ရင်ဆိုင်ရပါတော့သည်။

ထိုအဖြစ်မှာ အခြားမဟုတ် ကျောင်းအုပ်ဆရာကြီး ကိုချစ်ခိုင်အား သူရဲခြောက်ခြင်း ကိစ္စပင်ဖြစ်လေသည်။ သူရဲချောက်ပုံ ချောက်နည်းမှာလည်း အလွန် ဆန်းကျယ်၏။ ကိုချစ်ခိုင်သည် တစ်နေ့ ညဘက် ၉ နာရီခန့် ရွာတည်းမှ ကျောင်းသို့ ပြန်လာစဉ် စာသင်သော ဇရပ်ရှေ့မှ (ဝစ်စတက်) ဦးထုပ်ကို ဆောင်းထားသော ဘုန်းကြီးတစ်ပါးသည် ဆင်းလိုက်လာကာ ...။

"ဟော့ .. ငါ့ကျောင်းကို အပိုင်စီးထားတဲ့ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဟု လှမ်းခေါ်သည်ဆို၏။ ထိုအခါ ဆရာချစ်ခိုင်သည် ရုတ်တရက် ကြောက်ပြီး ရပ်နေမိစဉ် ဦးထုပ်နှင့် ဘုန်းကြီးသည် မည်သို့ လုပ်လိုက်သည် မသိ မီးလျှံကြီးတစ်ခုသည် ကိုချစ်ခိုင်ထံသို့ ရောက်ရှိလာရာ ကိုချစ်ခိုင်သည် ငယ်သံပါအောင် အော်ဟစ်ရင်း ကျောင်းဆီသို့ ပြေးခဲ့လေသည်။ နောက်မှ ဘုန်းကြီးသူရဲ၏ ဟားတိုက်ရယ်မောသံကြီးကိုလည်း ကြားရသည်ဆိုပါ၏။ ကိုချစ်ခိုင်သည် ကျောင်းပေါ်သို့ ရောက်ရှိသည့်တိုင် အသားတဆတ်ဆတ်တုန်ကာ ထိတ်လန့်လျက်ပင် ရှိနေလေသည်။

"ပျံတော်မူသွားတဲ့ ဦးပဥ္စင်း ဦးလာဘ ခြောက်လှတ်ပြီနဲ့ တူတယ်"

ကျောင်းသားကြီးတစ်ယောက်က ထင်မြင်ချက်ကို ပထမ ဦးစွာပေးလေသည်။ ထိုပထမဦးဆုံး ထင်မြင်ချက်ပေးသူ၏ အမည်မှာ မောင်အုန်းငွေ ဖြစ်လေသည်။

"အေး .. ဟုတ်တယ်ကွ။ ဦးလာဘဟာ သူရဲဖြစ်နေပြီး ဒီကျောင်းကို ခင်တွယ်နေပုံရတယ်။ အခုလို အတန်းကျောင်းတွေ ဘာတွေ ဖြစ်လာတော့ မနှာလိုဝန်တိုစိတ်နဲ့ တူတာပဲ"

ကိုရင်ရွှေဝသည် မောင်အုန်းငွေ၏ စကားကို ဝင်ရောက်ထောက်ခံပြန်လေသည်။

"ဘာမှ မဟုတ်ပါဘူး။ ဆရာချစ်ခိုင် တစ်ခုခုကို လန့်ပြေးတာနဲ့ တူပါတယ်"

"မင်းကတော့ ဦးဖြူသီးတပည့်ပီပီ ဘေးချော်တွေးပြီ။ ဆရာက တကယ်မဟုတ်ဘဲ ဘယ်လန့်ပြေးပါ့မတဲ့လားကွ။ တစ်ခုခုကို မြင်ရယုံဆိုဟုတ်သေး။ ခုတော့ မီးနဲ့တောင်မှ ပစ်သေးတယ်ဆိုပဲ"

ကိုရင်ရွှေဝက ကျွန်တော်၏ ထင်မြင်ချက်ကို ချေဖျက်လိုက်ပါသည်။ ကျွန်တော်လည်း ငေးငိုင်သွားမိ၏။ ယနေ့အခါ၌ ဦးဖြူသီး ရှိလိုက်စေချင်သည်။ ဦးဖြူသီးမှာ ယခုရက် မတိုင်မီ ၃ ရက်ကပင် အင်းစိန်သို့ သွားရောက်လည်ပတ်နေချေသည်။

"ဒါမှမဟုတ်ရင်လည်း တစ်ယောက်ယောက်က သူရဲယောင်ဆောင် ခြောက်တာဖြစ်ရမှာပဲ"

ကျွန်တော်ကလည်း အလျှော့မပေးဘဲ ပြောလိုက်ပြန်သည်။

"ခက်ပါ့ကွာ မင့်နှယ် .. ကျားကိုက်ပါတယ်ဆို နာတာရှည်ရယ်လို့ပဲ ခြောက်ခံရတဲ့လူကိုက ဘုန်းကြီးကြီး အသေအချာ မြင်ခဲ့ရတယ်။ ပြီး ငါ့ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို လာအပိုင်စီးတဲ့ ဆရာ ဘာညာပြောတာကိုလည်း နားနဲ့ ဆတ်ဆတ်ကြားရသေးတဲ့ ဥစ္စာများ လူတစ်ယောက်က ခြောက်တာရယ်လို့ပဲ”

အုန်းငွေက ဤသို့ဝင်ပြောလေရာ ကျွန်တော်သည် အုန်းငွေအား မသင်္ကာဖြစ်လာမိသည်။ ယင်းသို့ မသင်္ကာဖြစ်ရခြင်းမှာလည်း အကြောင်းမဲ့တော့ မဟုတ်။ အုန်းငွေသည် ကျောင်း၏အလှူ့ရှင်သမီးဖြစ်သော စိန်အေးအား အသေအလဲ ပိုးပန်းနေသူဖြစ်လေသည်။ စိန်အေးနှင့် ဆရာချစ်ခိုင်တို့သည် ရင်းနှီးမှုရှိကြ၏။ ထိုသို့ ရင်းနှီးမှုရှိခြင်းကို အုန်းငွေက မနာလိုဖြစ်နေကြောင်း ကျွန်တော်က ရိပ်မိထားသည်။ ဆရာချစ်ခိုင် တော်ကြောင်း၊ ကောင်းကြောင်းကို ပြောသူတိုင်းနှင့် အုန်းငွေသည် ပဋိပက္ခ ဖြစ်ခဲ့ရလေသည်။ သူသည် ဆရာချစ်ခိုင်အား စိန်အေးနှင့် ပတ်သက်၍ သင်္ကာမကင်းဖြစ်ကာ မုန်းတီးနေခြင်းမှာ ထိုအချက်က ထင်ရှားပေသည်။

ဆရာချစ်ခိုင်သည် လက်ထောက်ဆရာ ဦးဘလင်းနှင့် ဆရာမမြနှစ် တို့ကဲ့သို့ ရွာထဲတွင် ထမင်းလခပေးစားကာ ရွာထဲ၌ နေသည်လည်း မဟုတ်ဘဲ ကျောင်းထမင်းကို စားကာ ကျောင်း၌သာ နေထိုင်လေသည်။ သို့သော် သူရရှိသော လခကို ချွေတာ ကုတ်ကတ် စုဆောင်းထားသည် မဟုတ်ဘဲ ကျောင်းသားများ ကျန်းမာရေးအတွက် ဆေးဝါးများ ဝယ်ခြင်း ပညာရေးအတွက် စာကြည့်တိုက်ဖွင့်ကာ စာအုပ်စာတန်းများ ဝယ်ခြင်း၊ အားကစား ပစ္စည်းများ ဝယ်ခြင်းဖြင့်ပင် ကုန်ခဲ့လေသည်။

ဆရာချစ်ခိုင်သည် ဤသို့ကျောင်းမှာနေရင်းမှ တစ်ခါတစ်ရံ၌ ညဘက်များတွင် သူ့ချစ်တပည့်မ စိန်အေးတို့ အိမ်သို့ သွားရောက်လည်ပတ်တတ်လေသည်။ ယခုညတွင်လည်း ဆရာချစ်ခိုင် စိန်အေးတို့အိမ်မှ ပြန်အလာတွင် သူရဲခြောက်ခြင်းပင် ဖြစ်ပေလိမ့်မည်။ သို့သော် အုန်းငွေသည် အတော်ပင် ပိရိသူတစ်ယောက် ဖြစ်တန်ရာသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ညအိပ်ကျောင်းသားများနှင့်အတူ ကျောင်းတွင် ရှိနေခြင်းအတွက် သူ့အား မည်သူက စွပ်စွဲနိုင်မည်နည်း။

ဒါပေမယ့် ကျွန်တော်ကတော့ သူ့ကိုပဲ သံသယဖြစ်နေမိပါသည်။ ဤလောကတွင် ငွေရှိက ဘယ်အရာမဆို အောင်မြင်နိုင်သည်။ သို့ကြောင့် အုန်းငွေသည် တစ်ယောက်ယောက်အား ငွေပေးငှားရမ်းကာ ဘုန်းကြီးသူရဲ ယောင်ဆောင်၍ ခြောက်စေခြင်းဖြစ်ပေမည်။ သို့ကြောင့်ပင် ကျွန်တော်က သူ့အား ပြန်ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ကွာ တစ်ယောက်ယောက်က ခြောက်ရင်လည်း စကားတော့ ပြောတတ်တာပဲ မဟုတ်ဘား။ ပြောတတ်ရင်ကြားတဲ့ လူက ကြားရမှာပေါ့"

"အေးလေ .. မင်းတို့ ဝှကိုဏ်းကတော့ ဒါမျိုးတွေ အယုံအကြည်မှ မရှိတဲ့ ဥစ္စာ .. ဟဲ .. ဟဲ .. မင့်ဆရာလာမှပဲ စုံထောက်ကြီးပေါ့ကွာ"

အုန်းငွေသည် ဤသို့ပြောကာ ကျွန်တော်တို့အနီးမှ ထွက်ခွာသွားပါတော့သည်။ ကျွန်တော်မှာ ထိုကိစ္စနှင့် ပတ်သက်၍ အတော်ခေါင်းရှုပ်သွားမိသည်။ ဦးဖြူသီးအား အကြောင်းကြားခေါ်လိုက်ရလျှင် ကောင်းလေမည်လား။ သို့တည်းမဟုတ် ကိုယ်ဟာကိုယ်ပင် ကြိုးစားစုံစမ်းထုတ်ဖော်ရလျှင် ကောင်းမည်လား...။

ဦးဖြူသီးမှာ အင်းစိန်သို့ ရောက်သွားသည်မှာ မကြာသေးသဖြင့် တော်တော်နှင့်တော့ ပြန်လာဦးမည် မဟုတ်ပေ။ သူ့အား စာရေးမှာလျှင်လည်း ရက်အတော်ကြာမှ စာရောက်ချေမည်။ ထိုစာရောက်ပြီးနောက်မှ အမှုကိစ္စကို လိုက်လံစုံစမ်းမည်ဆိုကလည်း သွေးအေး၍သွားပေတော့မည်။ ယင်းနောက်၌လည်း ကျွန်တော်သည် ဤကိစ္စ၌ ကိုယ်ရည်သွေးပြချင်စိတ်လည်း ပေါ်ပေါက်လာပြန်သည်။ ပြဿနာတစ်ခုပေါ်ပေါက်လာတိုင်း ဦးဖြူသီးကသာ ဒိုင်ခံဖြေရှင်းပေးနေရခြင်း အတွက် ကျွန်တော့်၌ရှိသော အတွေးအခေါ်များ စုံထောက်ဉာဏ်များသည် ငုတ်လျှိုးကွယ်ပျောက်နေခဲ့ရပြီ မဟုတ်ပါလား"

တကယ်တော့ ယခုကိစ္စ၌ ကျွန်တော်သည် သဲလွန်စကိုတွေးတော၍ ရရှိထားပြီ မဟုတ်ပါလား။ ဘာပဲဖြစ်ဖြစ် ကျွန်တော်၏ တွေးတောချက်များမှာ မှန်ကန်နိုင်စရာ အကြောင်းရှိပေသည်။

ဟုတ်ပါ၏။ ဦးဖြူသီးပင်လျှင် တစ်ခါက စိန်အေးကိစ္စလည်း ပါသပေါ့ကွာ ဟု ပြောခဲ့ဖူးသည် မဟုတ်ပါလား။ ယင်းကြောင့်ပင်လျှင် ကျွန်တော်သည် ဤတစ်ပွဲ၌ ဦးဖြူသီးအား အသိမပေးတော့ဘဲ ကိုယ်တိုင်နွှဲရန် ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။ သို့သော် သူရဲခြောက်သည် ဆိုသော ဇရပ်ဆီသို့ ကိုယ်တစ်ယောက်တည်း မသွားဝံ့လေသောကြောင့် အဖော်တစ်ယောက်ယောက်ကို ခေါ်ယူသွားဖို့ လိုနေပြန်သည်။

"ဟေ့ .. လှမော် .. မင်း ငါနဲ့ လိုက်ခဲ့စမ်းကွာ"

ကျွန်တော်က ခင်မင်ရင်းနှီးသော မိတ်ဆွေကျောင်းသားတစ်ဦးအား အနားကပ်၍ ခေါ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကို လိုက်ရမှာလဲကွ"

"ခုတင်က ဆရာ့ကို ဘုန်းကြီးသူရဲ ခြောက်လွှတ်လိုက်တဲ့ ဇရပ်ဆီကို ကွာ"

"အမယ်လေး .. ဟေး .. ဟေး .. အဲဒီကိုတော့ မလိုက်ဝံ့ဘူးကွ"

လှမော်သည် မျက်နှာကို ရှုံ့မဲ့ကာ ခေါင်းကို တွင်တွင်ခါရင်း ပြောပါလေသည်။

"မင်းကလည်း အတော် သရဲပေါကြောင်တဲ့ အကောင်ပဲကွ။ သရဲခြောက်တယ်ဆိုတာ မဟုတ်ပါဘူးကွ။ လူတစ်ယောက်ယောက်က သရဲယောင်ဆောင်ပြီး ခြောက်တာပါ"

"အို .. ဘာပဲဖြစ်ဖြစ်ကွာ။ ငါကတော့ ခုလိုညကြီးမိုးမှာ သရဲခြောက်ပါတယ်ဆိုတဲ့ နေရာကို သွားကိုမသွားဝံ့ဘူးကွ"

ကျွန်တော်သည် လှမော်အပေါ်၌ အရှုံးပေးလိုက်ရလေသည်။ ဒါပေမယ့် စိတ်ကတော့ အလျှော့မပေးလိုသေးပါ။ အခြားတစ်ယောက်ယောက်ကို ခေါ်၍သွားကြည့်ရန် ထိုနေရာမှ ထွက်ခွာခဲ့ပါသည်။

ဉာဏ်သာနှင့် ကျွန်တော်သည် အုတ်ခဲတစ်ယောက်တစ်လုံးစီ ကိုင်သာ ဇရပ်ဆီသို့လာခဲ့ကြသည်။ လမိုက်သောညဖြစ်၍လည်း အမှောင်ကပတ်ဝန်းကျင်ကို ဝါးမျိုထားသည်။

"ဟေ့ .. ဉာဏ်သာ လက်နှိပ်ဓာတ်မီးကို ရဲရဲသာ ထိုးကွာ လောကမှာ နာနာဘာဝ သရဲတစ္ဆေဆိုတာ မရှိဘူးလို့ ဦးဖြူသီးက ပြောတယ်ကွ။ ဒီတော့ အခုကိစ္စမှာ လူတစ်ယောက်ယောက်က ဆရာကိုချစ်ခိုင်ကို မုန်းတီးပြီး ဒီကျောင်းက ထွက်ပြေးသွားရအောင် ခြောက်လှန့်တာပဲဖြစ်ရမယ်။ တကယ်လို့ အဲဒီလူဟာ မသွားသေးဘဲ ဒီအနီးအနားမှာ ရှိနေဦးမယ်ဆိုရင် တွေ့နိုင်မြင်နိုင်အောင် ရဲရဲသာထိုးစမ်းပါ"

နှစ်တောင့်ထိုး လက်နှိပ်ဓာတ်မီးအား မရဲတရဲ အောက်သို့ စိုက်၍ ထိုးနေသော ဉာဏ်သာအား ကျွန်တော်က အားပေးစကားပြောလိုက်ပါသည်။

"သရဲယောင်ဆောင် ချောင်တဲ့လူက ဒီအချိန်အထိ ရှိနေပါ့မလားကွ။ ဒီကိစ္စပြီးမှပဲ သူ့နေရာပြန်သွားရောပေါ့"

ဉာဏ်သာက ဤသို့ ပြန်ပြောလေရာ ကျွန်တော်သည် သူ့အား ခမ်းထဲမှ ကြိတ်၍ချီးကျူးနေလိုက်မိသည်။ သူက နာမည်နဲ့ လိုက်အောင်ပင် အတွေးအခေါ်ရှိသည်။ ကျွန်တော့်ထက် တစ်နှစ်ခန့် ငယ်သော်လည်း သတ္တိရှိ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ သူသည် ကျွန်တော်ကဲ့သို့ပင် သရဲတစ္ဆေတို့ကို ကြောက်ရွံ့ခြင်း မရှိသူဖြစ်လေရာ သူနှင့် ကျွန်တော်မှာ တွဲဘက်ညီလှပေတော့သည်။

"မင်းပြောတာ မှန်ပါတယ်ကွာ။ တကယ်တော့ ဒီအချိန်အထိ ချောက်တဲ့လူက ဘယ်ရှိတော့မှာလဲ။ မင်းနဲ့ငါနဲ့ ခုလာခဲ့တာကတော့ ဒီခြောက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး သဲလွန်စလေး တစ်ခုတစ်လေရလိုရညားဆိုပြီး လာခဲ့တာပဲ။ ဒါပေမယ့် ဘေးဘီကို အနံ့အပြား မီးထိုးကြည့်လိုက်တော့ စိတ်မှာ သံသယရှင်းပြီး ပိုစိတ်ရဲသွားတာပေါ့ကွာ" ကျွန်တော်က ဤသို့ ပြောလိုက်လေရာ ဉာဏ်သာသည် ကျွန်တော် ပြောသည့်အတိုင်းပင် ပတ်ဝန်းကျင်ကို လက်နှိပ်ဓာတ်မီးဖြင့် လှည့်ပတ်၍ ထိုးလေတော့သည်။

ကျွန်တော်တို့သည် လျှောက်ရင်းလျှောက်ရင်းဖြင့် ဇရပ်အနီးသို့ ရောက်ရှိခဲ့ကြပါတော့သည်။ ဘာပဲပြောပြော ရိုးရာအစွဲသည် ကျွန်တော်တို့၏ အသည်းနှလုံး၌ ငြိကပ်နေသေးသည်။ ဟုတ်ပါ၏။ ကျွန်တော့်မှာ ယခုကလေး တင်ကမှ သရဲခြောက်လိုက်ပါသည်ဆိုသော နေရာသို့ ရောက်ရှိလာသောအခါတွင် ကျောစိမ့်ကာ ကြက်သီးများ ထချင်သယောင်ရှိ၍လာပါလေသည်။

"ဘာပဲဖြစ်ဖြစ် မည်းမည်းမြင်ရင် လက်ထဲက ခဲနဲ့သာ စွပ်ပစ်ကွာ"

ကျွန်တော်က ဉာဏ်သာအား ဤသို့ အမိန့်ပေးကာ ရှေ့မှ ရင်ကို ကော့၍ ဇရပ်ပေါ်သို့ ခပ်ရဲရဲတက်ခဲ့သည်။ ဇရပ်တံခါးဝသို့ ရောက်ရှိသည်တွင် ခြေလှမ်းများ တန့်ရပ်သွားကာ မျက်စေ့ထဲ၌ မီးဝင်းဝင်းတောက်ခဲ့ရလေတော့သည်။

ဇရပ်တစ်ခုလုံးကား သွက်သွက်ခါနေတော့၏။ မိုးခြိမ်းသံများ၊ ခုံပေါက်ပြေးလွှားသံများသည် ကျွန်တော်တို့၏နားထဲတွင် ဆူညံစွာ ထွက်ပေါ်နေပါသည်။ ကျွန်တော်သည် စိတ်ကို တင်းကာ လက်ထဲတွင် အုတ်ခဲလုံးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း တောင့်တောင့်ရပ်ထားလိုက်သည်။ ဒါပေမယ့် နံရံတစ်ပတ်လည်သော်လည်း ဘာတစ်ခုကိုမှ မတွေ့မမြင်ရလေသောအခါ ကျွန်တော်ပင်လျှင် စိတ်ခြောက်ချားချင်သယောင် ဖြစ်လာမိတော့သည်။

"တို့ ဇရပ်ပေါ်က မြန်မြန်ဆင်းကြရင်ကောင်းမယ်"

ဉာဏ်သာသည် အသံကို မတုန်အောင် ထိန်း၍ပြောလိုက်သည်။

"နေပါဦး ကိုယ့်လူရ၊ ရှာစမ်းပါရစေဦး"

ကျွန်တော်သည် ဤသို့ပြောကာ လက်နှိပ်ဓာတ်မီးဖြင့် ပတ်ဝန်းကျင်ကို ထိုးလိုက်ပြန်ပါသည်။ ဝမ်းသာလှပါသည်။ ဟုတ်၏။ ဘယ်မှာလျှင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဝမ်းမသာဘဲ ရှိပါမည်နည်း။ သစ်သားသင်ပုန်းကြီး၏ နောက်ကျော ဆီမှ အရှည် ၃ ပေခန့်ရှိ သုံးနှစ်လက်မ သစ်သားချောင်းကြီးသည် ကြမ်းပြင် ပေါ်ဝယ် လဲလျောင်းလျက်ရှိနေပြီ မဟုတ်ပါလား"

"ဟော့ .. ဟိုမှာ တွေ့တယ်မို့လား။ သစ်သားချောင်း လဲကျနေတာ"

ကျွန်တော်က ဥာဏ်သာအား ဝမ်းသာအားရ ပြောပြလိုက်ပါသည်။

"အကြောင်းမဲ့ အဲဒီသစ်သားချောင်း လဲတာကိုက ထူးဆန်းတာပေါ့ကွ"

"ဒီတုတ်လဲတာကတော့ မထူးဆန်းပါဘူးကွာ။ ကြွက်တွေ ဘာတွေ တိုးလို့ လဲတာဖြစ်မှာပေါ့"

"ဟာ .. ကြွက်က သွားစရာတွေ အကျယ်ကြီးရှိရဲ့သားနဲ့ ဒီတုတ်ကို တိုးပါ့မတဲ့လားကွာ"

ဥာဏ်သာမှာ စောစောက သတ္တိကောင်းသလောက် ယခုအခါတွင် စိတ်ဓာတ်ကျဆင်းနေကာ ဖွတ်ပင်ငြင်းနေပါတော့သည်။ ကျွန်တော့်အဖို့ အတော်ပင် စိတ်ပျက်နေမိတော့၏။ ဟုတ်ပါသည်။ ကျွန်တော်သည် ဘုန်းကြီး သရဲခြောက်သည့် သဲလွန်စကို ရှာဖွေရန် သူ့အားအပေါ်ခေါ်ခဲ့မိရာမှ ယခုအခါ တွင် ဘုန်းကြီးသရဲသဲလွန်စကို မရှာဖွေဘဲ တုတ်လဲသည့် ပြဿနာ အရင်ဖြေ ရှင်းရပေဦးတော့မည် မဟုတ်ပါလား"

"ကဲ .. မင်းမယုံရင် တအောင့် စောင့်ကြည့်သေးတာပေါ့ကွာ"

ကျွန်တော်က ဤသို့ပြောပြီး တုတ်ကြီးကို သင်ပုန်းတွင် ပြန်၍ ထောင်ထားလိုက်ပါသည်။ ပြီးနောက် .. မနီးမဝေး တစ်နေရာမှ နှစ်ယောက် သားထိုင်ကာ ငြိမ်ငြိမ်လေး နေလိုက်ကြသည်။ ကြွက်များသည် ဇရပ်တစ်ခုလုံး ဆူညံအောင် မြူးတူးလျက်ရှိနေကြသည်။ လေပြင်းသည် ဇရပ်မှ ကွာနေသော သွပ်ပြားတစ်ချပ်အား လှုပ်ကစားနေသောကြောင့် ကြွက်သားများနှင့်ရောကာ ဆူညံနေလေသည်။ တကယ်တော့ ဤလို အ, ကာလ ညအခါကြီးတွင် သရဲ ခြောက်ပါသည်ဆိုသော ဇရပ်ထဲ၌ ကလေးနှစ်ယောက်တည်း နေရခြင်းမှာ ကြောက်မက်ဖွယ်ရာပင် ကောင်း၍နေပါတော့သတည်း။

"ဝရုန်း ... ဂျုံး"

ကျွန်တော်သည် အသံကြားလျှင်ကြားခြင်း တုတ်ထောင်ထားရာဆီ သို့ လက်နှိပ်ဓာတ်မီးဖြင့် လှမ်း၍ထိုးလိုက်ရာ ကြွက်တစ်အုပ် ပြေးလွှားသွားကြ သည်ကို မြင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တဲ .. ဒီဥစ္စာ ကြွက်တွေ မဟုတ်လို့ မင်းအဘလားကွ"

ကျွန်တော်က ဤသို့ ပြောလိုက်သောအခါ ဉာဏ်သာသည် ဘာမျှ ပြန်မပြောဘဲ ငြိမ်၍နေလေသည်။

"ဇရပ်ပေါ်မှာတော့ ဘာသံလွန်စမှ မရဘူး။ တို့အောက် ဆင်းရှာကြည့်သေးတာပေါ့ကွာ"

ကျွန်တော်က ဤသို့ပြောလိုက်ပြီးနောက် ဉာဏ်သာနှင့် နှစ်ယောက်အတူ ဇရပ်ပေါ်မှ ဆင်းခဲ့ကြလေသည်။ ကျွန်တော်သည် လက်နှိပ်ဓာတ်မီးဖြင့် မြေပြင်ကို ထိုး၍ ရှာဖွေသော်လည်း မည်သည့် သံလွန်စကိုမျှ မရတော့သည့် အဆုံး၌ လက်လျှော့ကာ ပြန်ခဲ့ရပါတော့၏။

■

ဆရာကိုချစ်ခိုင်မှာ သူ့ရဲခြောက်ခံရပြီးနောက် အပြင်းဖျားလျက် ရှိနေပါသည်။ စာသင်ခန်းကို ဆရာကိုချစ်ခိုင် မဆင်းနိုင်ခြင်းအတွက် ဆရာမ မမြနှစ်နှင့် ဆရာဘလင်းတို့သာ သင်ပြပေးနေရတော့သည်။

ကျွန်တော်သည် အုန်းငွေကိုသာ အစဉ်အမြဲ အကဲခတ်ကြည့်ရှုနေခဲ့သည်။ ဆရာကိုချစ်ခိုင်၏ အဖျားရောဂါမှာ သုံးရက်ကြာသော်လည်း သက်သာခြင်းမရှိဘဲ ဖြစ်နေလေရာ .. တိုက်အုပ်ဘုန်းတော်ကြီးနှင့် ရွာလူကြီးများပါ စိုးရိမ်မှုရှိလာကြာ ဆေးဆရာများပင် ပင့်ခေါ်ကုသနေရသော အခြေသို့ ရောက်ရှိနေလေသည်။

ဆရာကိုချစ်ခိုင် ဤသို့ရှိနေလေလေ ကျွန်တော်က ထိုသရဲပြဿနာကို ဖော်ထုတ်ချင်လေလေ ရှိနေရကာ အုန်းငွေ၏ နောက်ကိုသာ သဲသဲမဲမဲ လိုက်၍ ခြေရာခံနေရပါတော့သည်။

သို့သော် အုန်းငွေမှာ မည်သို့သော ထူးခြားချက်မျှ မတွေ့ရဘဲ ယခင်အတိုင်းပင် အေးအေးမှန်မှန် ရှိနေလေရာ ကျွန်တော့်မှာသာပင် သူ့အား ချောင်းရ၊ မြောင်းရ၊ တစ်စေ့တစ်စောင်းကြည့်ရသဖြင့် အလုပ်များကာ .. မောပမ်းနေရလေတော့၏။

"ညက စိန်အေးနဲ့ သူ့အမေကြီး ဆရာကိုချစ်ခိုင်ကို လာပြုစုပြီး အပြန်မှာ ဇရပ်က ဦးထုပ်နှင့် ဘုန်းကြီးသရဲလိုက်လို့တဲ့"

နောက်တစ်နေ့နံနက် စာသင်ခန်းသို့ ရောက်ရှိသည်တွင် တစ်ယောက် တစ်ပေါက်နှင့် ထိုသတင်းက ပေါ်လာပြန်လေတော့သည်။ ကျွန်တော်သည် ပို၍ဦးနှောက် ခြောက်သွားပြန်၏။ မှန်ပါသည်။ ကျွန်တော် သက်မကင်းရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ကာ အုန်းငွေမှာ ညဦးကတည်းကပင် ကျွန်တော်နှင့်အတူရှိနေကာ ဟိုတလော က ဆရာချစ်ခိုင် သရဲချောက်သည်ဆိုပြီးကတည်းက မည်သို့မျှ ထူးခြားခြင်း လည်း မရှိ ငွေပေးခိုင်းလျှင် ဘယ်အရာမဆို လုပ်ကိုင်တတ်သော ဘိန်းစား အရက်သမားများနှင့်လည်း ဆက်သွယ်မှုမရှိဟု စုံစမ်းသိရှိထားပြီးလည်း ဖြစ် ပါသည်။ သို့သော် စိန်အေးတို့သားအမိကိုမှ ရွေး၍ ခြောက်ပြန်သည် ဆိုသော အချက်ကို ထောက်ချင့်ပါမူ အုန်းငွေသာလျှင် မနာလိုဝန်တိုစိတ်နှင့် ပြုလုပ်နေ လျက်ရှိနေပြန်သည် မဟုတ်ပါလား။

ကျွန်တော်မှာ စာသင်ဖို့ကို စိတ်မဝင်စားနိုင်ဘဲ ထိုအကြောင်းကိုသာ စိတ်ဝင်စားနေသောကြောင့် ဆရာဘလင်း မေးမြန်းသည်များကို မဖြေနိုင်ဘဲရှိ လေရာ .. ဆရာလင်း၏ အအော် အငေါက်ကိုပင် ခံရပါတော့သည်။

"ဟေ့ .. စိန်အေး၊ ခဏနေပါဦး"

နံနက်ကျောင်းဆင်းချိန်တွင် ကျွန်တော်က စိန်အေးအား ခေါ်ကာ အနားသို့ ချဉ်းကပ်ခဲ့သည်တွင် စိန်အေးသည် လမ်းလျှောက်နေရာမှ ကျွန်တော့် အား ရပ်စောင့်နေလေသည်။

"ညက နင်တို့ကို ဇရပ်ပေါ်က ဘုန်းကြီးသရဲလိုက်ခြောက်လို့ဆို"

သူမ အနီးသို့ ရောက်ရှိသည်တွင် ကျွန်တော်က မေးလိုက်ပါသည်။

"အေး .. အမေနဲ့ငါနဲ့ ဆရာကိုချစ်ခိုင်ဆီက ပြန်လာတာကို လိုက် ချောက်တာပဲ"

"ဘယ်အချိန်လောက်လဲ"

"ကိုးနာရီခွဲလောက်ပဲ ရှိဦးမယ်"

"ဟာ အစောကြီးဘာလား နင်တို့ကို ဘယ်လိုလုပ်ချောက်ပြတာလဲ"

ကျွန်တော်က အရာရှိဆန်ဆန်ပင် စစ်ဆေးနေပါသည်။

"ငါမြင်ရတာကတော့ ဘုန်းကြီးတစ်ပါး သင်္ကန်းလပ်ဦးထုပ်ကို ဆောင်းထားပြီး ဇရပ်ပေါ်က ဆင်းလာတာကို မြင်ရတာပဲ"

"အရပ်နိမ့်သလား .. မြင့်သလား"

"အရပ်ကတော့ ခပ်နိမ့်နိမ့်ပဲ"

"နင့်စိတ်က တကယ်သရဲခြောက်တယ် ထင်သလား"

"နင်ကလည်းဟယ် အမေးအမြန်းထူလိုက်တာ လာလုပ်မလို့လဲ"

စိန်အေးသည် စိတ်မရှည်နိုင်တော့သလို မျက်နှာကလေးရှုံ့မဲ့ကာ ပြောလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဤသို့ ဘွင်းဘွင်းရှင်းရှင်း ထုတ်ပြောလိုက်သောအခါ ခိန်အေးသည် ငေးတွေစဉ်းစား၍ နေလေသည်။ အတန်ကြာမှ ခေါင်းကလေးကို ခါရမ်းကာ "ဒီကောင် ဒါလောက်ထိအောင် အကြံရှိလိမ့်မယ်လို့ မထင်ပါဘူး ဟယ်။ ဒါပေမယ့်"

သူမသည် စကားရှေ့မဆက်ဘဲ နှုတ်ခမ်းနုနုပါးပါးကလေးပေါ်သို့ ရှေ့သွားဖြူဖြူကလေးများဖြင့် ဖိကိုက်ကာ စဉ်းစားနေလေသည်။ ပြီးမှ ...

"ငါ့စိတ်ထဲမှာလည်း ငါမြင်ရတဲ့ ဘုန်းကြီးဟာ သရဲအစစ်မှ ဟုတ်ရဲ့ လားလို့ သံသယတော့ဖြစ်မိသား" ဟု ပြောလိုက်လေရာ ကျွန်တော်မှာ အား တက်၍ လာမိတော့သည်။

"ဘာကြောင့် နင်က သရဲမဟုတ်ဘူး ထင်တာလဲ"

"ငါ့စိတ်ထဲကကို တစ်မျိုးပဲ၊ သိပ်မကြောက်လှဘူး"

"နင်တို့ ပြေးတော့ ပြေးကြတာပေါ့"

"ပြေးတာပေါ့ဟ .. အမေက ရှေ့ကပြေးတော့ ငါလည်းပြေးတာပေါ့။ ပြေးသာ ပြေးတယ် ကြက်သီးထခြင်းတော့ မရှိဘူး။ အေးလေ .. နင်ပြောသလိုပဲ လူတစ်ယောက်ယောက်က သရဲယောင်ဆောင် ခြောက်တာပဲ ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ငါတော့ အုန်းငွေကို မထင်ဘူးဟယ်"

သူမသည် ဤသို့ပြောလိုက်ပြီး တွေဝေစဉ်းစားနေပါသည်။

"နင် ဘယ်သူ့ကိုများ ထင်ချင်သလဲ"

ကျွန်တော်က သူမအား စိတ်ဝင်စားစွာ စိုက်ကြည့်ရင်း မေးခွန်းထုတ် လိုက်ပြန်ပါသည်။ သူမသည် သက်ပြင်းကို လေးတွဲစွာ ဆွဲ၍ချလိုက်ပါသည်။ ပြီးနောက် ရှေ့ဝဲယာကို ကြည့်လိုက်ကာ ...

"ငါတော့ ဆရာမ မမြနှစ်ကို တယ်ပြီး မသင်္ကာချင်ဘူး" ဟု ခပ်တိုး တိုးပြောပါလေသည်။ ကျွန်တော်သည် သူမ စကားကို ကြားရလေသောအခါ သူမမျက်နှာကို အံ့အားသင့်စွာဖြင့် ငေးကြည့်နေမိလေသည်။

"ဟုတ်တယ် .. ဆရာမ မမြနှစ်ဟာ ငါနဲ့ ဆရာကိုချစ်ခိုင်နဲ့ ရင်းရင်း နှီးနှီးနေတာကို သိပ်မနာလိုချင်ဘူး"

"သူက ဘာပြုလို့ မနာလိုရတာလဲ"

ကျွန်တော့်မှာ ပို၍အံ့အားသင့်စွာဖြင့် မေးမိပါသည်။

"သူနဲ့ ဆရာကိုချစ်ခိုင်နဲ့က သူ့မိဘများက သဘောမတူလို့ သူတို့ ချင်း အဆက်ပြတ်သွားကြတာဆိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဤသို့ ဘွင်းဘွင်းရှင်းရှင်း ထုတ်ပြောလိုက်သောအခါ ခိန်အေးသည် ငေးတွေစဉ်းစား၍ နေလေသည်။ အတန်ကြာမှ ခေါင်းကလေးကို ခါရမ်းကာ "ဒီကောင် ဒါလောက်ထိအောင် အကြံရှိလိမ့်မယ်လို့ မထင်ပါဘူး ဟယ်။ ဒါပေမယ့်"

သူမသည် စကားရှေ့မဆက်ဘဲ နှုတ်ခမ်းနုနုပါးပါးကလေးပေါ်သို့ ရှေ့သွားဖြူဖြူကလေးများဖြင့် ဖိကိုက်ကာ စဉ်းစားနေလေသည်။ ပြီးမှ ...

"ငါ့စိတ်ထဲမှာလည်း ငါမြင်ရတဲ့ ဘုန်းကြီးဟာ သရဲအစစ်မှ ဟုတ်ရဲ့ လားလို့ သံသယတော့ဖြစ်မိသား" ဟု ပြောလိုက်လေရာ ကျွန်တော်မှာ အား တက်၍ လာမိတော့သည်။

"ဘာကြောင့် နင်က သရဲမဟုတ်ဘူး ထင်တာလဲ"

"ငါ့စိတ်ထဲကကို တစ်မျိုးပဲ၊ သိပ်မကြောက်လှဘူး"

"နင်တို့ ပြေးတော့ ပြေးကြတာပေါ့"

"ပြေးတာပေါ့ဟ .. အမေက ရှေ့ကပြေးတော့ ငါလည်းပြေးတာပေါ့။ ပြေးသာ ပြေးတယ် ကြက်သီးထခြင်းတော့ မရှိဘူး။ အေးလေ .. နင်ပြောသလိုပဲ လူတစ်ယောက်ယောက်က သရဲယောင်ဆောင် ခြောက်တာပဲ ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ငါတော့ အုန်းငွေကို မထင်ဘူးဟယ်"

သူမသည် ဤသို့ပြောလိုက်ပြီး တွေဝေစဉ်းစားနေပါသည်။

"နင် ဘယ်သူ့ကိုများ ထင်ချင်သလဲ"

ကျွန်တော်က သူမအား စိတ်ဝင်စားစွာ စိုက်ကြည့်ရင်း မေးခွန်းထုတ် လိုက်ပြန်ပါသည်။ သူမသည် သက်ပြင်းကို လေးတွဲစွာ ဆွဲ၍ချလိုက်ပါသည်။ ပြီးနောက် ရှေ့ဝဲယာကို ကြည့်လိုက်ကာ ...

"ငါတော့ ဆရာမ မမြနှစ်ကို တယ်ပြီး မသင်္ကာချင်ဘူး" ဟု ခပ်တိုး တိုးပြောပါလေသည်။ ကျွန်တော်သည် သူမ စကားကို ကြားရလေသောအခါ သူမမျက်နှာကို အံ့အားသင့်စွာဖြင့် ငေးကြည့်နေမိလေသည်။

"ဟုတ်တယ် .. ဆရာမ မမြနှစ်ဟာ ငါနဲ့ ဆရာကိုချစ်ခိုင်နဲ့ ရင်းရင်း နှီးနှီးနေတာကို သိပ်မနာလိုချင်ဘူး"

"သူက ဘာပြုလို့ မနာလိုရတာလဲ"

ကျွန်တော့်မှာ ပို၍အံ့အားသင့်စွာဖြင့် မေးမိပါသည်။

"သူနဲ့ ဆရာကိုချစ်ခိုင်နဲ့က သူ့မိဘများက သဘောမတူလို့ သူတို့ ချင်း အဆက်ပြတ်သွားကြတာဆိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြံကြံဖန်ဖန်ပဲဟယ်။ ဒီစကားတွေ ဘယ်က ကြားသလဲ"

"ဆရာမ မမြနှစ်က သူနေတဲ့အိမ်က မထွေးမေကို ဖွင့်ပြောတာတဲ့"

"ဟိုတုန်းက ချစ်ကြိုက်ဖူးပေမယ့် ခုတော့ သူတို့ချင်း ခပ်တန်းတန်း နေကြတာပဲ"

"ဆရာကိုချစ်ခိုင်က အရင်တုန်းက မမြနှစ်မိဘတွေက သဘောမတူတာကို စိတ်နာပြီး ခပ်တန်းတန်းလုပ်နေတာပေါ့။ ဒါကို ဆရာမက ငါနဲ့ ကိုချစ်ခိုင်နဲ့ ချစ်ကြိုက်နေလို့သာ သူ့ကို ဆရာက ခပ်တန်းတန်း လုပ်နေတယ်ထင်ပြီး နေတာပေါ့ အမှန်တော့ ငါနဲ့ ဆရာချစ်ခိုင်နဲ့ကလည်း ရိုးရိုးခင်ကြတာပါပဲဟယ်။ ဘာမှ ဖြစ်ကြတာ မဟုတ်ပါဘူး"

စိန်အေးသည် ဤသို့ ပြောပြီးနောက် ရှက်စနိုး အမူအရာဖြင့် ခေါင်းကလေးငုံ့သွားလေသည်။

"နင်ပြောသလို ဖြစ်နိုင်မယ်မထင်ပါဘူးဟယ်။ ဘာပြုလို့လဲဆိုတော့ ဆရာမ မမြနှစ်ဟာ ဆရာကိုချစ်ခိုင်အပေါ်မှာ မကျေနပ်ရင် ဘာပြုလို့ သရဲယောင်ဆောင် ခြောက်ခိုင်းမှာလဲဟ။ သူ့ဘက်ကို စိတ်ညွတ်လာအောင် တနည်းနည်းနဲ့ လုပ်မှာပေါ့"

"ဒါတော့ဟယ် .. မစားရအမဲသဲနဲ့ ပက်တာလိုပေါ့။ အနည်းဆုံး ဒီကျောင်းက ထွက်ပြေးရရင် ဆရာကိုချစ်ခိုင်နဲ့ ငါနဲ့ကွဲသွားမယ် မဟုတ်လား"

သူမစကားကို ကြားရလေသောအခါ ကျွန်တော့်မှာ တွေဝေငေးငိုင်၍ သွားရပါတော့သည်။ တကယ်တော့လည်း သူမအကြောင်းပြချက်က ဖြစ်နိုင်စရာရှိပေသည်။

"အေး ဟုတ်တယ်။ ငါလည်း နင်ပြောတာ ခုမှ သဘောပေါက်တယ်"

"ခက်တာက ဆရာကိုချစ်ခိုင်ကလည်း သရဲတစ္ဆေဆို အတော်ကြောက်တတ်တယ်။ ခုတစ်ခါ အခြောက်ခံရတာတောင်မှ သူတော်တော် စိတ်ပျက်နေပြီ။ နောက်ထပ်များ အခြောက်ခံရင်တော့ သူဒီကျောင်းက ထွက်ပြေးတော့မှာ သေချာနေတာပဲ"

စိန်အေးသည် စိတ်မချမ်းမြေ့ဟန်ဖြင့် ပြောပြီးနောက် သက်ပြင်းတိုကလေးကို မသိမသာချလိုက်လေသည်။

"ဒီလူကလည်း ခေတ်ပညာတတ်တစ်ယောက် ဖြစ်ရဲ့သားနဲ့။ ဒီမဟုတ်က ဟုတ်က သရဲတစ္ဆေတွေ ယုံကြည်နေရသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ .. ယောက်ျားကြီး ဖြစ်ရဲ့သားနဲ့ ငါမိန်းကလေးတောင်မှ သူ့လောက်တော့ မကြောက်တတ်သေးဘူး"

စိန်အေး၏ လှပသော မျက်နှာကလေးမှာ မဲ့ကာရွဲ့ကာ ရှိနေသဖြင့် ကျွန်တော်သည် သူမအား သဘောကျစွာ ငေးကြည့်နေမိပါတော့သည်။

"အဲဒါဟယ် .. ဆရာနောက်ထပ်ပြီး အခြောက်မခံရအောင်၊ နင့် စုံထောက်ကြီး ဦးဖြူသီးကို အမြန်သွားခေါ်ပြီး ဒီကိစ္စ စုံစမ်းပါလားဟယ်"

စိန်အေးသည် ဤစကားစုများကို အရေးတကြီး ပြောလေသည်။ သူမသည် ဆရာကိုချစ်ခိုင် ဤရွာမှ ထွက်ခွာသွားမည်ကိုလည်း အတော်စိုးရိမ်နေဟန်ရှိလေသည်။

"အိုကွာ .. ဒီကိစ္စလောက်ကို ဦးဖြူသီး ခေါ်နေဖို့ မလိုပါဘူး။ ငါ့ဘာသာ ရအောင် စုံစမ်းပါ့မယ်"

"ဟင်း .. မဖြစ်တဲ့ခွေးက နစေ့ပြောင်ချင်နေလိုက်တာ"

ကျွန်တော်က ခပ်တည်တည်နှင့် ခပ်ကြွားကြွား ပြောလိုက်လေရာ စိန်အေးသည် ကျွန်တော်အား မျက်စောင်းကလေးခဲရင်းမှ ပြောလိုက်လေသည်။

"အို .. နင်စောင့်ကြည့်ပါ။ ခုပဲ သဲလွန်စ နှစ်ခုရပြီ မဟုတ်လား"

"ဘာသဲလွန်စလဲ"

စိန်အေးက မကျေနပ်သံဖြင့် ခပ်ငေါက်ငေါက်လေး မေးလိုက်၏။

"အုန်းငွေရယ် .. ဆရာမ မမြနှစ်ရယ်လေ"

"ဟင်း .. နင့်ပုံနဲ့ ရပါလိမ့်မယ်"

စိန်အေးသည် ဤသို့ပြောပြီးနောက် ခြေထောက်ကလေးကို ဆောင့်နင်းကာ ကျွန်တော့်အနီးမှ ထွက်ခွာသွားပါတော့သည်။ ကျွန်တော့်သည် သူမ အထင်သေးချက်ကို ခံပြင်းလာ၏။ သို့ကြောင့်ပင်လျှင် အစကထက်ပို၍ စိတ်အား တက်ကြွထက်သန်လာကာ ဦးဖြူသီး၏အကူအညီကို လုံးဝမယူတော့ဘဲ ကိုယ့်ဘာသာ ဒီကိစ္စမပေါ်ပေါ်အောင် စုံစမ်းတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။

× × ×

စိန်အေးနှင့် တွေ့ရပြီးနောက် ကျွန်တော့်မှာ ပို၍ ဦးနှောက်ရှုပ်ခဲ့ ပြန်ချေသည်။ ဟုတ်ပါ၏။ အစကမူ ကျွန်တော်သည် ဤသရဲခြောက်သည့် ကိစ္စနှင့် ပတ်သက်၍ အုန်းငွေတစ်ယောက်တည်းကိုသာ တန်းတန်းစွဲထင်နေခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ယခုအခါ၌မူ မမြနှစ်ကိုပါ ထည့်၍ စဉ်းစားစရာ ဖြစ်လာပြန်ပြီ မဟုတ်ပါလား။ ထို့ကြောင့်ပင်လျှင် မမြနှစ်နှင့် ပတ်သက်၍ စဉ်းစားရပြန်တော့သည်။

တကယ်တော့လည်း မမြနှစ်မှာ မိန်းမသားတစ်ယောက်ဖြစ်လေသမို့ သူမကိုယ်တိုင်တော့လည်း မည်သည့်နည်းနှင့်မျှ ဘုန်းကြီးသရဲယောင်ဆောင်၍ ချောက်လှန့်လိမ့်မည် မဟုတ်သည်မှာ သေချာပေသည်။ ယင်းသို့ဖြစ်လျှင် သူမသည် လူတစ်ယောက်ယောက်ကို သင်ဉာဏ်ပေးကာ ငွေရမ်း၍လည်းကောင်း၊ သို့မဟုတ် တစ်နည်းနည်းဖြင့် ဩဇာတိက္ကမရှိအောင် လုပ်ဆောင်ခိုင်းစေခြင်း ဖြစ်ရပေမည်။ ကျွန်တော်သည် ဤသို့အတွေးပေါက်လာသောအခါတွင် မမြနှစ်နှင့် ရင်းနှီးခင်မင်သော ယောကျ်ားတစ်ယောက်ယောက်ကို ပထမဦးဆုံး စဉ်းစားရပေတော့မည်။

"ကိုစာကြီး"

ကျွန်တော်သည် ဦးနှောက်ထဲ၌ မမြနှစ်နှင့် မင်ခင်ရင်းနှီးသူများကို ခပ်တိုးတိုး ရွတ်ဆိုလိုက်မိပါသည်။

ကိုစာကြီးသည် မမြနှစ်နေသော အိမ်ရှင်တို့၏ စာရင်းငှားဖြစ်သည်။ သူသည် အသက် ၃၀ ကျော်ခဲ့ပြီ ဖြစ်သော်လည်း အိမ်ထောင်မရှိသေးဘဲ ထိုစာရင်းကိုင် အိမ်၌သာ အမြဲနေသူဖြစ်သည်။ အသားမည်းမည်း အရုပ်ပုပုရှိကာ ဂင်တိုဗလကောင်း လူတစ်ယောက်ပင် ဖြစ်လေသည်။ သူ၏စိတ်နေစိတ်ထားမှာ ရိုးသားခြင်းးရှိသော်လည်း လူပေါ်များထဲတွင် တစ်ဦးအပါအဝင်ဖြစ်ကာ ရနိုင်၏၊ မရနိုင်၏ကို မစဉ်းစားဘဲ ဆရာမ မမြနှစ်အား အသေအလဲ ပိုးနေလေသည်။ ယင်းကြောင့်ပင်လျှင် ဆရာမသည် မြို့သူပီပီ လိမ္မာပါးနပ်စွာ သူ့အား ချော့မော့မြှောက်ပင့်ကာ ခိုင်းစေအသုံးချနေခဲ့ပေသည်။

ကျွန်တော်သည် ပျော်ရွှင်၍လာမိ၏။ ယခုအခါ၌ ကျွန်တော်၏ ဦးနှောက်ထဲမှ အုန်းငွေကို ဖယ်ထုတ်ထားကာ ကိုစာကြီးကိုသာ စဉ်းစားတော့သည်။ ဦးဖြူသီးတစ်ယောက် ပြန်ရောက်မလာမီပင် ထိုသရဲခြောက်မှုကို ထုတ်ဖော်နိုင်အောင် ကြိုးစားမည်ဟူ၍လည်း ဆုံးဖြတ်ထားပေသည်။

ကျောင်းတက်ချိန်တွင် ကျွန်တော်သည် ဆရာမ မမြနှစ်အား မသိမသာ အကဲခတ်၍နေခဲ့ပေသည်။ ဆရာမ မမြနှစ်သည် မစိန်အေးအား မနာလို မုန်းတီးနေသည် ဆိုသည်မှာ ဟုတ်ကောင်း ဟုတ်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သူမသည် စိန်အေးအား တင်းတင်းမာမာ ဆက်ဆံ၏။ ကျောင်းသချာ



www.burmeseclassic.com

www.burmeseclassic.com



ပြချိန်၌ ကြိမ်းမောင်းသေးသည်။ သူမ၏ဆက်ဆံနေရေးမှာ စိန်အေးအပေါ်တွင် ရန်သူသဖွယ် ရှိနေသည်ဟု ကျွန်တော် ထင်မိသည်။

စိန်အေးသည် ဆရာမ၏ ကြိမ်းမောင်းငေါက်ငန်းခြင်းကို ခံရလေသောကြောင့် ငိုနေရှာသည်။ ကျွန်တော်သည် ဤအဖြစ်ကိုကြည့်ကာ ဆရာမ အပေါ်၌ ဖြစ်ပေါ်ခဲ့သော သံသယကို ပိုမိုခိုင်မာစွာ စွဲမှတ်ယုံကြည်လာမိသည်။ ဤသို့ ယုံကြည့်လာမိသည်နှင့်အမျှလည်း သူမ၏မကောင်းကြံမှုကို အမြန်ဆုံး ဖော်ထုတ်လိုစိတ်က ပြင်းပြလာရပြန်လေသည်။

ညနေကျောင်းဆင်း၍ ထမင်းစားပြီးသည်တွင် ကျွန်တော်သည် ဆရာမ မမြနှစ်တို့နေထိုင်ရာ ရွာလည်ပိုင်းသို့ ထွက်လာခဲ့သည်။ ဆရာမ မမြနှစ်သည် အိမ်ရှေ့ကခန်း၌ ထိုင်ကာ ဆွယ်တာအင်္ကျီထိုးနေသည်။ ကျွန်တော်သည် အိမ်ရှေ့ကမှ ဖြတ်လျှောက်ရင်း အကဲခတ်ကြည့်ခဲ့၏။

မီးထွန်းစအချိန်သို့ ရောက်ရှိသော် တောင်ပိုင်းမှ ပြန်လာခဲ့ပြန်သည်။ မမြနှစ်တို့အိမ်အနီးသို့ ရောက်ရှိသောအခါ အိမ်တွင်းသို့ လှမ်းကြည့်လိုက်သည်။ ဆရာမသည် မီးခွက်အနီးတွင် ဆွယ်တာအင်္ကျီထိုးမြဲထိုးနေသည်။ ဒါပေမယ့် စောစောကလို သူမတစ်ယောက်တည်း မဟုတ်တော့ဘဲ သူမနှင့် ၃ ပေခန့်အကွာတွင် ကိုစာကြီးသည် သွားတဖြီးဖြီးနှင့် ရှိနေသည်ကို မြင်တွေ့ရပါတော့သည်။ ဤမြင်ကွင်းသည် ကျွန်တော်အတွက် ကြံ့တောင့်ကြံ့ခဲလှသော အချက်ကောင်းပင် မဟုတ်ပါလား။

ကျွန်တော်သည် ရုတ်တရက် ခြေလှမ်းကို ရပ်တန့်လိုက်ကာ ခဏမျှ တွေဝေစဉ်းစားနေလိုက်သည်။ ပြီးလျှင် ဝင်းခြံနံဘေးမှ ကပ်ကာ အိမ်ဝင်းထဲသို့ လစ်ခနဲ ဝင်လိုက်ပါသည်။ ထို့နောက် မှောင်ရိပ်ခိုလျက် အိမ်နားသို့ ချဉ်းကပ်ကာ အိမ်အောက်သို့ ဝင်ခဲ့ပါ၏။ ကိုစာကြီးနှင့် ဆရာမတို့ စကားပြောနေသော အောက်တည့်တည်းသို့ ရောက်ရှိလေသောအခါ ကျွန်တော်သည် အပေါ်မှ စကားပြောသံများကို နားစွင့်ထောင်လိုက်ပါသည်။

"ကျွန်မ ခိုင်းတာလေးတွေ လုပ်ပေးတဲ့အတွက် ကိုစာကြီးကို ကျွန်မက သိပ်ကျေးဇူးတင်ပါတယ်"

ဆရာမ၏စကားသံကို ကြားရသောအခါ ကျွန်တော်မှာ ဝမ်းသာခြင်းဖြင့် ရင်တဒိတ်ဒိတ် ခုန်လျက်ရှိနေပါတော့သည်။

"အဟဲ .. ဟဲ .. ကျေးဇူးတင်ဖို့ မလိုပါဘူးဗျာ။ ကျုပ် ခင်ဗျားကို စေတနာရှိလွန်းလို့ လုပ်ပေးတာပါ .. အဟီး"



www.burmeseclassic.com

www.burmeseclassic.com



ကိုစာကြီးကလည်း ကျေနပ်သံကြီးဖြင့် ပြောနေပြန်ပါသည်။

"ရှင့် စေတနာကို ကျွန်မကလည်း စေတနာနဲ့ တုံ့ပြန်ရမှာပေါ့ရှင်"

"အဟင်းဟင်း .. အဟဲဟဲ"

ကိုစာကြီး ပီတိဖြစ်နေစဉ် ဖိနပ်ချွတ်မှ ခြေသံတစ်သံကြားရပြီးနောက် သူတို့ စကားပြတ်သွားကြလေတော့သည်။

ကျွန်တော်သည် အိမ်အောက်မှ အသာအယာ ပြန်ထွက်လာခဲ့သည်။ ရင်ထဲ၌လည်း နှစ်သိမ့်ခြင်း၊ ကျေနပ်ခြင်းတို့ဖြင့် ပြည့်သိပ်နေလေတော့၏။ အဘယ်မှာလျှင် မကျေနပ်၊ မနှစ်သိမ့်ဘဲ နေနိုင်ပါအံ့နည်း။ ဆရာမ မမြနှစ်နှင့် ကိုစာကြီးတို့၏ ကြံစည်လုပ်ဆောင်ချက်များကို နားနှင့်ဆတ်ဆတ်ကြားခဲ့ရပြီ မဟုတ်ပါလား။ ကျွန်တော်သည် ဘုန်းကြီးသရဲချောက်ခြင်း၏ သဲလွန်စကို တော့ဖြင့် ခြေရာခံ၍ ရခဲ့လေပြီ။ သို့သော် ထိုသဲလွန်စမှနေကာ ၎င်းကိစ္စပေါ် အောင် မည်သို့လိုက်ရှာရမည်နည်း။ ဒါကို အချိန်ယူ၍ စဉ်းစားရပေလိမ့်ဦးမည်။

ကိစ္စတစ်ခုကို စဉ်းစားရာ၌ ခေါင်းအေးအေးထားကာ အချိန်ယူ၍ စဉ်းစားနိုင်ဖို့က လိုအပ်ပေသည်။ သို့မှလျှင်လည်း အမှုကိစ္စကို အောင်မြင်နိုင်မည် ဖြစ်သည် မဟုတ်ပါလား။

ကျွန်တော်သည် ရွာလမ်းပေါ်တွင် ခပ်ဖြည်းဖြည်း လျှောက်ရင်း ဤကိစ္စမည်သို့ ခြေရာခံ၍ လိုက်ရမည်ကို စဉ်းစားလာခဲ့သည်။ ကျောင်းသို့ ပြန်ရောက်သည့်တိုင်ပင် အကြံမရနိုင်ဘဲ ရှိခဲ့ပါသည်။

ကိစ္စတစ်ခုကို လုပ်ကိုင်ဆောင်ရွက်ရာ၌ တစ်ဦးတည်းတစ်ယောက်တည်း ကြိုးကြိတ်ကြံစည်ခြင်းထက် အကြံကောင်း ဉာဏ်ကောင်းပေးနိုင်သူ မိတ်ဆွေလည်း ရှိဖို့ လိုအပ်ပေသည်။ ဟုတ်ပါ၏။ နာမည်ကျော် စုံထောက်ကြီး ဦးစံရှားပင်လျှင် မိတ်ဆွေကောင်း ကိုသိမ်းမောင်၏ အကူအညီကို ယူခဲ့ရသည် မဟုတ်ပါလား။ တစ်ခါတစ်ရံတွင် ဦးစံရှားကြံစည်၍ မရနိုင်သော အချက်အလက်များကို ကိုသိမ်းမောင်က ထောက်ပြအကြံဉာဏ်ပေးနိုင်ခဲ့ပေသည်။ ထိုနည်းတူစွာ ကျွန်တော်၏စုံထောက်ကျော် ဦးဖြူသီးအားလည်း တစ်ခါတစ်ရံတွင် ကျွန်တော်က ကူညီအကြံပေးခဲ့ရပေသည်။ ယခုတော့မှ ကျွန်တော်ကိုယ်တိုင် စုံထောက်လုပ်၍ စုံစမ်းထောက်လှမ်းနေသော ကိစ္စတစ်ရပ်တွင် ကျွန်တော်၏ဦးနှောက်မှာ ထုံမှိုင်းမှိုင်းနှင့် ဝေ၍နေတော့ကာ အကြံမထွက် ဉာဏ်မထွက် ရှိနေခဲ့ရပေပြီ။ သို့ကြောင့် ကျွန်တော့်အတွက် အကြံဉာဏ် ပေးနိုင်သူကိုရှာဖွေရန် လိုအပ်လာချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ခင်မင်၍ အကြံကောင်း ဉာဏ်ကောင်းရှိသော မိတ်ဆွေ ကျောင်းသားများထဲတွင် ရှာဖွေစဉ်းစား၍ ကြည့်ခဲ့သည်။ ကျောင်းသား မိတ်ဆွေ လေးငါးယောက်ရှိသည့်အထဲတွင် စိတ်ကူးရှာဖွေကြည့်ရာ၊ ဉာဏ်သာ ကိုသာ ရှာဖွေရခဲ့ပေသည်။

ဟုတ်ပြီ။ ဉာဏ်သာမှာ တစ်ခါတစ်ရံ ကြောင်တတ်သည်မှ လွဲ၍ ကျွန်တော်၏မိတ်ဆွေ အပေါင်းအသင်းထဲတွင် ဉာဏ်အကောင်းဆုံးနှင့် စိတ်ချယုံကြည်မှု အရှိရဆုံး သူတစ်ယောက် ဖြစ်ပေသည်။ ယင်းသည်နောက်၌ လည်း ထိုကိစ္စကို စုံစမ်းထောက်လှမ်းခဲ့ရာ၌ သူနှင့် ကျွန်တော်သည် အဆက် အသွယ် ရှိခဲ့ပြီဖြစ်ခဲ့သည်လည်း မဟုတ်ပါလား။

ကျွန်တော်သည် ကျောင်းပေါ်သို့ တက်ခဲ့ကာ ဉာဏ်သာကို ရှာဖွေ ခဲ့သည်။

ဘိုးအို ဉာဏ်သာ တစ်ယောက်မတွေ့ဘူးလားကွ" ဉာဏ်သာကို ရှာမတွေ့နိုင်သဖြင့် ကျွန်တော်က ကျောင်းသားတစ်ယောက်အား မေးမြန်း ကြည့်ရလေသည်။

"စောစောကတော့ အတွေ့သားကွ"

"ဘယ်အနားမှာ တွေ့သလဲ"

"ဟို ဦးပဥ္စင်း ဦးစန္ဒိမ အခန်းနားမှာ တွေ့တာပဲ"

ကျွန်တော်သည် တောင်ဘက်အဆောင်၌ ရှိသော ဦးပဥ္စင်း ဦးစန္ဒိမ အခန်းဘက်သို့ ရောက်လာခဲ့သည်တွင် အခန်းထဲမှ ကြိတ်ရယ်သံများကို ကြား ရသဖြင့် ခြေကို ဖော့နင်းကာ အခန်းနားသို့ အသာကပ်သွားပြီး ပိတ်ထားသော တံခါးသော့ပေါက်မှ ချောင်း၍ကြည့်ရာ အခန်းတွင်း၌ ဉာဏ်သာနှင့် ဦးစန္ဒိမ တို့ကို ထူးဆန်းစွာ တွေ့ရပါလေသည်။

ကျွန်တော်သည် မမျှော်လင့်ဘဲ ထူးဆန်းသော မြင်ကွင်းကို မြင်တွေ့ ရသဖြင့် အံ့အားသင့်ကာ ခေတ္တမျှ ငေးငိုက်နေမိပါသည်။

"ဘယ့်နှယ့်လဲကွ .. ကောင်းရဲ့လား"

"ကောင်းပါတယ်"

ဉာဏ်သာနှင့် ဦးစန္ဒိမတို့ အပြန်အလှန် ပြောနေသံသည်။ ကျွန်တော့် နားထဲသို့ ဝင်လာပါသည်။ ကျွန်တော့်စိတ်များက ဝေ၍နေသည်။ ဟုတ်ပါ၏။ ကျွန်တော် မြင်တွေ့ရသော မြင်ကွင်းမှာ ဦးစန္ဒိမသည် သင်္ကန်းလပ်ဦးထုပ်ကို ဆောင်းလျက် မှန်ရှေ့၌ရပ်ကာ သူ့အရိပ်ကို သူ အားရပါးရ ကြည့်၍နေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဉာဏ်သာသည်လည်း ဦးစန္ဒိမ၏ နှစ်သိမ့်နေပုံကို အနားမှ ကြည့်နေသည်။

ကျွန်တော်၏ ခေါင်းထဲတွင် ချက်ချင်းပင် အသိဉာဏ် ဝင်၍လာလေသည်။ ဟုတ်ပြီ .. ဟုတ်ပြီ .. ဉာဏ်သာကို ကျွန်တော် အဖေါ်လုပ်၍ မဖြစ်နိုင်ပြီ။ အဘယ်ကြောင့်ဆိုသော် ဉာဏ်သာနှင့် ဦးစန္ဒိမတို့ ပေါင်းကာ သရဲခြောက်ခြင်းပင် ဖြစ်ရပေမည်။ ယခုပင် ဦးစန္ဒိမခေါင်း၌ သက္ကလပ်ဦးထုပ်ကို ဆောင်းလျက် တန်းလန်းတွေ့နေရပြီ မဟုတ်ပါလား။

ကျွန်တော်သည် အခန်းအနီးမှ အမြန်ခွာခဲ့သည်။ ပြီးနောက်ကိုယ့်အိပ်ရာသို့ ကိုယ်ပြန်ကာ အိပ်ရာကိုပြန်ဆင်ပြီး အိပ်ချလိုက်၏။

ကျွန်တော်၏ ဦးနှောက်ထဲဝယ် စာဖူးတောင်းသိုက်ကဲ့သို့ အတွေးမှျင်များ ယက်ဖောက်ရှုပ်ထွေးနေတော့လေပြီ။ ဟုတ်ပါ၏။ ဤသရဲခြောက်မှုနှင့် ပတ်သက်၍ မသင်္ကာစရာ လူများမှာ ...

၁။ ကျောင်းသား မောင်အုန်းငွေ

၂။ ဆရာမ မမြနှစ်

၃။ ကိုစာကြီး

၄။ ဦးစန္ဒိမ

တို့ဖြစ်လာကာ၊ လူဦးရေသည် တစ်နေ့တခြား တိုးတက်၍ လာချေပါပြီ။ ယခုလည်း ဦးစန္ဒိမနှင့် ပတ်သက်၍ စဉ်းစားရပေဦးမည်။ ဦးစန္ဒိမသည် ဘာကြောင့် သရဲယောင်ဆောင်၍ ခြောက်ရပါသနည်း။ ဆရာချစ်ခိုင်အား မုန်းတီး၍လော ဆရာချစ်ခိုင်အား သူမုန်းတီးရန် ဘာအကြောင်းရှိသနည်း။

အကြောင်းကို ရှာ၍မရ။ ခေါင်းသာ ချာချာလည်ခဲ့ရချေပြီတကား...

အတွေး၏ နှိပ်စက်ခြင်းကြောင့် ကျွန်တော်မှာ အိပ်၍မရနိုင်ဘဲ ရှိနေသည်။ အနီးပတ်ဝန်းကျင်မှ ဟောက်သံ သွားကြိတ်သံတို့သည် ကျွန်တော်၏ အိပ်မပျော်နိုင်သော ဝေဒနာကို ပို၍ကြီးမားစေအောင် နှောင့်ယှက်နေကြပေသည်။

ကျွန်တော်မှာ လူးကာတွန့်ကာ ရှိနေရာမှ မသင်္ကာဖွယ် လူ ၄ ဦးတို့အား အပြန်အလှန် စဉ်းစားနေခဲ့သည်။ မောင်အုန်းကား မိန်းကလေးတစ်ယောက်ကို ပိုးပမ်းရာမှ ဆရာချစ်ခိုင်အား မုန်းတီးနေသူဖြစ်သည်။ ဆရာမ မမြနှစ်မှာလည်း ဆရာချစ်ခိုင်အပေါ်တွင် အချစ်ကြီးကာ အမျက်ကြီးနိုင်စရာ အကြောင်းရှိပေသည်။ ကိုစာကြီးမှာ မမြနှစ်ကို ပိုးပမ်းရင်းနှင့် ကျသို့ ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးစန္ဒိမ စဉ်းစား၍ မရနိုင်ပါချေ။ ဒါပေမယ့် သူ့တွင် သင်္ကာလပ်ဦးထုပ်ကို ဆောင်းလျက် တန်းလန်းတွေ့နေရပေသည်။ ဘုန်းကြီးသရဲယောင်ဆောင်၍ ခြောက်လှန့်သူသည် ဦးစန္ဒိမသာ အများဆုံးဖြစ်နိုင်၏။ သို့သော် သူဘာကြောင့် ဤသို့ ခြောက်လှန့်ရသနည်း။ ဒါကိုပေါ်အောင် စဉ်းစားနိုင်က သရဲချောက်မှုသည် ဘွားဘွားပေါ်ရချေတော့မည်။

ကျွန်တော်သည် အိပ်ရာမှ ထခဲ့ကာ ကျောင်းစင်္ကြံသို့ ထွက်လာခဲ့သည်။ စင်္ကြံတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း စဉ်းစားပြန်၏။

ဦးစန္ဒိမသည် ဘာကြောင့် သရဲယောင်ဆောင်ကာ ခြောက်လှန့်ရပါသနည်း။

လမိုက်ရက်ဖြစ်သဖြင့် အပြင်ဘက်တွင် မှောင်ပိန်းနေသည်။ ကျွန်တော်သည် ခြေသလုံးများ ညောင်းညာလာသည်နှင့် တိုက်တစ်တိုင်တွင်မှီ၍ ရပ်လိုက်ကာ မှောင်ပိန်းသေ လဟာပြင်ကို ငေးကြည့်နေမိသည်။ ယင်းသို့ ကြည့်နေရာမှ အမှောင်ထဲတွင် မည်းမည်းမတ်မတ် ငြိမ်သက်နေသော ညောင်ချဉ်ပင်ကြီးကို မြင်တွေ့ရပြန်လေသည်။ လေအေးသည် ဝေ့ဝိုက်ကာ တိုက်ခတ်လိုက်ခြင်းဖြင့်လည်း ညောင်ချဉ်ပင်မှာ လှုပ်ရှားသွားပြန်၏။ ယင်းသို့ လှုပ်ရှားသွားလေသောအခါ၌ ညောင်ချဉ်ပင်တွင် ဝင်းခနဲ လက်သွားသော ပိုးစုန်းကြူးတစ်ကောင်၏ အလင်းရောင်ကို မြင်တွေ့လိုက်ရလေသည်။

ထိုပိုးစုန်းကြူး အရောင်ကြောင့်ပင် ကျွန်တော်၏ဦးနှောက်ထဲ၌လည်း အလင်းရောင်တစ်ကွက် ပေါ်ခဲ့ရလေသည်။ အလင်းရောင်ကား ဦးစန္ဒိမသည် စိန်အေးသို့ မိဘများက ရဟန်းဒကာပြုလုပ်ကာ ပဉ္စင်းဘောင်သို့ ပို့ဆောင်ခဲ့သူဖြစ်လေသည်။ သို့ကြောင့် သူ၏ဒါယကာများ အိမ်သို့လည်း မကြာခဏ သွားရောက်ကာ ညများ၌ပင် လည်ပတ်နေထိုင်တတ်ပေသည်။ ယင်းသို့ နေထိုင်ခြင်းဖြင့်လည်း စိန်အေးနှင့် ဆရာကိုချစ်ခိုင်တို့ နေထိုင်ပုံကို အများဆုံး မြင်တွေ့နိုင်သူ ဖြစ်လေသည်။

ကျွန်တော်သည် ဤသို့ ဆက်စပ်တွေးတော ရလာသောအခါ ဝမ်းသာခြင်း လှိုင်းဂရက်များသည် ရင်ဝယ်လှုပ်ရှားလာကြလေသည်။ ဒါပေမယ့် ဤကဲ့သို့ ဆရာကိုချစ်ခိုင်နှင့် စိန်အေးတို့ နေထိုင်ကြသည်ကို သူက ဘာကြောင့်များ မနာလို မရှုစိမ့်ရှိနေရပါသလဲ၊ ယင်းအချက်ကို ဆက်လက်စဉ်းစားဖို့ လိုနေပြန်ပါသည်။ ဦးနှောက်က ရှင်လာသောအခါ အတွေးကွင်းဆက်များကလည်း ဆက်ကာဆက်ကာ ပေါ်၍လာပြန်ပါပကော ...



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါ၏။ ကျွန်တော်၏ ဦးနှောက်ထဲတွင် အတွေးတစ်ခု ဝင်လာချောင်းနေပါပြီ။ စောစောကပင် ဦးစန္ဒိမသည် ဘိုရိုမှန်ကြီးရှေ့၌ သင်္ကန်းလပ်ဦးထုပ်ကို ဆောင်းကာ သူ့ကိုယ်သူ အလှကြည့်၍ ကျေနပ်နေသည်ကို မြင်တွေ့ခဲ့ရသည် မဟုတ်ပါလား။ သူသည် ပဥ္စင်းဘောင်မှ လူ့ဘောင်သို့ ကူးပြောင်းလိုသော ဆန္ဒများ ပြင်းပြစွာ ပေါ်ပေါက်နေပြီဖြစ်ကြောင်း ဤအချက်ကပင် သက်သေခံလျက်ရှိနေပေသည်။

ယင်းသို့ သူလူ့ဘောင်ကူးရန် ကြံရွယ်ခြင်းမှာ အိမ်ထောင်ပြုခြင်းအမှုကို ပြုလုပ်လို၍ပဲ ဖြစ်ရချေမည်။ ထိုအခါ၌ သူသည် အိမ်ထောင်ဘက်အဖြစ် အမျိုးသမီး တစ်ဦးတစ်ယောက်အား မျှော်မှန်းရွေးချယ်ရမည်လည်း ဖြစ်ပေသည်။ သူ့မျှော်မှန်းချက်အိမ်ထောင်ဘက်သည် သူ့ပဥ္စင်းဒကာ၏ သမီး စိန်အေးပင်လျှင် ဖြစ်ရချေမည်တမုံ့ ...။

ကျွန်တော်သည် ပျော်ရွှင်သော စိတ်နှလုံးဖြင့် အိပ်ရာသို့ ပြန်လာခဲ့သည်။ အိပ်ရာပေါ်သို့ လှဲအိပ်လိုက်လေသောအခါ ထိုအမှုပေါ်ဖို့ အရေးမည်သို့မည်ပုံပြုလုပ်ရမည်ကို တွေးကြည့်သေး၏။ သို့သော် ထိုအတွေးများကို ငိုက်မျဉ်းခြင်းတည်းဟူသော ထိနမိဒ္ဓက အနိုင်ယူသွားလေပါပြီ။

× × ×

ပေါင်တစ်ဖက်တွင် ခပ်နာနာထိရိုက်လာသည်နှင့် ကျွန်တော်အိပ်ရာမှ နိုးခဲ့ရလေသည်။

"ဟော့ .. သူများတွေ ဘုရားရှိခိုးလို့ တစ်ဝက်ရောက်နေပြီ။ မင်းခုထက်ထိ အိပ်ရာက မထသေးဘူးလား"

တိုက်အုပ်ဘုန်းတော်ကြီးအသံကို ကြားရလေတော့မှ ကျွန်တော်သည် အိပ်ရာက လူးလဲထကာ နံနက်ဘုရား ဝတ်တက်ရာဆီသို့ ပြေးခဲ့ရလေသည်။ ပြီးနောက် ကျောင်းသား ကိုရင်များ တန်းစီကာ ဘုရားဝတ်တက်နေရာ၌ မျက်နှာမသစ်ဘဲ ဝင်၍ထိုင်လိုက်ကာ အိပ်ချင်မှုန်ဝါးဖြင့် ရှေ့က တိုင်ပေးသော ဘုရားရှိခိုးများကို ပူးတူးဝါးတားလိုက်၍ ဆိုနေခဲ့ပေသည်။

ယင်းသို့ ပူးတူးဝါးတား လိုက်ဆိုခဲ့ပြီးနောက် ဘုရားဝတ်ပြုပြီးမှပင် ကျွန်တော်မှာ အိပ်ချင်ပြေ၍သွားရတော့ကာ ကျောင်းမီးဖိုဆောင်ဘက်သို့ သွား၍မျက်နှာသစ်လိုက်သည်။

"ဘယ့်နှယ်ဆရာ အတော်နေကောင်းသွားပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် မျက်နှာသစ်ပြီးနောက် ဆရာချစ်ခိုင်ရှိရာ အခန်းသို့ သွားရောက်ကာ ဆံပြုတ်သောက်နေသော ဆရာချစ်ခိုင်အား မေးလိုက်ပါသည်။

"အေးကွာ .. အဖျားတော့ လွတ်ပါပြီ။ ဒါပေမယ့် အားနည်းနေသေးတယ်ကွာ" ဆရာသည် ဆံပြုတ်ပန်းကန်ကို စားပွဲဝိုင်းကလေးပေါ်သို့ လှမ်းတင်ရင်းမှ ပြောလေသည်။

"အားနည်းတာလောက်ကတော့ အရေးမကြီးပါဘူး။ ဆရာရယ် နောက်သုံးလေးရက် ဆိုရင် အားပြန်ပြည့်လာမှာပါ"

ကျွန်တော်က အားပေးစကား ပြောလိုက်ရပါသည်။ သို့သော် ဆရာချစ်ခိုင်သည် အားနည်းသော မျက်လုံးများဖြင့် ကျွန်တော့်မျက်နှာကို စိုက်ကြည့်လိုက်ကာ "ငါတော့ကွာ .. ဒီရွာမှာတော့ နေချင်စိတ်မရှိတော့ပါဘူး" ဟု ခေါင်းကို ခါရမ်းရင်း ပြောလိုက်လေသောကြောင့် ကျွန်တော့်မှာ အတော်ပင် စိတ်ပျက်သွားရပါတော့သည်။

"ဆရာက ဘာပြုလို့ ဒီရွာမှာ မနေချင်တော့တာလဲ"

ကျွန်တော်က ကြောင့်ကျသော မျက်လုံးများဖြင့် သူ့အား ကြည့်၍ မေးလိုက်ပါသည်။

"ဒီလောကမှာ သရဲတစ္ဆေထက် ကြောက်စရာ ငါ့မှာ မရှိတော့ဘူးကွ။ ခုတော့ အရင်ဒီကျောင်းမှာ စာသင်သွားတဲ့ ဦးလာဘဟာ သရဲဖြစ်ပြီး၊ ငါ့ကို မလိုမုန်းထားစိတ်နဲ့ ခြောက်လှန့်နေပြီမဟုတ်ဘား။ ဒီတော့ ငါဒီရွာမှာ ဆက်နေလို့ ဖြစ်ဦးမှာတဲ့လားကွာ" ဆရာသည် စိတ်ပျက်လှသည့် အမူအရာဖြင့် ပြောလိုက်ပါလေသည်။

"ဆရာ့ကို ခြောက်တာဟာ တကယ့် သရဲ မဟုတ်ပါဘူး ဆရာ"

"ဘာ တကယ့် သရဲ မဟုတ်ဘူးလား"

ဆရာသည် မျက်လုံးမျက်ဆန်ပြူးစွာဖြင့် ကျွန်တော့်အား ကြည့်ရင်း မေးလိုက်ပါသည်။

"ဟုတ်ပါတယ် ဆရာ။ လူတစ်ယောက်ယောက်က ဆရာ့ကို မလိုမုန်းထားတဲ့ စိတ်နဲ့ ဒီကျောင်းက ထွက်ပြေးသွားအောင် ခြောက်လှန့်တာပါ"

ကျွန်တော်က ခပ်တည်တည် ခပ်အေးအေးပင် ပြောလေရာ ဆရာသည် ခေါင်းကို ခပ်စိုက်စိုက်လုပ်ထားပြီး တွေဝေစဉ်းစား၍ နေလေသည်။ ပြီးမှ ခေါင်းကို လေးလေးရမ်းခါလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ပါဘူး .. မဖြစ်နိုင်ဘူး။ မင်းပြောသလို ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဒီရွာမှာ ငါ့ကိုမလိုမုန်းထားမယ့်လူလည်း တစ်ယောက်မှ မရှိနိုင်ဘူး။ သရဲပဲ ဖြစ်ရမယ်"

ဆရာ့ စကားများကို ကြားရလေသောအခါ ကျွန်တော်သည် အတော်စိတ်ပျက်သွားမိသည်။ မှန်ပါ၏။ ဆရာကိုချစ်ခိုင်ကဲ့သို့သော ခေတ်ပညာတတ် လူတစ်ယောက်ကပင် ဤကဲ့သို့သော မရေမရာကိစ္စမျိုးကို ယုံကြည်နေပါက ကျွန်တော်တို့၏ တိုင်းပြည်၏ ဤအစွဲအလမ်းမျိုးသည် မည်သည့် ကမ္ဘာသို့တိုင်အောင် အစွန့်ရှည်နေဦးမည်ကို မတွေးရဲအောင်ပင် ရှိနေရပါတော့သည်။

"ဆရာ တည်ထောင်ခဲ့တဲ့ ကျောင်းကို ပစ်ထားရစ်ခဲ့တော့မှာလည်း ဆရာ"

ကျွန်တော်က ကြေကွဲဝမ်းနည်းသံနှင့် မေးလိုက်မိပါသည်။ ဆရာသည် ကျွန်တော့်အား ကြင်နာသနားသော မျက်လုံးများဖြင့် တစ်ချက်စိုက်ကြည့်လိုက်ပြီး သက်ပြင်းကို လေးတွဲစွာ ဆွဲ၍ချလိုက်လေသည်။

ဆရာသည် ကျွန်တော်၏ အမေးစကားကို မဖြေကြားဘဲ ကျောင်းခန်း ပြတင်းမှနေကာ အပြင်ဘက်သို့ ငေးကြည့်နေသည်။ အပြင်ဘက်တွင် လင်းရောင်ပြိုးပြိုး သစ်ထွန်းနေကာ နှင်းနိုင်လွန်သားကို မြင်တွေ့နေရပေသည်။

"ဆရာ့ ကြိုးပမ်းချက် ဆရာ့ရည်ရွယ်ချက်ကြီး အကောင်အထည် ပေါ်လာကာမှ ဒီဘာမဟုတ်တဲ့ သရဲခြောက်တဲ့ ကိစ္စလေးနဲ့ ဆရာ့အောင်မြင်မှုကို စွန့်လွှတ်ခဲ့တော့မှာလား ဆရာရယ်။ တကယ်တော့ ဒီကျောင်းကြီးမှာ ဆရာ တစ်ယောက်သာ မရှိတော့ဘူးဆိုရင် အတော်ကို အခြေအနေ ဆိုးတော့မှာပါ"

ကျွန်တော့်သည် ဤသို့ ပြောလိုက်သောအခါ ဆရာကိုချစ်ခိုင်သည် သက်ပြင်းရှည်ကို လေးတွဲစွာ ဆွဲ၍ချလိုက်ပါသည်။

"မင်းတို့ ဦးဖြူသီး ဂိုဏ်းသားတွေကတော့ သရဲခြောက်တယ်ဆိုတာကို မယုံကြည်တော့ အသေးအဖွဲ့လို့ပဲ ပြောကြမှာပေါ့ကွာ။ ငါ့အဖို့ကတော့ အတော်ကို ခက်နေပြီကွ"

ဆရာသည် အလွန်စိတ်မချမ်းမြေ့သော လေသံဖြင့် ပြောနေပြန်ရာ ကျွန်တော်သည် ဆရာ့အား ကြည့်ရင်း သနားနေမိတော့သည်။

"အေးလေ .. အခြေအနေဆက်ကြည့်ဦးမယ်။ နောက်ကို ဒီဘုန်းကြီးသရဲက လာမနှောင့်ယှက်တော့ဘူး ဆိုရင်တော့ ငါလည်း ဘယ်မှ မသွား



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူးကွာ" ဆရာ၏ စကားသံကို ကြားရသောအခါ ကျွန်တော်သည် အနည်းငယ် ကျေနပ်မှုရလာလေသည်။ ဘာပဲဖြစ်ဖြစ် ဤသရဲခြောက်မှုကို အမြန်ဆုံး ကျွန်တော်က ဖော်ထုတ်ရပေတော့မည်။ သို့မှသာပဲ ကျွန်တော် ချစ်ခိုင်အားကိုးသော ဆရာချစ်ခိုင်သည် ထိုရွာနှင့် ကျောင်းတွင် တည်မြဲနေတော့မည် မဟုတ်ပါလား"

ကျွန်တော်ဆရာ့အခန်းမှ ပြန်ထွက်လာသောအခါ ကျောင်းတက်ခေါင်းလောင်းသံကို ကြားရသဖြင့် စာသင်ခန်းသို့ ပြေးလာခဲ့ရလေသည်။

သင်ခန်းစာများကို သင်အံနေရသော်လည်း ကျွန်တော်၏ မျက်စေ့ထဲတွင် စာလုံးများကို မမြင် ဦးထုပ်ကြီးဆောင်းကာ မှန်ရှေ့၌ ပီတိဖြစ်နေသော ဦးစန္ဒိမအား ယခုသုံးလေးရက်အတွင်း၌ ကျွန်တော် အမိဖမ်းရချေတော့မည်။ သရဲယောင်ဆောင်၍ ခြောက်လှန့်သူတစ်ဦးအား ဖမ်းဖို့ရန် မလွယ်ကူပါပေ ခြောက်နေသော အချိန် သို့မဟုတ် ခြောက်ပါသည်ဟု ထောက်ပြနိုင်လောက်အောင် ခိုင်မာသည့် အထောက်အထားများရှိဖို့လိုသည်။ ဒါကို ကျွန်တော် ဘယ်သို့ ရှာဖွေမည်နည်း။

သူသည် ဘယ်နေ့ဘယ်ရက်တွင် သရဲယောင်ဆောင်၍ ဘယ်နေ့ ဘယ်ရက် ဘယ်အချိန်၌ ခြောက်လှန့်ပါမည်ဟု ကိုယ့်အား သူက ချိန်းဆိုမည် တဲ့လား။ ဒါကို ကိုယ်က မည်သို့ ကြိုတင်သတင်းရရှိအောင် စုံစမ်းရပါမည်လဲ။

နောက်တစ်ခု သူက မခြောက်တော့မည်တိုင်အောင် သူသည် သရဲယောင်ဆောင်၍ ခြောက်ပါသည်ဟု ဘာကိုအထောက်အထားပြမည်နည်း။ သင်္ကေတလက္ခဏာ ဦးထုပ်တစ်ခုကိုသာ ပြရချေမည်။ ဦးထုပ်ဟူသည် လူတိုင်းဝယ် ဆောင်းနိုင်၏။ ဒါပေမယ့် ဘုန်းကြီးနှင့် ဦးထုပ်သည် မအပ်စပ်သော အရာဖြစ်သည်။ သို့တိုင်လည်း သူ့ဘက်က ငြင်းချက်ထုတ်နိုင်ပေသေးသည်။ ထိုဦးထုပ်မှာ သူ့ဟာမဟုတ် ကျောင်းသားတစ်ဦး၏ ဦးထုပ်ဖြစ်ပါသည်ဟု သူက ဆိုနိုင်၏။

တစ်ခုတော့ ရှိသည်။ ထိုဦးထုပ်ကို သူပိုင်အဖြစ် ဝယ်ယူထားကြောင်း သေချာအောင် စုံစမ်းမေးမြန်းနိုင်လျှင် သဲလွန်စသည် ရရှိနိုင်မည်။ ဟုတ်ပြီ ... ထိုအချက်ကို ပထမဆုံး စုံစမ်းထောက်လှမ်းရပေမည်။

ကျွန်တော်၏ ဦးနှောက်မှာ ကြည်လင်၍လာသည်။ စိတ်နှလုံးလည်း ချမ်းမြေ့လာ၏။ ကျွန်တော်သည် လေချွန်ယင်းဖြင့် ကျောင်းလှေကားဆီသို့ လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ဦးဖြူသီး"

လေ့ကား ခြေရင်းဆီသို့ ကျွန်တော် ရောက်ရှိသောအခါ ကျောင်းပေါ်မှ ဆင်းလာသော ဦးဖြူသီးအား မြင်ရသဖြင့် ကျွန်တော့် ပါးစပ်မှ အားရပါးရ အသံထွက်သွားလေသည်။

"ဘယ့်နှယ်လဲဟေ့ .. မင်း အခု စုံထောက်ကြီးလုပ်နေတယ်ဆို"

ဦးဖြူသီးက ဘယ်လိုသဘောနှင့် မေးလိုက်သည်မသိသော်လည်း ကျွန်တော်ကတော့ သရော်သည် ထင်မှတ်ကာ ဒေါပွသွားမိသည်။

"မသရော်ပါနဲ့ဗျာ .. ခင်ဗျားမရှိလို့ ကျွန်တော်က ခင်ဗျားနေရာကို အစားခဏဝင်ယူတာပါ"

"ကောင်းပါတယ်ကွာ။ လုပ်သာလုပ်ပါ။ မင်းရဲ့အစွမ်းအစကလေးနဲ့လည်း တစ်ခါတလေ အမှုပေါ်ရင် ကောင်းပါတယ်"

ဦးဖြူသီးသည် တကယ်စိတ်ထားစေတနာ ဖြူစင်စွာဖြင့်ပြောနေသည်မှာ သူ၏မျက်နှာ အမူအရာနှင့် အသံက ထင်ရှားနေလေသည်။

ကျွန်တော်လည်း ကြိုးတော့ ကြိုးစားတာပဲဗျ။ ဒါပေမယ့် လွန်စနဲ့တော့ အတော်ဝေးနေသေးတာပဲ။ ဒါနဲ့ ကျွန်တော် ဒီသရဲခြောက်မှုမှာ စုံစမ်းနေတယ်ဆိုတာ ခင်ဗျားကို ဉာဏ်သာ ပြောတာ မဟုတ်လား"

"ဟုတ်ပါတယ် မင်းထင်တာ မလွဲပါဘူး"

"ကျွန်တော် လူပေါင်းမှားခဲ့တယ်ဗျာ။ ဉာဏ်သာကို ယုံကြည်မိတဲ့အတွက် ကျွန်တော်အဖို့ သဲလွန်စနဲ့ ဝေးခဲ့ရတာပေါ့ဗျာ။ အမှန်တော့ ဉာဏ်သာနဲ့ ဦးစန္ဒိမနဲ့ ပေါင်းပြီး ဒီသရဲခြောက်မှုကို ဖန်တီးတာပဲဗျ

ကျွန်တော်က ဤသို့ ပြောပြလေရာ ဦးဖြူသီးသည် ဂရုတစိုက် နားထောင်နေလေသည်။

"သူတို့က ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

"လာဗျာ .. ဒီမှာပြောလို့ မကောင်းဘူး။ သိမ်ထဲမှာ လူရှင်းပါတယ်။ အဲဒီမှာ ကျွန်တော် အကုန်ပြောပြမယ်"

ဦးဖြူသီးအား ကျွန်တော် ဤသို့ ခေါ်ပြီးနောက် သိမ်မည်းဘက်သို့ လာခဲ့သည်။ သိမ်မှာပတ်လည်မှ ပျဉ်များဖြင့် ကာရံထားကာ တံခါးတစ်ပေါက်တည်း ရှိလေသဖြင့် ကျွန်တော်တို့သည် သိမ်ထဲသို့ ရောက်ရှိသည်နှင့် တံခါးပိတ်လိုက်ကာ ဦးဖြူသီးကို ထိုအမှုအား ကျွန်တော် လိုက်ခဲ့ပုံအလုံးစုံနှင့် ထင်မြင်ချက်များကို ပြောပြလိုက်ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖြူသီးသည် ထိုအမှုအား ကျွန်တော်ပင် ဆက်လက်စုံစမ်းရန် တိုက်တွန်း၏။ လိုအပ်သော အကူအညီကိုလည်း သူကပေးမည်ဟု ပြောပါသည်။ ကျွန်တော်သည် ဦးဖြူသီး ပြန်လည်ရောက်ရှိလာခြင်းအတွက် အားတက်ရလေသည်။ ဘာပဲဖြစ်ဖြစ် ဒီတစ်ပွဲတွင်တော့ ကျွန်တော်ပင် ဇာတ်လိုက်စုံထောက်ကြီးအဖြစ်နှင့် ပါဝင်ဆင်နွှဲရမည် မဟုတ်ပါလား။

အစက တွက်ဆထားသည့်အတိုင်းပင် ကျွန်တော်သည် ဦးစန္ဒိမ၏ ဦးထုပ်ကိစ္စကို အရင်စုံစမ်းလေသည်။ ထင်သည့်အတိုင်းပင် ဦးစန္ဒိမသည် လွန်ခဲ့သောလဆန်းက တရုတ်ရှုတ်ဆိုင်တစ်ဆိုင်မှ ဦးထုပ်တစ်လုံး ဝယ်ယူသွားကြောင်း သတင်းရရှိလေတော့သည်။ သို့သော ကျွန်တော်သည် ထိုသတင်းကို သက်သေခံတစ်ခု အခိုင်အလုံပြနိုင်ဖို့ လိုအပ်နေပြန်ချေသည်။ သို့ကြောင့် ထိုကိစ္စကို ဆက်လက်ကြိုးစားရပြန်လေသည်။

ရက်ပေါင်းအတော်ကြာ၍ သွားပြီဖြစ်သော်လည်း ကျွန်တော်သည် ဦးစန္ဒိမ ဦးထုပ်ဝယ်ခြင်းကိစ္စ၌ သက်သေအထောက်အထား မပြနိုင်ပဲ ရှိနေခဲ့ရပါသည်။

ယခုအခါ၌ ဆရာချစ်ခိုင်သည် ကျောင်းစွာ ကျန်းမာလာပြီး ဖြစ်သောကြောင့် ကျောင်းတက်ခဲ့သည်မှာလည်း ၃ ရက်မျှရှိချေပြီ။ သူသည် နေ့ဘက်၌ ကျောင်းတက်သော်လည်း ညအခါများတွင် လုံးဝအပြင်သို့ မထွက်တော့ဘဲ သူ၏အခန်းထဲ၌သာ ကုတ်၍နေခဲ့လေတော့၏။

တစ်ည ကျွန်တော်တို့ ကျောင်းသားများ စုဝေးစကားပြောနေကြစဉ် သတင်းဆန်းတစ်ခုသည် ရုတ်တရက် ကျွန်တော်တို့ထံသို့ ရောက်ရှိလာလေသည်။ ထိုသတင်းကား ...

ဆရာချစ်ခိုင်ကို စာသင်တဲ့ဇရပ်က သရဲခြောက်ပြန်ပြီတဲ့။ သရဲယောင်ဆောင်၍ ခြောက်သော ဆရာဘလင်းကိုလည်း ဖမ်းမိပြီတဲ့ ဟူသတည်း။

သတင်းကြားလျှင် ကြားချင်း ကျွန်တော်သည် စာသင်ကျောင်းဇရပ်ဆီသို့ ပြေးသွားခဲ့သည်။ ဇရပ်တွင် လူတစ်ယောက်မှ မတွေ့ရလေသောအခါ ရွာထဲသို့ လိုက်ခဲ့၏။ ရွာထဲတွင် လူများ ရုတ်ရုတ်သဲသဲ ရှိနေကြသည်။ လူများသည် သူကြီးအိမ်ဘက်ဆီသို့ စုရုံးလာနေကြသည်။ ကျွန်တော်သည် ထိုလူအုပ်များနှင့်အတူ သူကြီးအိမ်သို့ ရောက်၍လိုက်ခဲ့၏။

သူကြီးအိမ်ဝင်းထဲတွင် လူများ ပြည့်ကြပ်နေလေသည်။

"ဟေ့ လူတွေ ကိုယ့်အိမ်ကို ပြန်ကြ။ ဘာလာလုပ်ကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆယ်အိမ်ခေါင်းကိုပြန့်ကြီးသည် ကျယ်လောင်သောအသံကြီးနှင့် ဟစ်အော်လိုက်သံကို ကြားရသည်။ လူအုပ်ကြီးကား နောက်သို့ ဆုတ်သည်မရှိ ရှေ့သို့သာ တိုးတက်နေကြကာ။

"လူယုတ်မာ ဆရာကို ထုတ်ပေး"

ပထမတွင် ကျောင်းသားအရွယ် လူငယ်တစ်ဦး၏ အော်သံကို ကြားလိုက်ရပြီ လူအုပ်ကြီးကလည်း။

"ထုတ်ပေး .. ထုတ်ပေး" ဟု လိုက်အောင်သံကို ကြားရပြန်ရာ ကျွန်တော်မှာ ကြက်သီးများပင်ထ၍ သွားမိပါတော့သည်။

"ဟော့ .. လူတွေ ဒီအိမ်ဝင်းထဲက အမြန်ထွက်ကြ မထွက်ရင် သေနတ်စာ ဖြစ်သွားလိမ့်မယ်"

သူကြီးသည် ၂ လုံးပူးသေနတ်နှင့် ကိုင်မြှောက်ရင်းက ပြောနေပြန်သည်။ လူအုပ်ကြီးကား နောက်သို့ဆုတ်သည်မရှိဘဲ ရှေ့သို့သာ တိုး၍တက်ခဲ့ကာ "လူယုတ်မာဆရာကို ထုတ်ပေး" ဟု တစ်ခဲနက် အော်နေကြပြန်တော့သည်။ ယင်းသို့ လူအုပ်ကြီး တက်ကြွနေခိုက် ဦးဖြူသီးသည် သူကြီးအိမ်ဖိနပ်ချွတ်ရှိ စားပွဲပေါ်သို့ တက်ကာ။

"ဒီမှာ လူထုကြီးခင်ဗျား ကျွန်တော်အစီရင်ခံပါရစေ။ ဆရာဘလင်းဟာ သူ့မကောင်းမှုကို သူခံရမှာပါ။ ခင်ဗျားတို့အေးအေးသာ ပြန်သွားကြပါ" ဟု ပြောသော်လည်း လူထုကြီးကတော့ နောက်သို့ တွန့်ဆုတ်သည်ဟူ၍ မရှိဘဲ ရှေ့သို့သာ တိုး၍ တိုး၍ တက်နေကြလေသည်။ ယင်းအဖြစ်ကြောင့် ဦးဖြူသီးသည် မျက်နှာကို ရှုံ့မဲ့သွားကာ စားပွဲပေါ်မှ ကပျာကယာ ဆင်း၍ သွားလေတော့၏။ ဦးဖြူသီးသွား၍ တအောင့်ကြာသော် ဆရာကိုချစ်ခိုင်သည် စားပွဲပေါ်သို့ တက်ရောက်လာပြန်လေသည်။

"လူထုကြီးခင်ဗျား တဆိတ်လောက်ကျေးဇူးပြု၍ ကျွန်တော့်စကားကို နားထောင်စေချင်ပါတယ်။ ကျွန်တော် အခုပြောချင်တာက ဆရာလေးကိုဘလင်းဟာ သူ့အပြစ်သူခံဖို့ အသင့်ရှိနေပါပြီ ဒါကို ဒီက လူထုကြီးက အဓမ္မနည်းနဲ့ နှိပ်စက်ဦးမယ်ဆိုရင် တရားပါ့မလား။ အဲလိုမတရားမှုကိုတော့ ဘုရားလည်း မကြိုက်ဘူး။ ကျွန်တော်လည်း မလိုလားပါဘူး။ ဒီက လူထုကြီးဟာလည်း တရားနည်းမှန်ကို နှစ်သက်ကြလိမ့်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါကြောင့် သူ့အပြစ်သူခံရရှာမယ့် ဆရာလေးကို လူထုကြီးက ခွင့်လွှတ်ကြပါ။ အကယ်၍ခွင့်မလွှတ်နိုင်ဘဲ ဖွတ်လုပ်ကြမယ်ဆိုရင်တော့ ကျွန်တော်ဟာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီတရားမရှိတဲ့ရွာမှာ ဘယ်လိုမှ ဆက်လက်နေလို့ ဖြစ်နိုင်တော့မှာ မဟုတ်တဲ့ အတွက် ကျွန်တော့်ကို ခင်ရင်ချစ်ရင် ဒေါသစိတ်ကို သိမ်းဆည်းလိုက်ကြပါတော့ ခင်ဗျာ"

ဆရာကိုချစ်ခိုင်၏ စကားဆုံးလေသောအခါ လူထုကြီးသည် ငြိမ်သက်စွာနှင့်ပင် သူကြီးအိမ်အတွင်းမှ ထွက်ခွာသွားကြလေတော့၏။ ကျွန်တော်လည်း လူထုကြီးနှင့်အတူ ဆုတ်ခွာကာ ကျောင်းသို့ ပြန်ခဲ့ရလေသည်။

ဦးဖြူသီးနှင့် ဆရာချစ်ခိုင်တို့သည်း ညဆယ်တစ်နာရီထိုးကာ နီးမှ ကျောင်းသို့ ပြန်ရောက်လာကြလေသည်။

"ဘယ်နှယ့် ဦးဖြူသီး၊ ခင်ဗျားက ကျွန်တော့်ကို အရှုးဖြစ်အောင် တစ်ပတ်ရိုက်လိုက်တာပေါ့ ဟုတ်လား"

ကျွန်တော်သည် ဦးဖြူသီးအား အခန်းသို့ လိုက်သွားကာ ဒေါနှင့် မောနှင့် ပြောလိုက်ပါသည်။

"ဆရာလေးက ဘယ့်နှယ် ကျွန်တော့် လာဒေါပွနေရလဲ ခင်ဗျာ"

ဦးဖြူသီးသည် ကလေးငယ်တစ်ယောက်၏ အမူအရာဖြင့် ကျွန်တော့်အား ပြန်မေးပါသည်။

"လုပ်ပါ လုပ်ပါ။ ခင်ဗျား လူကြီး ကျွန်တော်က ကလေးပါ"

"ဩ .. ခက်ပဲခက်ရချည်ရဲ့ကွာ။ မင်းကို ငါက ဘာများလုပ်လို့လဲ ကောင်လေးရ" ဦးဖြူသီးသည် ခပ်တည်တည်ပင် ပြန်၍မေးလိုက်လေသည်။

"အစကတော့ ခင်ဗျားပဲ ဒီအမှုကို ကျွန်တော် ဆက်လိုက်ဖို့ ပြောခဲ့တယ် မဟုတ်လား"

ကျွန်တော်သည် အရောင်တောက်လောက်သော မျက်လုံးများဖြင့် သူ့အား စိုက်ကြည့်ပြီး မေးလိုက်ပါသည်။

"ဟုတ်တယ်ကွာ။ ဒါပေမယ့် ဒီရက်လောက်မှာမှ ဒီသရဲခြောက်မှု မပေါ်ရင် ဆရာချစ်ခိုင်ဟာ ဒီရွာက ပြေးပြီးသားပဲကွ။ ဒါကြောင့် ငါက မင်းကို စောင့်မနေနိုင်ဘဲ အမြန်ဆုံးဖော်ထုတ်လိုက်ရတာပဲ"

ဦးဖြူသီးက ယခုလို ရှင်းပြလေသောအခါ ကျွန်တော်သည် ကျေနပ်ခဲ့ရပေ၏။ ဒါပေမယ့်လည်း ရုတ်တရက် ကျေနပ်သော အမူအရာကို မပြသေးဘဲ ခပ်စုစုလုပ်၍နေလိုက်ပါသည်။

"ဘယ့်နှယ်လဲ ဆရာလေး။ ကျေနပ်ပါရဲ့လား" ဦးဖြူသီးက မေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တော့ဗျာ။ ဆရာကိုဘလင်းကို ဘယ်လိုမှ မထင်ခဲ့မိဘူး"

ကျွန်တော်က သူ့အမေးကို ပြန်မဖြေဘဲ တခြားတစ်ခုကို ပြောလိုက်သည်။

"အေး .. အဲလိုမထင်တာက ဖြစ်တတ်တာပဲကွ။ အမှန်တော့ မင်းအတွက် လွဲနေလို့ပါ။ အစကတည်းက မင်းလည်း ဆရာဘလင်းကို ထည့်စဉ်းစားရင် ပေါ်နိုင်တယ်"

"ဘယ်လို စဉ်းစားရမှာလဲ"

"ဒီလိုကွာ ဆရာချစ်ခိုင်ဟာ ဆယ်တန်းမအောင်ဘူး။ ဆရာဘလင်းက ဆယ်တန်းအောင်တယ်။ ဒါပေမယ့် ဆရာချစ်ခိုင်က ကျောင်းစထောင်ခဲ့လို့ ကျောင်းအုပ်ဆရာကြီး ဖြစ်နေတယ်။ ဆရာဘလင်းကတော့ လက်ထောက်ဆရာပဲ။ ဖြစ်နေရတယ် မဟုတ်လား။ ဒါကြောင့် ဆရာဘလင်းက ဘုန်းကြီးသရဲယောင်ဆောင်ပြီး သရဲအလွန်ကြောက်တတ်တဲ့ ဆရာချစ်ခိုင်ကို ဒီရွာက ထွက်ပြေးရအောင် ချောက်တာပေါ့ ဆရာချစ်ခိုင်မရှိရင် သူကျောင်းအုပ်ကြီး ဖြစ်ရမယ် မဟုတ်လား"

ကျွန်တော်သည် ဦးဖြူသီး၏ တွေးခေါ်ချက်များကို အထူးတလည် လေးစား၍ သွားမိပါတော့သည်။

"အင်း ဒါတော့ မှန်ပြီ။ သူ့ကို ဖမ်းနိုင်ဖို့က ဘယ်လို အကွက်ဆင်လိုက်တာလဲ" ကျွန်တော်သည် သူ့ထံမှ နည်းနာနိသျှလေးများ ရရှိနိုင်ရန် မေးလိုက် ရပြန်သည်။

"အမှန်တော့ ဆရာဘလင်းဟာ ငါ့ကို တော်တော် အထင်သေးတယ်နဲ့ တူပါတယ်။ ဒါမှမဟုတ်လည်း ဒီကိစ္စမှာ ငါက မင်းလိုက်နေတယ်ဆိုတဲ့အနေနဲ့ မြားဦးတစ်ဘက်လှည့်ပြထားတာကို ယုံကြည်နေလို့ပဲလား မသိဘူး။ ဒီလောက်လွယ်မယ် မထင်ဘဲနဲ့ ပိုက်ထဲတန်းတိုးတာပဲကွာ ဟဲ .. ဟဲ"

"ကဲဗျာ .. ကိုယ်ရည်သွေးလုပ်မနေစမ်းပါနဲ့။ ပြောမှာပြောစမ်းပါ"

"ဒီလိုကွာ ငါက ဆရာချစ်ခိုင်ကို အကျိုးအကြောင်း ပြောပြပြီး ရွာထဲထွက်လည်ခိုင်းတယ်။ ပြီးတော့မှ သူကြီးတို့ ဆယ်အိမ်ခေါင်းတို့နဲ့ စောင့်ဖမ်းတာပါပဲ"

သူပြောတော့လည်း အတော်ပင် လွယ်လှပါသည်။ ဒါပေမယ့် ကျွန်တော်သည် ဤတစ်ပွဲ၌ နာမည်ကျော်ကြားရတော့မည်ဟူသော မျှော်လင့်ချက်ကြီး ကုန်ဆုံးရလေသောကြောင့် စိတ်ပျက်သွားရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## မာဒယာကြီး

"ဦးဖြူသီး ကျွန်တော်တို့အိမ်မှာ မနက်ဖြန် ဆွမ်းကျွေးရှိတယ်။ ဘုန်းတော်ကြီးကြွလာရင် ဦးဖြူသီးလည်း လိုက်ခဲ့ပါ"

အင်းခြောက်ရွာမှ ကိုစံရသည် ဦးဖြူသီးနှင့် ကျွန်တော် ဦးဖြူသီး အခန်းထဲ၌ ရှိနေစဉ် လာရောက်ဖိတ်ကြားလေသည်။

"ခင်ဗျားက ဆွမ်းတွေဘာတွေ ကျွေးတယ်ဆိုတော့ စီးပွားလမ်း အတော်ဖြောင့်နေတယ်ပေါ့ ဟုတ်လား"

"စီးပွားလမ်းဖြောင့်လှတယ်လို့တော့ မဟုတ်ဘူးပေါ့ဗျာ။ ဒီနှစ်အိမ် ကလေးအသစ် ပြင်ဆောက်လို့ အိမ်တက်မင်္ဂလာအဖြစ်နဲ့ ဘုန်းတော်ကြီး ငါးပါး ဆွမ်းကျွေးတာပါပဲ"

"အင်း .. ဒါနကုသိုလ်ဆိုတာ ပြုနိုင်ရင် ကောင်းတာပဲပေါ့လေ"

ဦးဖြူသီးက ခပ်အေးအေးပင် ပြန်၍ ပြောလိုက်လေသည်။

"ဦးဖြူသီး ဆက်ဆက်လာခဲ့ပါဗျာနော် .. ကျွန်တော်တို့ရွာမှာ လောကီလောကုတ္တရာဘက်က အတော်နဲ့စပ်တဲ့ ဆေးဆရာတစ်ယောက်လည်း ရောက်နေပါတယ်။ ခင်ဗျား သူနဲ့ စကားပြောရရင် ပျင်းစရာအကြောင်း မရှိပါဘူး။ စိတ်ဝင်စားပါလိမ့်မယ်"

ကိုစံရသည် ဦးဖြူသီးအား အလွန်လာစေချင်သော အမူအရာဖြင့် ဖိတ်ခေါ်နေခြင်းဖြစ်လေသည်။

"လာခဲ့ပါမယ်ဗျာ .. လာခဲ့ပါမယ်။ ကျုပ်ကလည်း အစားအသောက် နဲ့ ဖိတ်ခေါ်ရင် ဘယ်တော့မှ ဦးမလေးခဲ့ပါဘူး ဟဲ .. ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာပါတယ်ဗျာ။ ကဲ .. ဒါဖြင့် ကျွန်တော် ပြမယ်"

ဦးဖြူသီးက ခေါင်းငြိမ့်လိုက်လေ၏။

"ခင်ဗျားမရှက်ဘူးလား"

ကျွန်တော်က မျက်နှာထား ခပ်တင်းတင်းနှင့် ဦးဖြူသီးအား မေးလိုက်သည်။

"ဘာလဲကွ .. ဘာရှက်ရမှာလဲ"

သူက ကျွန်တော့်အား တအံ့တသြ ပြန်မေးလေသည်။

"ခင်ဗျား အစားငမ်းတာ ဖွင့်ပြောတာလေ"

"ဟား .. ဟား .. ငါ့ မတော်တာများ ပေါ်သွားသလားလို့ စားချင်တာ စားချင်တယ်ပြောတာ ရှက်စရာလေးကွ"

"ခင်ဗျားက လူကြီး လူကောင်းမှမဆန်ဘဲ"

"အေးဒါတော့ ဟုတ်တယ် .. ငါဝန်ခံတယ်။ လူကြီးလူကောင်း ဆိုတာ စားချင်တာ စားချင်တယ်လို့ ဘယ်တော့မှ မပြောဘူး"

ကျွန်တော်မှာ သူ့စကားကြောင့် အူလယ်လယ်ဖြစ်၍ သွားရလေတော့၏။

"ခင်ဗျား ဘာကို ပြောလိုက်တာလဲ ဦးဖြူသီး"

"မင်းက တောသားလည်းဆိုသေးရဲ့ ပျူစောခမောက်လည်း ကြောက်သေးရဲ့။ လူကြီးလူကောင်းဆိုပြီး ဒီနေ့ လူ့လောကရဲ့ ထိပ်ဆုံးမှာ ရောက်နေတဲ့ လူတွေဟာ ဟန်ဆောင်မှုတွေနဲ့ လိမ်ညာနေကြတာပဲ မို့လားကွ"

သည်တော့မှပင် ကျွန်တော့်အဖို့ ရှင်းလင်းသွားတော့၏။

"မင်းကော လိုက်မယ်မို့လား"

"ဘယ်ကိုလဲ"

"အဲဒီဆွမ်းကျွေးကိုလေ"

"မလိုက်ချင်ပါဘူး။ ခင်ဗျားကို ဖိတ်တဲ့ဥစ္စပဲ"

"ဟုတ်ကဲ့ .. ခင်ဗျားလေးကို တသီးတသန့် ဖိတ်နေရဦးမယ်"

"ဒါတော့ဗျာ .. ခင်ဗျားနဲ့ ကျွန်တော်ဟာ နှစ်ဘက်ချွန်ပဲဥစ္စာ"

"ဟော့ .. မင်းကြည့်ပြီး ပုံခိုင်းကွ။ လူသတ်လက်နက်တွေ ဘာတွေနဲ့ မနိုင်းကောင်းဘူး။ အာပတ်သင့်တတ်တယ်"

"ဟာ .. ခင်ဗျားကလည်း ဘာလူသတ်လက်နက်တဲ့ဗျ"

ကျွန်တော်က အူကြောင်ကြောင်နှင့် ပြန်၍မေးလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ဘက်ချွန်ဆိုတာ လူသတ်လက်နက်ပေါ့ကွ။ လူမိုက်လူဆိုး သူခိုးဓါးပြတွေ ကိုင်တဲ့ ဒုတ်ပဲကွ"

"ကျွန်တော်လည်း အဲဒီအဓိပ္ပါယ်နဲ့ ပြောတာ မဟုတ်ဘူးဗျ"

"နို့ ဘယ်နှစ်ဘက်ချွန်လဲ။ အမေရိကန်ကပွဲတွေ တက်မျောက်က က,ခဲ့တဲ့ နှစ်ဘက်ချွန်လား။ သူကသာဆိုးသေးတယ်။ ပြည်တွင်းငြိမ်းချမ်းရေး ကို ရဖို့ကို အပြုတ်တိုက်ရမယ် ကြွေးကျော်နေတော့ .. သာပြီး လူသတ်လက် နက် ဖြစ်နေတာပေါ့"

"ဒါတွေဘာတွေ ကျွန်တော် နားမလည်ဘူးဗျာ။ ကျွန်တော်ဆိုလို တာက ခင်ဗျားနဲ့ ကျွန်တော်နဲ့ဟာ တိုင်ပင်ဖော်တိုင်ပင်ဖက် ဖြစ်ကျလို့ နှစ်ဘက် ချွန် ဒုတ်လို အတူပါရမယ်ဆိုတဲ့ အဓိပ္ပါယ်ပဲ"

"အင်း .. မင်းအဓိပ္ပါယ်နဲ့ မင်းတော့ ဟုတ်မှာပေါ့။ ငါကလည်း နှစ်ဘက်ချွန်ဆိုတဲ့ အသံကြားရင် မျက်စိထဲမှာ သွေးတွေချည့် မြင်မြင်နေမိလို့ ကွ။ ဒီလိုဆိုမင်းလည်း လိုက်မယ်ပေါ့"

"လိုက်မယ်လေ"

"ဘာလို့ ဒါလောက်ငြင်းနေရတာလဲ"

ကျွန်တော်နှင့် ဦးဖြူသီး ဤသို့စကားကောင်းနေစဉ် ဘုရားဝတ် တက်ရန် ကြေးစည်ရိုက်သံ ကြားလိုက်ရသည်နှင့် နေရာမှ ထခဲ့ကြရပါတော့ သည်။ နောက်တစ်နေ့နံနက်တွင် ကျွန်တော်နှင့် ဦးဖြူသီးသည် ဘုန်းတော် ကြီးများနှင့်အတူ အင်းခြောက်ရွာကို ကိုစံရ ဆွမ်းကျွေးသို့ လာခဲ့ကြသည်။

ကိုစံရမှာ ကိုယ်ပိုင်ကိုယ်လုပ် လယ်ကလေး တတုံးထွန်ကို လုပ်ကိုင် နေသူ ဖြစ်သဖြင့် သူတို့ရွာရှိ လယ်ကူလီများထက်တော့ ချောင်လည်သည်ဟု ဆိုရပါမည်။ သို့သော် သူသည်လည်း ကြွေးကင်းသည်တော့ မဟုတ်။ ယခု ဆွမ်းကျွေး လုပ်ဖို့ကိုပင် ကျွန်တော်ရွာမှ တရုတ်ကျော့ဝထံမှ စပါးပေးယူရ သည်ဟု သိရပါသည်။ ဗုဒ္ဓဘာသာတို့၏ ရိုးရာအရသာအိမ်သစ်ဆောက်လျှင် အိမ်တက် ပရိတ်နာခြင်း၊ ဆွမ်းကျွေးခြင်းအမှုကို ပြုလုပ်လိုလှသည်ကြောင့် နှောင်ခါလာမှ နှောင်ခါဈေး သဘောထားကာ စပါးပေးယူ၍ပြုလုပ်ရခြင်း ဖြစ်လေသည်။

သူ၏အိမ်မှာ သစ်ပေါဝါးပေါ ဒေသပင်ဖြစ်သော်လည်း သစ်ကြီး ဝါးကြီးများနှင့် ဆောက်လုပ်နိုင်ခြင်းမရှိဘဲ ဖြစ်ကတတ်ဆန်း တိုင်လုံးကလေး များနှင့် ဝါးကြမ်းခင်း စလူမိုးစလူကာသာ ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးများသည် ဆွမ်းစားပြီး၍ ပြန်ကြွသွားသော်လည်း ဦးဖြူသီးမှာ ထိုရွာသို့ မကြာမီက ရောက်ရှိနေသည်ဆိုသော ဆရာစိန်ဆိုသူ ဓာတ်ဘိန်းဓာပယောဂါ နက္ခတ်ဗေဒင် လက်နိုပ်ဝိဇ္ဇာ(အမယ်လေးပညာ ဂုဏ်ထူးတွေကလည်း များလိုက်တာ) ဆိုသူနှင့် စကားကျောရှည်နေသောကြောင့် မပြန်နိုင်သေးဘဲ ရှိလေရာ ကျွန်တော်မှာ ပျင်းပျင်းနှင့်ပင် သူတို့အနီး၌ တုံးလုံးလုံ့ရင်း စောင့်စားနေရပါတော့သည်။

"ကဲ .. ဦးဖြူသီးနဲ့ ဆရာနဲ့ စကားပြောနေကြပေဦးတော့။ ကျွန်တော့်နွားတွေ ဟိုဘက်ပျိုးခင်းဆီ သွားနေလို့ လိုက်မောင်းလိုက်ဦးမယ်" ကိုစံရက လက်ဖက်ရည်ကြမ်းကရားကို လာချကာ ဤသို့ ပြောပြီး ထွက်သွားလေ၏။

"ဆရာစိန်ဟာ ဒီလောက်ပညာတွေ စုံလျက်သားနဲ့ ဘာလို့ ဒီလိုတောရွာ ဇနပုဒ်တွေမှာ လျှောက်နေရတာလဲ။ ဆရာ မြို့ပေါ်တက် ဆိုင်းဘုတ်ကြီးကြီးချိတ်ပြီး ကျကျနန ဆေးကုစားပါလား"

ဆရာစိန်က သူ၏ပညာစွမ်းများကို လေရှည်ကြီးနှင့်ထုတ်ဖော် ဝင့်ကြွားပြီးသည်၏အဆုံးတွင် ဦးဖြူသီးက ကောက်ကာငင်ကာ ပြောလိုက်လေသည်။

"အဟဲ .. ဟဲ .. ကိုဖြူသီးက ဒီလိုအကြံပေးတာကို အများကြီးကျေးဇူးတင်ပါတယ်။ ကျုပ်ဟာ ငါးပါးသီလကို အမြဲစောင့်ထိန်းပြီး သတ္တဝါတွေကို ဝဋ်ဒုက္ခမှ ကယ်တင်နိုင်ရန် ဘုရားဆုကို တောင်းထားလေတော့ ကြီးပွားချမ်းသာဖို့ဆိုတာကို လုံးလုံးအလိုမရှိပါဘူး။ အမှန်က ဒီကျေးလက်တောရွာတွေမှာဆိုရင် ရောဂါဝေဒနာရယ်လို့ ဖြစ်လာရင် ကုစားကယ်တင်နိုင်တဲ့ ဆေးဝါးတို့ ဆရာတို့မရှိလေတော့ အဲဒီကျေးလက်တောရွာသူ တောရွာသားတွေ ကျန်းမာချမ်းသာရေး ရှေ့ရှုပြီး ဒီလိုဒုက္ခပါရမီဖြည့်နေတာပါပဲ"

"သာဓု ဆရာ .. သာဓု ကျွန်တော်မသိလို့ အကြံပေးမိတဲ့အတွက် ခွင့်လွှတ်ပါ။ ဆရာ့မှာ ဒီလိုလောဘစိတ် ဆိတ်သုဉ်းပြီး သတ္တဝါတွေကို သနားမေတ္တာ ထားနိုင်တယ်ဆိုတာကိုပဲ ကြည်ညိုလို့ မဆုံးပါဘူး"

ဦးဖြူသီး၏ မြှောက်လုံးသည် ဆရာစိန်၏မျက်နှာကို ပြုံးစေ၏။ ဦးဖြူသီးနှင့် ဆရာစိန်တို့ စကားကောင်းနေကြစဉ် ပုခက်တွင်းမှ ကလေးငယ်သည် တအယ်အယ်ငိုနေလေ၏။ ကလေးငယ်ငိုသဖြင့် မီးဖိုခန်းထဲ၌ အလုပ်များနေဟန်ရှိသော ကိုစံရ၏ဇနီး မငွေမှုံသည် ပုခက်ဆီသို့ သုတ်သုတ်လျှောက်လာကာ ပုခက်ကို တုံ့လွှဲပေး၏။



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်မှာ အငိုမတိတ် ပို၍ ပို၍သာ ငိုလာလေသည်။ ငိုလွန်းမက ငိုအားကြီးသောအခါတွင် မိခင်သည် သားငယ်အား ပုခက်တွင်းမှ ပွေ့ယူကာ နို့တိုက်ချော့မော့၏။ ကလေးငယ်ကား နို့ကိုမစို့ ခါးကလေးကော့၍ အပြင်းအထန်သာ ငိုရှာတော့သည်။

"လုပ်ပါဦးဆရာ ကျွန်မသားလေး ဘယ်လိုဖြစ်တာလဲ မသိဘူး"

မငွေမှုံသည် ကလေးကို ပွေ့ချီကာ မျက်ကလဲ ဆံပြာနှင့် ဆရာစိန်အား ပြောလေသည်။

"ဟာ .. မာဒယာကြီးဖမ်းပြီ" ဆရာစိန်၏ စကားကြောင့် မငွေမှုံ၏ မျက်နှာမှာ ထိတ်လန့်စိုးရွံ့သွားရှာလေသည်။

"လုပ်ပါဦးဆရာ။ ကျွန်မသားကလေးကို ကယ်ပါဦး"

မငွေမှုံသည် အင်မတန်စိုးရိမ်လှသော အမူအရာဖြင့် ဆရာစိန်အား တိုးလျှိုးတောင်းပန်ရှာ၏။

"ဆရာ ကုပေးမယ်လေ။ ကန်တော့ပွဲတစ်ပွဲ အမြန်ပြင်ပါ"

မငွေမှုံက မျက်နှာကို ရှုံ့မဲ့ရင်း ပြန်မေးလေသည်။ ထိုစဉ်တွင် ကိုစံရလည်း ပြန်ရောက်လာ၏။ ကလေးမှာ တက်မတတ်ချက်မတတ် ငိုနေရှာလေသည်။ ကိုစံရသည် ကလေးအား ဝင်၍ပွေ့၏။

"အုန်း၊ ငှက်ပျောနဲ့ ပိတ်ဖြူထည့်ရမှာပေါ့"

"ဒီရွာမှာ ချက်ချင်းဝယ်လို့ ရမယ် မဟုတ်ဘူးဆရာ။ ဈေးဆိုင်မှ မရှိဘဲ"

မငွေမှုံက ဤသို့ပြောလိုက်သည်တွင် ဆရာစိန်သည် တွေဝေစဉ်းစားနေ၏။

"ကဲ .. ဒါဖြင့် ပန်းကန်ပြားတစ်ခုထဲကို ကွမ်းသီးနဲ့ ကွမ်းထည့်ပြီးတော့ ပိတ်ဖြူအတွက် ငွေငါးကျပ်ထည့်လိုက်ရင် ရပါတယ်"

ငွေငါးကျပ်ဆိုသော စကားကြောင့် ကိုစံရနှင့် မငွေမှုံတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"ဟိုဘက်အိမ်က ဦးသင်းဆီ သွားချေးကွာ။ သူမနေ့က ဝက်သားရောင်းထားတာ ရှိဦးမှာပေါ့။ မနက်ဖြန် ဖောင်ကြီးသွားပြီး စပါးပေးထပ်ယူဆပ်မယ်"

ကိုစံရက ဤသို့ပြောလိုက်သည်တွင် မငွေမှုံသည် တစ်ဖက်အိမ်ဆီသို့ အပြေးဆင်းသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုစံရ ကန်တော့ပွဲတွေ ဘာတွေ လုပ်မနေပါနဲ့။ ခင်ဗျား ကလေး လေနာတာပါ။ ရေနံဆီကလေး မီးနွေးအောင် ကင်ပြီးတော့ ဗိုက်လူး အဝတ်ကလေးနဲ့ ပတ်ထားလိုက် တအောင့်နေရင် သက်သာသွားမှာပဲ"

ဦးဖြူသီးသည် တစ်ချိန်လုံး ငြိမ်နေခဲ့ရာမှ ဤသို့ ဝင်၍ပြောလိုက်သဖြင့် ဆရာစိန်က မျက်မှောင်ကုတ်၍ ဦးဖြူသီးအား စိုက်ကြည့်နေလေသည်။ ပြီးမှ ... "ဘာ ..လေနာတာဟုတ်လား။ မာဒယာကြီးမှ မာဒယာကြီးကွ။ မင်းက ဘယ်လောက်နားလည်လို့လဲ"

ထိုသို့ရှိစဉ် မငွေမှုံသည် ငါးကျပ်တန် စက္ကူကလေးကို ကိုင်၍ အိမ်ပေါ်သို့ တက်ရောက်လာခဲ့လေသည်။

"ငွေမှုံရေ ကန်တော့ပွဲ မြန်မြန်ပြင်ပါဟေ့"

ကိုစံရက ဤသို့ လှမ်းပြောလိုက်သဖြင့် မငွေမှုံသည် ပန်းကန်ပြား တစ်ချပ်တွင် ကွမ်းသီးနှင့် ကွမ်း ငွေငါးကျပ်တန်ထည့်ကာ ဆရာစိန်၏ ရှေ့သို့ လာရောက်ချပေးလေသည်။

"ဟဲ့ အုန်းဆီရှိသလား"

ဆရာစိန်က မေးလိုက်ပြန်၏။

"ရှိပါတယ် ဆရာ"

"ဒါဖြင့် ဆီမန်းရအောင်၊ လက်ဖက်ရည်ကြမ်းပန်းကန်နဲ့ ထည့်ခဲ့ဦး"

ဆရာစိန် အမိန့်အတိုင်း မငွေမှုံက ပြုလုပ်ပေးလေသည်။

ဆရာစိန်သည် ဆီမန်းပန်းကန်အား ဦးခံ၍ ၂ မိနစ်ခန့် မန်းပြီး သူ့ ဆေးလွယ်အိတ်ထဲမှ ပုလင်းတစ်ခုကို ထုတ်ယူလိုက်ကာ မည်းညစ်ညစ်အမှုန့်များ ဆီမန်းပန်းကန်ထဲထည့်၍ လက်ညှိုးလက်ညှိုးဖြင့် မွှေဖျော်လိုက်ပြီး ...

"ရော့ .. ကလေးဗိုက်ကို လူးပေးလိုက် လူးပြီး အဝတ်နဲ့ ပတ်ထားကြားလား။ တော်တော်နဲ့ နို့မတိုက်နဲ့ဦး"

မငွေမှုံသည် ဆရာစိန် ပြောသည့်အတိုင်းလုပ်၏။ ၁၅ မိနစ်ခန့်ကြာသည်တွင် ကလေးမှာ အနည်းငယ် သက်သာ၍သွားလေသည်။

"ရော့ .. ရော့ အဲဒီဆေးလေး နည်းနည်းခွဲ့ပေး"

ဆရာစိန်က ပုလင်းတစ်ခုမှ ဖြူဖြူဆေးမှုန့်များကို စက္ကူကလေးထဲ သွန်ထည့်ပြီး ပေးလိုက်ပြန်လေသည်။

ဆေးခွဲ့ပြီး တအောင့်လောက်ကြာသောအခိုက်တွင် ကလေးသည် အတော်သက်သာရာရသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. ဆရာသွားလိုက်ဦးမယ် .. ကလေးလည်း သက်သာပါပြီ"

ဆရာစိန်က ဤသို့ပြောကာ ထရန်နေရာပြင်ရင်း ပန်းကန်ပြားထဲမှ ငါးကျပ်တန်ကလေးကို ကောက်ယူလိုက်စဉ် ဦးဖြူသီးက ငါးကျပ်တန်ကို ဖက်ခနဲ ဆွဲလုယူလိုက်သဖြင့် ဆရာစိန်မှာ ကြောင်သွား၏။

ကျွန်တော်နှင့် ကိုစံရတို့လင်မယားလည်း ကြောင်ကြည့်နေမိ၏။

"မင်း ဘာလုပ်တာလဲ" ဆရာစိန်က ဒေါသမီးလျှံထနေသော မျက်လုံးဖြင့် ဦးဖြူသီးအား စိုက်ကြည့်ရင်း မေးလိုက်သည်။

"ခင်ဗျားကကော ဘာလုပ်တာလဲ"

ဦးဖြူသီးကလည်း ပြန်မေးလိုက်၏။

"ငါ့ပိုက်ဆံ ငါယူတာ"

"ခင်ဗျား ပိုက်ဆံ မဟုတ်ဘူး"

"ငါကန်တော့ပွဲထဲကဟာ ငါ့ပိုက်ဆံမဟုတ်လို့ မင်းအမေ့လင်ပိုက်ဆံလား"

"ကန်တော့ပွဲက ခင်ဗျား ညာပြီး အပြင်ခိုင်းတာပဲ"

"ဘာညာလို့လဲ"

"လေနာနေတာတဲ့ ကလေးကို မာဒယာကြီးဆိုပြီး ညာကန်တော့ပွဲ ပြင်ခိုင်းတာလေ။ ပြီးတော့ ခင်ဗျားက အုန်းဆီကို မန်းချင်ယောင်ဆောင်ပြီး ဆေးခေါင်းပြာတွေနဲ့ ထည့်လိမ်းခိုင်းတာကော၊ ဒါကြောင့် ကလေးလေနာ သက်သွားတာပေါ့။ ပြီးတော့လည်း လေမျိုးရှစ်ဆယ် လျှက်ဆား ခွံ့ခိုင်းသေးတယ်"

ဦးဖြူသီးစကားကြောင့် ဆရာစိန် ငိုင်နေလေသည်။

"အို .. ဘာပဲဖြစ်ဖြစ် ငါကုလို့ ပျောက်တာ ငါ့ပိုက်ဆံပဲပေါ့"

"စောစောက ခင်ဗျားပြောတော့ ဘုရားဆုပန်မို့ သတ္တဝါတွေ သနား လွန်းလို့ လိုက်ဆေးကုပေးနေတာဆို .. ဘာလို့ ပိုက်ဆံယူတော့မလဲ"

"ခွပ် ..."

ဦးဖြူသီး၏ စကားအဆုံးတွင် ဆရာစိန်၏လက်သီးချက်က ဦးဖြူသီး မေးရိုးကို ထိရိုက်လိုက်သဖြင့် ဦးဖြူသီးသည် ကြမ်းပြင်ပေါ်သို့ "ဘိုင်း" ခနဲ လဲကျသွားရှာလေတော့သည်။

"ဟား .. ဟား လူရှုပ် ငါ့အကြောင်းသိပါလား"

ဆရာစိန်သည် လက်သီးကို တင်းကြပ်စွာ ဆုပ်ထားရင်း ပြုံးဖြီးဖြီး မျက်နှာဖြင့် ဦးဖြူသီးအား ငုံ့ကြည့်ရာမှ ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ လွှန်မယ် ဆရာ" ကိုစံရသည် ဆရာစိန်၏ လက်ကို လာ၍ဆွဲ၏။

ဦးဖြူသီးသည် လဲနေရာမှ မျက်နှာကို ရှုံ့မဲ့၍ ထလာကာ ဆရာစိန်အား တိုက်ခိုက်ရန် အသင့်ပြင်လိုက်လေသည်။ ကျွန်တော့် ရင်ထဲတွင် ဦးဖြူသီးသည် တစ်ပွဲ၌ခံလိုက်သောကြောင့် အတော်အောင့်သက်သက် ဖြစ်နေမိလေသည်။

"ငါ့ ငွေငါးကျပ်ပေး"

ဆရာစိန်က ပြောလိုက်လေသည်။

"မပေးဘူး"

"ကဲကွာ"

ဆရာစိန်က လက်သီးကို ချိန်ရွယ်၍ တအားထိုးထည့်လိုက်၏။ ဦးဖြူသီးသည် ဆရာစိန်၏ ကိုယ်လုံးဆီသို့ ပြေးကပ်ကာ ဖက်၍လုံးလေတော့သည်။

ဆရာစိန်မှာ ဗလကြီး၍ ဦးဖြူသီး၏ ကိုယ်ကလေးကို အတင်း ဖိစီးထားလေသည်။ ဆူညံသံများကြောင့် ရွာကလေးမှ လူများ ဝိုင်းအုံလာကြလေသည်။

ကျွန်တော်မှာ ဦးဖြူသီး ရှုံးနေသဖြင့် ကြံရာမရနိုင်သည့်အဆုံး ဆရာစိန်၏ ကျောပြင်ကြီးပေါ်သို့ ခွထိုင်ကာ နားရွက်ကို တအားကုန်း၍ ကိုက်ရလေတော့၏။

"အမယ်လေး သေပါပြီ"

ဆရာစိန်သည် ဤသို့အော်ပြီး ဦးဖြူသီးကို လွှတ်ကာ ထွက်ပြေးသွားတော့သည်။ ကျွန်တော်ကား ပက်လက်လန် လဲကျကျန်ခဲ့၏။

ကျွန်တော် လူးလဲထပြီး တံတွေးထွေးလိုက်သည်တွင် ဆရာစိန်၏ နားရွက်ဖျားကလေးသည် တံတွေးနှင့်အတူ ကြမ်းပြင်ပေါ်သို့ ကျရောက်သွားလေတော့သတည်း။

"ဒီတစ်ပွဲတော့ ခင်ဗျားအတော်ခံလိုက်ရတာပဲဗျို့ ဦးဖြူသီး"

ရွာသို့ ပြန်အလာတွင် ဦးဖြူသီးအား ကျွန်တော်က ပြောလိုက်လေသည်။

"အေး .. မင်းသာဝင်မကူရင် ဒီငနဲကြီးက အသေများ သတ်မလားမသိဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကလည်းဗျာ .. သူတို့ဘာသာ သဒ္ဓါလို့ ပေးတဲ့ပိုက်ဆံကို ဘာလို့ ဒီလောက်တောင် ကြားကဝင်ပြီး တွန့်တိုနေရတာလဲ"

"ကိုစံရတို့က ဆရာစိန်ကို သဒ္ဓါလို့ ပေးတာ မဟုတ်ဘူးကွ။ သူတို့ ခမျာတွေမှာ ဒီငွေငါးကျပ်အတွက် မတန်တဆအတိုးကြီးပေးပြီး စပါးပေးယူရမှာကွ။ ဒီလို မသိနားမလည်တဲ့ တောသူတောင်သားတွေကိုမှ ရက်ရက်စက်စက် လိုက်ညာနေတဲ့ လူမျိုးတွေကိုတော့ ငါက တစ်သက်လုံး အလျှော့မပေးဘူး။ အသက်သေချင်လည်း သေပေစေ"

"ဒါဖြင့် ခင်ဗျားက ပြည်သူတွေဘက်က အမြဲခုခံတိုက်ခိုက်နေတဲ့ ပြည်သူ့ သရဲခေါင်းကြီးပေါ့"

"ဘယ်ဟုတ်မလဲ။ ငါက ပြည်သူ့ တစ္ဆေခေါင်းကွ"

***

www.burmeseclassic.com

www.burmeseclassic.com

## သူခဏတ်ပြာ

"ဟော့ .. မင်းဘတော်လျှိုး လိုက်ဦးမှာလား"

နေ့ခင်း ကျောင်းဆင်းချိန်တွင် ကျွန်တော်မှာ ဂေါင်ပုံပစ်တမ်း ကစားနေရာမှ ပြေးရလွှားရသဖြင့် ရေဆာလှသောကြောင့် ရေသောက်ရန် ကျောင်းပေါ်သို့ အတက်တွင် ကျောင်းပေါ်မှ ဆင်း၍ လာသော ဦးဖြူသီးနှင့် လှေကားအလယ်လောက်၌ ဆုံမိသည်ဖြစ်၍ ဦးဖြူသီးက မေးလိုက်ခြင်းဖြစ်ပါသည်။

"ဘယ်က ဘတော်ရှိုးလဲ ဦးဖြူသီးရ"

ကျွန်တော်က သူ့စကား အဓိပ္ပါယ်ကို နားမလည်သောကြောင့် သူ့မျက်နှာအား အတန်ကြာစွာ ကြောင်ကြည့်နေပြီးမှ ဤသို့ ပြန်၍ မေးလိုက်ရလေသည်။

"ဟို .. မင်းကုန်းရွာက ဦးပဋ္ဌင်း ဦးညာဏဝံသရဲ့ ဘတော်ရှိုးလေကွာ"

"ဩော် .. ဘတော်ပျံပါ ဘယ်က .. ဘတော်လျှိုးမှာလဲ"

ကျွန်တော်က ယခုမှပင် မင်းကုန်းရွာ၌ ဘတော်ပျံရှိသည်ကို သတိရမိတော့ကာ ဦးဖြူသီးအား ဤသို့ ပြန်၍ ပြောလိုက်လေသည်။

"အေး .. လူတို့ဝေါဟာရကတော့ ဘုန်းကြီးကို ကိုရင်တို့ သူတို့ရဲ့ အမိအဘတို့ သေရင်ပျံတယ်လို့ သုံးကြတာပဲ။ ဒါပေမယ့် ဘယ်ဒီလူတွေ သေတိုင်း ပျံချည့်နေမှာလဲကွာ။ အကုသိုလ်များတဲ့ လူကတော့ လျှိုးရမှာပေါ့။ အခု ဦးညာဏဝံသရဲ့ ဘတော်ကတော့ လျှိုးဖို့ လမ်းပိုများပါတယ်။ ဘာပြုလို့လဲဆိုတော့ သူက ချပုန်းခဲတွေနဲ့ အမြင်ါးထောင်ပြီး ရောင်းစားနေတဲ့ လူကွ။



www.burmeseclassic.com

www.burmeseclassic.com



ချုပုန်းခဲ တစ်ခဲမှာဆိုရင် အသက်တွေ မနည်းဘူးပါတယ်။ အဲဒီတော့ သူ့မှာ ငါးရလည်း ပါဏာတိပါတာကံထိုက်၊ ငါးမရလည်း ပါဏာတိပါတာကံထိုက်၊ အမြဲမလွတ်တမ်း အကုသိုလ်ကတော့ မြောက်နေတာပဲ။ ဒီလို ပါဏာတိပါတာကံ အမြဲထိုက်နေတဲ့ လူတစ်ယောက်ဟာ ဘယ်လိုနည်းနဲ့ နတ်ပြည်ဗြဟ္မာပြည် အစရှိတဲ့ အထက်ဘက်ကို ပျံတက်နိုင်မှာလဲကွ။ အောက်ဘက်ကိုသာ လျှိုးရမှာပေါ့"

ဦးဖြူသီးက လှေကားလက်တန်းကို ကျောနှင့်မှီထားကာ ဤသို့ရှည်လျားစွာ ရှင်းလင်း၍ ပြနေပြန်သည်နှင့် ကျွန်တော်က ...

"ဟာ ဦးဖြူသီးကလည်း ကြံကြံစီစီ ပြောရှာ့မယ်" ဟု ပြောကာ ရေသောက်ရန် ကျောင်းပေါ်သို့ တက်ခဲ့ရလေသည်။

"ဟေ့ မင်းလိုက်မှာလားကွ"

ကျွန်တော်က လှေကားထိပ်သို့ အရောက်တွင် သူက အော်၍မေးပြန်သည်နှင့် ...

"ဦးဖြူသီး သွားတဲ့လမ်းများ ကျွန်တော် ဘယ်တုန်းကမှ လိုက်ဘူးလို့လဲ ဦးဖြူသီးရ" ဟု ကျွန်တော်က ပြန်၍ပြောလိုက်ပြန်တော့သည်။

"အေး .. ဒါဖြင့် ညနေငါးနာရီကို အရှေ့ဘက် ကမ်းက ဆယ်အိမ်ခေါင်း ကိုရွှေသော် လှည်းနဲ့ တို့သွားကြဖို့ စီစဉ်ထားတယ်။ မင်း အချိန်မီ အဆင်သင့် ဖြစ်အောင်လုပ်ထား" ဟုပြောကာ အောက်သို့ဆင်းသွားသဖြင့် ကျွန်တော်မှာလည်း ရေအိုးရှိရာသို့ သွားပြီး ရေသောက်လိုက်ပါတော့၏။

ညနေ ကျောင်းလွှတ်ချိန်သို့ ရောက်သည်တွင် ဦးဖြူသီးနှင့် ကျွန်တော်တို့မှာ အဝတ်အစားများ ထည့်သော လွယ်အိတ်များ တစ်ကိုယ်တစ်လုံးစီ လွယ်လျက် ငမိုးရိပ်ချောင်းကို ဖြတ်ကူးခဲ့ပြီး အရှေ့ဘက်ကမ်း ဆယ်အိမ်ခေါင်း ကိုရွှေသော်၏ အိမ်သို့ လာကြရာ ဆယ်အိမ်ခေါင်း ကိုရွှေသော်မှာ နွားများကို လှည်းအနီးသို့ အဆင်သင့် ယူ၍ထားပြီး ကျွန်တော်တို့အား စောင့်စားလျက်ရှိလေသည်။

"ဘယ့်နှယ် ကိုရွှေသော် ကျွန်တော်တို့ကို စောင့်နေရသလား"

ဦးဖြူသီးက အနီးသို့ ရောက်၍ ဤသို့ နှုတ်ဆက်လိုက်သည်နှင့် ကိုရွှေသော်က ဘယ်တော့မှ မတိုက်မချွတ်သဖြင့် အရင်းတွင် ဖြူညစ်ညစ်သွားချေးများ တုတက်၍ အဖျားပိုင်းမှာ ညိုကြောင်ကြောင်ဖြစ်နေသော သူ၏ရှေ့သွားများ ပေါ်အောင်ပြုံးလိုက်ကာ...။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့ကလည်းဗျာ၊ ခရီးသွားမည့်အရေး ကလေးတွေများနှင့်တိုက်နေသလား မသိဘူး ကြာလိုက်တာ" ဟု ပြောပြီး နွားများကို လှည်းထမ်းပိုးအောက်သို့ ဆွဲသွင်းလေတော့သည်။

"ခင်ဗျား အိမ်က ဘယ်သူမှ မလိုက်ကြတော့ဘူးလား။ ကိုရွှေသော်"

လှည်းတက်ပြီး၍ နွားများကို ကိုရွှေသော်က တောက်ခေါက်ကာ စတင် မောင်းနှင်လိုက်သည်တွင် ဦးဖြူသီးက မေးလိုက်လေသည်။

"အိမ်က နမတော် ပုပု ကဇွန်းဥက စောစောကတော့ လိုက်မလိုလို ပြောပြီး ခုတော့ ဘာစိတ်ကောက်သွားတယ် မသိပါဘူး ... ဦးဖြူသီးရာ မလိုက်တော့ဘူးတဲ့"

ကိုရွှေသော်က ဤသို့ပြန်၍ ပြောလိုက်သည်တွင် သူ့ပါးစပ်မှ ချက်အရက်နံ့များသည် ကျွန်တော်၏ နှာခေါင်းထဲသို့ ထိုးဝင်လာသောကြောင့် ကျွန်တော်က မသိမသာ ပြန်မှုတ်ထုတ်လိုက်လေသည်။ ဆယ်အိမ်ခေါင်း ကိုရွှေသော်မှာ ချက်အရက်ကလေး တမြမြသောက်ပြီး ရယ်စရာရွှင်စရာတို့ကို ပြောဆိုရယ်မောတတ်သဖြင့် ရပ်ရွာလူကြီးလူငယ်မရွေး သူ့အား ချစ်ခင်ကြလေသည်။ ယခုမင်းကုန်းရွာ ဘတော်ပွဲသို့ လာရခြင်းမှာလည်း မင်းကုန်းသူကြီး ကိုကျော်ငြိမ်းက သူ့အား တမင်မှာထားသဖြင့် ကိုရွှေသော်က ဦးဖြူသီးအား တစ်ဆင့်ဖိတ်ခေါ်လာခြင်း ဖြစ်လေသည်။ ကျွန်တော်တို့ လိုက်ပါလာသော ကိုရွှေသော်၏လှည်းသည် ကွင်းပြင်တစ်ခုကို ကျော်ဖြတ်ပြီး၊ ဝါးရုံများ ထူထပ်သော ကုန်းပြန့်လှည်းလမ်းပေါ်တွင် မောင်းနှင်လျက်ရှိလေသည်။ ထိုအချိန်ဝယ် နေမင်းသည် အနောက်တောတန်းကြီးအောက်သို့ ငုတ်လျှိုးပျောက်ကွယ်သွားပြီးဖြစ်သဖြင့် အလင်းရောင်မှာ ညှိုးမှိန်၍ နေလေတော့သည်။ ကိုရွှေသော်က နွားများအား ကြိမ်လုံးအဖျားတွင် တပ်၍ထားသော သံချွန်ဖြင့် ထိုးကာထိုးကာ မောင်းနှင်လျက် ရှိသော်လည်း သူ၏နွားများမှာ နွားအိုနွားပိန်များဖြစ်သဖြင့် ကိုရွှေသော် အရင်လိုသလောက် မပြေးနိုင်ရှာဘဲ ဖင်များကိုသာ လိမ်၍လိမ်၍ ခံနေလေသည်။

နွားများက ရှေ့သို့မပြေးဘဲ ဖင်လိမ်၍နေလေ .. ကိုရွှေသော်က ဒေါပွလေဖြစ်ကာ သံချွန်နှင့် ကျိတ်၍ ကျိတ်၍ ထိုးသဖြင့် နွားမီးဒူးများမှ သွေးပေါက်တွေစို့ထွက်လာတော့သည်နှင့် ဦးဖြူသီးက ...

"ဖြည်းဖြည်းပဲ သွားပါစေ ကိုရွှေသော်ရာ။ ခင်ဗျားလှည်းစီးရတာ ကျွန်တော်ဖြင့် အားတောင်နာလာပါပြီ" ဟု ရှုံ့မဲ့ရင်း ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com


"မဟုတ်ဘူး ဦးဖြူသီးရ။ ဒီနွားတွေ အရင်က သိပ်ကောင်းတာ ချွန်ဆင်ဟန်ကို ဖွားဖွား .. ဖွားဖွား နေတဲ့ကောင်တွေ ခုမှ ဘယ်လိုဖြစ်လို့ မသွားတယ်မသိဘူး"

"ခင်ဗျားနွားတွေလည်း ပြန်ကြည့်ပါဦး ကိုရွှေသော်ရဲ့။ ပြေးနိုင်ဖို့ နေနေသာသာ လှည်းကိုတောင် မနည်းရုန်းနေတဲ့ ဥစ္စာပဲ"

"ဟုတ်ပါတယ်လေ .. သူတို့တွေလည်း အားမရှိတော့ မပြေးနိုင်ကြဘူးနဲ့ တူပါတယ်"

ကိုရွှေသော်က ယခုမှ သဘောပေါက်၍ သွားတော့ကာ နွားများအား သံချွန်ဖြင့် မထိုးတော့ဘဲ ခပ်အေးအေး မောင်းနှင်၍နေလေတော့၏။

အမှောင်သည် တစ်စတစ်စ တောတောင်များပေါ်သို့ အုပ်မိုး၍လာလေသည်။ တန်ခူးလ၏ လပြည့်ကျော် ၃ ရက်ဖြစ်သဖြင့် လ သည်လည်း ထွက်ပေါ်၍မလာသေး။ ကျွန်တော်တို့၏ လှည်းမှာ တောတောင်ထဲတွင် တကျွိကျွိ မြည်ရင်း တအိအိ သွား၍ နေလေသည်။ လှည်းသည် နေးလွန်းလှသဖြင့် ကျွန်တော်မှာ လှည်းစီးရသည်ကိုပင် ပျင်းညည်းငွေ့ပြီး သန်းကာအိပ်ချင်၍လာ၏။

"ဟိုဟာ .. ဘာတွေလဲဗျို့ .. ကိုရွှေသော်"

တိတ်ဆိတ်၍ နေကြရာမှ ဦးဖြူသီးက ဤသို့မေးလိုက်သောကြောင့် ကျွန်တော်၏ ရင်ထဲဝယ် ထိတ်ခနဲ ဖြစ်သွားမိကာ အိပ်ချင်စိတ်များလည်း ပျောက်ကွယ်၍ သွားတော့၏။

"ဘယ်ဟာတွေလည်း ဦးဖြူသီးရဲ့"

ကိုရွှေသော်ကတော့ ခပ်အေးအေးပဲ ပြန်၍မေးလေသည်။

"ဟိုအပင်အောက်က ပြောင်ပြောင်လင်းလင်းတွေဟာလေ"

ဦးဖြူသီးက ဝါးရုံတောထဲမှ သစ်ပင်တစ်ပင် ခြေရင်းကို လက်ညှိုးညွှန်ပြရင်း ပြောလိုက်လေသည်။

"ဩော် .. ဟိုအပင်အောက်က ဟာတွေလား .. သစ်စုန်းတွေပါ"

"သစ်စုန်းဟုတ်လား"

ကိုရွှေသော်က ရှင်းပြနေသော်လည်း ဦးဖြူသီးက နားမလည်းသဖြင့် ထပ်၍မေးနေပြန်သည်။

"ဟုတ်တယ် သစ်စုန်းတွေ၊ ဒီဟာတွေက အစိုဆိုရင် ခုလို မတောက်ဘူး .. ဦးဖြူသီးရ။ ခြောက်မှ တောက်တယ်။ အခုတောက်နေတာ အရှင်


www.burmeseclassic.com

www.burmeseclassic.com



ခြောက်တွေပေါ့။ အမယ် သူ့အရောင်က ပိုးစုန်းကြူးတို့ ကင်းစုန်းတို့ သဘောပဲ။ အလင်းထဲမှာဆို မတောက်ဘူး။ ရိုးရိုးသစ်ရွက်ခြောက်ပဲ။ အမှောင်ထဲကျမှ တောက်တာ"

"ဩ .. ဒီလိုကိုး။ လှည်းခဏ ရပ်ဦးဗျာ။ ကျွန်တော် သွားကောက်ချည်ဦးမယ်"

ဦးဖြူသီးက ဤသို့ပြောလိုက်သည်နှင့် ကိုရွှေသော်က နွားကြိုးများကို ဆွဲ၍ လှည်းရပ်ပေးလိုက်လေသည်။ ဦးဖြူသီးသည် လှည်းပေါ်မှ ဆင်းကာ သစ်စုန်းရွက်များရှိရာ သို့သွားလေတော့၏။

"ကိုရွှေသော် .. မီးခြစ်ပါရင် ခြစ်စမ်းဗျို့။ ဒီသစ်ရွက်ကို သေသေချာချာ ကြည့်ရအောင်"

ဦးဖြူသီးက သစ်ရွက်လေးငါးရွက်ကို ကောက်၍လာကာ လှည်းပေါ်သို့တက်ထိုက်ပြီး ပြောလိုက်သည်နှင့် ကိုရွှေသော်က သူ့အိတ်ထဲမှ မီးခြစ်ကို ထုတ်၍ခြစ်လိုက်သည်တွင် ပိုးစုန်းကြူးကဲ့သို့ လင်းနေသော သစ်ရွက်များမှာ အရောင်တွေ ပျောက်ကွယ်၍သွားပြီး ပကတိ သစ်ရွက်ခြောက်ကလေးများ ဖြစ်နေလေတော့၏။

"အင်း .. ဒီသစ်ရွက်တွေကို လူလိမ်လူညာတွေမှာ တွေ့ရတောင် ဘယ်လိုများ အသုံးချကြဦးမလဲဘဲ"

ဦးဖြူသီးက ဤသို့ပြောပြီး သစ်ရွက်များကို သူ၏ အပေါ်အင်္ကျီအိတ်ထဲသို့ ထည့်လိုက်လေတော့သည်။

အမှောင်သည် တဖြည်းဖြည်း ပြယ်၍ပြယ်၍ လင်း၍လင်းလာတော့ကာ တောတောင်အားလုံးမှာ လရောင်အောက်တွင် သာယာစိမ်းစို၍ နေလေတော့သည်။ ကျွန်တော်တို့၏ လှည်းသည် တရွေ့ရွေ့လှုပ်ရှားရင်းမှ ရွာခြေသို့ ကပ်၍လာပြီ ဖြစ်သဖြင့် ရေနံဆီမီးခွက်မှ အလင်းရောင် လက်လက်ကလေးများကို တွေ့မြင်ရလေတော့သည်။ မကြာမီ အတွင်း၌ မှာ လှည်းသည် ရွာလည်လမ်းထဲသို့ တအိအိ မောင်းနှင်ခဲ့ရာ ရွာလည်လောက်သို့ ရောက်ရှိသည်တွင် အောက်လင်းဓာတ်မီးကြီး ထိန်လင်းစွာ ထွန်း၍ထားပြီး လူများလှုပ်ရှား စည်ကားလှသော ပျဉ်ထောင်အိမ်ကြီးတစ်အိမ်ရှေ့မှာ ကိုရွှေသော်က လှည်းကို ရပ်လိုက်လေ၏။

"ဟာ .. ကိုရွှေသော်တို့ ရောက်လာကြပြီလား"

"ဩော် .. ဦးဖြူသီးတို့လည်း ပါကြသကိုး"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးရှေ့ ခတ်မီးအလင်းရောင် အောက်တွင် လှည်းရပ်လိုက်သည်နှင့် အရပ်ပုပု၊ မျက်နှာလုံးလုံး၊ မျက်လုံးပြူးပြူးမှာ နီရဲ၍ အဝတ်အစား ကပိုကရိုနှင့် လူတစ်ယောက်က အိမ်ပေါ်မှ နေ၍ပြောလိုက်လေသည်။

"လာဗျို့ ကိုရွှေသော်တို့၊ ဦးဖြူသီးတို့ အိမ်ပေါ်တက်ကြဗျာ။ ကိုရွှေသော် ခင်ဗျားလှည်းထားခဲ့ပါ။ ကျုပ်လူတွေ ကြည့်နေရာထားပါလိမ့်မယ်။ ဟော့ ဆယ်လီမန်း .. ကိုရွှေသော်တို့ လှည်းကိုဖြုတ်ပြီး နွားတွေကို ကောက်ရိုးစင်မှာ ကျကျနန ကျွေးထားဟေ့ .. ကြားလား"

မျက်လုံးနီနီနှင့် လူက အသံစွာစွာနှင့် ကျွန်တော်တို့ လူသိုက်အား အိမ်ပေါ်သို့ ဖိတ်ခေါ်လိုက်ပြီး သူ့တပည့်များ ဘက်သို့ လှည့်၍ အမိန့်ပေးလိုက်သည်နှင့် အသားမည်းမည်း ပိန်ပိန်ယောင်တစောင်းနှင့် လူတစ်ယောက်က...

"ဟုတ်ကဲ့ ဆရာ"

ဟု ပြန်၍ပြောကာ ကဗျာကယာ ကျွန်တော်တို့ လှည်းမှ နွားများကို လာ၍ ချွတ်လေတော့၏။

ကျွန်တော်တို့ အိမ်ပေါ်သို့ ရောက်၍ လူဝိုင်းထဲ၌ ထိုင်ချလိုက်သည်နှင့် ချက်အရက်နံ့သည် ထောင်းခနဲ ကျွန်တော့်နှာခေါင်းထဲသို့ တိုးဝင်လာပြန်ပါတော့၏။

"ကိုရွှေသော်တို့က တယ်နောက်ကျတာကိုးဗျ။ ဟောဒီက ပရိသတ်တွေကတော့ ညနေမိုးမချုပ်ခင် ကတည်းက ရောက်နေကြတယ်"

မျက်လုံးနီနှင့် လူက ကိုရွှေသော်၏အနီးတွင် ထိုင်ချလိုက်ရင်း ပြောလိုက်လေသည်။

"ကျွန်တော်လည်း စောစောက လာမယ်လို့ပဲ သူကြီးရ။ ဦးဖြူသီးတို့ စောင့်နေရတာနဲ့ နောက်ကျသွားတယ်"

ကိုရွှေသော်က သူကြီး ကိုကျော်ငြိမ်းအား ဤသို့ပြောလိုက်သည်နှင့်။

"ဟား .. ဟား .. ဟား .. ခင်ဗျား နွားတွေ မသွားတာကိုလည်း ထည့်ပြောပါဦး ကိုရွှေသော်ရဲ့" ဟု ဦးဖြူသီးက ပြောတော့မှ ကိုရွှေသော်က သွားချေးတက်နေသော သွားများပေါ်အောင် ပြုံးလိုက်လေ၏။

"ဟော့ စံရ .. ဆေးတွေ ဝါးတွေ ယူခဲ့လေကွာ။ တယ် .. အတဲ့ အကောင်ပဲ"

သူကြီးကိုကျော်ငြိမ်းက အိမ်တိုင်တွင် မှီလျက်နေသူတစ်ယောက်အား ကြိမ်းမောင်းအော်ငေါက်ကာ ပြောလိုက်သည်နှင့် ထိုသူက ကဗျာကယာ



www.burmeseclassic.com

www.burmeseclassic.com



ထဏာ မီးဖိုခန်းသို့ ဝင်သွားပြီး၊ ချက်အရက်ပုလင်းနှင့် ကြက်သားကြော်များကို ယူ၍လာကာ ကျွန်တော်တို့ရှေ့တွင် ချပေးလေသည်။

"ကဲ .. သောက်ကြစမ်းကြစမ်းဗျာ။ ပျော်ပျော်ပါးပါးပေါ့ ဦးဖြူသီးလည်း သောက်တယ် မဟုတ်လား"

ကိုကျော်ငြိမ်းက အရက်များကို လက်ဖက်ရည်ပန်းကန်ထဲသို့ ငှဲ့ထည့်လိုက်ပြီး ပြောလေသည်။

"သည်းခံပါ သူကြီး .. ဒါတစ်ခုတော့ ကျွန်တော်မျိုးလို့ မရလို့ပါ"

ဦးဖြူသီးက ဤသို့တောင်းပန်ငြင်းပယ်၍ နေသည်တွင် ကိုကျော်ငြိမ်းက ကျေမနပ်နှင့် ... "ဟာ .. ခင်ဗျားကလည်းဗျာ .. ခင်ဗျားက ရှောင်မနေစမ်းပါနဲ့။ ချလိုက်စမ်းပါ တစ်ခွက်လောက်" ဟုဆိုကာ အတင်းတိုက်တွန်းနေပြန်လေတော့သည်။

အရက်သမားတို့မည်သည် အရက်ဝိုင်းတွင် အတူနေက သောက်မှကျေနပ်ကြလေသည်။ ဦးဖြူသီးက ဘုရားတကာလုပ်နေ၍မရ။ အရက်ကြိုက်သော ကိုရွှေသော်နှင့် အတူလာမိသဖြင့်၊ အရက်ဝိုင်းသို့ ရောက်ရှိကာ အရက်သမားတို့၏တိုက်တွန်းချက်ကို မငြင်းပယ်နိုင်တော့ဘဲ။ သူ့ခံတွင်းနှင့် တစ်ခါမျှမထိတွေ့ဖူးသော ချက်အရက်ကို တောင်းတောင်းပန်ပန်ဖြင့် တစ်ငုံတော့ ငုံလိုက်ရသေးသည်။ ကျွန်တော့်အားလည်း ကိုရွှေသော်နှင့် ကိုကျော်ငြိမ်းတို့က အတင်းတိုက်မည်ပြုနေကြပြန်သောကြောင့် ဦးဖြူသီးက "ကောင်လေး မူးနေပါ့မယ်" ဆိုကာ မနည်းတောင်းပန်၍ထားသဖြင့် သက်သာရာရခဲ့ပေသေးသည်။ အရက်ဝိုင်းမှာ တစ်စတစ်စဆူညံလာကာ အချို့လူများလျှာရင်းလေးကြီးဖြင့် စကားမပီမသဖြစ်၍ လာကြပြီးနေရာတွင် ထိုးလဲကာ အိပ်ပျော်၍ သွားကြလေတော့၏။ ထိုသူများမူးသူမူး လဲသူလဲဖြစ်၍ ကုန်ကြပြီးသည်နောက်၊ ဦးဖြူသီး ကျွန်တော်နှင့် ကဒီချောင်းကုန်းရွာမှ ကော်မတီလူကြီး ဦးဘိုးဆိတ်တို့သာ လက်ဖက်ရည်ကြမ်း သောက်ကြရင်း၊ ဦးဘိုးဆိတ်နှင့် ဦးဖြူသီးတို့ စပ်မိစပ်ရာ စကားများ ပြောဆိုကြလေသည်။

စကားပြောရင်း ပြောရင်းဖြင့် ဦးဘိုးဆိတ်က ဦးဖြူသီးအား သူတို့ရွာမှ သတင်းတစ်ခုကို ဤသို့ပြောပြနေလေတော့၏။

"ကျွန်တော်တို့ရွာမှာ တစ်နေ့က ဆရာတစ်ယောက် ရောက်လာတယ် ကိုဖြူသီးရ။ အတော့်ကို စွမ်းတဲ့လူပါပဲဗျာ။ ကျွန်တော်တော့ အခုလောက် ကြီးလာပြီ။ ဒီဆရာလို စွမ်းတဲ့ ဆရာ တစ်ခါမှ မတွေ့ဖူးသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုစွမ်းပုံလဲ"

"ဒီလိုဗျ၊ ဒီဆရာက ဒန်ဖလားကို သူ့လက်နဲ့ ပွတ်လိုက်ရင် မကြာခင် အတွင်း အခိုးတွေ ထွက်လာပြီး၊ ဖလားကို ကြမ်းပေါ်မှ ခေါက်ချလိုက်တော့ ပြာတွေကျလာတာပဲ။ အဲဒီပြာကို လျှက်ရင် ကိုးဆယ့်ခြောက်ပါးရောဂါ အကုန် ကင်းတယ်ဆိုပဲ"

"ခင်ဗျားကော ဒီပြာလျှက်သေးသလား"

ဦးဖြူသီးက ပြုံး၍နားထောင်နေရာမှ မေးလိုက်လေတော့သည်။

"ဟာ .. လျှက်တာပေါ့။ ကျွန်တော်တွင် ဘယ်ကမလဲ တစ်ရွာလုံး ကလေးလူကြီး အကုန်လျှက်ကြတာပဲ"

"ဒါဖြင့် ခင်ဗျားတို့ရွာ အနာရောဂါ အကုန်ကင်းတဲ့ ရွာဖြစ်နေကြ ပြီပေါ့"

"ဒါပေမယ့် သူ့ပြာက သုံးရက်အတွင်းပဲ၊ အနာရောဂါ ကင်းနိုင်တယ် တဲ့ဗျာ။ သုံးရက်တစ်ခါ လျှက်လျှက်ပေးရတဲ့ သုခဓာတ်ပြာဆိုပဲ။ အဲဒါနောက် လျှက်ဖို့ ဆောင်ထားရမှာကတော့ ရေမွှေးပုလင်းအသေးစားကလေး တစ်ပုလင်း ကို ငါးကျပ်ပေးဝယ်ရတယ်"

"ခင်ဗျားတို့ရွာက အတော်ဝယ်လိုက်ကြပြီလား"

"ပိုက်ဆံရှိတဲ့ လူနှစ်ဦး သုံးဦးတော့ ဝယ်ပြီးကြပြီလေ။ ကျန်တဲ့လူ တွေတော့ မဝယ်ကြရသေးပါဘူး။ ကျွန်တော်တောင်မှ ငွေငါးကျပ်မရှိလို့ မဝယ် ရသေးဘူး"

"ခင်ဗျား ဘယ်တော့ပြန်မလဲ"

"မနက်ဖြန်ညနေ ဘတော်ပျံ သင်္ဂြိုဟ်ပြီးရင် ပြန်မှာပေါ့"

"ကျုပ်တို့လည်း ခင်ဗျားတို့ရွာကို လိုက်ဦးမယ်"

"လိုက်ခဲ့ပါ။ ကျွန်တော့်မှာ လှည်းပါပါတယ်"

"ဒါထက် ကိုရွှေသော်တို့လည်း မုးလဲကုန်ကြပြီ။ ဘတော်ပျံလုပ်တဲ့ ဘုန်းကြီးကျောင်းသွားကြဦးမှပဲ"

ဦးဖြူသီးက ဤသို့ပြောလိုက်သည်နှင့် မမူးဘဲ ကျန်ရှိနေကြသော ကျွန်တော်တို့သုံးယောက်သည် ဘတော်ပျံပြုလုပ်ရာ ရွာဦးကျောင်းဘက်သို့ သူကြီးကိုကျော်ငြိမ်းအိမ်မှ ဆင်းလျှောက်လာခဲ့ကြရပါ၏။

■



www.burmeseclassic.com

www.burmeseclassic.com



နံနက်ခင်းမှစ၍ ဘဇာတော်ပျံပြုလုပ်ရာ ကျောင်းပရဝုဏ်အတွင်းသို့ လူများတဖွဲဖွဲ ရောက်၍လာကြလေသည်။ ရပ်ရွာအပျိုကလေးများမှာ မျက်နှာပေါ်တွင် မစောမျက်နှာချေများကို ဖွေးနေအောင် လိမ်းသထားသဖြင့် တောအလိုက် တောဘာဝ ယနေ့မှ အလှတိုးနေ၍လားမသိ၊ ကာလသား လူပျိုလူရွယ်တို့မှာ အပျိုကညာကလေးတွေအနီးတွင် တရစ်ဝဲဝဲလုပ်ကာ ပွင့်မာလာမှ ဝတ်ရည်တို့ စုပ်မျိုရန် ချောင်းမြောင်းနေသော ပျားပိတုန်းများနှယ် ရှိလေတော့သည်။ ဦးတို သစ်စက်စခန်းမှ လာရောက်ကူညီကြသော ကိုသန်းမောင်၊ ကိုချစ်တင် ခေါင်းဆောင်သည့် တယောဝိုင်းမှ ကြိုးများညှိလျက်ရှိလေ၏။ ဦးဖြူသီး၊ ကျွန်တော်၊ ကိုရွှေသော်နှင့် ဦးဘိုးဆိတ်တို့မှာ ညွှဲခံမဏ္ဍာပ်ထဲတွင် ဝိုင်းထိုင်ကြပြီး လက်ဖက်ရည်ကြမ်းသောက်၍ နေကြသည်။ သူကြီးကိုကျော်ငြိမ်းကတော့ အသံ စွာစွာစွာစွာနှင့် ဟိုပြေးသည်ပြေး အော်ဒါပေးရင်း အလုပ်များ၍နေလေသည်။ ထိုသို့ရှိစဉ်တွင် တယောဝိုင်းဆီမှ ဆိတ်အော်သံလိုလို မပြီ၊ ဝိုးဝါးအသံကြီး တစ်သံထွက်ပေါ်လာသည်နှင့် ကျွန်တော့်ရင်ထဲတွင် ထိတ်ခနဲဖြစ်၍သွားကာ တယောဝိုင်းဘက်သို့ ကဗျာကယာ လှမ်းပြီး ကြည့်လိုက်တော့မှ တီးဝိုင်းခေါင်းဆောင် ကိုသန်းမောင် သီချင်းဆိုနေသည်ကို တွေ့မြင်ရသောကြောင့် စိတ်အေး၍ သွားရပါတော့၏။ သီချင်းသီဆိုသံမှာ မပြီ။ ဝိုးဝါးဖြစ်သဖြင့် သီချင်းသားကို ကောင်းစွာနားမလည်သော်လည်း ဆိုဟန်နှင့် တီးဟန်မှာ အပူတိုက် ယိုးဒယား အလိုက်နှင့်အသွားဖြစ်နေသဖြင့် နားထောင်ရသော ပရိသတ်မှာ မပီဝိုးဝါးဖြစ်သည့်အတွက် ပို၍စိတ်ဝင်စားစွာ နားသောတဆင်ကြရ၍လားမသိ၊ အထူးပင် စိတ်ဝင်စားကာ ငြိမ်သက်တိတ်ဆိတ်နေကြပြီး၊ မပီသသော သီချင်းသား၏ အနက်သဘောကိုတွေးရင်း အမည်မသိသော ဒေသဆီသို့ရော်ရမ်းကာ လွမ်းနေကြလေသည်။ တီးဝိုင်းခေါင်းဆောင် ကိုသန်းမောင်က ယိုးဒယားနှင့်တူသော အပိုဒ်ဆုံးသည်တွင် သဖြန်ဟန်ရှိသော အပိုဒ်သို့ ကူးပြောင်းဆိုလိုက်သည်မှာတော့ တစ်ခါက ကျွန်တော်တို့ရွာမှာ ဘိုတဲစောင့်ကလား ဒရဝမ်းအဒူးအား သူတို့ အိပ်နေတုန်းက ဆိတ်ကလေးတစ်ကောင် လည်လှီးမည့်ဆဲဆဲ အော်သံကို ကျွန်တော်ကပြေး၍ သတိရနေမိပါတော့သည်။ ကိုသန်းမောင်၏ သီချင်းဆုံး၍ တီးဝိုင်းရပ်နားလိုက်သည်နှင့် တစ်ပြိုင်နက် သူကြီးကိုကျော်ငြိမ်း၏ တပည့်လက်သားများက ချက်အရော်ထည့်ထားသော ရေနွေးခရားများနှင့် အမြည်းစားရန် အသားပြင်းလျာ အကြော်အလှော်များကို တည်ခင်းလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တီးဝိုင်းတော်သားတို့မှာ ချက်အရက်ကလေး လည်ချောင်းထဲ လျှော ဆင်းသွားကတည်းက ခိုခြင်း၊ ကပ်ခြင်း မရှိတော့ဘဲ။ သီချင်းများကို တစ်ပိုဒ်ပြီး တစ်ပိုဒ် သီဆိုတီးမှုတ်လျက် ရှိသောကြောင့် ညှော်ခံမဏ္ဍာပ်အတွင်းဝယ် ယခင် ကထက် လူများစည်ကား၍ လာလေတော့သည်။ ကိုသန်းမောင်၏ညီ ဘင်ဂျို ဆရာကို အုန်းမောင်မှာ သူ၏ ဖြူဝိုင်းသောမျက်နှာကြီး နီ၍လာလေပြီး သူ၏ ရှည်မျောကျယ်ပြန့်ကြီးမားသော နားရွက်ကြီးကလည်း ထွတ်ထွတ်ရဲလျက်ရှိ လေသည်။

သူ၏ရှည်လျားသော လက်ချောင်းကြီးများကတော့ ဘင်ဂျိုလက် ကွက်များပေါ်၌ လူပ်ရှားပြေးလွှား၍ နေကြလေသည်။ သူ၏မျက်နှာနှင့် နား ရွက်ကြီးများ ပို၍ပို၍ နီလာလေလေ၊ သူ၏ ဘင်ဂျိုလက်ခတ်သံမှာ ပြင်းထန် ကျယ်လောင်၍ လာလေလေ ဖြစ်တော့ကာ။ နောက်ဆုံးတွင် ဘင်ဂျိုသံက သူ့အစ်ကို၏ဆိတ်အော်သံကို လွှမ်းမိုးဝါးမျိုလိုက်လေတော့သည်။

ဘတော်ပွဲကို အမှီပြုကာ လူများက တစ်နေ့လုံး ပျော်ကြပါးကြပြီး၊ ညနေပိုင်းသို့ ရောက်သည်တွင် ဘတော်၏ အလောင်းအား မီးသဂြိုဟ်ရန် ပြင်ဆင်ကြလေတော့၏။ ဘတော်၏အလောင်းမှာ လှည်းဘီးလေးဘီးပေါ်တွင် ပြသာဒ်ဖြင့် ပြင်ဆင်ထားသဖြင့် ကြိုးနှင့်ချည်၍လူများ ဝိုင်းဝန်းဆွဲယူကာ မီးသဂြိုဟ်မည့်ကွင်းပြင်ဘက်သို့ ဆွဲထုတ်ခဲ့ကြလေ၏။ ကွင်းပြင်သို့ ရောက် သည်တွင် အလောင်းကစားသည်ဟု ဆိုကာ ပြသာဒ်တင်ဆောင်ထားသော လှည်းကို ဟိုဘက်က ဆွဲလိုက်၊ သည်ဘက်က ဆွဲလိုက်လုပ်၍ ဝှေ့ရမ်းဆော့ ကစားနေကြလေတော့သည်။ ဤသို့ရှိကြစဉ် ကွင်းစပ်တစ်နေရာရှိ သစ်ပင်တစ် ပင်ရိပ်တွင် လူများဝိုင်းအုံနေသည်နှင့် ကျွန်တော် သွားရောက်ကြည့်ရှုစဉ်တွင် ဂျောက်ဂျက်ဝိုင်းကို တွေ့ရှိသဖြင့် ကျွန်တော့်မှာ အိတ်၌ပါလာသော ပိုက်ဆံ တစ်မတ်ထဲမှမူးစေ့တစ်စေ့ကိုချ၍ ဆင်အထဲကွက်ကို ထိုးလိုက်လေတော့သည်။

ဂျောက်ချက်ပုံးကို ဖွင့်လိုက်သည်၌ ကြက်သုံးကောင်ပေါ်သဖြင့် ကျွန် တော့် ပိုက်ဆံတစ်မူးအား စား၍သွားပါတော့သည်။ နောက်တစ်လှည့် ကျွန် တော်က ကြက်ကို ထိုးလိုက်ပြန်သည်၌ ငါးသုံးကောင်ပေါ်လာပြီး စားသွား ပြန်သောကြောင့် ကျွန်တော်မှာ ပိုက်ဆံတစ်မတ်အား နမျောတမ်းတရင်း ဂျောက် ချက်ဝိုင်းနားမှ မခွာနိုင်ဘဲ ရှိနေစဉ် ဂျောက်ချက်ဒိုင်နှင့် ထိုးသားတစ်ယောက် စကားများရာမှ ရိုက်ပွဲနှက်ပွဲအထိ ဖြစ်၍သွားသဖြင့် ရန်းရင်းဆန်ခတ်ဖြစ်ကာ ပြေးကြလွှားကြသည်တွင် ကျွန်တော်မှာ ကြောက်အားလန့်အားနှင့် အပြေး...



www.burmeseclassic.com

www.burmeseclassic.com



ရိုးချောင်းတစ်ခုထဲသို့ လိမ့်ကျသောကြောင့် တစ်ကိုယ်လုံး ရွှံ့နွံနှစ်များ ပေကျံ၍ နေပါတော့၏။

ဦးဖြူသီးမှာ ကျွန်တော့်အား တပြစ်တောက်တောက် ဆူပူကြိမ်းမောင်း မာန်မဲကာ ရေမိုးချိုးစေပြီး အဝတ်အစားလဲ၍ ဦးဘိုးဆိတ်၏ လှည်းဖြင့် ကဒီချောင်းကုန်းရွာသို့ လိုက်ခဲ့ကြပါတော့၏။

× × ×

ည ၉ နာရီကျော်ကျော်လောက်တွင် ကျွန်တော်တို့သည် ကဒီချောင်းကုန်းရွာ ဦးဘိုးဆိတ်တို့ အိမ်သို့ရောက်ရှိပြီး အလာဘ သလာဘ အနည်းအပါး ပြောဆိုကြကာ အိပ်စက်ကြရပြန်ပါသည်။

နောက်တစ်နေ့နံနက်တွင် ဦးဖြူသီးက သုခတော်ပြား ရောင်းသူဆရာအား သွားရောက်တွေ့ဆုံရန် ဦးဘိုးဆိတ်နှင့်အတူ ထွက်ခဲ့ကြရာ၊ ကဒီချောင်းကုန်းရွာ ဆယ်အိမ်ခေါင်း ကိုယ်စံ၏အိမ်တွင်လည်းကောင်း၊ ဆရာအား အဆင်သင့် တွေ့ရှိရသည်နှင့် ဦးဖြူသီးက ...

"ဆရာ့သတင်းကြားတာနဲ့ ကျွန်တော်တို့လည်း သုခတော်ပြာ ဝယ်ချင်လို့ လိုက်လာပါတယ် ဆရာ"

ဟု ပြောကာ ဆရာ၏အနီးတွင် ရှိသေကျိုးနွံစွာ ထိုင်၍ချလိုက်သည်နှင့် ကျွန်တော်တို့ပါ ရော၍ ထိုင်ကြရလေသည်။

"အင်း .. လိုချင်တယ်ဆိုရင်လည်း ပေးရတာပေါ့လေ။ ဒါပေမယ့် ဒီပြာက တကယ်စိတ်ချယုံကြည်တဲ့ လူအဖို့မှလည်း သာပြီး အစွမ်းထက်တာကလား"

ဆရာသည် ဦးဖြူသီးအား အကဲခတ်သလို တစ်ချက်စိုက်ကြည့်ပြီး ဤသို့ပြောလိုက်လေသည်။

"ကျွန်တော်ကတော့ တကယ့်ကိုယုံကြည်လို့ ဟိုမင်းကုန်းရွာကတောင် တကူးတက လိုက်လာရတာပါ ဆရာရယ်"

ဦးဖြူသီးက ဤသို့ မှင်သေသေနှင့် ပြောလိုက်သည်နှင့် ဆရာသည် နေရာမှထ၍ နောက်ဖေးဘက်သို့ ဆင်း၍သွားကာ အတန်ကြာမှ ပြန်တက်လာပြီး ...

"မောင်စံမြင့်ရေ .. မင်းဒန်ဖလားကလေး ယူခဲ့စမ်းပါဦးကွယ်"

ဟု အိမ်ရှင်ဘက်ကို လှည့်၍ ပြောလိုက်သဖြင့် အိမ်ရှင်ကိုစံမြင့်က သောက်ရေအိုးပေါ်မှ ဒန်ဖလားကို ယူလာပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာသည် ဘုရားရှေ့၌ ငါးပါးသီလကိုခံယူလိုက်ပြီး သူ၏လက်နှစ်ဘက်ကို ကောင်းကင်သို့မြှောက်၍ လက်ဝါးနှစ်ဘက်ပွတ်သတ်ရင်း ပါးစပ်မှ တီးတိုးရွတ်ဖတ်နေလေသည်။

အတန်ကြာမှ ဒန်ဖလားလေးကို ကောက်ယူပြီး သူ၏လက်များဖြင့် ပွတ်၍ပွတ်၍ နေရာမိနစ်အစိတ်ခန့် ကြာသည်တွင် ဒန်ဖလားမှ အခိုးများ တလူလူ ထွက်၍ နေပါတော့သည်။

ဒန်ဖလားမှ အခိုးများ အတော်ထွက်၍ လာသည်နှင့် ဆရာသည် စက္ကူတစ်ရွက်ကို ဖြန့်ခင်းကာ ဖလားကလေးကို မှောက်၍ခေါက်ချလိုက်သည်၌ ခဲမှုန့်လိုလို ပြာများကျ၍ လာလေတော့၏။ ဦးဖြူသီးမှာ ဆရာလုပ်သမျှကို တွေစိုက်ကြည့်နေပြီးမှ ...

"ဆရာ့ပြာ ကျွန်တော် မလိုချင်ဘူး" ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်နှင့် ဆရာက သူ့အား အကြောင်သား ငေးကြည့်နေလေတော့သည်။ ကိုစံမြင့်၊ ဦးဘိုးဆိတ်နှင့် ကျွန်တော်တို့မှာလည်း ဦးဖြူသီးအား အံ့သြစွာ ကြည့်နေမိရင်း ဆရာ့လည်း အားနာ၍နေမိတော့၏။

"ဟား..ဟား..ဟား..ဟား.. ဆရာ့ လိမ်နည်းလောက်တော့ ကျွန်တော်လည်းကောင်းကောင်း တတ်ပါတယ်ဆရာ"

ဤဖြူသီးက ဆရာ၏မျက်နှာကို စေ့စေ့ကြည့်၍ ဤသို့ပြောင်ပြောင် ပြောလိုက်သည်တွင် ဆရာ့မျက်နှာမှ ဒေါသရောင်များ လျှမ်းတက်လာကာ။

"မင်း .. ငါ့အလုပ်ကို နှောင့်ယှက်တာလား" ဟု ဒေါသသံနှင့် မေးလိုက်လေ၏။

"ခင်ဗျားကိုသာ မဟုတ်ဘူး။ ဒီနယ်မှာလာပြီး လိမ်တဲ့လူမှန်သမျှ ဘယ်သူ့မှ ချမ်းသာ မပေးခဲ့ဖူးသေးဘူး"

"ငါ ဘယ်မှာ လိမ်သလဲ"

"အခုလိမ်နေတာပဲ မဟုတ်လား။ ဒီဒန်ဖလားက ပြာဖြစ်တဲ့အလုပ်က မသိတဲ့လူတွေအဖို့ ထူးဆန်းပေတဲ့ ကျုပ်အဖို့တော့ လာမှမထူးဆန်းဘူး။ ခုတင်က ခင်ဗျား နောက်ဖေးဆင်းသွားပြီး၊ *လက်ကိုကွမ်းရွက်ကြက်ဟင်းခါးရွက်တွေနဲ့ တိုက်၊ လက်ဝါးထဲပြဒါးထည့် ပွတ်ပြီးမှ ပြန်တက်လာတယ် မဟုတ်လား။ ပြီးတော့ ဒန်ဖလားကို ပွတ်တယ်။ ကွမ်းရွက်ကြက်ဟင်းခါးရွက်သဘောက အေးတယ်။ အေးတော့ ခင်ဗျားလက်ဝါးထဲကို ပြဒါးတွေ စိမ့်ဝင်တယ်။ ဒန်ကို ပြဒါးနဲ့ပွတ်တော့ အခိုးထွက်ပြီး ပြာမှုန့်တွေကျလာတယ်။*



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းမဟုတ်ဘူးလား .. မဟုတ်ဘူးလို့ ခင်ဗျားငြင်းရင် ကျုပ် အခုလုပ်ပြလိုက်မယ်"

ဦးဖြူသီး စကားဆုံးသည်တွင် ဆရာမှာ ဘာမှ ပြန်၍မပြောတော့ဘဲ သူ၏လွယ်အိတ်များကိုယူကာ အိမ်ပေါ်မှ ဆင်း၍သွားလေတော့၏။

"တော်ပါသေးရဲ့ဗျာ။ ကိုဖြူသီးနဲ့ အတွေ့စောလို့ ကျုပ် ငွေငါးကျပ်သက်သာသွားပါသေးရဲ့။ ဟိုဘက်ပိုင်းက ကိုရွှေနီးတို့လူသိုက်တော့ ထိသွားကြသေးတယ်" ဦးဘိုးဆိတ်က ဤသို့ပြောလိုက်သည်တွင် "ကျွန်တော်လည်း အိမ်ပေါ်တင်ထား၊ ထမင်းလည်းကျွေးထားရသေးရဲ့၊ ကံကောင်းလို့ ရွှေတွေပါမသွားသေးတယ်" ကိုစံမြင့်ကပါ ဤသို့ပြောလိုက် ပြန်သည်နှင့် ...

"ဘယ်လိုကြောင့်လဲ .. ကိုစံမြင့်ရ၊ ဆိုစမ်းပါဦး" ဟု ဦးဖြူသီးက မေးလိုက်လေ၏။

"သူက သူ့ဓာတ်ပြာလုပ်တတ်အောင် ကျွန်တော့်ကို မော်သွင်းပေးမလို့တဲ့။ အဲဒီမှော်သွင်းတဲ့ ကန်တော့ပွဲထဲမှာ ရွှေတစ်ကျပ်သားနဲ့ ငွေသားငါးဆယ်ထည့်ရမယ်ဆိုပဲ။ ဒါမှ သိဒ္ဓိမြောက်မယ်တဲ့လေ။ ကျွန်တော့်မှာ ရွှေတော့ တစ်ကျပ်သားရှိပါရဲ့။ ငွေသားငါးဆယ်မရှိသေးတာနဲ့ ဆိုင်းနေရတာ"

"အမယ် .. ခင်ဗျားကလည်း ဒီပြာလုပ်နည်း တယ်လိုချင်လိုက်သပေါ့ ..ဟဲ ..ဟဲ"

"ဟာ .. လိုချင်ပြီလား .. ဦးဖြူသီးရ။ ရေမွှေးပုလင်းကလေးနဲ့ တစ်လုံးကို ငါးကျပ်ငါးကျပ်ရနေတာပဲ ဥစ္စာ"

"ခင်ဗျားတို့ မသေမချင်း မှတ်ထားကြသိလား။ တကယ်စွမ်းတဲ့ ဆရာက ခင်ဗျားတို့လို တောကြိုအုံကြားထဲရောက်ကို မလာဘူး။ သူ့ဓာတ်ပြာဟာ သူပြောသလို ကိုးဆယ်ခြောက်ပါးရောဂါ မကပ်မငြိအောင် ကာကွယ်ပေးရိုးအမှန်ဆိုရင် ရန်ကုန်မြို့လိုနေရာမျိုးကနေပြီး ကြော်ငြာတွေ ဘာတွေနဲ့ လုပ်လို့ ကြီးပွားနေတာကြာလှပြီ။ ခုလောက်စွမ်းတဲ့ ဆေးကို ခင်ဗျားတို့ ရွာသိမ်ရွာငယ်ကလေးတွေမှာ ခြေလျင်လည်းရောင်းနေကတည်းက သူဟာ ပုံမမှန်ဘူးဆိုတာ ခင်ဗျားတို့ တွေးတတ်ကြရမယ်"

"ဦးဖြူသီး ပြောတာလည်း ဟုတ်ပါတယ်။ ဒါပေမယ့် သူက ခပ်ဆန်းဆန်း လုပ်ပြတော့ ယုံမိတာပေါ့"

"အဲ .. ဒါဖြင့် နားထောင် ***ချမ်းတိုင်းလည်း မတုန်နဲ့၊ ဆန်းတိုင်းလည်း*** မယုံနဲ့တဲ့၊ ချမ်းတိုင်းတုန်းတော့ ကြောက်သလိုဖြစ်၍ လူအထင်အမြင်



www.burmeseclassic.com

www.burmeseclassic.com



သေးတတ်တယ်။ ဆန်းတိုင်းယုံတော့ လူလိမ်လူညာဘေးကြောင့် ဥစ္စာပစ္စည်း ဆုံးပါးတတ်တယ်တဲ့။ အဲဒါ ကျည်းခံကိုရင်ကြီးစကားလည်း မဟုတ်ဘူး။ ဘိုးသူတော် ဦးမင်းရဲ့ စကားလည်း မဟုတ်ဘူး။ ဘုန်းကြီးကျောင်းက ကပ္ပိယ ဖြူသီး ရဲ့စကား .. ယုံရင်လည်း မှတ်၊ မယုံရင်လည်း နေကြ"

***

www.burmeseclassic.com

www.burmeseclassic.com

# ရွာတော့ရင်

ကိုငှက်ရိုးမှာ ဣတ္တိလုံး(မိန်းမလျှာ) လည်းမဟုတ် ဘုရားဆုပန် မင်းယောကျ်ား စင်စစ်ကြီး ဖြစ်ပါလျက်နှင့် ရွာတော့ရင် ပူးကပ်ခြင်းကို ခံနေရှာ လေတော့၏။

သူ့အား ဤသို့ရွာတော့ရင် ပူးကပ်နေခြင်းကို ခံရသည်မှာ မကြာလှ သေးပါ။ လပိုင်းမျှလောက်သာပဲ ရှိသေး၏။ လွန်ခဲ့သော ၂ လလောက်က ရွာသူကြီး ဦးသာဖြူးသည် ရွာသားများအား မောင်းထုခေါ်ယူစုရုံးကာ ရွာ နတ်စင်အား အုန်းငှက်ပျောပွဲ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များဖြင့် ထွန်းညှိစေပြီး ပ,သ ခိုင်းခဲ့၏။

ကိုငှက်ရိုးအား ဤပွဲမှ စ၍ရွာတော့ရင်က ပူးကပ်ခဲ့ရခြင်းဖြစ်လေ သည်။

လူ့အား ပူးကပ်ပုံမှာ တော်တော်ဆန်း၏။ ကိုငှက်ရိုးသည် လက်ရှိ နတ်ကတော်ပေါင်း ဒေါ်ငွေပွင့်က နတ်စင်ရှေ့တွင် ငှက်ပျောပွဲ၊ အုန်းပွဲဖြင့် ပ,သ ပြီး နတ်ဝင်နေစဉ် ကိုငှက်ရိုးသည် ဒေါ်ငွေပွင့်လက်ထဲမှ ကန်တော့ပွဲကို အတင်းဝင်လုပြီး ဒေါ်ငွေပွင့်အား ရိုက်နှက်ကန်ကျောက်လုပ်သဖြင့် ဒေါ်ငွေပွင့် ခမျာ အစတွင် အူကြောင်ကြောင် ဖြစ်သွားလေ၏။ ထိုသို့ကြောင်နေစဉ် တုန်ရီ ခြင်းကိုလည်း ရပ်နားထား၏။ အတော်ကြာမှ သတိရဟန်ဖြင့် ပြန်တုန်ရီကာ ကိုငှက်ရိုး လက်ထဲမှ ကန်တော့ပွဲကို အတင်းလိုက်ဆွဲ၏။ ကိုငှက်ရိုးကလည်း ကန်တော့ပွဲ ကိုင်ထားသောလက်ကို တုန်ရီစေကာ ပြန်ဆွဲ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုသူ ပရိသတ်များကတော့ နတ်နှစ်ပါး ရန်ဖြစ်ကြပြီဟု ထင်မှတ်နေကြလေမည်ဖြစ်၏။

"ငါလို ရွာတော့ရှင်ကို လာနှောက်ယှက်တာ ဘယ်သူလဲဟဲ့"

ဒေါ်ငွေပွင့်က ဒေါသသံကြီးဖြင့် အော်ဟစ်မေးမြန်းလိုက်လေ၏။

"သယ် .. ဟယ် .. ဟယ် .. နင်က ရာရာစစ ငါလိုရွာတော့်ရှင်ကို လာမေးရတာလဲ"

"ရော .. ခက်ချေပြီ ကိုငှက်ရိုးကလည်း ရွာတော်ရှင် ဆိုပါကလား ဟရိုတို့ရဲ့"

"ဘာ နင်က ရွာတော်ရှင် ဟုတ်လား .. နင်မညာနဲ့ နင်ဟာသရဲ"

ဒေါ်ငွေပွင့်က နှုတ်ခမ်းတလန် ပန်းတလန်နှင့် ရန်တွေ့လိုက်၏။

"ဘာလဲ မိန်းမညာကြီးက နင်ကို ငါဘယ်တုန်းကများ ကပ်ဖူး ပူးဖူးခဲ့လို့လဲ။ နင်အလကား ရွာသားတွေကို ညာစားနေတာ ငါ့နတ်ကွန်းရှေ့က ခု ထွက်သွား၊ မသွားရင် နင့်ကို ငါ အသေလုပ်လိုက်မယ်"

ကိုငှက်ရိုးက ဤသို့ခပ်တည်တည်နှင့် ဟောက်လိုက်ရာ ပရိသတ်သည် ကိုငှက်ရိုးဘက်သို့ အာရုံစိုက်သွားကြသည်။

"ဟဲ့ .. ငမိုက်သားငှက်ရိုး ငါ့မောင်းမကို နင်က ဘာလာစော်ကားတာလဲ။ နင့်ကို စီးတော်ကျားနဲ့ တိုက်ရမလား"

ဒေါ်ငွေပွင့်က ပြန်၍ခြိမ်းချောက်လိုက်ပြန်လေသည်။

"ဟဲ .. ဟဲ .. မိန်းမညာ နင့်ကို ငါလုပ်တော့မယ်"

ကိုငှက်ရိုးသည် ကန်တော့ပွဲကိုချကာ ပြောပြောဆိုဆို ဒေါ်ငွေပွင့်၏ ဆံပင်ကို လှမ်းဆွဲလေရာ၊ ဒေါ်ငွေပွင့်ကလည်း ကိုငှက်ရိုး ဖမ်း၍ဆွဲလေတော့၏။

ကိုငှက်ရိုးနှင့် ဒေါ်ငွေပွင့်တို့ တစ်ယောက်ကိုတစ်ယောက် ဆွဲရင်း...

"ကြောက်လှပါပြီ အရှင်ကြီးရဲ့၊ နောက်ကို ဒီလိုမညာတော့ပါဘူး။ လွှတ်ပါတော့ ဘုရား" ဟူသော အော်သံကြားရပြီးနောက် ဒေါ်ငွေပွင့်သည် ဆံပင်ဖားလျားဖြင့် ရွာထဲသို့ ဝင်ပြေးသွားတော့၏။

ပရိသတ်များသည် ထွက်ပြေးသွားသော ဒေါ်ငွေပွင့်အား တအံ့တဩ ကြည့်နေကြလေသည်။ ထိုသို့ရှိစဉ် ကိုငှက်ရိုးသည် နတ်ကွန်းစင်ရှေ့၌ ယိမ်းထိုးလှုပ်ရှားလျက် ရှိနေလေသည်။

"သိပ်ပြီး အ, တဲ့ ရွာသားတွေ နင်တို့ကို ဒီမိန်းမကြီးက သက်သက် ညာစားနေတာ ခံနေရသေးတယ်။ ဟေ့ သူကြီးဆိုတဲ့လူ ဒီနားလာစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ကိုငှက်ရိုးသည် ရွာသူကြီး ဦးသာဖြူးအား လက်ညှိုးကြီး ငေါက်ငေါက်ထိုး၍ ခေါ်လိုက်ရာ ဦးသာဖြူးသည် ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ကိုငှက်ရိုး အနီးသို့ ချဉ်းကပ်သွားလေတော့၏။

"သူကြီး နင် တယ်မိုက်ပါလား"

"မှန်လှပါ မသိမိုက်မဲတဲ့ ကျေးတော်မျိုး ကျွန်တော်မျိုးကြီးကို ဇွဲမယူပါနဲ့ အရှင်ကြီး။ အရှင်ကြီးအတွက် ဘာများ အလိုရှိပါသလဲ။ ကျွန်တော်မျိုးကြီး အသင့်စီမံပေးပါ့မယ်"

"နင်တို့ရွာသားတွေကို ငါပြောမယ်။ ဒီနေ့ကစပြီး ငွေပွင့်ကို နင်တို့ ငါကို မပ,သ ခိုင်းနဲ့တော့။ ဟောဒီ ငါ့တပည့်ကြီး ငှက်ရိုးပသမှ ငါစားတော်ခေါ်မယ်။ သောက်တော်ခေါ်မယ်။ ဒါကိုနင်တို့ မြဲမြဲမှတ်ထားကြ။ အဲ နင်တို့ရွာကို ဘေးမသီရန်မခအောင်လည်း ငါစောင့်ရှောက်ပေးတော့မယ်။ အခုတလော နင်တို့ရွာမှာလူတွေ အသေအပျောက် များနေတာ သိရဲ့လား"

"မသိကြောင်းပါ အရှင်ကြီး"

"အဲဒါ ဘယ်လိုမှ လိပ်ပြာမလုတဲ့ အယုတ်မ ငွေပွင့်ကို နင်တို့က ငါ့ အပ, သ ခိုင်းခိုင်းနေတာနဲ့ ငါက ရှောင်နေလို့ ဘီလူးတွေ နင်တို့ရွာကို ဝင်နေတာဟဲ့။ ခုတော့ ငါလည်းမနေနိုင်တာနဲ့ ကိုယ်တိုင်ဖွင့်ပြောရတာပဲ။ ကဲ..ကဲ ငါ့ကို သောက်ရေတော်ဆက် ငါလည်း နတ်သဘင် အစည်းအဝေး သွားရဦးမယ်"

ကိုငှက်ရိုးက ဤသို့ပြောသည်တွင် သူကြီးဦးသာဖြူးသည် နတ်ကွန်းစင်ကလေးပေါ်မှ ချက်အရက်ပုလင်းနှင့် ဖန်ခွက်ကိုယူကာ ကိုငှက်ရိုးအား ပေးလိုက်သည်တွင် ကိုငှက်ရိုးသည် ဖန်ခွက်ကို မြေမာပေါ်သို့ ပေါက်ခွဲလိုက်ပြီး အရက်များကို ပုလင်းလိုက် မော့သောက်ချလိုက်လေတော့သည်။ ပြီးနောက်တွင်တော့ တစ်ချက်မျှသန်းကာ ရွာတော့်ရင် ထွက်ခွာသွားလေ၏။

ကျွန်တော်၏စိတ်ထဲ၌ တရှုရှုဖြစ်နေ၏။ ဤနေရာ၌ ဦးဖြူသီး ပါရှိလာမည်ဆိုက ပွဲကောင်းတစ်ခု မုချကြည့်ရပေလိမ့်မည်။ ယခုတော့မူ ဦးဖြူသီးသည် သူ၏မွေးဇာတိရပ်ရွာဖြစ်သော အထက်အညာ ရေစကြိုမြို့သို့ အလည်အပတ် ပြန်သွားနေချိန်ဖြစ်၍ ကျွန်တော့်အဖို့ မခံသည့်မခံသာနှင့်ပင် ကြည့်နေလိုက်ရခြင်း ဖြစ်ပါတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com



သူကြီးဦးသာဖြူးမှာ ကျောင်းဆောက်ခြင်း ဘုရားတည်ခြင်းများကို တစ်ဘက်က ပြုလုပ်နေသော်လည်း တစ်ဘက်ကမူ ဓားပြသူခိုးများ မွေးမြူ လျက် စည်းပွားချမ်းသာ တိုးတက်နေသူ ဖြစ်လေသည်။ သူသည် ကုသိုလ်ရေး များကို အင်မတန် အားထုတ်သည့်ဟန်ဖြင့် ပုတီးကြီးကို လက်မှ မချတမ်း စိပ်သော်လည်း သူ၏တပည့်တပန်းများက ရပ်သူ ရွာသားတို့သည် ကြည်ညို စိတ်ကင်းမဲ့လာကာ ဦးသာဖြူးအပေါ်၌ မုန်းကြသည်။

ဒါပေမယ့် ပွင့်ပွင့်လင်းလင်းတော့ သူ့ကို ဖြုတ်ချဖို့ မကြိုးစားဝံ့၊ ဤသို့သူ့အား မလိုမုန်းထားသည်ကို သိသွားလျက် သူ၏ဘက်တော်သားများ က နှိပ်စက်ကလူ ပြုမူညှဉ်းဆဲတတ်ကြသည်။

ရွာသားတို့သည် ဦးသာဖြူးလက်အောက်တွင်ပင် နေကြရသော် လည်း သူတို့၏ချမ်းသာမှု မရှိနိုင်ကြသဖြင့်၊ သက်ဆိုင်ရာ အစိုးရသမားထံသို့ ပစ်စာများ ပို့ကြသည်၌ အထက်အစိုးရများသည် အစတွင် ဂရုမပြုလစ်လျူရှု၍ နေခဲ့ကြသော်လည်း ပစ်စာများ အရောက်များလာသည့်အခါတွင် ရွာသို့ လာ ရောက်စစ်ဆေးကာ ရွာလူထုဆန္ဒအရ ရွေးကောက်ပွဲလုပ်၍ ပေးရမည် ဖြစ်လေ တော့သည်။

ဦးဖြူသီးနှင့် ယှဉ်ပြိုင်ရန်အတွက် ရပ်သူရွာသားများက ရာထားသူ မှာ ရိုးသား၍ စာပေပရိယတ္တိတတ်ကျွမ်းသော လူပျံတော် ကိုမြသင် ဖြစ်လေ သည်။

ကျွန်တော်သည် ရပ်ရွာတွင် အခြေအနေတွင် ပြောင်းလဲနေသည်ကို ဂရုပြုရင်း ဦးဖြူသီးအားသာ တမ်းတနေမိသည်။ ဦးဖြူသီးယခုတစ်ကြိမ် သူ့ရွာ ကိုပြန်သွားသည်မှာ ကြာလှ၏။ ယခုဆိုလျှင် ၃ လထဲသို့ပင် ရောက်ရှိလာပါ ချေပြီ။

ကျွန်တော်သည် ရွာမှ အခြေအနေများကို ကိုငှက်ရိုး နတ်ကတော် ဖြစ်လာရသည်မှအစ, အသေးစိတ် စာရေးပေးပို့ခဲ့သည်။ သို့သော် သူ့ထံမှ ကျွန်တော်တို့ရွာနှင့် ပတ်သက်၍ စိတ်ဝင်စားမှု ခမ်းခြောက်သွားလေပြီလား တော့ မသိ။ ကျွန်တော်တို့ ရွာအကြောင်းများသည့် သူ့စာ၌ပါရှိခြင်း မရှိတော့ ရုံမျှမက သူဘယ်တော့ ပြန်လာခဲ့မည်ဆိုသည်လောက်ကိုပင် ထည့်၍ရေးဖော် မရခဲ့လေတော့။

သူကြီးရွေးကောက်ပွဲလုပ်ရန် ရက်ကား တစ်နေ့ထက် တစ်နေ့ နီး ကပ်လာလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



လူရိုးလူကောင်းများသည် ကိုမြသင် သူကြီး ဖြစ်လာရေးအတွက် ကြိုးပမ်းလျက်ရှိကြသလို။ သူခိုး ဓားပြနှင့် တေလေများက သူကြီးဟောင်း ဦးသာဖြူဘက်မှ မဲရရေးအတွက် ရပ်သူရွာသားများအား ဓားလှံလက်နက်ဖြင့်လည်းကောင်း၊ မိုက်မဲစွာ ကြိမ်းမောင်းဆဲရေး၍လည်းကောင်း၊ အဓမ္မနည်းဖြင့် စည်းရုံးလျက်ရှိလေသည်။

ဤသို့ အခြေအနေရှိလာလေလေ ကျွန်တော်ကတော့ ဦးဖြူသီးအား တမ်းတမိလေရှိတော့သည်။ အကြောင်းကတော့ ကျွန်တော်သည်လည်း လက်ရှိသူကြီး၏ အုပ်ချုပ်မှုကို ရွံမုန်းသူဖြစ်သောကြောင့်တည်း။

အခြေအနေမှာ သူကြီးဟောင်း၏ ဘက်တော်သားလူမိုက်များ မည်သို့ပင် အဓမ္မနည်းဖြင့် စည်းရုံး စည်းရုံး၊ ရွာသားလူထုကြီးကတော့ ဦးသာဖြူ အုပ်ချုပ်ခဲ့သည့် နှစ်ကာလအတွင်း ဆင်းရဲဒုက္ခပေါင်း မြောက်များစွာနှင့် ကြုံခဲ့ရလေသောကြောင့် သူ့အား မဲပေးလိုစိတ်မရှိဘဲ တောင့်ခံနေလေတော့သတည်း။

■

"ဟော့ .. ကောင်လေး"

ကျွန်တော်သည် ချောင်းကမ်းနံဘေးရှိ သရက်ပင်ကြီးကို မှီကာ ချောင်းရေစီးကို ငေးကြည့်နေစဉ် နောက်ဆီမှ ခေါ်သံကြားသဖြင့် လှည့်ကြည့်လိုက်ရာ၊ ဝမ်းသာမဆုံး မရှိရတော့သည်။

ဦးဖြူသီးကတော့ စပ်ဖြီးဖြီး မျက်နှာဖြင့် ကျွန်တော့်အား စိုက်ကြည့်နေလေ၏။

"ခင်ဗျားဆွေမျိုးတွေနဲ့ တွေ့နေလို့ ကျွန်တော်တို့ရွာကို မေ့နေတာလား"

ကျွန်တော်က ဆီး၍ အပြစ်တင်လိုက်သည်။

"မမေ့လို့ ပြန်လာခဲ့တာပေါ့ကွ"

"ခုမှလာလို့ ဘာအကြောင်းထူးတော့မှာလည်း သန်ဘက်ခါ သူကြီးရွေးပွဲလုပ်တော့မယ်"

"အချိန်မနှောင်းမီ ငါပြန်လှည့်ခဲ့တာပဲကွာ"

"နှောင်းနေပြီဗျ။ ဦးသာဖြူတို့ကို ဘယ်နည်းနဲ့မှ နိုင်တော့မယ် မဟုတ်ဘူး"

"ဘာပြုလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူကို့က လူမိုက်တွေ လက်ထဲမှာ ရှိတယ်။ ပြီး ငွေကိုရေလိုသုံးနိုင်တယ်"

ဦးဖြူသီးသည် ငေးနေ၏။

"အေး .. သာဖြူးသာ ပြန်သူကြီးဖြစ်ရင် တို့ရွာတော့ အရင်ကထက် ပိုဆိုးတော့မှာပဲ။ ဘာကြောင့်လဲဆိုတော့ သူ့ဘက်က ကူညီတဲ့ လူမိုက်တွေနဲ့ ငွေရှင်ကြေးရှင်တွေဟာ အရင်ကထက် အခွင့်အရေးယူပြီး ရပ်သူရွာသားတွေကို ပိုနှိပ်စက်တော့မှာပေါ့ကွာ"

"ဒီကိစ္စ ခင်ဗျား ဘယ်လိုမှ မတတ်နိုင်တော့ဘူးလား"

"ငါဟာလည်း လူတစ်ယောက်ပဲကွာ။ မင်းက ငါ့ကို ဘယ်လိုများ အထင်ကြီးနေလို့လဲ"

သူက ဤသို့မေးလိုက်ရာ ကျွန်တော် အတော်ဒေါပွသွားမိ၏။ ဒါပေမယ့် စိတ်ကိုချုပ်တီးကာ ... "ခင်ဗျားကို ကျွန်တော်က အစစအရာရာ ဖန်ဆင်းနိုင်တဲ့ တန်ခိုးသတ္တိရှင်ကြီးရယ်လို့ မဆိုလိုပါဘူး။ ဒါပေမယ့် ခင်ဗျားရဲ့ ဦးနှောက်ဟာ သာမန်လူတွေရဲ့ ဦးနှောက်ထက် ကောင်းတယ်ဆိုတာကို ကျွန်တော် ယုံကြည်ထားတယ်လေ"

"ဒါပေမယ့်ကွာ။ ဒီကိစ္စမျိုးမှာတော့ ငါလည်းတတ်နိုင်ဖို့ ခဲယဉ်းသားပဲကွာ။ မဲထည့်တဲ့လူတွေကိုက ကိုယ်ရဲ့ မဲတစ်ပြားတန်ဘိုးကို နားလည်ပြီး ငွေကြေးနောက်ကို မလိုက် လူမိုက်နောက်ကိုမလိုက် ရဲရဲဝံ့ဝံ့နဲ့ နားလည်မှုရှိပြီး မဲပေးနိုင်မှ ကိုယ့်ရွာအုပ်ချုပ်တဲ့လူကောင်းကိုရမှာကွ"

ဦးဖြူသီးသည် ဤသို့ပြောကာ သက်ပြင်းကို မှုတ်ထုတ်လိုက်လေသည်။

"ကဲ .. ကဲ မင်းလည်းငယ်သေးတယ်ကွာ။ ဒီအကြောင်းတွေ စဉ်းစားမနေပါနဲ့ လာကျောင်းပြန်ရအောင်"

ဦးဖြူသီးက ဤသို့ပြောသည်နှင့် ကျွန်တော်မှာ နေရာမှ လေးလံစွာထကာ သူ့နောက်သို့ လိုက်ခဲ့လေသည်။ ကျောင်းပေါ်သို့ ရောက်သည်တွင် ဦးဖြူသီးက သူ့အညာမှ ယူခဲ့သော သနပ်ခါးတုံးများနှင့် ထန်းလျက်များကို လက်ဆောင်အဖြစ် ပေးလေသည်နှင့် ကျွန်တော်သည် သူပေးသမျှများကို အိမ်သို့ သယ်ဆောင်ခဲ့ရလေသည်။

ကျွန်တော်သည် ဦးဖြူသီး ပြောကြားလိုက်သည့်အတိုင်းပင် သူကြီးရွေးပွဲကိစ္စ၌ ဦးနှောက်ကို အလုပ်မပေးလိုတော့သဖြင့် စာအုပ်တစ်အုပ်ကို အေး



www.burmeseclassic.com

www.burmeseclassic.com



ဆေးဒွာ ဖတ်ရှုပြီးနောက် အိပ်ချိန်သို့ရောက်သည်ကြောင့် အိပ်ရာဝင်ခဲ့ရပါတော့သည်။

■

နတ်ဆိုင်းတီးသံများကြောင့် ကျွန်တော်သည် အိပ်ရာမှ နိုးခဲ့ရသည်။

အိပ်ရာမှ နိုးသည်ဆိုလျှင်ပဲ ကပျာကယာ အိမ်ရှေ့ခန်းသို့ ထွက်ခဲ့သည်။ လူများသည် လမ်းပေါ်၌ လှုပ်ရှားသွားလာနေကြ၏။

"ဘာတွေ ဖြစ်နေကြတာလဲ အမေ"

လက်ဖက်ရည်ကြမ်းဝိုင်းတွင် ထိုင်နေသော အမေအား ကျွန်တော်က မေးကြည့်လိုက်သည်။

"သူကြီးက မနက်အစောကြီး မောင်းထုပြီး တစ်အိမ်တစ်ယောက် လာရမယ်တဲ့"

"ဘာလုပ်ဖို့တဲ့လဲ"

"ရွာတော့်ရင် ကန်တော့မယ်လို့တဲ"

သူကြီးရွေးကောက်ပွဲ ပြုလုပ်မည့်ဆဲဆဲပင် ဖြစ်သော်လည်း လက်ရှိသူကြီး ဦးသာဖြူးမှာ သူကြီးရာထူးမှ ပြုတ်ကျခြင်းမရှိသေးဘဲ ရပ်ရွာကို စီမံအုပ်ချုပ်လျက်ပင် ရှိနေသေးခြင်းကြောင့် ရွာသူရွာသားတို့မှာ သူကြီးသြဇာကို နာခံရဆဲပင် ရှိနေသေးသည်။ ဒါသည်ပင် သူကြီးဟောင်းဘက်မှ တပန်းသာလျက်ရှိနေရသည် မဟုတ်ပါလား။

သူကြီးဦးသာဖြူးသည် ရပ်သူရွာသား၏ဆန္ဒများကို မေးမြန်းစုံစမ်းခြင်းမရှိ သူ့သဘောနှင့်သူ ဗလိနတ်စာကျွေးခြင်း၊ ရွာနတ်စင်မှ ရွာတော့်ရင်ကို ကန်တော့ခြင်းများကို ဖွတ်ခိုင်းစေတတ်သူတစ်ဦးလည်း ဖြစ်ပေသည်။

ကျွန်တော်သည် မျက်နှာ ကပျာကယာ သစ်ကာ ဦးဖြူသီးထံသို့ ပြေးခဲ့သည်။ ဦးဖြူသီးနှင့် ကျောင်းဝတွင် ဆုံမိကြ၏။

"ဘယ်နှယ့်လဲဗျို့၊ ရွာတော့်ရင်ကန်တော့မလို့ ဆိုပါလား"

"ညကထဲက သူတို့စိုင်းပြင်းနေကြတာပဲ"

"နို့ .. ခင်ဗျား ခုဘယ်သွားမလို့လဲ"

"အဲဒီရွာတော့ရင် ကန်တော့ပွဲလိုက်ကြည့်မလို့ပေါ့"

ကျွန်တော်နှင့် ဦးဖြူသီးသည် သူကြီးအိမ်ဘက်သို့ လျှောက်ခဲ့ကြသည်။ သူကြီးအိမ်ရှေ့တွင် လူများစုရုံးလျက်ရှိနေ၏။ နတ်ဆိုင်းက ဗြိမ့်..ဗြိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. ကဲ .. လူစုံလောက်ပါပြီ။ လာကြ .. လာကြ .. ရွာနတ်စင်ဆီ သွားကြရအောင်"

သူကြီး ဦးသာဖြူးသည် ပုဆိုးကွက်တုံးကြီးကို ဝတ်ကာ၊ သူ၏ စပ်ဖြီးဖြီး မျက်နှာရှုံးကြီးနှင့် လူတွေဘက်ကို မျက်စ ချီရင်း ပြောလိုက်သဖြင့် ထိုင်နေသူများ ထကာ၊ ထနေသူများက နတ်စင်ရှိရာဘက်သို့ စတင် ထွက်ခွာကြတော့သည်။

နတ်ကတော် ကိုငှက်ရိုးသည် ကန်တော့ပွဲရွက်သော အမျိုးသမီးရှေ့မှ ခပ်တည်တည်ပင် လျှောက်လျက်ရှိနေ၏။ ကျွန်တော်နှင့် ဦးဖြူသီးကတော့ လူအုပ်ကြီးနောက်မှ အသာလိုက်ခဲ့သည်။

နတ်စင်သို့ရောက်သည်တွင် ကိုငှက်ရိုးက အမျိုးသမီးဆီမှ ကန်တော့ပွဲကိုယူ၍ နတ်ကိုကန်တော့သဖြင့် ဦးဖြူသီးနှင့် ကျွန်တော်မှလွဲ၍ အားလုံးကန်တော့ကြ၏။

တစ်အောင့်မျှကြာသောအခါ ကိုငှက်ရိုးအား ရွာတော့ရင်ပူးကပ်လာလေတော့သည်။ သူ၏လက်များက တဆတ်ဆတ် တုန်လာ၏။

"နင်တို့ သိပ်မိုက်တယ်"

ကိုငှက်ရိုးသည် ပရိသတ်ဘက်သို့ လက်ညှိုးကို ငေ့ယမ်းရင်းပြောလိုက်၏။

"နင်တို့တွေဟာ သာသနာ စည်ပင်သာယာအောင် လုပ်နေတဲ့ ဘုရားဒယာကြီးကို သူကြီးအဖြစ်က ဖြုတ်ချပြီး တခြားလူကို သူကြီးတင်ဖို့ ကြံတာ ငါမခံနိုင်ဘူး"

"မခံနိုင်ဘူး"

ကိုငှက်ရိုးမှာ ဒေါပွလွန်းသဖြင့် ခုန်ဆွခုန်ဆွဖြစ်နေ၏။ ပရိသတ်ကတော့ မျက်စိသူငယ် ဖြစ်နေရရှာသည်။ ဦးဖြူသီးသည် ရုတ်တရက် ကျွန်တော့် အနားမှ ထွက်ခွာကာ ကိုငှက်ရိုးဆီသို့ လျှောက်သွားလေ၏။

"နင်တို့ ဦးသာဖြူးကို မဲပေးရမယ်။ မပေးရင် နင်တို့တစ်ရွာလုံး ရောဂါဆိုးနဲ့ သေကုန်စေ့မယ်"

ကိုငှက်ရိုးက ကြောက်မက်ဖွယ်ရာ မျက်နှာကြီးဖြင့် ကြိမ်းဝါးလိုက်သည်။

"ဒီမှာ ကိုငှက်ရိုး သူကြီးရွေးပွဲဟာ လူတွေရဲ့အလုပ်ပါ၊ နတ်နဲ့ မဆိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖြူသီးက ဤသို့ပြောသည်တွင် ကိုငှက်ရိုးသည် ဦးဖြူသီးအား မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်လိုက်ပြီး ...

"ဟဲ့ .. မိစ္ဆာကောင် အသာနေစမ်း"

ဟု ဆိုလေ၏။

"မနေနိုင်ဘူး၊ ခင်ဗျား ဘာလို့ လူတွေကို ချောက်လှန့်နေရတာလဲ။ မဲပေးရေးအတွက် သူတို့ဆန္ဒနဲ့သူတို့ လွတ်လွတ်လပ်လပ် ဆုံးဖြတ်ကြပါစေ"

"ဘာပြောတယ်"

ကိုငှက်ရိုးသည် ဒေါသသံကြီးဖြင့် မေးနေစဉ်တွင် ကိုတင်ပြောင်ဆိုသူသည် "အာဠာဝကကွ" ဟူ၍အော်ကာ လူတောထဲမှ ခုန်ထွက်လာပြီး ကိုငှက်ရိုးအား ဝင်၍သတ်ပါတော့သည်။

"ဒီမှာ ဘိန်းမောင်း .. ဘိန်းမောင်း"

သူတို့နှစ်ယောက် သတ်နေစဉ် ဦးဖြူသီးက တီးဝိုင်းဘက်သို့လှည့်၍ ပြောလိုက်ရာ၊ ဆိုင်းက ဘိန်းမောင်းတီးပေးလေသည်။

ကိုတင်ပြောင်နှင့်ကိုငှက်ရိုးမှာ အကျိတ်အနယ် သတ်ကြရာ အတော်ကြည့်၍ကောင်း၏။ နှစ်ယောက်စလုံး ပုဆိုးကျွတ်သွားကြရာ ကိုတင်ပြောင်မှာ အတွင်းခံဘောင်းဘီပါသဖြင့် ကိစ္စမရှိ။ ကိုငှက်ရိုးနှင့် ကိုတင်ပြောင်အား သူကြီးနှင့် လူ ၄-၅ ယောက်က ဖြေပေးသဖြင့် လူချင်းကွဲသွားကြတော့သည်။

ကိုငှက်ရိုးက ဦးဖြူသီးအား စားတော့ ဝါးတော့မလို စိုက်ကြည့်နေလေသည်။

"ကိုတင်ပြောင် ညာရတာကတော့ ကျွန်တော့်က အသက်သက် ကိုငှက်ရိုး အညာပေါ်အောင် အာဠာဝက ပူးခိုင်းထားတာပါ။ ဒါကြောင့် ဘယ်သူချောင်ချောက် မကြောက်ဘဲ ခင်ဗျားတို့ရဲ့ရွာ အုပ်ချုပ်ရေးအတွက် ခင်ဗျားတို့ ဆန္ဒအတိုင်း မဲပေးရွေးကောက်ကြပေတော့"

ဦးဖြူသီးက ဤသို့ပြောလိုက်သည်တွင် လူထုကြီးသည် ဘက်သို့ လှည့်ပြန်သွားကြတော့၏။

"ကိုငှက်ရိုးက ယောက်ျားရင့်မာကြီးဖြစ်ရက်နဲ့ ဘာပြုလို့ နတ်ဝင်သည် လုပ်ရတာလဲဗျ"

"အဲဒါလည်း ဦးသာဖြူးရဲ့ ဉာဏ်ပေါ့ကွာ။ မငွေပွင့်ကတော့ ရိုးရိုးပဲ မို့လား။ သူစားဖို့အတွက် ညာတာပဲ။ ကိုငှက်ရိုးကတော့ ဦးသာဖြူးအတွက် ညာပေးတယ်။ အဲဒါဟာ သူတို့ရဲ့ ခြားနားချက်ပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မနက်ဖြန် သူကြီးရွေးကောက်ပွဲနော်။ ဘယ်လို ဖြစ်ကြမလဲ မသိဘူး။ လူတွေတော့ နတ်နဲ့ ချောက်တဲ့ကိစ္စတော့ အမြင်မှန်ရကောင်းပါရဲ့လေ။ ဒါပေမယ့်ကွာ ဒီပြင်အကြောင်းကြောင်းတွေက ရှိသေးတော့ အေးလေ စောင့်ကြည့်ရတော့မှာပဲ"

ဦးဖြူသီးသည် ဤသို့ပြောကာ သက်ပြင်းကိုလေးတွဲစွာ ချလိုက်လေ၏။ ကျွန်တော်လည်း သူ့နောက်မှ လိုက်ကာ သက်ပြင်းချလိုက်မိ၏။

***

www.burmeseclassic.com

www.burmeseclassic.com

## ရွာအထွက်က သဘက်ဖြူ

အိမ်တိုင်းမှာပဲ မီးရောင်တွေက တောက်မြူးနေတော့သည်။

ကျွန်တော်တို့များ ပျော်လိုက်သည့်မှာ အရမ်းကျနေသည်။ ဘယ်မှာ မပျော်ဘဲရှိပါမည်နည်း။ ဝတ်ကောင်းစားလှကလေးတွေ ဝတ်ဆင်ကာ မီးပွဲကြည့်ရန်လို့ အကြောင်းပြပြီး လူကြည့်ခံ လူတိုးခံထွက်လာကြသည့် မဒီချော ကလေးတွေကို တိုးရင့်ရ အနံ့ခံရသည်မှာ ကျွန်တော်တို့လို လူပျိုပေါက် ကလေးများအတွက် အရသာအရှိဆုံး မလိုင်အပြည့်ပါသည့် ဆီးချိုပြားပင် မဟုတ်ပါလား။ ကျွန်တော်မှာ ကျွန်တော်တို့ ရှေ့မှ သနပ်ခါးနံ့ တသင်းသင်း လွှင့်ရင်း လျှောက်သွားနေသော ဆီးချိုပြားကလေး ၄ ပြားနောက်သို့ ကပ်၍ လိုက်ကြည့်စဉ် ကျွန်တော်၏ အင်္ကျီနောက်ကျောကို အဆွဲခံလိုက်ရသဖြင့် ဒေါသများ အချောင်းလိုက် ထောင်းခနဲ ထမိကာ ...

"ဟေ့ ..ဘယ်သူလဲကွ"

ကျွန်တော်က ဤသို့အော်မေးရင်း နောက်ဘက်သို့ လှည့်ကြည့် လိုက်သည်တွင် ... "ဟာ .. ဦးဖြူသီး"

အာမေဋိတ်ဖြင့် နှုတ်ဆက်လိုက်ရလေတော့သည်။

"ကိစ္စတစ်ခု အရေးတကြီးပေါ်လာလို့ မင်းနဲ့ငါသွားရအောင်"

"ခင်ဗျား ဘာသာသွားဗျာ။ သီတင်းကျွတ်ပွဲတော်ဆိုတာ တစ်နှစ် လုံးမှ တစ်ခါပဲ ကြုံရတာဗျ။ ကျူပ်မလိုက်နိုင်ဘူး"

ကျွန်တော်သည် ပေါ်လာသောကိစ္စကို သိလည်းမသိချင်။ မေးလည်း မေးမနေတော့ဘဲ တစ်ချက်လွှတ် ငြင်းပယ်လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ခဲ့စမ်းပါ ချာတိတ်ရာ .. ကိစ္စက အတော်အရေးကြီးတဲ့ ရှာဖွေကွ"

ဦးဖြူသီးကတော့ ချော့ချော့မော့မော့ပင် ပြောနေလေသည်၊

ကျွန်တော်သည် ဆီးချိုပြားကလေးများကို လှမ်းကြည့်လိုက်၏၊ သူမတို့ အတော်ဝေး၍သွားချေပြီ။ ဟိုကောင်သုံးယောက်သည် ကျွန်တော့် အဖြစ်ကို မသိ၍လား သိလျက်သားနှင့်ပင် ပစ်ထားခဲ့လေသလားတော့ မသိ၊ ဆီးချိုပြားများ နောက်၌ ကပ်၍ပါသွားကြလေသည်။

"ဦးဖြူသီး လွှတ်စမ်းဗျာ"

ကျွန်တော်သည် သူ၏လက်ကို ခပ်နာနာ ဖျစ်ညှစ်တွန်းဖယ်ရင်းက ပြောလိုက်သည်။

"နေစမ်းပါဦးကွ"

"မနေနိုင်ဘူးဗျာ"

"တယ် ဒီကောင်လေး"

"ဘာကောင်လေးလဲဗျ"

"မင်းတို့အလုပ်ဟာ ဒါပဲ။ သီတင်းကျွတ်ရင် လူတောထဲဗျောက်အိုး ပစ်ထည့်ချင်တာတို့၊ ကောင်မလေးတွေ နောက်တစ်ကောက်ကောက် လျှောက်လိုက်ဖို့တို့ပဲ တတ်တယ်"

"ဘာပြုလဲဗျ။ အဲဒါပျော်တာပေါ့"

"မင်းအတော်ညံ့သေးတဲ့ ကောင်လေးပဲ .. အဲဒီလို သူများတကာ အနောက်အယှက်ပေးပြီး ပျော်ရတဲ့အပျော်မျိုးဟာ မကောင်းဘူးကွ။ သိလား မင်းကိုယ်မင်း လူ့အဖိုးတန်ကလေးဖြစ်ချင်ရင် အဲဒီလို အပျော်မျိုးကို မလုပ်ရဘူး။ သူတစ်ပါးကို အကူအညီပေးတဲ့ အပျော်မျိုးကို ရှာပျော်ရမယ်"

"ကျုပ်က ဟိုကောင်မလေးတွေကို နောက်ယှက်တာ မဟုတ်ဘူးဗျ။ ကူညီတာဗျ .. ကူညီတာ သိရဲ့လား"

"အမယ် .. တယ်လာတဲ့ ကောင်လေး ခင်ဗျားလေးက သူတို့ကို ဘယ်လိုများ ကူညီလိုက်ပါသလဲ ခင်ဗျား။ ရှင်းစမ်းပါဦး"

"သူတို့ဟာ လူအပိုးခံ၊ အတိုးခံချင်လို့ လှလှပပ ဝတ်စားချယ်မှုန်းပြီး အိမ်က ထွက်လာကြတာဗျ။ အဲဒါကို ကျုပ်က ကူညီတဲ့သဘောနဲ့ ပိုးတယ် ပိုးတယ်"

"ဟား .. ဟား .. ဟား"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖြူသီးသည် ကျွန်တော့်စကားကို သဘောကျစွာ ရယ်မောဧ၏။ ဦးဖြူသီးက ချော့မော့ခေါ်နေပြန်လေသ...

"ခင်ဗျားကိစ္စက ဘာကိစ္စမို့ ဒါလောက်အရေး... နေရတာလဲဗျ"

ကျွန်တော် ခေါင်းကို လက်ထိုးကုတ်ဖွလိုက်ပြီး ညည်းညည်းညူညူ မေးလိုက်ပါသည်။

"ကိစ္စက ဒီလိုကွာ ဟို ... မြေစေးအိုင်ရွာက အမယ်ကြီးတစ်ယောက် ငါ့ကိုလာ အကူအညီတောင်းနေတယ်ကွ"

"ဘာအကူအညီလဲ"

"သူ့သားဟာ အိပ်ယာထဲမှာ အိပ်နေရင်းက ပျောက်သွားတာ သုံးရက်ရှိပြီတဲ့ကွ။ အဲဒါ လိုက်ရှာပေးဖို့ပါပဲ"

"ဟာ .. ဒါတွေ အဆန်းလားဗျ။ ဒီလိုပဲ နေရင်းထိုင်ရင်း လူတွေ ပျောက်ပျောက်သွားကြတာပဲ"

'ဒါပေမယ့်ကွာ .. ကိုယ့်ကို အားကိုးအားထားနဲ့ အကူအညီ လာတောင်းနေပြန်တော့လည်း လိုက်စုံစမ်းပေးဦးမှပေါ့ကွာ"

"စိတ်ပျက်ပါတယ်ဗျာ။ ဒီလူက ဘယ်အမတ်လောင်းရဲ့ မဲရုံကိုယ်စားလှယ်လုပ်ခဲ့မှန်းမှ မသိဘဲနဲ့"

"ဒါတွေနောက်မှ စုံစမ်းတာပေါ့ကွာ .. လာ သွားကြရအောင် အဖွားကြီးစောင့်နေရှာတယ်"

× × ×

"အမေကြီးသားက မဲရုံကိုယ်စားလှယ်တွေ ဘာတွေလုပ်ခဲ့ဘူးသလား"

ကျွန်တော်တို့သည် မြေစေးအိုင်ရွာသို့ နွားလှည်းစီး၍ လာကြစဉ်လမ်း၌ ဦးဖြူသီးက အဖွားကြီးအား မေးခွန်းထုတ်လေသည်။

"တောက်တီး တောက်တဲ့တော်။ ကျုပ်သားလေး ဒါမျိုး ဝါသနာမပါရှာဘူး"

"ဒါဖြင့် အမေကြီးတို့က အခုပျောက်သွားတဲ့ကိစ္စမှာ ဘယ်လိုထင်ကြေး ပေးချင်သလဲ"

"အဲဒါကို မစဉ်းစားတတ်လို့ မောင့်ကိုလာပင့်ရတာပေါ့"

ဦးဖြူသီး သက်ပြင်းချလိုက်သည်။ ထက်ကောင်းကင်ဝယ် ...ပြည့်ဝန်းက ထွန်းပနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ စီးလာသောလှည်းမှာ ဝါးရုံတွေ ထူထပ်လှသည့် ကုန်းကြောကလေး၌ ခပ်မှန်မှန်ပဲ လိမ့်သွားလျက်ရှိနေ၏။

"မော င်ထွန်း နွားတွေကို မြန်မြန်မောင်းစမ်းကွယ်"

အဖွားကြီးသည် သားအတွက် စိုးရိမ်ပူပန်နေဟန်ရှိ၏။ ပြီးနောက် ဦးဖြူသီးအားလည်း တကယ့် ကယ်တင်ရှင်ကြီးအဖြစ် အားထားရှာကာ ဦးဖြူသီး သူမအိမ်သို့ ရောက်ရှိစုံစမ်းလိုက်က သူမသား မုချပြန်လည်တွေ့ရလိမ့်မည်ဟု မျှော်လင့်ထားခြင်းဖြင့် လှည်းသမားအား အိမ်သို့ အမြန်ရောက်အောင် မောင်းခိုင်းနေခြင်းဖြစ်ဟန်ရှိလေသည်။

"အမေကြီးသား နာမည်က ဘယ်လိုခေါ်ပါသလဲ"

ဦးဖြူသီးက တိတ်ဆိတ်ခြင်းကို နှောင့်ယှက်လိုက်၏။

"အသက် ဘယ်လောက်လဲ၊ ဘယ်အရွယ်လဲ"

"အသက်က သုံးဆယ့်နှစ်နှစ်ပါ"

"အိမ်ထောင်ရှိသလား"

"မရှိပါ"

"အရင်ကကော ရှိခဲ့ဖူးသလား"

"တစ်ခါမှ အိမ်ထောင်မပြုဖူးသေးပါဘူး"

"ပုံသဏ္ဍာန်ကကော"

"အသားညိုညို၊ အရပ်ပုပု၊ ခါးမရှိဘူး ဝတယ်။ ဘူးသီး ထောင်ထားသလိုပဲ"

"ထူးခြားတဲ့ အမှတ်အသားကကော"

"ရှေ့သွားတွေ မရှိဘူး။ မျက်မှန်ထူထူ သတ္တုကိုင်းနဲ့"

"ချစ်သူ ရည်းစားများ ရှိသလား"

"ဒါတော့ မဆိုနိုင်ဘူး။ ကျုပ်တော့ မကြားမိဘူး"

"အင်း .. တော်လောက်ပါပြီ"

လှည်းသည် အပြေးမြန်စွာ သွားနေ၏။ လှည်းသမား၏ နွားခေါက်သံက အဆက်မပြတ် ထွက်နေသည်။ တအောင့်တနား ကြာသွားသောအခါတွင် ခွေးဟောင်သံများကို ကြားရ၏။

ပြီးနောက် တအောင့်လောက် ကြာသွားသည်တွင်တော့ မီးလင်းတချို့မှောင်တချို့နှင့် အိမ်များတည်ရှိသော မြေစေးအိုင်ရွာကလေးသို့ ကျွန်တော်တို့ ရောက်ရှိကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ဆုံးနေသူ ကိုအေးမောင်၏ နေအိမ်သို့ရောက်ရှိသည်တွင် ထိုရွာကလေးရှိ လူများသည် ကပ္ပိယစံထောက်ကြီး ဦးဖြူသီးအား အထူးအဆန်းသဖွယ် လာရောက်ကြည့်ရှုကြသဖြင့် ဦးဖြူသီးခမျာ အတော် အနေအထိုင်ရခက်နေရှာပေသည်။

ဦးဖြူသီးသည် ကိုအေးမောင် နောက်ဆုံးအိပ်ခဲ့သည်ဆိုသော အိပ်ရာကို စစ်ဆေးကြည့်ရှု၏။ သူသည် ဘယ်သူ့အား ဘာမျှ စကားတစ်ခွန်းမဟဘဲ အမျိုးမျိုးတွေးတော စဉ်းစားနေလေသည်။

"ကဲ .. စုံထောက်ကြီး။ လက်ဖက်ရည်ကြမ်းသောက်ပါဦး"

ကိုအေးမောင်ထက် အငယ်ဖြစ်ဟန်ရှိသော အဖွားကြီးသမီးအငယ်တစ်ယောက်က လက်ဖက်ရည်ကြမ်းပွဲကို လာရောက်ချပေးကာမှ ဦးဖြူသီးသည် စဉ်းစားခြင်းကို ရပ်တန့်ထားဟန်ဖြင့် လက်ဖက်ရည်ကြမ်းကို ပန်းကန်ထဲသို့ ငှဲ့ထည့်လိုက်လေသည်။

"လက်ဖက်ရည်ကြမ်း လာသောက်ပါကြဦး"

သူ့အား လာရောက်ကြည့်ရှုအကဲခတ်နေသူ လူလေးငါးယောက်ကို ဦးဖြူသီးက ဖိတ်ခေါ်လိုက်သည်။ ထိုလူများသည် အပြုံးကိုယ်စီပြကြကာ ဦးဖြူသီးနှင့် အတူရောနှော ဝင်ထိုင်လာကြ၏။

"လာဟေ့ မောင်ဘိုးမီ လက်ဖက်ရည်ကြမ်းသောက်ရအောင်"

ကျွန်တော်တို့ရှိရာ အိမ်ပေါ်သို့ လူသစ်တစ်ယောက်တက်လာသဖြင့် အကြမ်းဝိုင်းမှ လူကြီးတစ်ယောက်က ဖိတ်ခေါ်လိုက်သည်။

"ခွေးတောက်အိုင်ရွာမှာဗျာ။ သဘက်ဖြူကြီးတစ်ကောင်ရွာ အထွက်က ညောင်ပင်မှာ တွေ့ရလို့တဲ့ဗျ"

ကိုဘိုးမီဆိုသူက လက်ဖက်ရည်ကြမ်းဝိုင်းတွင် ဝင်ထိုင်ရင်းပြောသဖြင့် ဦးဖြူသီးမှာ စိတ်ဝင်စားလာကာ ...

"ဘယ်တုန်းက တွေ့ခဲ့တာလဲဗျ"

"နှစ်ရက်လောက်ရှိပြီတဲ့ ဆရာကြီးရဲ့"

"ဘယ်လိုတွေ့ကြပုံလဲ"

"ပထမ စတွေ့တာကတော့ အဲဒီရွာက ကိုလူချောဆိုတဲ့ လူဟာ နွားပျောက်လို့ လိုက်ရှာပြီး ညဆယ်နာရီလောက် ရွာကိုလှည့်ပြန်လာတော့ အဲဒီ ညောင်ပင်ကြီးအောက်မှာ ဖြူဖြူကြီးတွေ့ရလို့ ဂရုစိုက်ကြည့်တော့ မိန်းမ သဏ္ဍာန်တစ်ခုကို ဖြူဖြူသင်္ကန်းဝါကြီးက ပွေ့ဖက်ထားတာတွေ့ရသတဲ့ဗျ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူက သူနဲ့ နီးစပ်တဲ့လူတွေကို ဒီသတင်းပြောပြပြီး နောက်နေ့သွားချောင်းကြတော့ မိန်းမတော့ မတွေ့ရဘူးတဲ့။ သဘက်ကြီးကိုတော့မြင်ခဲ့ကြသတဲ့။ သူတို့လည်း ကြာကြာမကြည့်ဝံ့လို့ ပြန်ပြေးလာကြရတယ်ဆိုပဲ"

ဦးဖြူသီးက တွေဝေစဉ်းစား၍နေလေသည်။ ပြီးနောက် အဖွားကြီးအား ခေါ်၍ တီးတိုးစကားပြောလိုက်လေ၏။ အဖွားကြီးသည် ထိုင်နေသောလူများထဲမှ လူနှစ်ယောက်ကိုခေါ်ကာ တီးတိုးစကားပြောပြန်လေသည်။ ကျွန်တော်ကတော့ ဦးဖြူသီး အရိပ်အကဲကိုသာ ကြည့်နေရတော့၏။

■

လူများ တဖွဲဖွဲ ပြန်သွားကြလေပြီ။

အချိန်မှာ တစ်စတစ်စ ညဉ့်နက်ပိုင်းသို့ ချဉ်းနင်းခဲ့ပြီဖြစ်၏။

"ကဲ .. ကိုစောနောင်နဲ့ ကိုစောမောင် သွားကြရအောင်ဗျာ"

ဦးဖြူသီးက အတွင်းခန်းဘက်သို့ မတိုးမကျယ်လှမ်း၍ ပြောလိုက်ရာ စောစောက အဖွားကြီးနှင့် စကားတီးတိုးပြောခဲ့သော လူနှစ်ယောက်သည် လက်လက်တောက်နေသော ဓါးရှည်တစ်ယောက်တစ်ချောင်းစီ ကိုင်ကာ ထွက်လာကြ၏။ တစ်ယောက်၏လက်မှာတော့ ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီး တစ်လက်လည်း ပါလာပေသေးသည်။

"ကျုပ်တို့ ခုဘယ်သွားကြမလို့လဲ"

ကျွန်တော်က ဦးဖြူသီးအား တိုးတိုးလေးမေးလိုက်သည်။

"ခွေးတောက်အိုင်ဆိုတဲ့ ရွာကို

"ဘာလုပ်မလို့လဲ"

"သဘက်သွားဖမ်းမယ်လို့"

"ခင်ဗျားဟာက လူပျောက်ရှာလာတာ ဘာလို့သဘက်ဖမ်းရမှာလဲ"

"ဘုရားလည်းဖူးရင်း ဖွတ်ဥလည်း တူးရတာပေါ့"

"လိပ်ဥပါဗျ"

"ဘာဖြစ်ဖြစ် ရတဲ့ဥတူးတာပေါ့"

မြေစေးအိုင်ရွာကလေးသည် ကျွန်တော်တို့နောက်၌ တိတ်ဆိတ်စွာ ကျန်ခဲ့လေသည်။ တောတန်းထဲသို့ ရောက်ရှိလျှင် လရောင်ပြောက်ကျားများ...င်းဖြတ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



လပေါ်သို့ မိုးသားများက အုပ်မိုးလိုက်လျှင် ကွက်ကျားရိပ်များ မှေးမှိန်၍သွားတတ်သည်။ တစ်စ တစ်စနှင့် ခွေးဟောင်သံ သဲ့သဲ့ကို ကြားလာရတော့သည်။

"ညောင်ပင်ရှိတဲ့ အနားနီးလာပြီလားဗျို့" ဦးဖြူသီးက ရှေ့မှသွားနေသူ ကိုစောနောင်အား ခပ်တိုးတိုးမေးလိုက်၏။

"ဟုတ်ကဲ့ ဆရာ။ ရှေ့နားလေးမှာပဲ"

"ညောင်ပင်ကို မြင်လောက်မယ့် နေရာကနေ ချောင်းကြည့်ကြရအောင်"

ရှေ့သို့ ကိုက် ၂၀ ခန့် သွားမိသောအခါတွင် ကျွန်တော်တို့သည် ချုံ တစ်ချုံဘေးမှကပ်၍ ချောင်းမြောင်းကာ ညောင်ပင်ဆီသို့ ကြည့်နေကြသည်။

တောတစ်ခုလုံးတွင် တိတ်ဆိတ်ခြင်းက စိုးမိုးနေလေတော့သည်။ တစ်ခါတစ်ရံ၌တော့လည်း ပိုးပုရစ်ကလေးများ အော်မြည်သံက နားထဲသို့ တိုးဝင်လာတတ်ပါသေး၏။

လရောင်က ညှိုးမှိန်၍သွားလေသည်။ ခွေးဟောင်သံသည် ခွေးတောက်အိုင်ရွာကလေးဆီမှ ထွက်ပေါ်၍လာလေ၏။ ကျွန်တော်တို့ လူသိုက်မှာ ရွာဦးထိပ်ဆီသို့ စူးစူးကြည့်နေကြလေသည်။ တစ်အောင့်လောက်ကြာသည်တွင် မည်းမည်းသဏ္ဌာန်တစ်ခုသည် ထွက်ပေါ်၍လာလေသည်။ ကျွန်တော်တို့ မျက်လုံးများက ထိုသဏ္ဌာန်ကို စူးစိုက်၍ကြည့်နေကြလေသည်။ ထင်ရှားလာသောအခါ၌ ထိုအရာသည် မိန်းမပျိုတစ်ယောက်ဖြစ်နေကြောင်း သိမှတ်ရလေတော့၏။

မိန်းပျိုသည် ညောင်ပင်ကြီးဘက်သို့ ရှေ့ရှုသွားနေလေသည်။ ကျွန်တော်သည် ညောင်ပင်ဘက်သို့ တစ်လှည့် မိန်းမပျိုဘက်သို့ တစ်လှည့် ကြည့်နေမိစဉ် ညောင်ပင်ဆီမှ ဖြူဖြူအရာကြီးတစ်ခု လှုပ်ရှားလာသည်ကို တွေ့မြင်ရပါတော့သည်။

"ဦးဖြူသီး ဟိုမှာဗျို့"

ကျွန်တော်က ဦးဖြူသီးအား လက်ကုတ်ပြလိုက်သည်။

"အသာတိတ်တိတ်နေကွ"

သူကလေသံဖြင့် ပြန်ပြော၏။ တဖြည်းဖြည်းနှင့် မိန်းမပျိုနှင့် ဖြူဖြူအရာကြီးတို့ နီးကပ်သွားသည်တွင် မိန်းမပျိုသည် ဖြူဖြူကြီးရှိရာသို့ လက် ၂ ဘက်ကို ဆန့်တန်းသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. ဝိုင်းဖမ်းကြစို့ဗျို့"

ဦးဖြူသီးက ဤသို့ပြောလိုက်ရာ ကိုစောမောင်သည် ဦးဖြူသီး မျက်နှာကို ပြန်ကြည့်နေပြီး။

"ဖြစ်ပါ့မလားဆရာ သဘက်ကြီးနဲ့ ဥစ္စာစောင့် မတွေ့နေကြတာ မဟုတ်လား"

ဟု မေးလိုက်လေ၏။

"ဘယ်က သဘက်ရမှာလဲဗျာ။ ဖမ်းသာဖမ်းကြပါ ခင်ဗျားတို့ ကိုအေးမောင်ကြီးပါဗျ"

"ဖြစ်နိုင်ပါ့မလား ဆရာ"

"ကြာလိုက်တာဗျာ"

ဦးဖြူသီးက ပြောပြောဆိုဆို နေရာမှ ထသဖြင့် ကျွန်တော်တို့လည်း လိုက်ပါသွားလေတော့သည်။ ကျွန်တော်တို့ ညောင်ပင်ခြေရင်းသို့ ချဉ်းကပ်မိသောအခါတွင် မိန်းမပျိုနှင့် ဖြူဖြူသတ္တဝါမှာ တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်ထားကြလေ၏။

"ကိုအေးမောင်။ ပြေးလို့ယ်တော့ မကြံနဲ့ဗျို့ ပစ်ထည့်လိုက်မယ်"

ဦးဖြူသီးက ဤသို့ပြောကာ ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်တွင် ကျွန်တော်တို့မှာ မရယ်ဘဲ မနေနိုင်အောင် ဖြစ်ကြရတော့၏။

ကိုအေးမောင် တစ်ကိုယ်လုံးတွင်မူ လဲမှုန့်များကပ်ကာ ဖွေးဖွေးဖြူလျက် ရှိနေလေသည်။

ကျွန်တော်တို့လူသိုက်သည် သွက်လက်စွာ သူတို့အနီးသို့ ချဉ်းကပ်ကြ၏။ သူတို့သည် တစ်ဦးကိုတစ်ဦး တင်းကြပ်စွာ ပွေ့ဖက်ထားရင်းမှပင် မလှုပ်မယှက် ငြိမ်သက်နေကြသည်။

"ကိုအေးမောင်ကြီးရာ။ ခင်ဗျား ဘယ်လိုဖြစ်နေတာလဲဗျာ"

ကိုစောမောင်က အားမလိုအားမရဖြင့် မေးလိုက်သည်တွင် ကိုအေးမောင်နှင့် မိန်းမပျိုနှင့် ခွဲခွာလိုက်ကာ ဖြစ်ကြောင်းကုန်စင် ရှင်းပြပါတော့သည်။

■

ဤနေရာတွင် ကိုအေးမောင်ပြောပြသော အကြောင်းကို ကျွန်တော် ဝတ္ထုကလေးသဖွယ် ရေးပြပါမည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးဖွဲမှုန်ကလေးများ ကျနေသော ည၏ ၁၀ နာရီခန့်အချိန်တွင် ကိုအေးမောင်သည် ချိန်းဆိုထားသော မသန်းမေနှင့် တွေ့ဆုံရန် မြေစေးအိုင်ရွာမှ ချေးတောက်အိုက်ရွာသို့ ထွက်လာခဲ့သည်။ သူ၏ခါးပိုက်တွင်းဝယ် ရှိသော ပဲကြီးလှော်မှာ ချစ်သူ မသန်းမေ၏ အမှာစာတွင် ပါသည့်အတိုင်း ချစ်သူ၏ အိပ်ခန်းနံဘေးမှ ကပ်ကာ ပဲကြီးလှော်ဝါးလိုက်လျှင် တောက်ခနဲ အသံမြည် သွားက မသန်းမေ ဆင်းလာဖို့ပင် ဖြစ်ပါသည်။

သူသည် လရောင်မှုန်ဝါးဝါးတွင် မျက်မှန်ထူကြီးနှင့် ကစမ်းကဝါး လာခဲ့ရာ ရွာနှစ်ခုခြား၍ ချောင်းငယ်အား ထိုးထားသော တံတားသို့ ရောက် သည်၌ တံတားပေါ်၌ လိမ့်ကျကာ တစ်ကိုယ်လုံး ရေရွှဲရွှဲစိုခဲ့ရရှာလေသည်။

ကိုအေးမောင်သည် ချစ်သူအိပ်ခန်းဘေးသို့ ရောက်ရှိသည်တွင် ပဲ လှော်များကို တစ်စေ့ပြီးတစ်စေ့ ကိုက်စားခဲ့သော်လည်း ရေစိုထားသော ပဲလှော် များမှာ အသံမမြည်ရှိရလေတော့သည်။ သူသည် စိတ်အားထက်သန်စွာ ကိုက် ဝါးခဲ့ရာ နောက်ဆုံးဖြစ်သော စုန်းပြူးအစေ့ကျမှ "ထောက်"ခနဲ မြည်၍သွား သဖြင့် ချစ်သူသည် တံခါးဖွင့်ဆင်းလာခဲ့လေ၏။

"အို .. ကိုအေးမောင် တစ်ကိုယ်လုံးလည်း ရေတွေစိုလို့ပါလား တော်" မသန်းမေသည် သူ့အားကြည့်ကာ ပြောလိုက်သည်။

"ဒါ .. ဒါ .. အရေးမကြီးဘူး မသန်းရယ်။ ကျုပ် အိမ်သာတက်ချင် တယ်"

ရေစိုထားသော ပဲလှော်အစိတ်သားက သူ၏ဗိုက်ထဲရှိ ဖောင်းပွလာ သည်တွင် ကိုအေးမောင်မှာ ခမ္မတာကို မအောင့်အီးနိုင်ရှာဘဲ ချစ်တင်းမှ မနှောရမီ အရေးကြီးသည့် ကိစ္စကို တင်ပြတောင်းဆိုရရှာလေတော့၏။

"ခက်တာပဲ ကိုအေးရယ် .. ကျုပ်တို့ အိမ်မှာလည်း အိမ်သာမရှိတော့ ဒုက္ခပါပဲ"

"နို့ မသန်းတို့ အိမ်သာသွားတော့ ဘယ်သွားကြသလဲ"

"ဟို ..ဘက်က တောတန်းထဲ သွားကြတယ်"

"အမယ်လေး .. ဗိုက်ထဲက နာလိုက်တာဗျာ"

"ဒုက္ခပါပဲရှင်။ ကဲ .. ကဲ ဒီလိုလုပ် ဟောဟိုတုံးတင်တင်ဖို့ စိုက်ထား တဲ့ ခွတိုင်ကြီး နှုတ် အဲဒီထဲ ပါထည့်ပြီးတော့ ပြန်စိုက်ထားခဲ့"

ကိုအေးမောင်သည် မသန်းမေ ညွှန်ကြားသည့်အတိုင်း ကုံးတင်ခွကြီး ကို နှုတ်၍ အီအီးယိုလေတော့သည်။ သူ့ခမျာတွင် ဝမ်းဖောဝမ်းနာ ဖြစ်နေသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တော်တော်နှင့် အီအီးမပြီးနိုင်ဘဲရှိနေရာ သူ့အဖြစ်ကိုသူ ဒေါပွလာမိလေ တော့၏။

"ကဲ .. ဒီလောက်မပြီးချင်လည်း နေဟာ"

ကိုအေးမောင်သည် ဒေါပွပွနှင့် ထကာ တုံးတင်ခွက်ကြီးကို တွင်းထဲသို့ ဆောင့်ချလိုက်ရာ သူပါထားသော အီအီးများသည် သူ့တစ်ကိုယ်လုံးကို စင်မှန် ပေကျံ၍ သွားလေတော့၏။

"လုပ်ပါဦး မသန်းရ၊ ကျုပ်တော့ ဒုက္ခပဲ"

"ထွီ ခွက်ကြီးကို ဆောင့်ချမိလို့ တစ်ကိုယ်လုံးပေကျံကုန်ပြီ။ ရေချိုးပစ်မှ ဖြစ်မယ်"

"ခက်လိုက်တာတော် စိတ်များညစ်ပါရဲ့။ ဟောဟိုမှာ ရေစည်ပိုင်းရှိ လေရဲ့ သွားချိုးပေတော့"

ကိုအေးမောင်သည် မသန်းမေ ညွှန်ပြရာသို့ သွားရာ စည် ၂ လုံးကို တွေ့ရှိရသဖြင့် အချိန်ဖြုန်း၍ ရေခွက်ရှာမနေတော့ဘဲ။ စည်ကြီးတစ်လုံးထဲသို့ ဆင်းချလိုက်ရာ အထဲရောက်၍ တစ်ကိုယ်လုံး ထိုးနစ်သွားမှ ထိုစည်မှာ ရေစည် မဟုတ်ဘဲ ကတ္တရာစေးစည်ဖြစ်ကြောင်း သိရလေတော့၏။

"လုပ်ပါဦး မသန်းမေ။ ကျုပ်တော့ ခက်တာပါပဲနော်"

မသန်းမေမှာ တစ်ကိုယ်လုံး နက်မှောင်နေသော ကိုအေးမောင်အား ကြည့်ကာ အံ့အားသင့်နေလေတော့၏။ ပြီးမှ ...

"ကျွန်မအပြစ်ပဲ ကိုအေး။ ကျွန်မ သေသေချာချာ မပြောလိုက်မိဘူး။ ဒီတစ်ခါတော့ ဘယ်လိုလုပ်ရပါ့မလဲတော်။ စိတ်ညစ်လိုက်တာ"

မသန်းမေက ဤသို့ညည်းတွားနေစဉ် ခွေးသုံးလေးကောင်က သူတို့ အား ဝိုင်းဟောင်လေတော့သဖြင့် အိမ်သားများနှင့် အိမ်နီးပါးချင်းများ နိုးလာ ကာ အိပ်ရာမှထသံ ကြားရသောကြောင့် မသန်းမေသည် အိမ်ပေါ်သို့ တက်ပြေး သွားလေတော့၏။

ကိုအေးမောင် တစ်ယောက်တည်း အူလည်လည် ကျန်နေခဲ့ရာမှ လူများ လှုပ်ရှားလာသဖြင့် စပါးကျီကြီးတစ်ခု ဘေးသို့ပြေးကပ်လိုက်သည်တွင်

"သူခိုး .. သူခိုး"

ဟု အော်သံကြားရပြန်သောကြောင့် ပြေးစရာရှာမတွေ့တော့ဘဲ စပါးကျီဘေးရှိ ပုတ်ကြီးထဲသို့ တက်ခုန်ချလိုက်ရာ လဲမှိုများပေါ်သို့ ထိုင်နဲ့ လဲကျသွားရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုအေးမောင်သည် တစ်ညဉ့်နှင့် တစ်နေ့ လဲမှိုပုတ်ထဲတွင် နေခဲ့ရ၏။ ညနေပိုင်းကျမှ မသန်းမေ စပါးကျီနားအလာတွင် လက်ယပ်ခေါ်ယူပြီး အကျိုးအကြောင်း ရှင်းပြကာ ညောင်ပင်ဆီသို့ ချိန်းဆိုပြီး မိုးချုပ်စတွင် ပုတ်ထဲမှ ထွက်လစ်ခဲ့ရလေသည်။

ကိုအေးမောင် သဘက်ဖြစ်သော ဇာတ်လမ်းမှာ ဤတွင် ဆုံးလေပြီ။

"ခင်ဗျားက ဘာလို့အိမ်မပြန်ဘဲ သဘက်ယောင်ဆောင်နေတာလဲ"

ဦးဖြူသီးက ရယ်မောပြီး မေးလိုက်သည်။

"ပုတ်ထဲကနေ မသန်းမေကို ခေါ်တုန်းက ကျုပ်ကို မသန်းမေ ကြောက်လန့်နေတာ တွေ့ရတာနဲ့ ကျုပ်လည်း စိတ်ကူးရပြီး လူတွေက ကျုပ်ကိုကြောက်နေရင် မသန်းမေနဲ့ ကျုပ် လွတ်လွတ်လပ်လပ် တွေ့ရမှာပဲ ဆိုတာ သိလို့ ဒီလိုပဲ နေလိုက်တာပဲဗျာ"

"ခင်ဗျားက ဘာတွေများ စားသောက်နေသလဲဗျာ"

"မသန်းမေက လာပို့ပေးတာပေါ့ဗျ။ ဒီဘက်မှာ သဘက်ဖြူကြီးရှိတယ်ဆိုတော့ ဘယ်သူမှ မလာဝံ့ဘူးမို့လား။ အဲဒီတော့ သူ့အဖို့ အသွားအလာ ချောင်တာပေါ့"

• "ဒီလောက်တောင် ဒုက္ခခံနေရတာက ခင်ဗျားတို့ကို လူကြီးတွေက သဘောမတူကြလို့လား"

"ဟုတ်ပါတယ်။ သူတို့မိဘတွေက ကျုပ်ကို သူတို့သမီးနဲ့ ဘယ်လိုမှ မပေးစားနိုင်ကြဘူးတဲ့။ ကျုပ်ကလည်း မသန်းမေကို ဘယ်လိုမှမခွဲနိုင်ဘူးလေ။ ဒါကြောင့် ဖြစ်လာတဲ့အကြောင်းကို အကောင်းဆုံးဖြစ်အောင် ဖန်တီးလိုက်ရတာပါပဲ"

"အင်း .. လူပျိုကြီးများ တယ်ကြောက်စရာကောင်းပါလား"

ဦးဖြူသီးက ဤသို့ပြောကာ ရယ်မောလိုက်သဖြင့် အားလုံးရယ်ကြလေသည်။ မသန်းမေမှာ ရှက်ဟန်နှင့် ခေါင်းကလေး ငုံ့ထားလေသည်။

"ကဲဗျာ .. ခင်ဗျား အမေကြီးလည်း ခင်ဗျားအတွက် စိတ်ဆင်းရဲလှရှာပါပြီ။ ခင်ဗျားသဘက်ဘဝက ကျွတ်လွတ်ခဲ့ပါတော့"

"မဖြစ်ဘူးထင်တယ် ဆရာကြီးရယ်။ ကျုပ်ဒီလိုပဲ နေပါရစေဗျာ"

ကိုအေးမောင်သည် မျက်မှန်ထူအောက်မှ မျက်နှာငယ်ကလေးနှင့် တောင်းပန်နေရှာသည်။

"ဘာပြုလို့လဲ ကိုအေးမောင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် သဘက်ဘဝက ကျွတ်သွားရင် ကျုပ်နဲ့ မသန်းမေ ကွဲရမှာ ကြိမ်းသေတယ်ဗျာ"

"အို .. ဒါအတွက် ကျွန်တော့်တာဝန်ထားပါဗျာ။ ကဲ .. ကဲ .. သီတင်းလည်း ကျွတ်ပါပြီ။ ခင်ဗျားလည်း ကျွတ်ပါတော့။ ခင်ဗျားတို့ မကြာခင် လက်ထပ်ရအောင် ကျွန်တော် စီစဉ်ပေးပါ့မယ်"

ဦးဖြူသိးက ဤသို့ ကတိပေးလိုက်တော့မှ ကိုအေးမောင် မျက်နှာမှာ ပြုံးရွှင်လာတော့သည်။

***

www.burmeseclassic.com

www.burmeseclassic.com

## ညောင်ပင်ဟာရွှေ

ရွက်ဝါတို့သည် လေထဲဝယ် ပျံဝဲနေကြသည်။

ကွင်းပြင်မှာ ရွှေရောင်မတောက်တော့ဘဲ၊ ရော်မွဲ၍နေလေပြီ။

လယ်သမားတို့၏ တဲအုံကနားတို့သည် ခြောက်ကပ်လျက်ရှိ၏။ လူစလူနကိုပင် မမြင်စွမ်းနိုင်တော့၊ လယ်သူလယ်သားတို့၏ တေးညည်းသံမှာ ဆိတ်သုဉ်းလေပြီ ဖြစ်ပေ၏။

ဂျိုးငှက်တို့သည် တလင်းပြင်မှ ဖိတ်စင်ကြွင်းကျန်ခဲ့သော စပါးစေ့ကလေးများကို လိုက်လံ၍ကောက်စားနေကြသည်။

မိန်ရာသီ၏ ကျေးလက်ရှုခင်းမှာ ငြီးငွေ့ဖွယ်ကောင်းလှပါသည်။

ဒါကတော့ ရှုခင်းကို အရသာခံ၍ ငေးမောတတ်သော စိတ်ကူးယဉ်သမားအတွက်သာ ဖြစ်ပါ၏။

ကျေးလက်တောရွာမှ လယ်ယာမြေဖြင့် အသက်မွေးမှုပြုကြရသူများကတော့ ဤမိန်ရာသီကလေးတွင်မှပဲ အတော်အသင့် စိတ်ချမ်းမြေ့မှုကို ခံစားကြရရှာပါသည်။

ဤအချိန်ကလေးသည် တစ်နှစ်တာအတွက် သူတို့အဖို့ အလုပ်နားချိန်ဖြစ်သည်။ ငွေကြေးချောင်လည်သူများက အလှူအတန်းပြုလုပ်ချိန် ပွဲလမ်းသဘင် ဆင်ယင်ကျင်းပချိန်လည်းဖြစ်ပေသည်။ ဒါကြောင့် သူတို့က ဤမည်သောမိန်ဉီးတွင် ကြည်နူးမှုကို ခံစားကြရရှာပေသည်။

ကျေးလက်တောရွာမှ လူများစုများ ပျော်ရွှင်ကြည်နူးချိန်မို့ ကျွန်တော်လည်း ပျော်ရွှင်လှသည်။ ကျွန်တော် ပျော်ရွှင်ရခြင်းမှာ အထက်ပါအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အရာများတွင်မှ ပွဲလမ်းသဘင်များကြောင့်တစ်ကြောင်း ပြီးနောက် တစ်မိုးနှင့် တစ်ဆောင်းကာလအတွင်း လယ်ကွင်းပြင်တွင် သွားရောက်နေထိုင်ကြသော အမေနှင့်အဖေတို့သည် လယ်ထွက်စပါးများအား ရောင်းတန်သည်ကို ရောင်း၍ ဝမ်းစာအပါးများကို ရွာအိမ်ရှိ ကျီထဲပုတ်ထဲသို့ သိမ်းသွင်းကာ ရွာသို့ ပြန်လည်ပြောင်းရွှေ့ခဲ့ကြလေပြီ။ သို့ကြောင့် ကျွန်တော်က အများထက် ပို၍ပျော်ရွှင်မိမည်ဟု ထင်သည်။ ဟုတ်ပါ၏။ တစ်မိုးနှင့်တစ်ဆောင်းလုံးလုံး နီးကပ်စွာမနေခဲ့ရသော အမေ့ရင်ခွင်တွင် မှီတွဲကာ အဖေ၏ယုယမှုခံယူရရှိလေပြီ။ သို့ကြောင့် ကျွန်တော်က ဤမိန်ရာသီကလေးအား မမေ့နိုင်လောက်အောင် ချစ်ခင်မြတ်နိုးခဲ့ရခြင်းလည်း ဖြစ်ပါတော့၏။

ယခုတိုင်ပင် ရော်ရွက်ဝါတွေ ကြွေဝဲ၍ ရွက်နုဝေသော ရာသီသို့ ရောက်ရှိတိုင်း ငယ်စဉ်ကနေထိုင်ခဲ့သော ကျေးရွာနှင့် ကွယ်လွန်ခဲ့ပြီဖြစ်သော အမေနှင့်အဖေတို့အား တမ်းတလွမ်းဆွတ်မိသည်။ ကျွန်တော်၏ ဝိညာဉ်မှာလည်း ငယ်စဉ်အတိတ်ဆီသို့ ပြန်လည်ရွှေ့လျားသွားတတ်ပါသည်။

× × ×

"လူလေး မင်းဒီနေ့ ဘယ်မှမသွားရဘူး။ အိမ်မှာ စာဖတ်နေရမယ်"

အဖေသည် ကျွန်တော့်အား မျက်နှာခပ်တည်တည်နှင့် ပြောပါသည်။

"တော်ကလည်းတော် လူလေး ကျောင်းအားတဲ့အချိန်ကလေးများ လွတ်လွတ်လပ်လပ်နေပါစေ၊ မချုပ်ချယ်ချင်စမ်းပါနဲ့"

အမြဲတန်း ကျွန်တော့်ဘက်မှ အရေးဆိုပေးတတ်သော အမေက ဝင်၍ အဖေ့စကားကို ကန့်ကွက်လေသည်။

"မယ်န မင်းဘာမှမသိဘဲနဲ့ ဝင်မရှုပ်စမ်းနဲ့။ ဒီကောင်လေးက ခုတလော အပျက်စီးကြီး ပျက်စီးနေတာကွ"

အဖေက အမေ့အား အော်ပစ်လိုက်သည်။ အမေက ငြိမ်၍ မသွားပါ။ အဖေ့အား ပြန်၍မေးခွန်းထုတ်လိုက်သည်။

"ကျုပ်သားလေး ဘာများပျက်စီးနေသလဲတော် .. ပြောစမ်းပါဦး"

ကျွန်တော်မှာ အဖေနှင့် အဖေ ကတောက်ကဆဖြစ်နေစဉ် တစ်နေရာ၌ အသာကလေး ကုတ်နေရသည်။ စိတ်ထဲတွင်တော့ အဖေ့အား မကျေမနပ်ဖြစ်ကာ အမေ့အား ကျေးဇူးတင်နေမိ၏။ ပြီးနောက် အမေက အရေးသာပါစေဟုလည်း ဆုတောင်းနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာများ ပျက်စီးနေသလဲဆိုတာ မင်းမသိဘူးပေါ့"

"မသိပေါင်တော်"

"မင်း အဲဒီလို ကလေးကန်းတက်အောင် မလုပ်စမ်းပါနဲ့ မယ်နုရာ။ ကောင်လေးဟာ ခုတလော ဟိုရွာလယ်ပိုင်းက ထွန်းသင်ရဲ့သား ကျော်ခင်တို့နဲ့ ပေါင်းပြီး လေးဂွတစ်ချောင်းနဲ့ ငှက်ကလေးတွေ လိုက်သတ်နေတာ မင်းလည်း အသိသားပဲ မဟုတ်လား"

အမေမှာ စောဒကမတက်နိုင်တော့ဘဲ ပါးစပ်အဟောင်းသားနှင့် ဖြစ်နေရတော့သည်။ တကယ်တော့လည်း ဟုတ်သည်။ ကျွန်တော့်မှာ ယခုနွေရာသီကျောင်းပိတ်ရက်တွင် ကျော်ခင်တို့ စံဝတို့လူသိုက်နှင့်အတူ ငှက်ပစ်သောအလုပ်ကို အစွဲအလန်းကြီးစွာ လုပ်ကိုင်လျက်ရှိနေပါသည်။ ကျွန်တော့်အဖေမှာ ဘာသာရေးကို အနူးညွတ် ရိုသေကိုင်းရှိုင်းသူဖြစ်ရကား၊ ဤကဲ့သို့ "ပါဏာတိပါတာ" လုပ်ငန်းကို အကြီးအကျယ် စက်ဆုပ်ကာ အပြင်းအထန် ကန့်ကွက်တတ်သူလည်း ဖြစ်ပါသည်။ ဒါကြောင့်ပင် အမေမှာ စောဒကမတက်နိုင်ဘဲ ရှိရခြင်းဖြစ်ပါတော့သည်။

"ကဲ .. မင်း ဒီနေ့ ဘယ်မှမသွားနဲ့ အိမ်မှာ စာဖတ်နေကြားလား။ မင်းဟာ အင်မတန်လည်း ချူချာတယ်။ ဒီကြားထဲက သူများအသက်တွေကို သတ်ချင် ဖြတ်ချင်သေးတယ်။ မင်း သိပ်မိုက်တဲ့ ကောင်"

အဖေသည် ပြောပြောဆိုဆို နေရာမှ ထ၍သွားပါတော့သည်။ ကျွန်တော်တွင်တော့ မျက်နှာငယ်ကလေးဖြင့် အမေ့ကိုသာ ကြည့်နေမိပါတော့၏။

"မင်းကလည်း မင်းပဲ ဘာလုပ်လုပ် ဒီငှက်ကလေးတွေကို သတ်ချင်ဖြတ်ချင်ရတာလဲ။ မင်းအဖေက ဒီလိုဟာတွေကို မကြိုက်ဘူးဆိုတာ အသိသားနဲ့"

အမေသည် ကျွန်တော့်အား တီးတိုးညင်သာစွာ ဆိုဆုံးမလျက်ရှိပါသည်။

"အမေကလည်း အဖေဘက်က လိုက်ပြောနေပြန်ပြီဗျာ။ ငှက်ပစ်တာက ကျွန်တော်မှ ငှက်ကိုထိအောင် ပစ်နိုင်တာမှ မဟုတ်ဘဲ ဘယ်ကလာငရဲကြီးရမှာလဲ။ ဟိုကောင်တွေပစ်လို့ ကျလာတဲ့ ငှက်သေကို လိုက်ကောက်တဲ့ဥစ္စာ"

ကျွန်တော်သည် အဖေ့ကိုသာ ပြန်လှန်မပြောဝံ့သော်လည်း အမေ့ကိုတော့ ပြန်ပြောဝံ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူများပစ်တာ ကောက်လည်း အတူတူပေါ့ဟဲ့။ ကြံရာပါဆို ငရဲကြီးတာပဲ"

"အမေသည် စိတ်မရှည်တော့ဘဲ ဝေါက်ငန်းကာ မီးဖိုခန်းထဲသို့ ဝင်သွားပါတော့သည်။

■

ကျွန်တော်မှာ မိဘများက မည်သို့ပင် ဆုံးမတားမြစ်သော်လည်း ငှက်ပစ်ခြင်းအလုပ်ကို မစွန့်လွှတ်နိုင်ပါ။ အဖေလစ်လျှင် လစ်သလို ကျော်ခင်တို့ လူသိုက်နောက်သို့လိုက်၍ စားပင်တကာ အနှံ့အပြား သွားလာနေပါသည်။

တကယ်တော့လည်း ဤငှက်ပစ်သွားရခြင်းမှာ အင်မတန် ပျော်စရာကောင်းသည်။ ဟုတ်ပါသည်။ ကျွန်တော်တို့သည် လောက်စာလုံး လွယ်အိတ်များကို လွယ်ကာ တောကြိုအုံကြားသို့ လှည့်လည်ကာ ငှက်စားသော ညောင်ပင်များကို လိုက်လံရှာဖွေရသည်ကိုပင် အလွန်ပျော်ပိုက်ကြသည်။

ကျော်ခင်မှာ ငှက်ပစ်ရာတွင် လက်ဖြောင့်ရုံတင်မက တောတောင်များတွင်လည်း အတော်နှံ့စပ်သူ တစ်ယောက်ဖြစ်ပါသည်။ ဘယ်လ ဘယ်ရက်တွင် ဘယ်ညောင်ပင်မှ အသီးများမှည့်၍နေပြီ ဆိုသည်ကိုပင် သူက အလွတ်မှတ်သားမိနေသူတစ်ယောက် ဖြစ်ပေသည်။ သူ့အား ရွာထဲမှ လူကြီးများက ငှက်ပစ်မုဆိုးဟူ၍ပင် အမည်ပေး ခေါ်ဝေါ်ကြလေသည်။

ကျွန်တော်တို့ ငှက်ပစ်သွားခြင်း အကြောင်းကို အနည်းငယ်ချဲ့၍ ရေးသားပါဦးမည်။ ငှက်ပစ်သွားရာတွင် ဆန်နှင့်ဆားကို ယူဆောင်သွားကြသည်။ ငှက်စားသော ညောင်ပင်ရောက်ပြီး ငှက်များပစ်၍ရလျှင် ရသောငှက်များကို အမွေးနှုတ် အူအသည်းများ ရင်ခွဲထုတ်ပြီးကာ ထည့်ပ်များဖြင့် ဆားလူးကင်ကာ ဆန်ကို ဝါးကျည်ထောက်ဖြင့် ထမင်းချက်၍ ငှက်သားကင်ဖြင့် စားသောက်ကြရသည်မှာ အင်မတန်အရသာရှိသည်။ ငှက်ပစ်ရာတွင် ရတတ်သော သတ္တဝါကလေးများမှာ ငှ၊ ဘွတ်၊ ကလုံ၊ ရှဉ့်နီဘော၊ အောက်ချင်း အစရှိသည်တို့ဖြစ်ပါ၏။

ယခုတလော ငှက်စားသော ညောင်ပင်မှာ ကျွန်တော်တို့ လယ်တဲအနီးရှိ "အထိကရညောင်ပင်" ဟု တွင်သောညောင်ပင် ဖြစ်ပါသည်။ ထိုညောင်ပင်တွင် ရုက္ခစိုးရှိသည်ဟု သမုတ်ကြသည်သာမကသေး ထိုရုက္ခစိုးအား ညောင်ပင်တွင် စင်ကလေးပြုလုပ်ကာ ကိုးကွယ်ပသကြသေးသည်။ ယင်း



www.burmeseclassic.com

www.burmeseclassic.com



ရက္ခစိုးတွင်လည်း ခိုင်းစေသော တစ္ဆေကြီးတစ်ယောက်လည်း ရှိသေးသည်ဟု ပြောကြ၏။

■

ကျွန်တော့်ကိုသာ ကျွန်တော် မကျေနပ်ဖြစ်ကာ ဒေါပွနေမိသည်။ ဟုတ်ပါ၏။ မနေ့ညကပင် ကျော်ခင်နှင့် ကျွန်တော် "အထိကရညောင်ပင်"သို့ ငှက်ပစ်သွားရန် ချိန်းဆိုထားခဲ့သည်။ အစီအစဉ်မှာ မနက် ငါးနာရီခွဲလောက်တွင် အိပ်ရာမှထ၍ သွားကြရန်ဖြစ်သော်လည်း ကျွန်တော်မှာ ထိုနေ့မှာ အိပ်ရာက စောစောမနိုးဘဲ ရှိခဲ့ရသည်။ ကျွန်တော် ခြောက်နာရီကျော်ကျော်လောက်တွင်မှ အိပ်ရာကနိုး၍ ကျော်ခင်တို့အိမ်ဆီသို့ ခပ်သုတ်သုတ်ပြေးခဲ့ရာ ကျော်ခင်တို့လူစုသည် အိမ်၌ မရှိတော့ပြီကို သိရပါတော့၏။ ကျွန်တော်က ဘာပဲဖြစ်ဖြစ် ကျွန်တော်တစ်ယောက်တည်းပင် ညောင်ပင်ရှိရာသို့ လိုက်သွားတော့မည်ဟု စိတ်ကို ဆုံးဖြတ်ပြီး ရွာပြင်သို့ ထွက်ခဲ့သည်။

ကြျုတောအင်းအား ဖြတ်ဆောက်ထားသည့် ဘကြီးရွှေဂန့်တဲတား ရှည်ကြီးပေါ်တွင် လျှောက်၍ တစ်ဝက်လောက်အရောက်တွင် ကျွန်တော်၏ တူရူမှ ကလေးတစ်အုပ် ဒုံးပြေးလာကြသည်ကို တွေ့မြင်ရသဖြင့် ကျွန်တော် ရင်ထဲတွင် ထိတ်လန့်သွားကာ ရပ်တွေ၍နေမိသည်။

"ဟေ့ ကျော်ခင် ဘာလဲကွ .. ဘာလဲ"

ပြေးလာသူများ ကျွန်တော့်အနီးရှိ ရောက်ရှိသည်တွင် ကျွန်တော်က ရှေ့ဆုံးမှ ပြေးလာသော ကျော်ခင်အား ဆီး၍မေးလိုက်သည်။ ကျော်ခင်က ဘာမှပြန်မပြောဘဲ ပြေးမြဲသာ ပြေးလာနေ၏။

"ဟေ့ကောင်တွေ ဘာဖြစ်လာကြတာလဲကွ။ ငါ့ကိုလည်း ပြောစမ်းကြပါဦး"

ကျွန်တော်က အငန်းမရ ဆီး၍မေးသော်လည်း သူတို့က ပြန်၍ ပြောကြပါ။ ကျော်ခင်တို့လူစုသည် ကျွန်တော်အား တစ်ယောက်ပြီးတစ်ယောက် ရှောင်ရှားဖြတ်ကျော်ရင်း ပြေးကြပါသည်။ သူတို့၏မျက်နှာများတွင်လည်း အင်မတန်ကြောက်ရွံ့သော အသွင်ဖြင့် ရှိကြပါ၏။

သူတို့သည် တဖြည်းဖြည်းနှင့် ကျွန်တော်နှင့် ကွာဝေး၍သွားကြလေပြီ။

ကျွန်တော်ကတော့ ဘာတတ်နိုင်တော့မလဲ ဘုမသိဘမသိနှင့်ပင် သူတို့နောက်သို့ ပြေး၍ လိုက်ခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မှာ ပြေးရင်းနှင့်ပင် သူတို့ထံမှ အကြောက်ရောဂါ ကူးစက်၍လားမသိ ရင်ထဲတွင် တဒိတ်ဒိတ် ခုန်လျက်နေပါသေးသည်။ ဘာရယ်လို့ တော့မဟုတ် ကြောက်လာသောအခါ ပြေးရသည်မှာလည်း တော်တော် အရသာ ရှိလာ၏။

ပြေးရင်း ပြေးရင်း ကြောက်စိတ်ကလည်း ပို၍ပို၍လာတော့သည်။ ဟုတ်ပါ၏။ ကြောက်လို့ပြေးလေ၊ ပြေးလေကြောက်လေ ဘာပဲ။

ရွာဦးထိပ်က ရင်ကွဲဇရပ်ကလေးသို့ ရောက်ရှိသည်တွင် ကျော်ခင်တို့ လူစုသည်နှင့် ကျွန်တော် ကသောကမြော ဝင်ထိုင်လိုက်ရပါသည်။

"ကျော်ခင် မင်းတို့ဘာပြုလို့ ပြေးလာကြတာလဲကွ"

အတော် အမောပြေသွားတော့မှ ကျွန်တော်က မေးလိုက်ရသည်။

"တစ် .. တစ် .. တစ္ဆေ ခြောက်လို့ကွ"

ယခုမှပင် ကျော်ခင်က ထစ်ထစ်ငေါ့ငေါ့ ပြန်၍ဖြေလေသည်။

"ဟ .. ဟုတ်ရဲ့လားကွ။ မင်းကများ တစ္ဆေကြောက်တယ် ရှိရ သေးသလား"

ကျွန်တော်က အံ့သြစွာဖြင့် ပြန်၍မေးမိသည်။ တကယ်ဆိုတော့ ကျော်ခင်မှာ အလွန်သတ္တိကောင်းသူတစ်ယောက် ဖြစ်၍ "ကြောက်" ဆိုသော စကားကို သူ့ထံမှ တစ်ကြိမ်တစ်ခါမျှ မကြားဖူးခဲ့ပါပေ။

"ဟုတ်ပါတယ်ကွာ။ ငါက မင်းသိတဲ့အတိုင်း ဘယ်တော့မှ တစ္ဆေ သရဲကို ကြောက်ခဲ့တဲ့ကောင် မဟုတ်ပါဘူး။ ဒီတစ်ခါ ကြောက်လိုက်တာမှကွာ နေစရာကို မရှိလောက်အောင်ပါပဲ။ ပြေးရတာတောင် မြေကြီးနဲ့ ခြေထောက်နဲ့ မထိဘူးထင်ခဲ့တာ"

"ဘယ်လို ကြောက်စရာကြီးများ တွေ့ရလို့လဲကွာ။ ပြောစမ်းပါဦး"

"ဒီလိုဟေ့ .. တို့က မနေ့က စီစဉ်ထားတဲ့အတိုင်းပေါ့ကွာ။ မနက် စောစောကြီး ညောင်ပင်ကို သွားတာကိုကွ။ ညောင်ပင်နားရောက်တော့ နှင်းမြူ တွေက ဆိုင်းပြီး ဘာမှမမြင်ရဘူး။ တို့လည်း ညောင်ပင်ကြီးအောက် ရောက် ရော ညောင်ပင်ပေါ်က အသံနက်ကြီးနဲ့ 'ဟဲ့ .. ကောင်တွေ နင်တို့ ငါ့ဗိမာန်ကို ဖျက်ဆီးမလို့ လာကြတာလား သွားကြသွားကြ' လို့ နှင်တယ်ကွ။ဒါနဲ့ ငါက အသံလာရာဆီကို မှန်းပြီး လေးဂွနဲ့ တစ်ချက်ပစ်လိုက်ရာ 'တယ်မိုက်တဲ့ ကောင် လေး သေပေရော့ကွာ။ ကဲ .. တပည့်ကြီး စီမံပေတော့' တဲ့ ပြောသံကြားပြီး ညောင်ရွက်တွေကို တဖွဲမ်းဖွဲမ်းနင်းလာတဲ့ ခြေသံနဲ့အတူ တောစပ်က ဆူးရစ်ချုံ



www.burmeseclassic.com

www.burmeseclassic.com



ထဲကနေပြီး မည်းမည်းကောင်ကြီး ထွက်လာတာနဲ့ တို့လည်း ထွက်ပြေးခဲ့ရတာပဲ"

"မင်းတို့က လေးငွနဲ့ ခံမပစ်ဘူးလား"

"ပစ်ပါဘိလားကွာ။ ဆယ်ချက်လောက် ပစ်ပေမယ့် ဒီကောင်ကြီးက မဖြုံဘူးကွ။ ရှေ့ကိုသာ တိုးတိုးလာတယ်"

ကျော်ခင်က ဤသို့ပြောလေသည်တွင် ကျွန်တော်မှာ ဘာမှ ဆက်မပြောတတ်အောင် ငိုင်ကျသွားပါတော့၏။

■

"ဦးဖြူသီး၊ ကျော်ခင်တို့ကို တစ္ဆေခြောက်လွှတ်လိုက်လို့တဲ့ဗျ"

ကျွန်တော်သည် ကျော်ခင်တို့နှင့် လူစုခွဲကာ ဦးဖြူသီးထံသို့ သွား၍ပြောလိုက်သည်။

"ဘယ်က ခြောက်တာလဲ"

"ကျွန်တော်တို့ လယ်တဲနားက အထိကရညောင်ပင်ကြီးကဗျ"

"ဩော် .. ဟုတ်လား။ ဘယ်လိုခြောက်ပြတာလဲကွ"

ကျွန်တော်က ကျော်ခင်ပြောသမျှကို တစ်လုံးမကျန် ပြန်၍ပြောလိုက်ပါသည်။ ဦးဖြူသီးကတော့ ဣန္ဒြေရစွာနှင့် နားထောင်နေ၏။

"ကဲ .. မင်းနဲ့ ငါနဲ့ အဲဒီညောင်ပင်ကို သွားကြရအောင်"

ကျွန်တော့်စကားအဆုံးတွင် ဦးဖြူသီးက ဤသို့ပြောကာ ညောင်ပင်ရှိရာသို့ ဦးဖြူသီးနှင့် ကျွန်တော် ထွက်ခဲ့ကြပါသည်။

ညောင်ပင်သို့ ရောက်သည်တွင် ငှက်များသည် ပျော်ရွှင်စွာ အော်မြည်စားသောက်နေကြပါသည်။ ကျွန်တော်မှာ ငှက်များအား ပစ်ချင်ခတ်ချင်လှပါသော်လည်း ကျော်ခင်ပြောသော အသံနက်ကြီး အော်သံကို ကြားယောင်ပြီး လူမည်းကြီး ထွက်လာမည်ကို ကြောက်ရွံ့သဖြင့် မပစ်ဘဲနေရလေတော့၏။

ဦးဖြူသီးသည် ညောင်ပင်ကြီးအား မော့ကြည့်ကာ အတန်ကြာစွာ အကဲခတ်၍နေပါသည်။ ယင်းနောက်တွင် မည်းမည်းသတ္တဝါကြီး ထွက်လာသည်ဆိုသော တောစပ်သို့လျှောက်သွားကာ ဆူးရစ်ချုံတွင် တစ်စုံတစ်ခုတွေ့လို့တွေ့ငြား ရှာဖွေနေသေးသည်။

"ငှက်တွေ အားကြီးပါလားကွ။ မပစ်တော့ဘူးလား"

ညောင်ပင်ဘက်သို့ ပြန်လျှောက်လာရင်း ဦးဖြူသီးက ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ခင်ပြောတာ တွေးကြောက်နေလို့ဗျ"

"ပစ်သာပစ်ပါကွ။ ငါအရှိသားပဲ"

ဦးဖြူသီးက ဤသို့အားပေးစကား ပြောလိုက်သည်နှင့် ကျွန်တော်သည် အားရပါးရပစ်ပါတော့သည်။ ကျွန်တော်မှာ နဂိုကပင် လက်ဖြောင့်သူ မဟုတ်ရကား၊ အလက်တစ်ရာလောက် ပစ်မိတော့မှ ကံဆိုးရှာတော့ ဘွတ်ဝါကလေး တစ်ကောင်ကိုသာ ထိမှန်ပြီး ကျလာလေပါတော့၏။

"ကဲ .. တော်လောက်ရောပေါ့ကွာ။ မင်းတို့ ရက္ခစိုးလည်း ငါ့ကို ကြောက်လို့ ဘာမှမလုပ်ဝံ့တော့ဘူး။ ကဲ .. ကုန်းဘေးက ချောင်းကလေးဆီ သွားကြရအောင်"

ဦးဖြူသီးက ဤသို့ပြောတော့မှ ကျွန်တော်မှာ အင်မတန်မှ ရတောင့်ရခဲ ရရှိထားသော ဘွတ်ဝါကလေးကို အမွေးနှုတ်ရင်း လိုက်ခဲ့ရလေတော့၏။

ချောင်းကလေးနံ့ဘေးသို့ ရောက်သည်တွင် ကောက်ရိုးကို "ရင်း" ကဲ့သို့ နွယ်များဖြင့် ခက်ထားသော ကောက်ပြားကြီးတစ်ခုကို တွေ့ရှိသဖြင့် ဦးဖြူသီးမှာ မျက်နှာရွှင်ပြုံးလာပြီး ... "ရှာပြန်ကြမယ်ဟေ့" ဆိုပြန်သဖြင့် ကျွန်တော်မှာ ဘာမသိ ညာမသိ နှင့် သူ့နောက်မှ လိုက်ခဲ့ရပြန်ပါသည်။

အိမ်သို့ရောက်ရှိသည်တွင် အဖေသည် လက်ဖက်ရည်ကြမ်း သောက်နေသည်ကို တွေ့ရှိရသဖြင့် ကျွန်တော် ငှက်ပစ်သည့်အကြောင်း အဖေ့အား ပြန်မပြောရန် ဦးဖြူသီးကို ကျိတ်၍ပြောရပါသည်။

"လာဟေ့ .. မောင်ဖြူသီး လက်ဖက်ရည်ကြမ်းသောက်ရအောင် လူလေးနဲ့ မင်းနဲ့ ဘယ်က တွေ့လာကြသလဲ"

ကျွန်တော်တို့အိမ်ပေါ်သို့ တက်ရောက်သည်တွင် အဖေက ဤသို့ ဦးဖြူသီးအား မေးလိုက်သည်။

"ဟိုညောင်ပင်ကြီးမှာ ငှက်ပစ်နေတာတွေ့တာနဲ့ ပြန်ခေါ်လာခဲ့တယ်"

"ဟာ .. ဟုတ်လား"

အဖေက အံ့သြစွာ မေးလိုက်သည်။

"ဟုတ်ပါတယ်။ သူ့လွယ်အိတ်ထဲမှာ ကြည့်ပါလား၊ ငှက်တစ်ကောင် ပါလာသေးတယ်"

"ဘယ်သူတွေနဲ့ တွေ့ခဲ့တာလဲ"

"သူတစ်ယောက်တည်းပါ"



www.burmeseclassic.com

www.burmeseclassic.com



အဖေ၏မျက်နှာမှာ ပို၍အံ့ဩသလိုနှင့် ဝေခွဲမရသလိုဖြစ်လာပါသည်။ ကျွန်တော်မှာ ဦးဖြူသီးအား အကြီးအကျယ် ဒေါပွနေမိပါသည်။

"ကိုရင်အောင်က ကျွန်တော်ပြောတာ မယုံဘူး မှတ်တယ်။ သူ့လွယ်အိတ်ထဲမှာ သူပစ်တဲ့ငှက်သေပါလာတယ်။ မယုံခေါ်ကြည့်ပါလား"

ဦးဖြူသီးက ထပ်၍ချောက်တွန်းနေပြန်ချေပြီ။ ကျွန်တော်မှာ ဤနေရာကသာ အမြန်ထွက်၍ ပြေးလိုက်ချင်ပါတော့၏။

"ကဲ .. လာစမ်းကွာ။ မင်းအိတ်ထဲ ငါကြည့်စမ်းပါဦးမယ်"

အဖေက ကျွန်တော့်အား ခေါ်လေပြီ။ ကျွန်တော်က မသွားဘဲ ပေကပ်နေ၏။

"ဟေ့ ကောင်လာစမ်း ဒီကို။ ခေါ်နေတာ မကြားဘူးလား"

အဖေက ငေါက်၍ခေါ်လိုက်ရာ ကျွန်တော်မှာ မနေသာတော့ဘဲ သွားရပါတော့၏။ အဖေက ကျွန်တော့် လွယ်ထားသော လွယ်အိတ်ထဲမှ ငှက်သေကလေးကို ဆွဲထုတ်ကာ ကျွန်တော့်မျက်နှာကို ဒေါသရောင် တောက်သော မျက်လုံးကြီးများဖြင့် စိုက်ကြည့်လိုက်သည်။ ပြီးမှ ...

"ကဲကွာ .. ဒီလောက်တောင် သတ္တိကောင်းလှတဲ့ ခွေးသား"

ဟုဆိုကာ ဇက်ပိုးကို အုပ်ထည့်လိုက်သည်နှင့် ကျွန်တော်သည် ကြမ်းပြင်သို့ လဲကျသွားပါတော့၏။

"တော်တော့ ကိုရင်အောင် တော်တော့။ ဟေ့ မင်းနာသလားကွ"

ကပျာကယာ လူးလဲထလိုက်သော ကျွန်တော့်ပုခုံးကို ဦးဖြူသီးက လာကိုင်လှုပ်ရင်းမေးပါသည်။ ကျွန်တော်က ရုတ်တရက် ပြန်မပြောနိုင်ဘဲ မျက်ရည်များသာ သွန်ချနေမိသည်။

"နာသလားကွာ"

ဦးဖြူသီးက ထပ်၍မေးပြန်၏။

"နာတာပေါ့ဗျ"

ကျွန်တော်က အော်၍ပြောလိုက်သည်။

"ဘာပြုလို့ နာရတာလဲကွ"

"လူဗျ .. လူ၊ အသက်နဲ့ လူနာတတ်တယ်"

"မင်းမှာ အသက်ရှိတာကိုတော့ သိတယ်။ ငှက်မှာလည်း မင်းလို အသက်ရှိတယ်ဆိုတာတော့ မင်းမသိဘူးလား"

"သိတာပေါ့ဗျ။ ဒါပေမယ့် ဟိုဟာက ငှက်ဗျ .. ငှက်"



www.burmeseclassic.com

www.burmeseclassic.com



"အသက်ရှိတဲ့ သတ္တဝါချင်းတူတူ ဆိုတော့ ငှက်တဲ့ မင်းလို့ပဲ နားထော မယ်ပေါ့ကွာ"

ကျွန်တော်သည် ဦးဖြူသီး စကားကို သဘောပေါက်ပါပြီ။ ဟုတ်ပါ၏။ ငှက်သည်လည်း အသက်နဲ့ ကျွန်တော်တွင်လည်း အသက်နဲ့ အသက်နဲ့ သတ္တဝါချင်းအတူတူ ကျွန်တော်က ပျော်ရွှင်မှုအတွက်နဲ့ ဘာကြောင့် သူ့အသက်ကို သတ်ထိုက်ဖြတ်ထိုက်ပါသနည်း။

"ကျုပ် နောက်ဘယ်တော့မှ မပစ်တော့ဘူးဗျာ"

ကျွန်တော်က ဦးဖြူသီးအား ကတိပေးလိုက်ပါတော့သည်။

"ငါ့သားလည်း မောင်ဖြူသီးချွတ်မှ ကျွတ်တော့တယ်"

အဖေက ဝမ်းသာစွာ ပြောလိုက်၏။

"ကိုရင်အောင်ကို ကျွန်တော် ပြောချင်တာကတော့ ကလေးကို ဆုံးမတဲ့အခါမှာ လက်တွေ့ပြပြီး ကိုယ်ချင်းစာနာစိတ် ရှိလာအောင် ဆုံးမစေချင်တယ်။ သူတို့ကို ကြောက်အောင်၊ လန့်အောင် လုပ်ပြီးဆုံးမတာဟာ ခဏပဲရမယ်။ သူတို့က သရဲတစ္ဆေကို ယုံကြည်နေတုန်းသာ ကိုရင်အောင် စကားကို နားထောင်မှာ သရဲတစ္ဆေကို တကယ်မယုံကြည်တဲ့ တစ်နေ့ နားထောင်တော့မယ် မဟုတ်ဘူး။ ပြီးတော့ ကလေးတွေကို ကြောက်စိတ်ဝင်အောင်လည်း မလုပ်ထိုက်ဘူး"

"ကျုပ် ဘာမှ မလုပ်ရပါဘူး မောင်ဖြူသီး"

"ကိုရင်အောင် ဘယ်လိုဘဲပြောပြော ကိုရင်အောင် ခြံနေကြ စောင်မည်းကြီးက အစတစ်စ ဆူးရစ်ချုံက ရခဲ့ပါတယ်။ ပြီးတော့ ကောင်လေးတွေက လေးဂွနဲ့ ပစ်ရင် မနာအောင် 'ကာဘာ' လုပ်တဲ့ကောက်ရိုးပြားကိုလည်း တွေ့ခဲ့ပြီးပါပြီ"

ပြောပြောဆိုဆို ဦးဖြူသီးက အဖေခြုံနေကြ စောင်မည်းကြီးမှ အစကလေးတစ်စကို သူ့အင်္ကျီအိတ်ထဲမှ ထုတ်၍ပြရာ အဖေသည် တဟားဟားရယ်မောလျက် … "ကျုပ်လည်း လုပ်မိလုပ်ရာလုပ်ရတာပဲ မောင်ဖြူသီးရေ။ ကောင်လေးက ပြောလို့မရဆိုလို့မရဖြစ်နေတော့ ကျော်ခင်တို့ပါ ဒီညောင်ပင်ကို မလာဝံ့အောင် လုပ်ရတာပေါ့ကွယ်။ တစ်ယောက်တည်းသားဆိုတော့ ရိုက်နှက်လည်း မဆုံးမချင်ဘဲကိုး။ ဟုတ်ပါတယ် မောင်ဖြူသီး ပြောတာ ကျုပ်သဘောပေါက်ပါတယ်။ ဒီကောင်က မောင်ဖြူသီးနဲ့ ပေါင်းနေတော့ သရဲသရဲ့ဆည်း ကြောက်မယ့်အကောင် မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မကြောက်တာလည်း ကောင်းပါတယ်။ ကြောက်ရင် တစ်သက်လုံး ကြောက်စိတ်ကြီးစွဲသွားမှာပါ။ ဒါထက် ညောင်ပင်ပေါ်က တက်အော်တာက ဘယ်သူလဲ ကိုရင်အောင်"

"ကျုပ်တူ မောင်ညွှန့်ပေါ့။ သူက ဒီအကြံကိုပေးတာပါ"

"ကဲ .. ကဲ ..မင်းကလည်း နောက်ငှက်မပစ်နဲ့ ကိုရင်အောင်ကလည်း ကလေးကြောက်အောင် ရှို့အောင် မခြောက်လေနဲ့"

(တော်လှန်ရေးကာလတွင် ဖက်ဆစ်ဂျပန်တို့ ရက်စက်စွာ သတ်ဖြတ်ခြင်းဖြင့် အသက်ဆုံးရှုံးခဲ့ရရှာသော ဖခင်ကြီးအား လွမ်းဆွတ်သတိရစွာဖြင့် ရေးသည်။)

***

www.burmeseclassic.com

www.burmeseclassic.com

# ကြမ္မာဆိုးသူလေး

ရွက်ဝါတို့သည် လေတွင်လွင့်မျောလျက်ရှိနေ၏။

မြောက်လေသည် တဖြူးဖြူးတိုက်ခတ်နေလေရာ လယ်ကွင်းပြင်မှ စပါးလေ့သမားများအဖို့ အလွန်အလုပ်များလျက်ရှိနေပေသည်။

ကျွန်တော်သည် ကျောင်းစကြံမှနေကာ ကွင်းပြင်ဘက်သို့ ငေးမျှော်ကြည့်နေမိသည်။ ယင်းသို့ ကြည့်နေရာမှလည်း လယ်သမားတို့၏ ဆင်းရဲပုံများကိုလည်း တွေးတောနေမိသည်။

လယ်သမားတို့သည် မိုးအခါ၌ ကျွဲနှင့် နွားနှင့်အတူ ရွံ့နွံထဲတွင် တစ်နေကုန် တစ်နေခန်း ကုန်း၍ ရုန်း၍ လုပ်ကိုင်ကြရလေသည်။ ဆောင်းအခါကျတော့လည်း ထိလိုက်လျှင် အရိုးခိုက်အောင် ကျင်တက်သွားသော ဆောင်းနှင်းရည်များ စွတ်စိုနေသည့် မျက်ပင်များကို နင်း၍လည်းကောင်း၊ စပါးပင်များကို ဆုပ်ကိုင်၍လည်းကောင်း၊ အေးသည် ချမ်းသည်ကို ပဓါနမထားနိုင်ဘဲ လုပ်ကိုင်ကြရလေသည်။

နွေသို့ ရောက်ပြန်တော့လည်း တောက်လောင်ပူပြင်းသော နေရောင်အောက်တွင် လေနှင့်ဖက်ပြိုင်ကာ စပါးတောင်းများကို သယ်ကြပိုးကြ လေ့လွှင့်ကြရလေသည်။ သူတို့သည် ဝမ်းတစ်ထွာအတွက် လုပ်ရှားရုန်းကန်ရသည်မှာ ရာသီနှင့်အချိန်အပြည့်ပါတကား ...။

ငယ်စဉ်ကတော့ ကျွန်တော်မှာ လယ်သမားများ ပင်ပန်းဆင်းရဲကြသည်ကိုသာ သိနားလည်ခဲ့ကြသည်။ သူတို့ ဘယ်စနစ်အောက်တွင် ကျရောက်နေရ၍ ဤသို့ဖြစ်ကြရသည်။ မည်သို့သော အကြောင်းများကြောင့် ဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းကြရသည်ကို မသိနားမလည်ခဲ့ပါချေ။ ဒါပေမယ့် လယ်သမားတို့မှာ ပြည်သူတို့၏အသက်သခင် ကျေးဇူးရှင်များဖြစ်ကြကြောင်းကို အတိအကျ မသိသေးသည့်တိုင် အတန်အသင့်တော့ဖြင့် စဉ်းစားမိပါသည်။ သူတို့သည် တိုင်းပြည်လူထု၏ စားသောက်မှုအတွက် ဆန်စပါးများကို ထုတ်လုပ်ပေးကြသည်။

သူတို့ ဤသို့ချွေးနှင့်အားနှင့် ရင်း၍ ထုတ်လုပ်ပေးနေသော ဆန်စပါးများအား ငွေရှင်ကြေးရှင်တို့သည် စားသောက်မိုဝဲရုံသာမက အဆင့်ဆင့် အမြတ်စားကာ ကြီးပွားချမ်းသာနေကြလေသည်။ ကျွန်တော်သည် ဟိုစဉ်က ဒါလောက်ကိုတော့ စဉ်းစားတွေးတောတတ်ပါ၏။

ကျွန်တော်က ကွင်းပြင်မှ စပါးလှေ့နေသူများကို ရှုငေးရင်း လယ်သမားတို့၏ဘဝအကြောင်းကို တွေးတောနေစဉ် ခပ်ဝေးဝေးဆီမှ လူ ၂ ယောက်သည် စောင်ပုခက်နှင့် တစ်စုံတစ်ခုကို ထမ်းလာကာ၊ ၎င်းနောက်မှ မိန်းမတစ်ယောက်လိုက်ပါလာသည်ကိုလည်း မြင်တွေ့ရပါသည်။ ယင်းသည့်အခါတွင်၌ ကျွန်တော်မှာ လယ်သမားများအကြောင်းကို စိတ်မဝင်စားနိုင်တော့ဘဲ အထမ်းနှင့် လာနေသူများထံသို့သာ အာရုံပြောင်းသွားမိလေသည်။

ကျွန်တော်တို့ အရပ်ဒေသများ၌ စောင်ပုခက်နှင့် ထမ်းယူလာပါက လူနာသော်လည်းကောင်း၊ လူသေအလောင်းသော်လည်းကောင်း ဖြစ်ရတတ်ပေသည်။ သို့ကြောင့်ပင် ကျွန်တော်မှာ ထိုစောင်ပုခက်ကို စိတ်ဝင်စားလာမိခြင်းလည်း ဖြစ်ရလေသည်။

ရွာမြောက်ဘက်သို့ ခရီးသွားလိုသူများသည် ကျွန်တော်ရှိရာ စင်္ကြံအနီးရှိ လူသွားလမ်းမှလွဲ၍ အခြားသွားစရာ မရှိပါချေ။ အဘယ်ကြောင့်ဆိုသော် ကျောင်းဝင်းအရှေ့ဘက်တွင် ငမိုးရိပ်ချောင်းသည် အလျားလိုက်ရှိနေကာ ကျောင်းဝင်း၏အနောက်ဘက်တွင်မူ ကြုံတောအင်းကြီးသည် ယခုလိုနွေအခါ၌ ရေအပြည့်ရှိမနေသည့်တိုင် ရွှံ့နွံများရှိ၍နေလေသည်။ ယင်းသမို့ကြောင့်ပင် လူများ မြောက်ဘက်သို့ ခရီးသွားလိုက ကျောင်းဝင်းအတွင်းမှ ဝင်၍သွားရခြင်းဖြစ်လေသည်။ ယင်းသို့သွားရာ၌လည်း အခြားနေရာများ၌ ကျောင်းဝင်းကို လုံခြုံအောင် လှည့်ပတ်ကာထားသော စင်္ကြံနှင့် တည့်တည့်နေရာ၌သာ လမ်းအဖြစ်ပေးပြီး ဝင်းခြံကို ဖောက်ပေးထားသောကြောင့် ခရီးသွားများသည် ဤလမ်းမှတစ်ပါး အခြားသွားစရာ လမ်းမရှိခြင်းဖြစ်လေသည်။

အထမ်းနှင့်လူများသည် တစ်စတစ်စ ကျွန်တော့်မြင်ကွင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ပို၍နီးကပ်လာလေသည်။ ကျွန်တော်ကလည်း နီးကပ်လာလေလေ ထိုအရာကို ပို၍ အာရုံစိုက်လေရှိနေခဲ့ပါသည်။ ယင်းသို့ရှိစဉ် ...

"ဟေ့ .. ဘာငေးနေတာလဲကွ"

တစ်စုံတစ်ယောက်သည် ကျွန်တော့်၏ နောက်ကျောအား လာပုတ်ကာ မေးလိုက်သောကြောင့် ကျွန်တော်မှာ အတော်ပင် ဒေါပွသွားမိပါသည်။ ဒေါသစိတ်နှင့် လာရောက်ပုတ်ခတ်သူအား လှည့်ကြည့်လိုက်ရာ ရုတ်ချည်းပင် ကျွန်တော်၏ ဒေါသစိတ်များ ပြေပျောက်သွားရပါတော့သည်။ ဟုတ်ပါ၏။ ကျွန်တော် မြင်တွေ့လိုက်ရသူမှာ ကျွန်တော်တို့အား စာသင်ပေးနေသော ဦးပဥ္စင်း ဦးနန္ဒာ ဖြစ်နေပါသည်။

"မင်း ကျောင်းတက် ခေါင်းလောင်းတီးတာ မကြားဘူးလား"

ဦးနန္ဒာက ကျွန်တော့်မျက်နှာကို ခပ်ပြုံးပြုံး စိုက်ကြည့်ပြီး မေးလေသည်။

"တပည့်တော် ဟိုက ထမ်းလာနေကြတာကို ဂရုစိုက်ကြည့်နေမိတာနဲ့ ကျောင်းတက်ခေါင်းလောင်းသံကို မကြားလိုက်မိဘူး ဘုရား"

ကျွန်တော်မှာ ကျောင်းဝင်းနားသို့ နီးကပ်လာပြီဖြစ်သော အထမ်းသမားများအား လက်ညှိုးညွှန်ပြရင်းက ပြောလိုက်ပါသည်။

"အေး ဟုတ်ပါရဲ့ ဟ .. ဘယ်သူများ ဘာဖြစ်လို့ပါလိမ့်" ယခုမှပင် ဦးနန္ဒမှာလည်း အထိတ်အလန့် တအံ့တသြဖြစ်သွားရင်း ပြောပါလေသည်။ ကျွန်တော်မှာ ဦးနန္ဒာ စိတ်ဝင်စားလာသည်ကို သိရသဖြင့် ကျောင်းတက်ရန် သတိရလျက်နဲ့ပင် မသွားသေးဘဲ ဦးနန္ဒနှင့်အတူ အထမ်းသမားများကို ကြည့်နေလိုက်သည်။ အထမ်းသမားများသည် ကျောင်းဝင်းထဲသို့ ဝင်ရောက်လာကြလေပြီ။

"ဘာသူ ဘာဖြစ်တာလဲ" ဦးနန္ဒက ကျောင်းစင်္ကြံပေါ်မှနေ၍ အထမ်းသမားများအား လှမ်းမေး လိုက်၏။

"သိန်းကြည်ကို သရဲဂုတ်ချိုးလို့"

အထမ်းသမားတစ်ယောက်က အဖြေပေးလိုက်၏။

"ဘယ်က သိန်းကြည်လဲ" ဦးနန္ဒက တအံ့တသြပင် ထပ်၍မေးလိုက်ပြန်ပါသည်။

"သခွပ်ကွင်းမှာ လယ်လုပ်နေတဲ့ ရှေ့နေကြီး ဦးမြတန်ရဲ့သမီး သိန်းကြည်လေဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှ အထမ်းသမားက ပြန်၍ဖြေပြန်ရာ ကျွန်တော်နှင့် ဦးမာလာသည် အပြေးဆင်းခဲ့ကြပြီး အထမ်းသမားနောက်သို့ လိုက်ခဲ့ကြသည်။

"ဟ .. အသက်တောင် မရှိတော့ပါလား"

ဦးနန္ဒသည် လူ ၂ ယောက်ထမ်းလာသော ပုခက်ကို ငုံ့ကြည့်လိုက်ပြီး တထိတ်တလန့် ပြောလေသည်။

"ဟုတ်တယ် ဘုရား။ တပည့်တော်တို့ ဒီအလောင်းကို တွေ့ကတည်းက အသက်မရှိတော့ဘူး" နောက်မှ ငိုယိုရင်း လိုက်ပါလာသူ မိန်းမက ရှိုက်သံနှင့် ဝင်၍ ပြောလေသည်။

"ဖြစ်မှ ဖြစ်ရလေဗျာ .. အင်း ဒုက္ခ .. ဒုက္ခ"

ဦးနန္ဒသည် အလွန်စိတ်မချမ်းမြေ့သော မျက်နှာဖြင့် ခေါင်းတညိတ်ညိတ် လုပ်ရင်း ပြောလိုက်လေသည်။ ကျွန်တော်မှာ လူသေအလောင်းကို ကောင်းစွာ အနည်းကပ်ကြည့်ဖူးသူ မဟုတ်လေသောကြောင့် ပုခက်အား သွား၍မကြည့် တော့ပါချေ။

"ဗျို့ .. ဗျို့ ဦးဖြူသီး"

အိပ်ရာကုတင်ပေါ်တွင် စောင်းစောင်းကလေး အိပ်ပျော်နေသော ဦးဖြူသီးအား ကျွန်တော်က ခြေထောက်ကို ကိုင်လှုပ်ပြီး နှိုးလိုက်ပါသည်။

"ဟာ .. ဒီကောင်လေးကလည်း လူအိပ်နေရင် လာနှောင့်ယှက်ပြီ"

ဦးဖြူသီးသည် ရုတ်တရက် မျက်လုံးကို ဖွင့်ကြည့်လိုက်ပြီး ကျွန်တော့်အား မြင်တွေ့သွားရာ ဒေါသသံဖြင့် ပြောလိုက်ပါသည်။

နှောင့်ယှက်တာ မဟုတ်ဘူးဗျ။ မြန်မြန်ထစမ်းပါ သူကြီးအိမ်ကို လိုက်သွားကြရအောင်"

"ဘာကိစ္စ သူကြီးအိမ် သွားရမှာလဲကွ"

ကျွန်တော်က အရေးတကြီး ပြောလိုက်သည်ကို ဦးဖြူသီးက သဘောမကျနိုင်ဘဲ ထပ်၍ပင် ငေါက်ငန်းလိုက်ပါလေသည်။

"သိန်း .. သိန်း .. သိန်းကြည်ကို သရဲ ဂုတ်ချိုးလို့ဗျ"

ကျွန်တော်က ထစ်ထစ်ငေါ့ငေါ့နှင့် ဗလုံးဗထွေး ပြောလိုက်တော့မှ ဦးဖြူသီးသည် စိတ်ဝင်စား၍လာကာ ကုတင်ပေါ်တွင် ငုတ်ခနဲ ထထိုင်လိုက်ပါသည်။

"ဟေ .. ဟုတ်လား။ ဘယ်က သိန်းကြည်ကို ဘယ်မှာ သရဲက ဂုတ်ချိုးတာလဲကွ" ဟုလည်း ကသောကမျော မေးပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို .. သခွပ်ပင်ကွင်းက ဦးမြတနှ်ရဲ့သမီး သိန်းကြည်ကို သရဲဂုတ်ချိုး သတ်လိုက်လို့ဗျ။ လူတွေထမ်းပြီး သူကြီးအိမ်ယူသွားကြလေရဲ့"

"သေရောလားဟေ့"

ဦးဖြူသီးသည် စိတ်ဝင်စားလွန်းလှသောကြောင့် တိုတောင်းသောလေသံဖြင့်ပင် ကျွန်တော်အား မေးလိုက်ပါလေသည်။

"သေတာပေါ့ဗျ။ သရဲဂုတ်ချိုးပါတယ်ဆိုမှ ဘယ်လိုလုပ်ရှင်နိုင်တော့မှာလဲ"

"ကဲ .. လာ ဒါဖြင့် သူကြီးအိမ် လိုက်ကြရအောင်"

ဦးဖြူသီးသည် ပြောပြောဆိုဆို ကုတင်ပေါ်မှ ခုန်ဆင်းလိုက်ပါသည်။

"နေဦးဗျာ။ ခဏ ကျွန်တော် အိမ်သာသွားချင်လို့"

"အို ..ကွာ .. အရေးထဲမှာ မင်းကလည်း"

ဦးဖြူသီးသည် အတော်စိတ်ပျက်သွားဟန်ဖြင့် ကျွန်တော့်မျက်နှာအား စိုက်ကြည့်ရင်း ပြောလိုက်လေသည်။

"ဘယ်နှယ့်လုပ်မလဲဗျ။ အခုမှ အိမ်သာသွားဖို့ ပြဿနာက ပေါ်လာတာကို"

"ဒုက္ခပါပဲကွာ။ နောက်ကျလို့ မမီလိုက်ရင် ကားနဲ့တင်ပြီး လှည်းကူးဆေးရုံပို့ကြမှာကွ။ တို့ ဘယ်လိုကြည့်ရှုခွင့်ရတော့မှာလဲ"

ဦးဖြူသီးသည် တကယ်ပင် စိတ်ပျက်သွားဟန်ဖြင့် ခေါင်းကို ခါယမ်းရင်း ပြောနေလေသည်။

"ဟား .. ဟား .. ဟား .. သွားပါဗျာ။ ကျွန်တော် တကယ် အိမ်သာတက်ချင်လို့ ပြောတာမဟုတ်ပါဘူး။ စောစောတုန်းက ကျွန်တော်လာနိုးတာကို ခင်ဗျားက သဟောက်သဟလုပ်လို့ လက်စားချေလိုက်တာပါ"

ကျွန်တော်က ဤသို့ကျေနပ်စွာ ပြောလိုက်လေရာ ဦးဖြူသီးသည် ပြုံးတုံးပြုံးတုံး မျက်နှာကြီးဖြင့် ရှေ့မှ ခပ်သွက်သွက် ထွက်သွားလေတော့၏။

သူကြီးအိမ်သို့ ကျွန်တော်တို့ ရောက်ရှိသောအခါ အလောင်းအား လူများ ဝိုင်း၍ကြည့်ရှုနေကြသည်ကို တွေ့မြင်ရလေသည်။ ကြည့်နေကျသူအားလုံးတို့၏ မျက်နှာမှာလည်း ကလေးမကလေးအား သနားကြင်နာသည့် အရိပ်များပေါ်လွင်လျက် ရှိနေကြလေ၏။

"ဟာ .. စုံထောက်ကြီး ကြွပါဗျာ"

သူကြီး ဦးလုံသည် တစ်နေရာ၌ ခါးထောက်ရပ်နေရင်းမှ ဦးဖြူသီး



www.burmeseclassic.com

www.burmeseclassic.com



အား လှမ်း၍နှုတ်ဆက်ပြီး ဖိတ်ခေါ်လိုက်လေသည်။

"ဒီသစ္စပ်ပင်ကို ကြမ်းတယ်ဆိုတာများ မကြားမိလို့ ဒီကောင်မလေးက ဒီအပင်အောက် သွားရတာလား မသိပါဘူး"

လူခပ်ရွယ်ရွယ် တစ်ယောက်သည် အလောင်းအား စိုက်ကြည့်နေရာမှ ပြောလိုက်လေသည်။

"အေးဗျာ .. သူ့အမေက ဒီသစ္စပ်ပင်ဆီကို ဘာလို့ လွှတ်ရသလဲ မသိဘူး"

တစ်ယောက် ဝင်၍ပြောလေသည်။

"ရှေ့နေကြီး ခရီးသွားနေလို့ပေါ့။ နို့မို့ရင် ဒီမိန်းမကြီး ကျောက်ခွဲသေးတယ်"

အလောင်းအား ထမ်းလာသူထဲမှ တစ်ယောက်က ပြောလေသည်။

"သူ့အဖေက ဘယ်သွားနေသလဲ"

တစ်ယောက်က မေးခွန်းထုတ်၏။

"သူ့အဖေ တိုက်ကြီးဘက်ကို နွားဝယ်သွားတယ်တဲ့"

ကျွန်တော် လူအုပ်နောက်၌ ရပ်နေစဉ် ဤစကားများကို ကြားနေရပါသည်။ ဦးဖြူသီးသည် လူအုပ်များထဲသို့ တိုးဝင်သွားကာ အလောင်းကို သေချာစွာ ကြည့်ပြီး ပြန်ထွက်လာသည်။

"ဘယ်နှယ့်လဲ စုံထောက်ကြီး ဘာထင်မြင်ချက်ပေးချင်သလဲ"

လူအုပ်ထဲမှ ပြန်ထွက်လာသော ဦးဖြူသီးအား သူကြီးက ဆီး၍ မေးလိုက်လေသည်။ ဦးဖြူသီးသည် ရုတ်တရက် အပြောခက်နေသလို တွေဝေစဉ်းစားနေပြီးမှ သူကြီး၏ အနီးသို့ ကပ်ကာ တီးတိုးပြောလိုက်လေသည်။

"ဟော့ .. မောင်ကျော်စံနဲ့ စံခင်နောက်ဖေးက လွတ်နေတဲ့ စပါးကျီကလေး ဒီအပြင်ကို သွားလိမ့်ယူခဲ့စမ်းကွာ"

သူကြီးသည် လူရွယ်နှစ်ဦးအား ဤသို့ အမိန့်ပေးလိုက်လေရာ အမိန့်ပေးခံရသူများက သူကြီးအား ခပ်ကြောင်ကြောင် ပြန်ကြည့်နေကြလေသည်။

"သွားလေကွာ။ ဘာပြန်ကြည့်နေကြတာလဲ။ ဒီမှာ ကိစ္စရှိလို့ကွ"

သူကြီးက ဝေါက်ငန်းသော လေသံဖြင့် ပြောလိုက်တော့မှ လူရွယ်နှစ်ဦး ခပ်သုတ်သုတ် ထွက်သွားကြလေသည်။ ပြီးနောက် ခဏအကြာတွင် နောက်ဖေးဘက်မှ ဝါးဖြင့် ယက်လုပ်ထားသော စပါးကျီကလေးအား အိမ်ရှေ့သို့ လိမ့်ယူလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအလောင်းကို စပါးကျီနဲ့ အုပ်လိုက်ကြကွာ။ ပြီးတော့ လူတွေအကုန်လုံး အိမ်ဝင်း အပြင်ဘက်ကို ခဏလောက် ထွက်ကြပါ"

သူကြီးက ဤသို့ အမိန့်ပေးလိုက်လေရာ လူအားလုံးပင် ကြောင်အမ်းအမ်းဖြင့် အပြင်သို့ ထွက်သွားကြလေသည်။

"ဟော့ .. ဟိုကလေးက ဘာလို့ မထွက်သေးတာလဲ"

"ဟာ .. သူတော့ နေပါစေ။ သူက ကျွန်တော့်လူပါ"

သူကြီးက ကျွန်တော့်အား လှမ်း၍ အော်လေရာ ဦးဖြိုးသီးက ဝင်၍တားလိုက်ခြင်း ဖြစ်လေသည်။

"ကဲ .. လာ သူကြီး ကျွန်တော်နဲ့အတူ ဝင်ခဲ့ပါ"

ဦးဖြိုးသီးက ဤသို့ပြောပြီး စပါးကျီကလေးကို မ ၍ပေးလိုက်ရာ သူကြီးလည်း စပါးကျီထဲသို့ ဝင်၍သွားလေသည်။ ပြီးနောက် သူက အထဲမှနေကာ မ ပေးပြန်သဖြင့် ဦးဖြိုးသီးပါ ဝင်ရောက်သွားကြလေ၏။ တစ်အောင့်ကြာသောအခါ သူတို့နှစ်ယောက်စလုံး ပြန်ထွက်လာကြလေသည်။

ကျွန်တော်သည် ဦးဖြိုးသီး၏မျက်နှာရိပ် မျက်နှာကဲနှင့် သူကြီးကိုပါ အကဲခတ်ကြည့်ရှု နေခဲ့ပါသည်။ သူတို့နှစ်ဦးစလုံး၏ မျက်နှာမှာ ဒေါသရောင်ဖြင့် နီမြန်းနေကြလေသည်။ သူတို့နှစ်ဦးသည် စဉ်းစားသော အမူအယာများဖြင့် သူကြီး၏အိမ်ပေါ်သို့ တက်သွားလေသဖြင့် ကျွန်တော်လည်း နောက်ကလိုက်သွားခဲ့ပါသည်။

"လှည်းကူး ဂါတ်ရောက်တော့ မှုဒိန်းမှု၊ လူသတ်မှုနဲ့ပဲ တိုင်လိုက်ပါ"

ကုလားထိုင်များတွင် ထိုင်မိကြသည့်အခါ၌ ဦးဖြိုးသီးက သူကြီးအား ဤသို့ပြောလိုက်လေ၏။

"ဖြစ်ပါ့မလား စုံထောက်ကြီးရ၊ တရားခံမှ မရှိသေးပဲနဲ့"

သူကြီးက ဦးဖြိုးသီးအား မချင့်မရဲပြန်ကြည့်ပြီး ပြောလေသည်။

"ဘာလို့ မဖြစ်ရမှာလဲ။ တရားခံမမိသေးပေမယ့် သက်သေခံ အထင်အရှား ရှိနေသားပဲ ဥစ္စာ။ တရားခံကိုတော့ မကြာခင်ပဲ မိအောင်ဖမ်းမှာပေါ့"

"ဟုတ်ပါရဲ့ဗျာ။ ဦးဖြိုးသီးသာ မရှိရင် ကျုပ်ကတော့ သရဲဂုတ်ချိုးတယ်လို့ပဲ ဂါတ်မှာပြောမှာပဲ။ ဦးဖြိုးသီး ဉာဏ်ရပေလို့သာ"

"အဲဒါသူကြီးတို့ ညံ့တာပဲဗျ။ တရားခံက ဒီအပင် သရဲရှိတယ်ဆိုတဲ့ သတင်းနဲ့ရောပြီး လူတွေက သရဲဂုတ်ချိုးသတ်တယ် ထင်အောင် အကွက်ဆင်လိုက်တာဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ညံ့တယ်ပြောလည်း ခံရမှာပဲဗျာ။ ကျွန်တော်ကိုယ်တိုင်ကလည်း ဒီအတိုင်းပဲထင်နေတာ အမှန်ပဲ။ ဦးဖြူသီးက သက်သေခံကို သေသေချာချာ ရှာပြီးပေးလို့သာ အမှုက ပြောင်းလဲသွားရတာပေါ့"

"ကဲ .. သူကြီး အချိန်မရှိတော့ဘူး။ ကားခေါ်ပြီးတော့သာ အလောင်းကို လှည်းကူးအမြန်ပို့ပေးတော့။ ဒီလောက်ယုတ်မာတဲ့ တရားခံကို ကျွန်တော် မိအောင်ဖမ်းပေးပါမယ်"

"ကျေးဇူးပါပဲ ဦးဖြူသီးရယ်။ ဆက်ကြိုးစား ပေးစမ်းပါဦး"

ယင်းသို့ ပြောပြီးနောက် သူကြီးသည် အလောင်းအား လှည်းကူးရဲ ဌာနသို့ ပို့ရန် စီစဉ်လေတော့၏။

× × ×

ဆယ့်လေးနှစ်သမီးကလေး သိန်းကြည်အား မုဒိန်းကျင့်၍ သတ်ပစ်လိုက်သော လူယုတ်မာတရားခံ ချစ်သိန်းအား ဦးဖြူသီး၏ ကြိုးစားချက်ဖြင့် ဖမ်းဆီးရမိလိုက်လေပြီ။

"ဘယ့်နှယ်လဲ ဦးဖြူသီး။ ခင်ဗျား ဒီတရားခံ လူယုတ်မာကို ဘယ်လို သဲလွန်စရှာပြီး ဖမ်းလိုက်တာလဲ"

တစ်ညလသာသာတွင် ကျွန်တော်က ဦးဖြူသီးအား မေးလိုက်လေ သည်။

"ဒီတရားခံ ဖမ်းရတာ သိပ်လွယ်ပါတယ်ကွာ"

"ဘယ်လိုလဲ"

"သိန်းကြည်ရဲ့ အဖေကြီးက တို့ရွာသူကြီးရဲ့ သူကြီးရုံးတော်မှာ ရှေ့နေကြီးလုပ်ပြီး တစ်ကျပ်ခွဲနှစ်ကျပ်နဲ့ ဟိုအမှုလိုက် ဒီအမှုလိုက် လုပ်နေတယ် မဟုတ်လားကွ"

"ဟုတ်တယ်လေ။ သူကြီးက သူ့ကိုခွင့်ပြုထားတာကိုး"

"အေး .. ဒါကြောင့် သူ့သမီးကလေးက ခုလိုဖြစ်ရတာပေါ့"

"ဆိုစမ်းပါဦး"

"ဆိုတာ နားထောင်ချင်ရင် ပွဲသွားကြည့်ပါလား"

ကျွန်တော်က ထောက်ပေးလိုက်သည်ကို ဦးဖြူသီးက နောက်ရွှတ် နေပြန်သဖြင့် ကျွန်တော့်ရင်ထဲတွင် ခိုးလိုးခုလုဖြစ်သွားရပါသည်။ ဒါပေမယ့် ကျွန်တော်က ဘာမျှမပြောဘဲ အသာငြိမ်နေလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို .. လွန်ခဲ့တဲ့ သုံးနှစ်လောက်က သူကြီးအိမ်မှာ ဖြစ်တဲ့အမှုတစ်ခု မင်းမှတ်မိသေးသလား"

"ဟင်းအင်း မမှတ်မိတော့ဘူး"

"လွန်ခဲ့တဲ့ သုံးနှစ်လောက်က အခုတရားခံချစ်သိန်းရဲ့ မိန်းမ စံမယ်ကို အရှေ့ပိုင်းက ဦးသာမှန်ရဲ့သား ကြာအောင်က အိပ်ရာထဲ ဝင်ဖမ်းခဲ့ဖူးတယ်ကွ။ အဲဒါ သူကြီးအိမ်ကို ချစ်သိန်းက တိုင်ပြီးအမှုဖြစ်ကြတော့။ အဲ .. ရှေ့နေကြီး ဦးမြဟန်က ကြာအောင်ဘက်ကနေပြီး လျှောက်လဲချက်တွေ ပေးလို့ ကြာအောင်အမှုက လွတ်သွားတယ်။ အဲဒါကြောင့် ချစ်သိန်းက ရှေ့နေကြီး သမီးလေး အရွယ်ရောက်စမှာ လက်စားပြန်ချေတာပဲ"

"အင်း .. ဒါဖြင့် ကောင်မလေးက သက်သက်ကြားက တန်ဆာခံရတာပေါ့"

"ဒါပေါ့ကွာ .. မိဘရဲ့ အရှုပ်အထွေးထဲမှာ သမီးလေးကြားက တန်ဆာခံဖြစ်ရတော့တာပေါ့"

ဦးဖြူသီးက စိတ်မချမ်းမြေ့သံနှင့် ပြောလိုက်လေရာ ကျွန်တော့် ရင်ထဲတွင်လည်း နင့်၍သွားရလေသည်။

"ဒါနဲ့ နေပါဦး ခင်ဗျားဒီကိစ္စကို ထင်ချက်နဲ့ သူ့ကိုဖမ်းခဲ့တာလား"

ကျွန်တော်တို့သည် အတန်ကြာ တိတ်ဆိတ်နေကြပြီးမှ ဦးဖြူသီးအား ကျွန်တော်က မေးလိုက်ပါသည်။

"ဘယ်ကွာ ထင်ချက်နဲ့ အရမ်းဖမ်းလို့ ဖြစ်မတဲ့လားကွ။ အဲဒီကောင်မလေး သရဲဂုတ်ချိုးခံရတဲ့အချိန်မှာ ချစ်သိန်းဟာ ဘယ်မှာရှိတယ်။ဘယ်ကိုသွားတယ်ဆိုတာတွေကို ပထမဦးဆုံး လိုက်စုံစမ်းရသေးတယ်။ နောက်ပြီးတော့မှ အဲဒီအချက်အလက်တွေ ခိုင်လုံအောင်ရတော့ သူ့ကိုဖမ်းဖို့ စီစဉ်ရတာပေါ့"

"အင်း .. ခင်ဗျားသာ ဒီလိုဖော်ထုတ်မပေးရင် အဲဒီသခွပ်ပင်ဟာ အချောင်နာမည်ကြီးဦးမှာပဲနော်"

ကျွန်တော်က ဤသို့ပြောလိုက်ရာ ဦးဖြူသီးသည် ပြုံး၍နေလေသည်။ ပြီးမှ ...

"ခက်တယ်ကွာ .. လူတွေမှာ ဒီသရဲတစ္ဆေကို ကြောက်တဲ့ အစွဲမပျောက်သေးသမျှတော့ လူယုတ်မာတွေက အဲဒါကို အခွင့်ကောင်းယူပြီး မကောင်းမှုတွေ လုပ်လို့ရနေဦးမှာပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖြူသီးက ဤသို့ပြောနေစဉ် သူကြီးသည် ကျွန်တော်တို့အနီးသို့ ရောက်ရှိလာပြန်၏။

"ဦးဖြူသီး။ ချစ်သိန်းက အားလုံးမှန်ကြောင်း ဖွင့်ပြီး အစစ်ခံပါတယ်"

သူကြီးက ဤသို့ပြောလိုက်ရာ ဦးဖြူသီးမှာ ခေါင်းတညိတ်ညိတ် လုပ်၍ နေလေတော့သည်။

တင့်ဆန်း

www.burmeseclassic.com